www.burmeseclassic.com

မြားစစ်သည်

# ကျိန်စာသင့်

လသကွံ



လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၂၃၁၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၆၄၉၀၅၀၉
အကြိမ် – ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဇွန်လ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀/–
ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။
အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
မြားစစ်သည်
ကျိန်စာသင့်လက်ကွဲ/ မြားစစ်သည်၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၁၁၃ – စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကျိန်စာသင့်လက်ကွဲ




သူမသည်… ကျွန်တော်၏ဘဝ (ယခုအချိန်မှစ၍ သေဆုံးသည်အထိ) ကို စကြဲအဖြစ် ဟန်ပါပါ လျှောက်နင်းဖြတ်သွားမည်။

သူမသည်… ကျွန်တော်၏ နံရိုးတို့ဖြင့် ထောက်ကန်ရပ်သော ရာဇပလ္လင်ထက်မှာ ဣန္ဒြေကြီးစွာ ထာဝရစံမြန်းပါသည်။

သူမသည်… ကျွန်တော်၏ နှလုံးသားတို့ကို အာဟာရအဖြစ် မှီဝဲပြီး ကျွန်တော်၏ နှလုံးသွေးတို့ကို… ကျွန်တော်၏ ဦးခေါင်းခွံဖြင့်ခံယူကာ 'ဝိုင်' အဖြစ် သောက်သုံးပါသည်။

သူမသည်… မျက်လုံးတို့ကို ကျောက်စိမ်းရတနာတို့ဖြင့် တန်ဆာဆင်ကာ… သုညဒီဂရီစင်တီဂရိတ်အောက်မှာရှိတဲ့ အပြုံးသေတစ်ခုကို မလှုပ်မယှက် ဆင်မြန်းကာ… ကျွန်တော့်ရဲ့ သည်းခြေပျက်ကကြိုးတွေကို မျက်တောင်မခတ်တမ်း စောင့်ကြည့်နေပါသလား…?

သို့ဆိုလျှင်… နောင်တလူသားတစ်ဦးရဲ့ တိုးလျှိုးတောင်းပန်သံတွေကို သူမဘာလို့ မကြားရတာလဲ… …

ကြားလိုက်ပါ… ကျေးဇူးပြုပြီး နားနဲ့ ဆတ်ဆတ်ကြားလိုက်စမ်းပါ။

ငါ့ရဲ့ အက်ကွဲပြိုလဲတဲ့အသံတွေကို မင်းကြားစေချင်တယ်…
ငါ့ရဲ့ ဦးညွှတ်ခြင်းတွေကို မင်း သိစေချင်ပါတယ်…
ငါ့ရဲ့ မျက်ရည်တွေကို မင်းမြင်စေချင်တယ်…
တကယ်တော့… တကယ်တော့ မင်းမမှားဘူး။
မင်း မှန်ပါတယ် 'မဏိ' ရယ်… … …

ရာဇာကျော်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိုင်ကျောက်သားတွေပေါ်မှာ ထွင်းထုထား

တာထက်ပိုတဲ့၊ အရည်ကျို စုံလောင်းထားတဲ့

သံထည်သံတုံး... တွေထက်ပိုမိုတဲ့...

နိုင်မြဲခြင်းတွေကို ကျွန်မနှလုံးသားမှာ ထာဝရ

ထုဆစ်ထားတဲ့အခါ... တစ်ချိန်မှာ ကျွန်မ

ပြန်ရမယ့် ချစ်ခြင်းမေတ္တာတွေဟာ

ကမ္ဘာတည်မယ့် သီးသန့်ချစ်ခြင်းတွေပဲ

ဖြစ်နေပါလိမ့်မယ်...

ခင်မြဏီ

ဝန်ခံပါသည်။

အားလုံးဟာ ကျွန်တော့်အပြစ်တွေချည်းပါ။

စာနာညှာတာမှုကင်းမဲ့ခဲ့သော...

ကိုယ်ချင်းစာတရားဆိုတာ မရှိခဲ့သော.. သိလည်းမသိခဲ့သော...

'သူ့နေရာမှာ ကိုယ်သာဆို ဘယ်လိုနေမလဲ'... ဆိုတဲ့ အတွေးမျိုးကို ဘယ်တုန်းကမှ မတွေးတတ်ခဲ့သော...

မိမိလိုချင်သည်ကို မစဉ်းစားမဆင်ခြင်ပဲ မရ၊ ရအောင် ယူတတ်ခဲ့ပြီး၊ ထိုအရာကို တန်ဖိုးထားရမှန်းမသိခဲ့သော...

စိတ်အပြောင်းအလဲမြန်သော...

အသစ်အသစ်သောအာရုံတို့နောက်ကိုသာ စိုက်စိုက်ပါအောင် လိုက်တတ်ခဲ့သော...

ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်တရားတို့၏ အတိမ်အနက်ကို မသိနားမလည်ခဲ့သော၊ နားလည်အောင်လည်း မကြိုးစားခဲ့မိသော...

ကိုယ်မှားသလား မှန်သလားဆိုတာကို မတွေးတတ်ခဲ့သော၊ တွေးဖို့ကိုလည်း သတိမရခဲ့သော...

သူတစ်ပါးရဲ့သွေးဆောင်မှု (သို့)တွန်းအားပေးမှုတွေမှာ အလွယ်တကူ စီးမျောတတ်ခဲ့သော...

ဖြူစင်တဲ့မေတ္တာနှင့် ချစ်ခြင်းသံယောဇဉ်တွေ၊ အနှိုက်နာခံပေးဆပ်မှု တွေကို တန်ဖိုးထားမြတ်နိုးရမှန်းမသိ၊ တွေဝေခြင်းကင်းစွာ အလွယ်တကူ ကျောခိုင်းစွန့်ခွာနိုင်ခဲ့သော ကျွန်တော်...

www.burmeseclassic.com

www.burmeseclassic.com

'မှားပြီ…'ဆိုတဲ့အသိကို နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးမှ ပီပီပြင်ပြင် သိခဲ့ရပါသည်။

ကိုယ်နဲ့ထိုက်တန်တဲ့ ကံကြမ္မာရဲ့တုံ့ပြန်မှုတွေကို ရှိုက်လိုက်တဲ့ အချိန်မှာ… ကျွန်တော့်အတွက် 'ဖြေဆေး'ဆိုတာ မရှိတော့ဘူး။ 'ထွက်ပေါက်' ဆိုတာလည်း မရှိတော့ပါဘူး။

အကျိုးတရားများအားလုံးရဲ့ အရင်းခံက ကျွန်တော်ကိုယ်တိုင် ပါပဲ…

'ကံကြမ္မာရဲ့ တစ်ကျော့ပြန် ဒဏ်ခတ်မှု'လို့ နားလည် ပေမယ့်… ကျွန်တော့်မှာ အဲဒီဒဏ်တွေကို ခံနိုင်တဲ့အင်အား မရှိဘူး။

ဒါပေမယ့်… အဲဒီဒဏ်ခတ်မှုတွေကို မခံလို့လည်း မရတော့ပါ ဘူး။

ဘဝတစ်လျှောက်လုံးမှာ ကိုယ့်ကိုယ်ကိုယ် အတ္တကြီး သူတစ်ယောက်အဖြစ် နည်းနည်းမှ မတွေးဖူးခဲ့…

'အတ္တ'ဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ်ကိုသော်မှ လေးလေးနက်နက်မှတ်သားထားခဲ့ဖူးခြင်း မရှိခဲ့…

အဲဒီ 'အတ္တ'ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို ရေရေလည်လည် နားလည်မိချိန်မှာ… ကျွန်တော်ဟာ အတ္တသိပ်ကြီးတဲ့သူတစ်ယောက် ဖြစ်သွားခဲ့ပြီ။

အချိန်တွေလည်းအများကြီး နှောင်းသွားခဲ့ပါပြီ…

သူမရဲ့ ကြိုတင်ပြင်ဆင်ထားမှုတွေနဲ့ ကံကြမ္မာရဲ့ဒဏ်ခတ် ခြင်းကို ဘွာခတ်ဖို့ ကျွန်တော် ဘယ်တော့မှမကြိုးစားပါဘူး။

အဆိုးရွားဆုံးကတော့ ကျွန်တော်ဟာ… ကျွန်တော်မှားခဲ့တဲ့ အမှား တွေအတွက် 'တောင်းပန်ခွင့်'လေးကိုပင် မရရှိနိုင်တော့ ခြင်းဖြစ်၏။

သူမ… ခွင့်လွှတ်သည် ဖြစ်စေ၊ ခွင့်မလွှတ်သည်ဖြစ်စေ…

သူမ… ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ… သူမရှေ့မှာ ခေါင်းငုံ့ကာ၊ ဒူးထောက်ကာ (သို့မဟုတ်) ခယဝပ်စင်း ကာ… တောင်းပန်ခွင့်လေးတော့ရချင်သည်။

သို့ဆိုလျှင် ကျွန်တော် သေပျော်ပြီ…။

ကျွန်တော့်ရဲ့… မျက်ရည်တွေအတွက်…

ကျွန်တော့်ရဲ့… မချိမဆံ့ဝေဒနာတွေအတွက်…

ပြီးတော့… သွေးသံရဲရဲနဲ့ ပင်ပန်းဆင်းရဲခြင်းကြီးစွာ ရှင်သန်နေ ရတဲ့ ကျွန်တော့်နှလုံးသားအတွက်… သူမ ဂုဏ်ယူဝမ်းမြောက် စေချင်သည်။ ဟား တိုက်ရယ်မောစေချင်သည်။ အနိုင်ယူကြုံးဝါးစေချင် သည်။

အခါလွန်နှောင်းတ တရားတို့အတွက် 'မြင့်မြတ်သော ဦးညွှတ်ခြင်း' တို့ကို သူမအတွက် ပေးဆပ်ချင်ပါသည်။

သို့သော်… သူမကို ထပ်မံတွေမြင်ခွင့်ဆိုတာ… ဒီတစ်သက် ဘယ်တော့မှ မရနိုင်တော့တာ သေချာ၏။

သူမသည်… ကျွန်တော် မရောက်နိုင်သော၊ ကျွန်တော် မသိသော နေရာတစ်ခုမှာ အမြဲနေ၏။

www.burmeseclassic.com

www.burmeseclassic.com



( * )

'ပျော်တွယ်မြို့'

မန္တလေးတိုင်းအတွင်းရှိ မြို့လေးတစ်မြို့ . . .

နာရီစင်ကြီးနဲ့ပန်းခြံ၊ ရေကူးကန်နဲ့ စာသင်ကျောင်းတွေ၊ ဆေးရုံနဲ့ မြို့တော်ခန်းမကြီး . . . စသည့် ဂုဏ်အင်္ဂါများဖြင့် တင့်တယ်စွာ တည်ရှိနေတဲ့ မြို့လေးတစ်မြို့ပါ။

ရန်ကုန်-မန္တလေးအဝေးပြေးကားလမ်းမကြီးနှင့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီးတို့ပေါ်တွင် တည်ရှိနေသော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် မြို့လေးတစ်မြို့ပါ။

စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းခြင်း၊ မြို့သူမြို့သားများ၏ ယဉ်ကျေးပျူငှာလိုက်လျောဖော်ရွေခြင်းတို့ဖြင့် တန်ဆာဆင်ထားသော မြို့လေး တစ်မြို့ပါ။

ဖေဖေ တိုမြို့လေးသို့ တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရခြင်းသည်ဖင် 'ခင်မဏိ'ဆိုသော 'မဏိ'နှင့် တွေ့ဆုံရခြင်း၏ အစဖြစ်သည်။

မြို့ငယ်လည်းမကျ မြို့ကြီးလည်းမကျသော ထိုမြို့လေးကိုရောက်ခါစ က တော်တော်လေး ပျင်းစရာကောင်း၏။ 'မိုးကုတ်'မှ ပြောင်းလာသော ကျွန်တော်သည် ထိုမြို့လေး၏ နွေရာသီအပူဒဏ်ကို တော်တော်လေး အလူး အလဲခံစား လိုက်ရသေးသည်။ သို့သော် . . . နောက်တော့လည်း ခံနိုင်ရည်ရှိကာ

www.burmeseclassic.com

www.burmeseclassic.com



နေသားကျလာခဲ့ရ၏။ ထိုစဉ်က ကျွန်တော် ကိုးတန်းအောင်ခါစ အရွယ်ပင်ရှိသေးသည်။ ကျောင်းဖွင့်လျှင် ကျွန်တော်ဆယ်တန်းတက်ရမည်။

ဖေဖေမေမေတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့ ကျွန်တော်ဟာ… အချိန်တွေကို ဖျင်းရိခြောက်သွေ့စွာ ဖြတ်သန်းခဲ့ရပေမယ့် ဆယ်တန်းအကြို ကျရှင်တက်သောအခါ သူငယ်ချင်းတွေ ရလာခဲ့၏။ ဟန်ဆောင်မှုကင်းတဲ့ ပွင့်လင်းဖော်ရွေမှုတွေ၊ ရင်းနှီးနွေးထွေးမှုတွေကို သူတို့ထံမှာ တွေ့ရ၏။ သူငယ်ချင်းတွေရလာခဲ့တဲ့အချိန်မှစပြီး ထိုမြို့လေးမှာ နေထိုင်ရှင်သန်ရခြင်းကို ကျေနပ်ပျော်ရွှင်လာခဲ့ရလေသည်။

သူငယ်ချင်းများနှင့်အတူ လွှက်ရည်ဆိုင် ထိုင်ဖြစ်ခဲ့သော ညနေခင်းများကို ကျွန်တော်ဘယ်တော့မှ မမေ့ပါ။ တစ်ခါတစ်ရံ နာရီစင်ကြီးဘေးက အုတ်ခုံလေးတွေမှာ၊ တစ်ခါတစ်ရံ နာရီစင်ကြီးနားက 'ကိုဌေး' (ကိုခင်မောင်ဌေး) ကွမ်းယာဆိုင်မှာ၊ တစ်ခါတစ်ရံ ပန်းခြံထဲမှာ၊ တစ်ခါတစ်ရံ မြို့၏တောင်ဘက်အထွက်မှာရှိသော 'တံတားကြီး' မှာထိုင်ကြရင်း… တွေ့ရာလေးပါး ရောက်တက်ရာရာ စကားတွေပြောကြ၊ တစ်ခါတစ်ရံ ဂစ်တာတီးပြီး သီချင်းတွေအော်ဆိုကြရင်း.. တစ်ခါတစ်ရံ ဂစ်တာမပါဘဲ (အဆိုသက်သက်ချည်း) သီချင်းတွေ အော်ဟစ်သီဆိုကြရင်း ဖြတ်သန်းခဲ့ဖူးတဲ့ ကာလတွေဟာ တကယ်ကို မမေ့နိုင်စရာ… …

အရင်က.. ကွမ်းယာစားသူကိုမြင်လျှင် ရွံတတ်သောကျွန်တော်ဟာ… တစ်ခါတစ်ရံ သူငယ်ချင်းများ အတင်းခွဲကျွေးသော 'ကိုဌေး' ဆိုင်မှ ကွမ်းယာကို တစ်ယာစ နှစ်ယာစ ဝါးဖြစ်ရင်း၊ နောင်အခါ သူငယ်ချင်းများနှင့်ဆုံလျှင် 'ကွမ်းယာပါသေးလား' … ဟုပင် မေးတတ်လာခဲ့သည်။

အရင်က… ကျွန်တော် ဘယ်ကိုသွားသွား မခွဲနိုင်မခွာရက်ခဲ့သော (မွေးနေ့လက်ဆောင်အဖြစ် ဖေဖေနဲ့မေမေ ဝယ်ပေးခဲ့သော) ရုပါကပ် ခဲရောင်



ဆိုင်ကယ်လေးကို၊ ကိုဌေးဆိုင်မှာထားခဲ့ပြီး သူငယ်ချင်းတွေရဲ့ စက်ဘီးကျွေ ဖြင့် မြို့အနှံ့နေရာမကျန်အောင် လျှောက်လည်ရသည့်အရသာကို ကြိုက်တတ်လာခဲ့ပြီ… …

'နေပူပူ ဖုန်ထူထူ ထိုမြို့လေးမှာနေခဲ့ရသော အချိန်များသည် ကျွန်တော့်ဘဝ၏ အပျော်ရွှင်ရဆုံးအချိန်များ ဖြစ်ခဲ့ပါသည်' ဆိုလျှင် မမှား… …

ထနောင်းရိပ်ကျဲကျဲ၊ တမာရိပ်ကျဲကျဲ၊ ကန္တာရရိပ်ကျဲကျဲတို့ဖြင့် အနီဆာဆင်အပ်သော ကွင်းပြင်ကျယ်ကျယ်ကြီးထဲမှ အထက်တန်းကျောင်းတော်ကြီးသည်ပင် သူငယ်ချင်းများနှင့်အတူ ပညာရည်သောက်စို့ ကွန်းခိုပျော်ရွှင်ကြရာ ကမ္ဘာကြီးတစ်ခု ဖြစ်ခဲ့လေသည်။

ထို့အပြင်… ထိုအထက်တန်းကျောင်းတော်ကြီးသည်ပင် ကျွန်တော့်ဘဝ၏ နှောင်းနောင်တ တရားများနှင့် ဝေဒနာအစုအဝေးတို့ မြစ်ဖျားခံစတင်ခဲ့ရာ ဒေသကြီးဖြစ်ခဲ့ရပါတော့သည် ။ ။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com



(*)

'ခင်မဏီ' နှင့် တွေ့ဆုံခဲ့ရခြင်းသည်… သေဆုံးသည်အထိ စူးရှပြင်းထန်စွာ ခံစားရမည့် ကြေကွဲခြင်းနောင်တတရားတို့၏ နိဒါန်းဖြစ်မည်ဟု ဘယ်တုန်းကမှ မထင်မိခဲ့…

ဖြစ်နိုင်လျှင်… သူမနှင့် မတွေ့ဆုံမီ (သို့မဟုတ်) သူမနှင့်ချစ်သူတွေ မဖြစ်မီကာလအထိ အချိန်တွေကို နောက်ပြန်ဆုတ်ကာ ပြုပြင်ပြောင်းလဲခြင်း အချို့ကို ပြုလုပ်ချင်သည်။

မှန်ပါသည်…

ထင်ပေါ်ကျော်ကြားမှုကို တပ်မက်သော…

မိမိကိုယ်တိုင်၏ ဆန္ဒအစစ်မှန်ကို မသိဘဲ၊ သူငယ်ချင်းများအလယ်မှာ လူစွမ်းကောင်း (Hero) ဖြစ်ချင်ခဲ့သော…

လိုချင်တာကို မရ၊ ရအောင်ယူဖို့ပဲ သိတတ်ခဲ့သော…

သူတစ်ပါးရဲ့ မြှောက်ပင့်မှုတွေမှာ သာယာတတ်ခဲ့သော၊ အလွယ်တကူ စီးမျောတတ်ခဲ့သော…

ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်တို့၏ အတိမ်အနက်ကို မသိနားမလည် ခဲ့သော…

စိတ်ခံစားမှုကို ရှေ့တန်းတင်ကာ ဖြစ်သင့်သည်ထက် ဖြစ်ချင်သည်ကို ပဲ ဦးစားပေးခဲ့မိသော…



ဖြူစင်သည့် မေတ္တာတရားနှင့် ချစ်ခြင်းသံယောဇဉ်တို့ကို တွေ့ဝေခြင်း ကင်းစွာ စွန့်ခွာကျော်ခိုင်းနိုင်ခဲ့သော အကျင့်စရိုက်တွေကို အရေခွံခွာချကာ၊ တည်ကြည်ဖြောင့်မတ်သော ယောကျ်ားတစ်ယောက်အဖြစ် ဘဝကို ပြန်လည် တည်ဆောက်လိုပါသည်။

ခုတော့…

စဉ်းစားဆင်ခြင်မှုကင်းစွာ ပြုမိခဲ့သမျှ အရာအားလုံးဟာ… ဘဝတစ်ခု အဆုံးသတ်သည်အထိ ပြန်လည်ပြင်ဆင်၍ မရနိုင်လောက်အောင် ဆိုးရွားပြင်းထန်သော အမှားတွေ ဖြစ်နေခဲ့လေသည်။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ကျောင်းအပ်တော့… ကံကောင်းစွာဖြင့် ကျူရှင်မှာ ခင်မင်ရင်းနှီးခဲ့ကြသော ဇော်မျိုးသူ (ဇော်မျိုး)၊ လင်းထက်ပိုင် (လင်းလင်း)တို့နှင့် တစ်ခန်းတည်းကျ၏။ ဇော်မျိုးက…

"မင်းကံကောင်းတယ် 'ကျော်ကြီး'… ငါတို့အခန်းက ကျောင်းမှာ အတော်ဆုံးအခန်းကွ…"ဟု ဂုဏ်ယူဝံ့ကြွားစွာ ပြော၏။

သူငယ်ချင်းများက ကျွန်တော့်အမည်ရင်း 'ရာဇာကျော်'ကို အများခွတ်ကာ… 'ကျော်ကြီး'ဟု ခေါ်ကြလေသည်။

ဒီနေ့က ကျောင်းစ, တက်သည့်နေ့…

ဇော်မျိုး၊ လင်းလင်းတို့နှင့်အတူ ကျောင်းတံခါးဝနှင့် ခပ်လှမ်းလှမ်းမှာရှိသော ကွမ်းယာဆိုင်မှာ ထိုင်နေကြခြင်းဖြစ်သည်။

လင်းလင်းက…

"ကျော်ကြီး… ဒါ 'မသန်းဝင်းကွမ်းယာဆိုင်'တဲ့… မှတ်ထား။ ငါတို့ကျောင်းလာရင် ဒီမှာပဲ ရှုစုကြတယ်။ ကျောင်းတက်ခေါင်းလောင်းထိုးမှ ကျောင်းထဲဝင်ကြတာ"ဟု ပြော၏။

ဇော်မျိုးက…

"ဟေ့ကောင် လင်းလင်း… ငါတို့အတန်းပိုင် ဘယ်သူလဲကွ…"

"ဒေါ်ရင်သန်းဟေ့… ကျိုင်ပဲ…"



လင်းလင်းစကားကြောင့် ဇော်မျိုးလက်ထဲမှ ကွမ်းယာထုပ်ကို လှမ်းယူရင်း မေးလိုက်မိ၏။

"ဘာဖြစ်လို့ ကျိုင်တာလဲကွ လင်းလင်းရ…"

"ဘာဖြစ်ရမလဲကွ… အဲဒီဆရာမက အပိုကြီး… သိပ်မီးစာကြောင်တာ။ စည်းကမ်းကလည်း ဘာကြီးသလဲမမေးနဲ့။ အေး… အခုလို ကွမ်းစားတာကိုလည်း မကြိုက်ဘူး။ အတန်းထဲမှာ ကွမ်းမစားမိစေနဲ့… နားလည်ရဲ့လားကွ။ ကျောင်းတက်ရင် ထွေးပစ်ခဲ့…"

"ဒီကောင်ပြောတာဟုတ်တယ်ကွ ကျော်ကြီးရ… မင်းနောက်တော့ သိလိမ့်မယ်"

ဇော်မျိုးက လင်းလင်းစကားကို ထောက်ခံအတည်ပြုပြန်၏။

ထိုစဉ်… လင်းလင်းက ဇော်မျိုးပခုံးကို ဖျတ်ကနဲပုတ်ရင်းပြော၏။

"ဟေ့ကောင်ဇော်မျိုး… ဟိုမှာ 'ခင်မဏိ'လာနေပြီ။ အား… မိုက်တယ်ကွာ…"

လင်းလင်းမျက်နှာ မချိုမချဉ်ဖြစ်သွားတာကို သတိထားလိုက်မိ၏။

လင်းလင်းညွှန်ပြရာသို့ ကျွန်တော်ရော ဇော်မျိုးပါ ပြိုင်တူလှည့်ကြည့်လိုက်ရာ… စက်ဘီးစီးလာသော ကျောင်းဝတ်စုံနှင့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၏။ လင်းလင်းက သူမကိုကြည့်ရင်း ရေရွတ်လိုက်ပြန်သည်။

"ဟား… ကျောင်းစတက်တဲ့နေ့မှာ ခင်မဏိမျက်နှာလေးကို အရင်ဆုံးမြင်ရတယ်။ တန်တယ်ကွာ…"

အနီရောင် (Pheasant) စက်ဘီးလေးကိုစီးလာသော အသားဖြူဖြူကောင်မလေးကို ဘာရယ်မဟုတ်ဘဲ သူတို့နှင့်အတူ လိုက်ကြည့်နေမိသည်မှာပဲ… ဇော်မျိုးက ကျွန်တော့်ကို လက်တို့ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ကျော်ကြီး.. အဲဒါ ခင်မကြီတဲ့... ငါတို့ကျောင်းကြီးရဲ့ အဖိုးတန်ဆုံး ရတနာလေးပဲ။ စာသိပ်တော်တာကွ.. အမြဲတမ်း အဆင့်တစ်ဂဲ။ မာနလည်း အရမ်းကြီးတယ်.. ဘယ်သူမှ လိုက်လို့မရဘူးဆရာ။ မလှဘူးလား... အရမ်းချစ်စရာကောင်းတယ်နော်.. "ဟု ခပ်တိုးတိုး အားရပါးရပြောပြန်ရာ ခင်မကြီဆိုသောကောင်မလေး၏ စူးစူးရှရှမျက်လုံးတစ်စုံနှင့် ခပ်တင်းတင်းစေ့ထားသော နှုတ်ခမ်းပါးပါးရဲရဲလေးတစ်စုံကို ဦးစွာ သတိထားမိလိုက်လေသည်။

"တောက်! နှာခေါင်းလေးကို ချွန်နေတာပဲကွာ... ချစ်လိုက်တာ။ ဘယ့်နှယ့်လဲကျော်ကြီး.. ဒေမီမိုး (DEME MOORE)ပေါက်စလေးနော်"

"အင်း... မဆိုးပါဘူး။ အရပ်လည်းရှည်တယ်.. ဆံပင်တိုတိုလေးနဲ့လည်းလိုက်တယ်..."

ကျွန်တော့်ပခုံးကို အားမလိုအားမရဆုပ်ကိုင်ရင်း ပြောလိုက်တဲ့ ဇော်မျိုးစကားကိုထောက်ခံရင်း အမှန်တရားတစ်ခုကို အလိုက်အထိုက် ပြောလိုက်မိခြင်းပါ။ ထိုစဉ်မှာ ကျောင်းတက်ခေါင်းလောင်းထိုးလေသည်။

ဒီကျောင်းကြီးကို အခုမှစတက်ရမည်ဆိုပေမယ့် ကျွန်တော်ကြောင်တောင်တောင်ဖြစ်မနေပါ။ ဇော်မျိုးသူ၊ လင်းထက်ပိုင်တို့နှင့်အတူ အတန်းထဲကို ခပ်တည်တည်နှင့် ဝင်လာခဲ့လိုက်သည်။ အတန်းထဲရောက်တော့ သူတို့ထိုင်သည့် ထိုင်ခုံမှာပဲ ဝင်ထိုင်ဖြစ်၏။

ကျောင်းစဖွင့်တဲ့နေ့မို့... ထိုင်ခုံရွေးတဲ့သူ၊ စကားပြောနေကြတဲ့သူတွေဖြင့် တစ်တန်းလုံး လှုပ်ရှားဆူပွက်နေကြပေမယ့် ဆရာမ ရောက်လာတော့ မီးကို ရေနဲ့ငြိမ်းလိုက်သလို ငြိမ်သက်သွားကြလေသည်။

"ကျော်ကြီး.. အဲဒါ ဆရာမဒေါ်ရင်သန်းပဲ"



ခပ်တိုးတိုးပြောလိုက်တဲ့ လင်းထက်ပိုင်စကားမဆုံးခင်မှာပဲ ဆရာမမျက်လုံးတွေက ကျွန်တော့်ဆီသို့ ဖျတ်ကနဲရောက်လာ၏။

အတန်းသားတွေနဲ့ ဆရာမ အပြန်အလှန်နှုတ်ဆက်ပြီးကြတဲ့အချိန်မှာပဲ ပြဿနာစတက်ပါတော့သည်။

"တတိယခုံ၊ နံ့ရံဘက်အစွန်က ကျောင်းသားမတ်တတ်ရပ်ပါ"

ဆရာမက ကျွန်တော့်ကို ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ လင်းလင်းက ခပ်တိုးတိုးပြောလာ၏။

"သွားပြီကျော်ကြီး၊ မင်း.. ငါပြောထားရဲ့သားနဲ့ ကွမ်းတွေမထွေးခဲ့ဘူး"

လင်းလင်းပြောမှ ကွမ်းထွေးဖို့မေ့ခဲ့တာကို သတိရ၏။ ပါးစပ်ထဲက ကွမ်းတွေကို မျိုချလို့လည်းမဖြစ်.. ပါးစပ်မလှုပ်မိအောင် သတိထားပြီး ထရပ်လိုက်ရတော့သည်။

"မင်းက.. ရာဇာကျော်ဆိုတာလား။ လက်ပိုက်ထားစမ်း"

ဆရာမအသံက ပြတ်သားတင်းမာနေ၏။

"ဟုတ်ကဲ့... "

"ကျောင်းမှမတက်ရသေးဘူး... စည်းကမ်းက, ပျက်နေပြီ။ မင်း... အတန်းထဲမှာ ဘာဖြစ်လို့ ကွမ်းတွေစားနေရတာလဲ.. အခုသွားထွေးပစ်စမ်း"

သတိလက်လွှတ်ဖြင့် ကွမ်းထွေးရန် ပြတင်းပေါက်နား ကပ်သွားလိုက်တဲ့အခါ...

"ဟော ဟော.. စည်းကမ်းမဲ့လှချေလား။ သွား.. အပြင်ကိုထွက်သွား ... ကော်ရစ်ဒါကနေ ထွေးမချနဲ့၊ အောက်အထိဆင်းပြီး ရေမြောင်းမှာထွေး ... စည်းကမ်းမဲ့လိုက်တာ.. ဖအေက ဆေးရုံအုပ်ကြီး.. သားက ဖအေမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုတောင်မထောက်ဘူး၊ စည်းပျက် ကမ်းပျက်အတန်းထဲမှာ ကွမ်းတွေစားနေတယ်။ ဟင်း !..''

ကျွန်တော်အတန်းထဲမှထွက်ရန် ပြင်ရ၏။ တစ်တန်းလုံးကို နောက်မှ ပတ်ပြီးထွက်ရသောကြောင့် တံခါးပေါက်နားကို တော်တော်နှင့်မရောက်... ဆရာမက မျက်စောင်းကြီးတခဲခဲနှင့်ရှိ၏။

အတန်းဝမှနေပြီး အောက်ထပ်ရေမြောင်းအထိရောက်ရန်... အပေါ်ထပ်ကော်ရစ်ဒါတစ်ခုကို ကျော်ဖြတ်ရ၏။ ထို့နောက် နှစ်ဆစ်ချိုးလှေကားကြီး တစ်ခုကို ကျော်ဖြတ်ရ၏။ ပြီးလျှင် အောက်ထပ်ကော်ရစ်ဒါတစ်ခုကို ဖြတ်ပြီးမှ ရေမြောင်းသို့ရောက်၏။

ကွမ်းထွေးပြီး အတန်းထဲပြန်ဝင်လာတော့ ကျွန်တော့်ကို ဝိုင်းကြည့်နေကြတဲ့ မျက်လုံးပေါင်းများစွာနှင့် ရင်ဆိုင်ရလေသည်။ နားရွက်တွေ ထူပူနေပြီဖြစ်ပေမယ့် ဆရာမရဲ့ မပြီးနိုင်တဲ့ ဆုံးမစကားတွေကို မတ်တတ်ရပ်ပြီး နားထောင်နေရပြန်သည်။ ရှက်စိတ်ကြောင့် ဆရာမ ဘာတွေပြောနေတယ်ဆိုတာ ကျွန်တော်မသိတော့။ ကျွန်တော်သိတာက...

ဆရာမပါးစပ်မှ ''ကြားလား''ဆိုတဲ့ အသံထွက်လာတိုင်း... ''ဟုတ်ကဲ့ပါဆရာမ''ဟု ပြန်ဖြေရန်နှင့် ကျွန်တော့် ပင်ကိုယ်စရိုက်အတိုင်း ဘာမှမဖြစ်သလို ဘာမှမခံစားရသလို နေနေဖို့ပင်...

တစ်ခါတစ်ခါ ''ဟုတ်ကဲ့ပါဆရာမ''ဆိုတဲ့စကားကို တစ်တန်းလုံး ပြန်ဖြေမှ... ကျွန်တော်ကွမ်းစားမိတဲ့ကိစ္စကို အကြောင်းပြုပြီး တစ်တန်းလုံး အတွက် တစ်နှစ်စာ စည်းကမ်းချက်တွေဟောပြောနေမှန်း သတိထားမိတော့သည်။



''မောင်ကို ဒါမျိုး လုံးဝမဖြစ်ပါစေနဲ့ရာဇာကျော်။ ဒါ.. နောက်ဆုံးအကြိမ်ဖြစ်ပါစေ.. ထိုင်လို့ရပြီ''ဆိုတဲ့စကားကို မိနစ်နှစ်ဆယ်ခန့်ရှိမှ ဆရာမ ပြော၏။

ဝမ်းသာအားရပြန်ထိုင်လိုက်တဲ့ ကျွန်တော့်ကို... လင်းလင်းနှင့် မော်မျိုးက ကျိတ်ရယ်၏။ ရှက်ရှက်နှင့် မော်မျိုးနံကြားကို လက်သီးပျော့ပျော့ တစ်လုံး ကပ်သွင်းပစ်လိုက်မိ၏။

စည်းကမ်းမဲ့စွာ ကွမ်းယာစားမိတဲ့အဖြစ်ကြောင့် ကျွန်တော့်ကို အတန်းသားများနှင့် အထူးတလည် မိတ်ဆက်ပေးစရာမလိုတော့...

ဆရာမက ကျောင်းဖွင့်သည့်နေ့မှာပင် စာ,စသင်၏။

အချိန်စေ့လို့ ဆရာမပြန်ထွက်သွားသောအခါ.. ကျွန်တော့်ကို သမင်ငြိမ်ပြန်လှည့်ကြည့်သော 'ခင်မထိ'နှင့်အကြည့်ချင်းဆုံ၏။

စကွန့်ပိုင်းမျှ မျက်ဝန်းချင်းဆုံလိုက်တယ်ဆိုတာကလွဲပြီး ကျွန်တော့်အတွက်တော့ မထူးခြားနဲ့...

သူမသည် မိန်းကလေးတန်းရှေ့ဆုံးခုံ၏ညာဘက်အစွန်မှာ ထိုင်တာမို့.. ကျွန်တော်ထိုင်သည့်နေရာမှကြည့်လျှင် သူမကို လေးဆယ်ဒီဂရီခန့်အနေအထားဖြင့် ခပ်စောင်းစောင်းမြင်ရ၏။

ကြော့ရှင်းသွယ်လျသည့် သူမခန္ဓာကိုယ်အချိုးအစားတွေကြောင့်တော့ ကျွန်တော့်ရင်ထဲမှာ ဘာမျှထူးထူးခြားခြားမရှိခဲ့ပါ... ... ...

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

လင်းထက်ပိုင်၊ ဇော်မျိုးသူ့အပေါ်အဝင် ကျောင်းသားတော်တော်များမျာ
ရဲ့အာရုံတွေကို သိမ်းကျုံးနိုင်ဆွဲဆောင်ထားနိုင်သောသူမဟာ… ရုပ်ရည်လှ
ကြော့ရှင်းရုံ၊ ပညာထူးချွန်ရုံမက အနေအထိုင်လည်း တည်ကြည်သူဖြစ်သည်

အပြုံးအရယ်မရှိသလောက်ကိုနည်းပါးပြီး အရာရာကို အလေးအနက်
ထားတတ်သော အရိပ်အယောင်များကို သူမမျက်နှာမှာ အမြဲလိုလိုတွေ့ရ
စကားအလွန်နည်းပြီး အမြဲလိုလို စာအုပ်နှင့် မျက်နှာမခွာတမ်းရှိနေတတ်

လင်းလင်းနှင့် ဇော်မျိုးတို့ပြောစကားအရဆိုလျှင်… သူမတွင်
'အင်ဂျင်နီယာတစ်ယောက်ဖြစ်ရန်' ဆိုသော ရည်ရွယ်ချက်ရှိသည်တဲ့…

မနေ့က… ပါရမီ(လွှက်ရည်ဆိုင်)မှာထိုင်ရင်း လင်းလင်းနှင့်ဇော်မျိ
တို့ သူမအကြောင်းတွေပြောနေခဲ့ကြသေးသည်။ တစ်ဝိုင်းတည်း အတူထို
ကြတာမို့ သူတို့ပြောနေတဲ့စကားတွေကို စိတ်မဝင်စားပေမယ့် နားထောင်ဖြ
ခဲ့၏။ လင်းလင်းက စကားစလိုက်ခြင်းဖြစ်သည်။

"ဟေ့ကောင်ဇော်မျိုး… မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေ
ကို မင်းပါပါကြီးသွားမှာတဲ့လား"

"ဟင့်အင်း… ငါ့အမေသွားလိမ့်မယ်။ ဒီနှစ်ဘယ်သူတွေဆုရမလ
မသိဘူးနော်"

"အဆင့်တစ်က ခင်မဏီပဲဖြစ်မှာပေါ့ကွ… ကျန်တာတွေတော့
…ည်းမသိဘူး။ သေချာတာက မင်းရော ငါရော ဘာဆုမှမရဘူးဆိုတာပဲ…
… ဟီး…"

လင်းလင်းက စပ်ဖြီးဖြီးပြောရင်း လွှက်ရည်ခွက်ကို ကောက်ကိုင်လိုက်
…… ကျွန်တော် စိတ်ဝင်တစားမေးမိ၏။

"အဲဒီကောင်မလေး စာအရမ်းတော်လား လင်းလင်း…"

"တော်လား မတော်လားတော့မသိဘူးဟော့… နှစ်တိုင်း ပထမချည်းပဲ။
…န်းနှစ်ကတည်းကနော်…"

"ခင်မဏီက တကယ်တော်တာကွ… ငါတို့လို ကျူရှင်တွေဘာတွေ
…င် ယူတာမဟုတ်ဘူး။ ပြီးတော့ ရွာကနေ ကျောင်းလာတက်ရတာ…
…ရွာက တော်တော်ဝေးတယ်။ နေ့တိုင်း စက်ဘီးနဲ့ကျောင်းလာတက်ရတာ
… ငါသာဆို ပင်ပန်းလို့သေမှာပဲ"

"ဟုတ်တယ်ကျော်ကြီး ခင်မဏီက စာဖတ်အားလည်းကောင်း
…… ရွာကလာတာဆိုပေမယ့် ကျောင်းကို အမြဲတမ်းအစောရောက်တယ်။
… စာကြည့်တိုက်ထဲမှာ စာဖတ်နေတော့တာပဲ။ မြို့နယ်အဆင့် စာစီစာကုံး
…တွေ ဆောင်းပါးပြိုင်ပွဲတွေမှာလည်း ဆုတွေအမြဲရတယ်… အရမ်းတော်
…ကွာ… မိန်းမဖြစ်ပြီးတော့။ ငါတို့နဲ့တခြားစီပဲ… ဟီး ဟီး… ရှက်စရာ
…င်ကောင်းတယ်…"

ထိုညနေက… လင်းလင်းနဲ့ဇော်မျိုးတို့ တစ်ယောက်တစ်လှည့်ပြော
…သော သူမအကြောင်း ချီးမွမ်းခန်းတွေကို နားနှင့်မဆုံအောင် ကြားနေခဲ့
…သည်။

www.burmeseclassic.com



သူတို့ပြောတာတွေသာ အမှန်တကယ်ဖြစ်နေမည်ဆိုလျှင်… သူမသည် တော်တော် ချီးကျူးစရာကောင်းသော ကျောင်းသူတစ်ယောက်ဖြစ်မည်ဟု မှတ်ချက်ချမိ၏။

ထိုမျှပါပဲ။ သူမနဲ့ပတ်သက်လို့ ကျွန်တော့်ရင်ထဲမှာ ဒီလောက်ပါပဲ… …

¤ ¤ ¤ ¤ ¤



( * )

ပထမလပတ်စာမေးပွဲဖြေပြီး၍ အမှတ်စာရင်းတွေ ထွက်လာသော ခါ…

သူမက … အဆင့်တစ်

ကျွန်တော်က … အဆင့်နှစ်

အမှတ်ပေါင်းချင်းယှဉ်လျှင် ကျွန်တော်က သူမထက် အမှတ်နှစ်ဆယ် တိနည်းသည်။ ထိုအချိန်မှစ၍ အတန်းသားအားလုံးက သူမနှင့် ကျွန်တော့် ုးတွဲပြီး စတင်သတိထားမိလာကြလေသည်။

စာသင်ချိန်တွေမှာ… ဘာသာပြဆရာ ဆရာမတွေရဲ့စာသင်ရင်း တတ်တဲ့မေးခွန်းအချို့ကို ပြန်ဖြေကြရလျှင်လည်း… တစ်တန်းလုံးရဲ့ဖြေသံ ထက် သူမအသံက အရင်ထွက်၏။ တစ်ခါတစ်ရံ ကျွန်တော့်အသံက င်ဆုံးထွက်၏။ တစ်ခါတစ်ရံ တိုင်ပင်မထားဘဲ သူမနှင့်ကျွန်တော် သံပြိုင် ကြသည်များလည်းရှိ၏။

ထိုအခါ… ဆရာ ဆရာမတွေကလည်း သူမနှင့် ကျွန်တော့်ကို ဲတွဲပြီး သတိထားမိလာကြလေသည်။

ပထမအစမ်းစာမေးပွဲပြီးလို့ အမှတ်စာရင်းတွေထွက်လာတဲ့အခါမှာ ာ တော်တော့်ကို စိတ်လှုပ်ရှားဖွယ်ကောင်းခဲ့သည်။

သင်္ချာနှင့်အင်္ဂလိပ်စာ အမှတ်စာရင်းတွေ မထွက်ခင်အထိ သူမရဲ့ တ်တွေနှင့် ကျွန်တော့်ရမှတ်တွေ၏ အမှတ်ပေါင်းချင်း တူညီနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာအမှတ်တွေထွက်လာတော့…

သူမက … ရှစ်ဆယ့်ရှစ်

ကျွန်တော်က … ရှစ်ဆယ့်သုံး

သူမက ငါးမှတ်သာသွား၏။ ကျွန်တော်, တော်တော်လေး မစ်ချင်ဖြစ်သွားရသည်။ မိန်းကလေးတစ်ယောက်ကို ကျွန်တော်မရှုံးနိမ့်ချင်… ရင်ထဲမှာ ကသိကအောက် ခံစားနေရလေသည်။ ဤသည်မှာ သင်္ချာအမှတ်စာရင်းမ မထွက်ခင်အထိဖြစ်၏။

သင်္ချာရမှတ်တွေကြေညာမယ်ဆိုတော့… ကျွန်တော့်ရင်တွေ ခုန်နေ သည်။ သင်္ချာဘာသာကိုသင်ပြသူက အတန်းပိုင်ဆရာမ ဒေါ်ရင်သန်း…

ဆရာမက… တစ်တန်းလုံးရဲ့ရမှတ်တွေကို ကြေညာပြီးသည်အထိ ကျွန်တော်နှင့် သူမ၏ရမှတ်တွေကို မကြေညာသေး… ။ကျွန်တော့်ရင်ထဲမှာ တထိတ်ထိတ်ဖြစ်နေသလို… သူမလည်း ကျွန်တော့်လိုပင် ရှိနေပါလိမ့်မည် ထိုအခိုက်မှာ ဆရာမက…

"ရာဇာကျော်နဲ့ခင်မဏိ မတ်တတ်ရပ်"

သူမရော ကျွန်တော်ပါ မတ်တတ်ရပ်လိုက်ကြ၏။

"ခင်မဏိ သင်္ချာရမှတ်… ကိုးဆယ့်သုံး…"

သူမရမှတ်ကိုကြေညာပြီးတော့ ဆရာမက ကျွန်တော့်ကိုပြုံးပြီးကြည့်၏ ဆရာမအကြည့်ကြောင့် ရင်တွေတဒုန်းဒုန်းခုန်နေစဉ်မှာပဲ…

"ရာဇာကျော့်ရဲ့ သင်္ချာရမှတ်… တစ်ရာ…"

"ဟေး!…"

ကျွန်တော် သတိလက်လွတ်အော်ပစ်လိုက်မိတော့သည်။ ပြီးမှ ခင်မဏိကို ကြည့်လိုက်မိ၏။ သူမ ဘယ်လိုနေမလဲဆိုတဲ့အတွေးနဲ့ပါ။

အံ့သြစရာကောင်းတာက… သူမရဲ့မျက်နှာနုနုလေးမှာ ဘာအရိပ်အခြည်မှ ပြောင်းလဲမှုမရှိ… ပကတိအေးစက်ငြိမ်သက်လို့နေ၏။

ထိုအခါ သတိလက်လွတ်အော်ပစ်လိုက်ခြင်းအတွက်ရှက်သလိုလို ခံစားလိုက်ရလေသည်။ သို့သော် ကိစ္စမရှိ။ သူမထက် အမှတ်နည်းလို့ ရှက်ရမှာနှင့်စာလျှင် တော်သေးသည်။

"ကျော်ကြီးကွ… ဒါမှ ငါတို့သယ်ရင်းကွ… ဟား ဟား…"

ဇော်မျိုးနဲ့လင်းလင်းက ကျွန်တော့်နားကပ်ပြီး ကျိတ်အော်၏။

ကျွန်တော်တို့သုံးယောက် ပွစိပွစိဖြစ်နေကြပေမယ့်… ခင်မဏိကတော့ တည်တည်ငြိမ်ငြိမ်ပင်… သူမသည် စာအုပ်လေးတစ်အုပ်ထဲမှာ တစ်ခုခုကို ရေးခြစ်နေလေသည်။

သူမ… တည်ငြိမ်လှချေလား…

တစ်သက်လုံး သူမတစ်ယောက်တည်း အပိုင်ယူလာခဲ့တဲ့ "အဆင့်တစ်" ဆိုတဲ့နေရာကို ကျွန်တော့်ထံ လွှဲပြောင်းပေးအပ်လိုက်ရခြင်းအတွက် သူမ ဘယ်လိုမှ မခံစားရဘူးတဲ့လား? … အံ့သြစရာပဲ။

နောင်အခါ တစ်ဆင့်စကားများဖြင့် ပြန်ကြားခဲ့ရသည်မှာ…

သူမသူငယ်ချင်းများကလည်း ကျွန်တော်သိချင်တဲ့မေးခွန်းမျိုးတွေ သူမကို မေးခဲ့ကြသည်တဲ့…

သူမအဖြေက… ရှင်းသည်။

"သူနဲ့ထိုက်တန်လို့ သူရသွားတာကို ငါက ဘာခံစားရမှာလဲ။ လိုချင်ရင် နောင်ပြန်ယူဖို့ပဲရှိတယ်။ ဘာမှ မခံစားရဘူး" … တဲ့။

အဲဒီဖြစ်ရပ်နောက်ပိုင်းမှာ အားလုံးဟာ သူမနှင့်ကျွန်တော့်ကို ခရင်ဆက်ပိုပြီး စိတ်ဝင်စားလာခဲ့ကြလေသည်။ အားလုံးထက် ပိုပြီး စိတ်ဝင်စားသူကတော့ လင်းလင်းနှင့်ဇော်မျိုးတို့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျွန်တော်နှင့် ခင်မဏိကို ချစ်သူတွေဖြစ်စေချင်နေကြလေသည်။

အချစ်ဆိုတာဘာလဲ? … ကျွန်တော်မသိဘူး။

¤ ¤ ¤ ¤ ¤



( * )

ကျောင်းပိတ်ရက်ဖြစ်၍ တစ်နေ့လုံး စာတွေကျက်နေမိသည်။

ညနေရောက်တော့ ထုံးစံအတိုင်း ဇော်မျိုးတို့နှင့် 'ပါရမီ' မှာ ဆုံဖြစ်ကြ၏။ ဒီအချိန်က နားချိန်အဖြစ် သတ်မှတ်ထားသည့်အချိန်လည်းဖြစ်၏။

သုံးယောက်သား ဆိုင်အပြင်မှာချထားတဲ့စားပွဲခုံလေးမှာထိုင်ရင်း ...တ်ရည်သောက်နေကြသည့်အချိန်မှာဖြစ်သည်။

"ဟေ့ကောင်တွေ‥ ဟိုမှာခင်မဏိလာနေတယ်ကွ။ တွေ့လား‥ ...သွားကကပ်ပါလာတာ ဆယ်တန်းဘီထဲက 'ကိုထွေး' ဆိုတဲ့ကောင်… ...ကောင် ခင်မဏိကို လိုက်နေတာကြာပြီ"

ကျွန်တော်ရော လင်းလင်းပါ ဇော်မျိုးညွှန်ပြရာသို့ လှည့်ကြည့်လိုက်မိကြ၏။ ထိုအခါ… စက်ဘီးကို ပုံမှန်အတိုင်း နင်းလာတဲ့ခင်မဏိနှင့် သူမ ...နားမှာ စက်ဘီးကပ်စီးရင်း ဘာတွေပြောနေမှန်းမသိသော လူငယ်တစ်ယောက် ...ကို တွေ့လိုက်ရလေသည်။

"ခင်မဏိ ဈေးဝယ်လာတာဖြစ်မယ်။ တွေ့လားကျော်ကြီး… ခင်မဏိ ...က သူ့သွားကကောင်ကို ရှိတယ်လို့တောင်မထင်တဲ့ပုံစံမျိုးကွ‥ ငါလည်း ...သို့ လိုက်ပြောဖူးတယ်"ဟု လင်းလင်းက ခပ်တိုးတိုးပြော၏။

"မင်းလိုက်တုန်းကရော ဘယ်လိုနေလဲလင်းလင်း‥"

"ဒီအတိုင်းပဲကျော်ကြီး… ရန်လည်းမလုပ်ဘူး၊ ဘာမှလည်း ပြန်မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘူး… ပုံမှန်အတိုင်း သူ့လမ်းသူသွားနေတာပဲ။ ဟီး ဟီး… ကြာတော့လည်း ရှက်ပြီး တပ်ခေါက်ပြန်ခဲ့ရတော့တာပဲ.. ဟဲ ဟဲ..”

“စာတွေဘာတွေပေးပေါ့ကွ”

“စာပေးလည်း မယူဘူးဟ.. ခပ်တည်တည်ပဲ”

“မယူရင် သူ့လွယ်အိတ်ထဲ ထည့်ပေါ့ကွာ”

“ထည့်ရင်လည်း ဘာမှမပြောဘူးကွ.. ပုံမှန်အတိုင်းပဲ။ အေး… ပြီးရင်တော့ အဲဒီစာကို ဖတ်လိမ့်မယ်မထင်နဲ့။ တစ်နေရာရောက်ရင် လွှင့်ပစ်လိုက်မှာပဲ”

“ဒါဆိုလည်း အတင်းဝင်ကြမ်းပေါ့ကွ.. ဘာမှိုလို့လဲ”

“အဲဒီလိုကြမ်းရဲတဲ့လူတော့ မရှိသေးဘူးကျော်ကြီး။ ငါတို့မြို့ကလူငယ်တွေ အဲဒီလောက် မရိုင်းကြဘူး။ ရိုင်းရင်လည်း အရပ်က လုံးဝခွင့်ပြုမှာမဟုတ်ဘူး”

ပြောနေစဉ်မှာပဲ… လွတ်လပ်ရေးကျောက်တိုင်ကွင်းဘက်မှလာနေသော သုံးဘီးစက်ဘီးလေးက ကျွန်တော်တို့ထိုင်နေကြတဲ့ ပါရမီလက်ဖက်ရည်ဆိုင်ကို ကျော်လွန်ပြီး နာရီစင်ကြီးဘက်သို့ ချိုးကွေ့ပျောက်ကွယ်သွားလေသည်။

ကျွန်တော့်ပခုံးကိုပုတ်ပြီး စကားဆက်သူက လင်းလင်း…

“စိတ်ကူးမလွဲနဲ့ကျော်ကြီး… ခင်မဏီကို မင်းလိုက်ရင် ရနိုင်တယ်”

“ဟေ… ဘာဖြစ်လို့လဲ”

“လင်းလင်းပြောတာမှန်တယ်ကျော်ကြီး… ဒို့ကျောင်းမှာ ခင်မဏီကို ရအောင်လိုက်နိုင်မယ့်လူဆိုလို့ မင်းပဲရှိတယ်။ ခုနကကောင်ကို မြင်တယ်နော်… ရုပ်ကလည်း ဖွေးသန့်နေတာပဲ။ ဒီကောင့်မိဘတွေက သစ်ကုန်သည်တွေ… အရမ်းချမ်းသာတယ်။ ဒါပေမယ့် မရဘူးနော်.. မင်းမြင်တဲ့အတိုင်းပဲ”

လင်းလင်းက…



“ဘယ်ရမလဲကွ။ ဒီကောင် စာမှမတော်တာ…”ဟုပြောရင်း ကျွန်တော့်ကို အဓိပ္ပာယ်တစ်ခုခုပါသော မျက်လုံးတွေနှင့်ကြည့်၏။

သူတို့စကားတွေကြောင့် ကျွန်တော် ခင်မဏီကိုကြိုးစားကြည့်ချင်သလိုလို ခံစားလာရ၏။ ဇော်မျိုးသူက ကျွန်တော့်စိတ်ကို ဆွပေးပြန်သည်။

“ဟော့ကောင်ကျော်ကြီး.. ခင်မဏီဆိုတာ ငါတို့လူငယ်ထုရဲ့အိပ်မက်လေးပဲ။ ခင်မဏီကို ရအောင်လိုက်နိုင်ရင် အားလုံးထဲမှာ မင်းက (King) ပဲကွာ.. ငါတို့အားလုံး ခင်မဏီကို ဘယ်လောက်အထိ ရူးသွပ်ကြတယ်ဆိုတာလည်း မင်းအသိပဲ..”

“အေးကွာ… ငါ ဒီကောင်နဲ့ နေရာချင်းလဲလိုက်ချင်တယ်။ ရုပ်ရည်ဆိုလည်း ပြောစရာမရှိဘူး။ အဖေကလည်း ပညာတတ်ဆရာဝန်ကြီး.. ကျောင်းတက်တော့ဆိုင်ကယ်နဲ့.. စာလည်းတော်တယ်.. ပွဲသိမ်းကွာ.. ပွဲသိမ်း..”

လင်းလင်းက မရိုးတင်ကဲကြီးရှေ့တိုက်လိုက်တော့ ဇော်မျိုးက ထောက်ခံပြန်၏။

“ဟုတ်တယ်ကွ.. အခု ငါတို့ကျောင်းမှာ မင်းက နာမည်အကြီးဆုံးပဲ.. ခင်မဏီကလည်း မိန်းကလေးတွေထဲမှာ နာမည်အကြီးဆုံး.. အလှဆုံး။ မင်းတို့နှစ်ယောက် အဆင်ပြေသွားရင် အားလုံးက မင်းတို့ကို အားကျနေကြမှာသေချာတယ်။ မင်းအတွက်ပြောတာနော်ကျော်ကြီး… စိတ်ကူးမလွဲနဲ့.. ခင်မဏီအချစ်ကိုသာရရင် မင်းဟာ ဘာလိုအပ်ချက်မှမရှိအောင် ပြည့်စုံတဲ့လူငယ်ဖြစ်သွားပြီ”

ဇော်မျိုးစကားကြောင့် ရင်ထဲမှာ ပီတိဖြစ်သလိုလို ခံစားလာရလေသည်။ လင်းလင်းကပြောပြန်၏။

“မင်းမှာ အခုရှိနေတဲ့… စာတော်တယ်၊ ဆိုင်ကယ်နဲ့ကျောင်းတက်တယ်၊ ဆေးရုံအုပ်ကြီးရဲ့သား၊ ချမ်းသာတယ်ဆိုတာတွေကို ဘယ်သူမှ မနာလို

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ကြဘူးနော် ဟေ့ကောင်… ခင်မဏီအချစ်ကိုရသွားပြီဆိုရင်တော့ လူငယ်တွေအားလုံး မင်းကို အားကျစိတ်တွေနဲ့ မနာလိုဖြစ်ကြမှာ အသေအချာပဲ။ လုပ်စမ်းပါကျော်ကြီးရာ… မင်းလိုက်ရင်ရမှာ ကျိန်းသေလို့ပြောနေတာကွ…”

အားရပါးရကြီးပြောနေတဲ့ လင်းလင်းအိတ်ကပ်ထဲမှ ကွမ်းယာထုပ်ကို လှမ်းယူပြီး တစ်ယာဝါးပစ်လိုက်မိလေသည်။သူတို့ပြောနေသမျှတွေကို နားထောင်ရင်း စိတ်ထဲမှာသဘောတွေကျနေမိ၏။ သာယာနေမိ၏။ စိတ်ကူးထဲမှာ ကျွန်တော်က တိမ်တွေကို လေဟုန်စီးလို့… …

လူတွေက ကျွန်တော့်ကို ကောင်းချီးသြဘာတွေပေးလို့… …

‘ခင်မဏီက လူငယ်တွေအားလုံးရဲ့ အိမ်မက်လေးတဲ့… သူမအချစ်ကို ရရှိခြင်းဟာ လူငယ်တွေအားလုံး အားကျကြမယ့်၊ မနာလိုဖြစ်ကြမယ့် ဆုလာဘ်တဲ့…’ဟု စိတ်ထဲမှာ အကြိမ်ကြိမ်ရေရွတ်နေမိ၏။

“ဟေ့ကောင်ကျော်ကြီး… မင်းဘာတွေစဉ်းစားနေတာလဲ‥ ငါတို့ပြောတာတွေကြားရဲ့လား”

“ကြားပါတယ်ကွ… ငါ ခင်မဏီအကြောင်းတွေးနေတာ။ သူ… တော်တော်လှတယ်နော် လင်းလင်း‥”

ဇော်မျိုးက လင်းလင်းကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီးမှ…

“ဟား ဟား ဟား‥ ဒီကောင်စိတ်ပါလာပြီကွ။ ကောင်းတယ် ကောင်းတယ်‥ စဉ်းစားကျော်ကြီး မင်းရုပ်က ဘွန်ဂျိုဗီ (Bonjovi)လိုလို ဘာလိုလိုကွ‥ ဖြစ်နိုင်တယ်။ ငါကတော့ ခင်မဏီကို မရနိုင်မှန်းသိလို့ တခြားတစ်ယောက်ကိုပဲ လိုက်တော့မယ်။ မင်းကရောလင်းလင်း”

“ဟီးဟီး ငါကတော့ မင်းညီမကိုပဲ လိုက်တော့မယ် ဇော်မျိုးရေ‥”

“ဘာကွ!… ခွေးကောင်‥ ငါ့ညီမကို မင်းနဲ့ပေးစားမယ့်အစား ခွေးကို အမြီးဖြတ်ပြီး ပေးစားပစ်မယ်။ ဟွန်း‥ လာမစမ်းနဲ့”



ဇော်မျိုးသူက စိတ်တိုတိုနှင့်ပြောတော့ လင်းလင်းက ပြန်လည်ချေပ၏။

“ဒါဆို မင်းအလုပ်မရှုပ်တော့ဘူးဇော်မျိုး‥”

“ဘာဖြစ်လို့လဲ‥”

“ငါ့အိမ်မှာ အမြီးပြတ်နေတဲ့ ခွေးတစ်ကောင်ရှိတယ်ကွ… ဟီးဟီး”

ဇော်မျိုးသူ၏ ဆဲရေးသံများ မနားတမ်းထွက်ပေါ်လာ၏။

လင်းထက်ပိုင် အူတက်မတတ်ရယ်၏။

ကျွန်တော်လည်း‥ ရယ်၏။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ဒုတိယအစမ်းစာမေးပွဲအပြီးမှာတော့ ကျွန်တော်ခင်မဏိကို အမှတ်ငါးဆယ်တိတိ အပြတ်ဖြတ်ထားခဲ့လိုက်နိုင်၏။

အံ့ဩစရာကောင်းတာက… ကျောင်းဖွင့်တာ ခုနစ်လကျော်ခဲ့ပြီဖြစ်ပေမယ့် သူမနှင့် ကျွန်တော့်ကြားမှာ ‘တစ်တန်းတည်းသားချင်း’ ဆိုတဲ့ ခင်မင်မှုမျိုးအနည်းအငယ်မျှပင် ရှိမနေခဲ့ခြင်းဖြစ်၏။

ကျွန်တော်နှင့်မှမဟုတ်… သူမ မည်သူနှင့်မျှ ရင်းရင်းနှီးနှီးမရှိ။ သူမနှင့် တစ်ခုံတည်းအတူထိုင်ကြသော ကောင်မလေးများနှင့်သာ အခေါ်အပြောရှိ၏။ ဒါကလည်း လိုအပ်မှခေါ်ခြင်း ပြောခြင်းမျိုးဖြစ်သည်။ သူမ‥ ဒီအတိုင်းပဲ နေတတ်သည်တဲ့။ နားမလည်တဲ့ ကျောင်းစာတွေနဲ့ပတ်သက်ပြီး အကူအညီတောင်းခဲ့ရင်တော့ စိတ်ရှည်လက်ရှည် ရှင်းပြတတ်သည်ဟုလည်း မိန်းကလေးသူငယ်ချင်းအချို့ ပြန်ပြော၍ သိခဲ့ရ၏။ တစ်ခါတစ်ရံ သူမနားမှာ ကောင်မလေးတွေ ဝိုင်းအုံနေတတ်တာဟာ‥ သူမစာရှင်းပြနေခြင်းပဲဖြစ်မည်ဟု တွေးမိ၏။

ပြုံးခြင်း ရယ်ခြင်း အလျဉ်းမရှိတဲ့ သူမရဲ့ထူးဆန်းတဲ့ နေပုံထိုင်ပုံနဲ့ စရိုက်ကို ကျွန်တော်အံ့ဩသလိုလို သဘောကျသလိုလိုဖြစ်လာရသည်။

နေ့စဉ်နဲ့အမျှ ကြားနေခဲ့ရတဲ့ လင်းလင်းနဲ့ ဇော်မျိုးရဲ့ တိုက်တွန်းစေ ဆော်ခြင်းတွေကို နားယောင်ချင်လာသလိုလို…



လူငယ်တိုင်းလိုလိုရဲ့ စိတ်ဝင်စားခြင်းကိုခံရတဲ့ သူမကိုလည်း စိတ်ဝင်စားချင်လာသလိုလို…

ကျွန်တော့်ရင်ထဲမှာ… ဘယ်သူမှရအောင်မယူနိုင်သေးတဲ့ အရာတစ်ခုကို ရအောင်ယူပြလိုက်ချင်စိတ်တွေက တစ်နေ့တခြားပြင်းထန်လာတော့သည်။

ဤသည်ကို…

လူစွမ်းကောင်း (Hero)ဖြစ်ချင်စိတ်လို့ပဲပြောမလား…

ပေါ်ပြူလာ (Popular)ဖြစ်ချင်စိတ်လို့ပဲပြောမလား…

သူမကိုလိုက်လျှင် ကောင်မလား… မကောင်းဘူးလား… စသည်ဖြင့် ဒွိဟစိတ်တို့နှင့် တွေဝေနေခဲ့လေသည်။

အဲဒီလို တွေဝေနေတဲ့စိတ်တွေဟာ…

လင်းလင်းက…သူ့ချစ်သူ ‘မလေး’ရဲ့ပြန်စာလေးကို ထုတ်ပြကြွားပါတဲ့အချိန်…

ဇော်မျိုးက… သူ့မမ ‘သူဇာဝင်း’ရဲ့ ဓာတ်ပုံလေးကို ထုတ်ပြကြွားဝါတဲ့အချိန်မှာ… ပြတ်ပြတ်သားသား ဖြစ်သွားတော့သည်။

“ငါ ခင်မဏိကို လိုက်တော့မယ်”

“ဟေ!…”

“ဘာကွ!…”

တအံ့တဩရေရွတ်လိုက်တဲ့ လင်းလင်းနဲ့ဇော်မျိုးသူကို ဆရာကြီးစတိုင်(လ်)နှင့် ပြုံးပြလိုက်မိ၏။

“မင်းတို့ အံ့ဩသွားလား… ငါ ခင်မဏိကို လိုက်တော့မယ်လို့ပြောတာ…”

“မင်းတကယ်ပြောတာလား ကျော်ကြီး”

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာဖော်မျိုး.. အခု မင်းတို့မှာ ရည်းစားတွေရှိနေကြ
ပြီ.. ငါ့မှာ မရှိသေးဘူး။ အဲဒီတော့... ငါ သူ့ကို မရရအောင်လိုက်တော့မယ်
လို့ ဆုံးဖြတ်လိုက်ပြီ"

လင်းလင်းက...

"ကောင်းတယ်ကျော်ကြီး.. ဆက်လုပ်"

ဖော်မျိုးက...

"အကူအညီလိုရင်ပြောလေကွာ... ဒါမျိုးဆို ဝါသနာပါတယ်
အဟီး..."

"မလိုပါဘူးကွ.. ကျော်ကြီးပါ.. ကိုယ့်ဘာသာရအောင် လိုက်နိ
ပါတယ်။ စောင့်ကြည့်.."

"ယုံပါတယ်ကွာ... အောင်မြင်ပါစေ..."

လင်းလင်းအသံက ခနဲ့တဲ့တဲ့နိုင်၏။

"အပြောနဲ့အလုပ်နဲ့ ညီပါစေကျော်ကြီးရာ..."

ဖော်မျိုးလေသံက 'မဖြစ်နိုင်ပါဘူးကွာ...'ဆိုတဲ့ အဓိပ္ပာယ်မျိုးဖွ
နေ၏။

မခံချင်စိတ်တို့ ထောင်းကနဲထလာသဖြင့် စိတ်ထဲမှာ အသံတိတ်ကြ
ဝါးလိုက်မိလေသည်။

"မင်းတို့စောင့်ကြည့်နေ.. ငါခင်မဏိကို မရရအောင်လိုက်ပြမယ
ကွ.."

¤ ¤ ¤ ¤ ¤



( * )

'ခင်မဏိ'က 'ညောင်ပင်တဲရွာ'တွင်နေသည်။

ပျော်ဘွယ်မြို့နှင့် ညောင်ပင်တဲရွာသည် ဆယ်မိုင်ခန့်ဝေး၏။

ဒီလောက်ဝေးတဲ့ခရီးကို စက်ဘီးဖြင့်နေ့တိုင်း ကျောင်းသွား ကျောင်းပြန်လုပ်နိုင်သောသူမကို ချီးကျူးမိသည်။ ကျွန်တော်သာဆို ပင်ပန်းလို့လဲသေသွားနိုင်သည်။

ပျော်ဘွယ်မှ ညောင်ပင်တဲရွာသို့သွားမည်ဆိုလျှင်... ရန်ကုန်-မန္တလေးအဝေးပြေးကားလမ်းမကြီးကို အသုံးပြုခွင့်ရသော ခရီးတစ်ဝက်ခန့်သာသမ်းကောင်းသည်။ ကျန်ခရီးတစ်ဝက်ကျော်ကျော်သည် မြေလမ်းဖြစ်ပြီးလမ်းဆိုး၏။

ရန်ကုန်-မန္တလေးကားလမ်းမကြီးမှနေပြီး သူမတို့ရွာသို့ ရောက်နိုင်သောလမ်းကြောင်းသုံးသွယ်ရှိသည်။ အနီးဆုံးလမ်းသည် လမ်းတော်တော်ဆိုးသဖြင့်နွားလှည်းများသာ သွားလေ့ရှိသော လမ်းဖြစ်သည်။ ကျောင်းသူ ကျောင်းသားအများစုကတော့ 'ရွာကျေးရွာ'နားမှ ခွဲထွက်သွားသော ချောင်းမကြီးဆည်တာဘောင်လမ်းကို အသုံးပြုကြသည်။ ဤလမ်းသည်လည်း လမ်းနည်းနည်းဆိုး၏။

ခင်မဏိကတော့ ထိုလမ်းထက် နည်းနည်းပိုဝေးသော တခြားတာဘောင်လမ်းကို အသုံးပြုလေ့ရှိသည်။ ထိုလမ်းသည် အခြားသောလမ်းတွေထက်ပိုဝေးသော်ငြား အနည်းငယ် လမ်းပိုကောင်းသဖြင့် ရွာသို့မြန်မြန်ရောက်

www.burmeseclassic.com



သည်ဟု နောင်အခါ သူမပြောချိသိရ၏။ ကျွန်တော်ကတော့ အခြားသူများ နှင့် ရောရောနှောနှောမသွားလိုသောကြောင့် လူသွားလူလာရှင်းသော ထိုလမ်းကို ရွေးချယ်အသုံးပြု ခြင်းဖြစ်မည်ဟု ထင်ပါသည်။

ထိုလမ်းအတိုင်း တော်တော်လေးဝင်သွားမိပါက… တာဘောင်မြေ လမ်းမကြီးဘေးရှိ လယ်ကွက်အစပ်နားတွင် လက်ပံပင်ကြီးတစ်ပင်ရှိလေသည်။

ထိုလက်ပံပင်ကြီးသည်ပင် ကျွန်တော် ခင်မဏိကိုလာစောင့်ရာနေရာ တစ်ခု ဖြစ်ခဲ့တော့သည်။

ညနေကျောင်းဆင်းလျှင်… ဆိုင်ကယ်နှင့်လာသော ကျွန်တော်က ခင်မဏိထက် အချိန်တော်တော်ကြာစောပြီး ထိုနေရာကို ရောက်နှင့်နေတတ် သည်။

ပထမဆုံးလာစောင့်သည့်နေ့က ခင်မဏိ ကျွန်တော့်ကို အံ့သြ တစ်ချက်ကြည့်သွား၏။

ကျွန်တော်ဘာလုပ်ရမှန်းမသိ။ သူမအကြည့်တစ်ချက် ကျွန်တော် အရောက်မှာ အူကြောင်ကြောင်နှင့် ပြုံးပြလိုက်မိ၏။ ရုတ်တရက်ဆိုတော့ ပြုံးသည်ဆိုတာထက် သွားဖြဲပြလိုက်မိသည်ဆိုလျှင် ပိုပြီးမှန်လိမ့်မည် သို့သော်… သူမထံမှ မည်သည့်တုံ့ပြန်မှုမျှမရခဲ့…

နောက်နေ့တွေကျတော့… အဝေးကြီးကတည်းက ကြိုမြင်ပြီးသား ဖြစ်နေနိုင်တဲ့ သူမက တစ်ချက်လေးမျှပင် လှည့်မကြည့်တော့။ တည်တည် ငြိမ်ငြိမ်ဖြင့် စက်ဘီးကိုသာ ဆက်နင်းသွားလေသည်။ ဒီလိုနှင့် တစ်ပတ်တိတိ ကြာသွား၏။

တစ်ပတ်ကျော်ပြီး ရှစ်ရက်မြောက်တဲ့နေ့မှာတော့ သူမကို စကားပြော ဖြစ်အောင် ပြောဖို့ ဆုံးဖြတ်လိုက်သည်။

လက်ပံပင်ကြီးအောက်သို့ ကျွန်တော်ရောက်ပြီး စောင့်ကြာသည် အထိ သူမရောက်မလာသေး…

သူမရောက်လာမည့်အချိန်ကိုစောင့်ရင်း ပြုံးပြီးနေတဲ့စိတ်တွေကို တည်ငြိမ်အောင် ထိန်းချုပ်နေရ၏။ သူမစက်ဘီးမီးသွား ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်မှ မြေလမ်းပေါ်သို့ ချိုးကွေ့လာတာကို မြင်လိုက်ရ သည်နှင့် ဆိုင်ကယ်နောက် ခုံပေါ်မှာထိုင်ပြီး သူမကိုပြောမည့်စကားတွေကို စီစဉ်နေလိုက်ရ သည်။ ကြောက်စိတ်တို့ကြောင့် ခြေလက်တွေ တုန်ချင်သလိုလို ဖြစ်လာတဲ့ အခါ…

"ခင်မဏိက ဘာမှိုလို့လဲ.. ကြောက်စရာမလိုဘူး" ဟု စိတ်တင်းပစ် လိုက်သည်။

ပုံမှန်အတိုင်း နင်းလာတဲ့ သူမစက်ဘီးလေး ကျွန်တော့်ရှေ့နားသို့ ရောက်လာသောအခါ လက်ပြပြီး တားပစ်လိုက်မိ၏။

သူမစက်ဘီးကို ရပ်ပစ်လိုက်သည်။ ထို့နောက် ကျွန်တော့်ကို မျက်နှာ သေဖြင့်ကြည့်ရင်း…

"နင်ဘာလုပ်တာလဲ ရာဇာကျော်"

ဟု တုန်လှုပ်ခြင်းအလျဉ်းမရှိသည့် ပုံမှန်အသံဖြင့် မေးလာ၏။

"ငါ.. ငါ.. နင့်ကိုပြောစရာရှိလို့"

ထိန်းနေသည့်ကြားမှ ကျွန်တော့်အသံတွေ တုန်ရင်နေကြ၏။

"အတန်းထဲမှာပြောလို့မရဘူးလား.."

"ရ.. ရပါတယ်။ ငါ.. ငါ.. နင့်ဆီက စာအုပ်ငှားချင်လို့ပါ…"

ပြောဖို့ စဉ်းစားထားတာကတခြား.. ပြောမိတော့တလွဲ…

ကိုယ့်ပါးစပ်ကိုယ် ပြန်ရိုက်ပစ်လိုက်ချင်မိ၏။ သူမကတော့ ခပ်တည် တည်ဝင်…

www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်လဲ"

"ဟို… မှို… သချာစာအုပ်…"

သူမကျွန်တော့်ကို စွေကနဲကြည့်၏။

"နင်ရှုးနေလား… နင် ငါ့ထက် သချာအများကြီးပိုတော်တ

ပြီးတော့ ငါနင်တို့လို ကျူရှင်ယူနိုင်တာတောင် မဟုတ်ဘူး… သဘာဝ

ဘူး။ ဖယ်… ငါပြန်မယ်"

အမိန့်ပေးသံပါတဲ့ 'ဖယ်'ဆိုတဲ့စကားကြောင့် ယောင်ပြီး လမ်းဖ

ပေးလိုက်တော့ သူမစက်ဘီးလေး လှစ်ကနဲထွက်ခွာသွား၏။

"ဟော!… နေဦးလေ… မထိ"

သူမ ကျွန်တော့်ကို တစ်ချက်လေးမျှ လှည့်မကြည့်… ကြောင်တော

တောင်နှင့် ထိုနေရာမှလှည့်ပြန်လာခဲ့ရတော့သည်။

လွှက်ရည်ဆိုင်မှာ လင်းလင်းတို့နှင့်ပြန်ဆုံတော့ ထိုကိစ္စကို ပြန်မပြေ

ဖြစ်ခဲ့… ပြောရမှာ ရှက်သလိုလို ခံစားရ၏။

¤ ¤ ¤ ¤ ¤

( * )

"မထိ… ခဏနေပါဦး… ငါနင့်ကို ပြောစရာရှိလို့ပါ"

ဒီနေ့လည်း သူမစက်ဘီးရှေ့တည့်တည့်မှာရပ်ပြီး တားလိုက်မိ

ည်။ ရင်ထဲမှာ မနေ့ကလို ကြောက်ရွံ့တုန်လှုပ်ခြင်းတွေမရှိပဲ ရဲရဲ

င်း ဖြစ်နေ၏။ သူမက… ဘရိတ်အုပ်ပြီး စက်ဘီးပေါ်မှဆင်းကာ

ျက်နှာပေးနှင့်ကြည့်ရင်းပြော၏။

"ဘာပြောမလို့လဲ"

"ငါ… ငါ… နင့်ကို ချစ်နေလို့။ အဲဒါပြောချင်လို့ပါ"

သူမမျက်လုံးတွေထဲမှာ လှပသောရောင်စဉ်လေးတစ်ခု မသိမသာ ဖြတ်

သွားတာကို သတိထားမိလိုက်သည်။ သို့သော် သူမစကားသံတို့က ချိုမြ

ဲ…

"ဘာပြောတယ်… နင်ဘာပြောလိုက်တယ်"

"ငါ… နင့်ကိုချစ်တယ်မထိ"

"တော်စမ်း… ဒီစကားကိုပြောတာ ဒါပထမဆုံးနဲ့ နောက်ဆုံးအကြိမ်

ပါစေ ရာဇာကျော်။ ငါ ဒါတွေစိတ်မဝင်စားဘူး… ငါ့မှာရည်ရွယ်ချက်

ရှိတယ်။ နင်လည်း ဒီလိုစကားမျိုး မပြောသင့်ဘူး… တကယ်ဆို ကိုးသုံ

န်းသားချင်း ဒီလိုစိတ်မျိုးတွေ မထားသင့်ဘူး။ သူများက နောင်ယှက်

တောင် နင်က ကာကွယ်ပေးရဦးမှာ။ ခုတော့ နင်ကစပြီး ...ကား…"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ.. အဲလိုမဟုတ်ဘူး။ ငါနင့်ကို စော်ကားတာမဟုတ်ဘူး"

"စော်ကားတာမဟုတ်ရင်ဖယ်.. နောက်ကို ဒီလိုစကားမျိုး ဘယ်တော့မှ လာမပြောနဲ့"

သူမ ကျွန်တော့်ကို တွန်းဖယ်ပြီး စက်ဘီးနင်းရန်ပြင်၏။

သူမခြေထောက်လေး ခြေနင်းပေါ်သို့ တင်လိုက်သည်တွင် စက်ဘီး လက်ကိုင်ကို ဆုပ်ထားလိုက်မိ၏။

ရာဇာကျော်ဟာ ဒီလိုလွယ်လွယ်နဲ့ လက်လျှော့တတ်သူမဟုတ်ဘူး လေ..

"နေဦးမဇာ.. ငါပြောဦးမယ်။ ငါနင့်ကိုချစ်တယ်.. ဒါပေမယ့် နင်မကြိုက်ရင် မပြောတော့ဘူး။ ဒါပေမယ့် ငါ.. ငါ.. ဒီလက္ခပင်ကြီးအောက် ကနေ နင့်ကို အမြဲစောင့်ကြည့်နေတယ်ဆိုတာတော့ နင်သိထားပါ"

"ဟင့်အင်း.. ငါခွင့်မပြုဘူး"

"နင်ခွင့်မပြုလည်း မတတ်နိုင်ဘူး။ ငါကတော့ လာစောင့်နေမှာပဲ"

ကျွန်တော့်စကားကြောင့် သူမနှုတ်ခမ်းကို တင်းတင်းစေ့၏။

"နင့်ဘာသာ စောင့်ချင်စောင့် မစောင့်ချင်နေ.. ငါနဲ့လုံးဝမဆိုင်ဘူး နင်တို့ယောက်ျားလေးတွေ အတော်ကိုရှုပ်တယ်.. ဒါကြောင့် ဘယ်သူနဲ့မှ အပေါင်း မဝင်ချင်တာ.. ဖယ်ဖယ်.."

အထက်စီးက လေသံမာမာနှင့်ပြောသွားသော သူမကို မကျေနပ် သူမရဲ့နောက်ကျောပြင်လေးကိုကြည့်ရင်း မခံချင်စိတ်တို့ ပြင်းထန်စွာ ရုန်းကြွ လာတော့သည်။ ထိုအခါ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချမှတ်လိုက်မိ၏။ ထိုဆုံးဖြတ်ချက်သည် "သူမအချစ်ကို မရရအောင်ယူမည်" ဟူသော ဆုံးဖြတ် ချက်ဖြစ်၏။

မင်းက.. ဘာသားနဲ့ထုဆစ်ထားတာမို့လို့လဲခင်မဇာ..

သူငယ်ချင်းတွေရှေ့မှာ ငါဟာ ရှုံးနိမ့်သူတစ်ယောက် လုံးဝမဖြစ်စေရ ဘူး

မင်းမှတ်ထားလိုက်စမ်းပါ... ရာဇာကျော်ဟာ လိုချင်တာကိုရမှ ကျေနပ် တယ်... ... ...

ထိုညက.. တစ်ညလုံးလိုလို သူမရဲ့အချစ်တွေကို ရယူနိုင်မယ့် ဗျူဟာ တွေကို အမျိုးမျိုး အကွက်ချစဉ်းစားနေမိတော့သည်။

"မင်း.. ငါ့ချစ်သူ ဖြစ်ကိုဖြစ်ရမယ်မဇာ..."

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ဒီနေ့တော့ သုံးယောက်သား "LUCKY"(လွှက်ရှည်ဆိုင်)မှာ ထိုင်ဖြစ်ကြသည်။

"ဟော့ကောင်ဇော်မျိုး‥ သားနားလှချေလားကွ‥ Hang Ten တွေဘာတွေနဲ့"

လင်းလင်းက‥‥ ဇော်မျိုးဝတ်လာသော အဖြူရောင် စပို့ရှပ်အင်္ကျီအသစ်လေးကို ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ လင်းလင်းစကားကြောင့် ဇော်မျိုး မြောက်ကြွကြွဖြစ်သွား၏။

"ဟဲ ဟဲ‥ ချစ်သူရဲ့ ချစ်လက်ဆောင်လေကွာ‥ ဟီး ဟီး‥ လှတယ်မဟုတ်လား။ ဒါနဲ့ မင်းရော 'မလေး'နဲ့အဆင်ပြေရဲ့လား‥ ဂစ်တာသွားမတီးဖြစ်ဖြစ်တာတောင် ကြာပြီနော်‥‥"

"ပြောပါတယ်ကွာ‥ ဒီည ဂစ်တာသွားတီးမလို့ကွ၊ လိုက်ဦးမလား"

"တော်ပါပြီကွာ‥ အရင်တစ်ခါလို မင်းယောက္ခမကြီး 'လေးဂွ'နဲ့ လိုက်ထုလို့ ပြေးပေါက်မှားနေပါဦးမယ် ဟား‥ ဟား‥ ဟား‥‥"

ပေါ့ပေါ့ပါးပါး ရယ်မောနေကြတဲ့သူငယ်ချင်းတွေကိုကြည့်ပြီး အားတွေကျနေမိလေသည်။ ကိုယ့်မှာတော့ မဏီနဲ့ပတ်သက်ပြီး သက်ပြင်းချတာတောင် သူငယ်ချင်းတွေသိမှာစိုးလို့ အသာလေးကျိတ်ချနေရ၏။ လင်းလင်းက



"ဟော့ကောင်ကျော်ကြီး‥ မင်းနဲ့ခင်မဏီအခြေအနေကရောဘယ်လိုလဲ ‥ လှုပ်ရှားနေတာ တစ်ပတ်ကျော်သွားပြီနော်"

အလိုက်ကမ်းဆိုးမသိစွာ မေးလာတဲ့မေးခွန်းအတွက် ကျွန်တော့်မှာ ပြေမရှိ။

"အေး‥ ဟုတ်တယ်ကွ‥ ငါလည်း မေးမလို့လုပ်နေတာ။ ကောင် ဘယ်လိုလဲ‥"

ဇော်မျိုးကပါဝင်မေးလာတော့ မဖြေချင်ဖြေချင်နှင့် ဖြေလိုက်ရ၏။

"ဒီလိုပါပဲကွာ‥‥ ကြိုးစားတုန်းပဲ။ မဏီက တော်တော်မာနကြီး ‥‥ မလွယ်ဘူး"

"ဘာလဲ‥ မင်းလက်လျှော့လိုက်ပြီးလားကျော်ကြီး။ ဟဲ ဟဲ‥"

လင်းလင်းစကားက ရင်ထဲမှမာနတရားကို တိုက်ရိုက်ထိခိုက်၏။

"မင်းမှတ်ထားလင်းလင်း‥ ရာဇာကျော်အတွက် လက်လျှော့တယ် ဘာမရှိဘူး။ ငါမဏီကို မရရအောင်လိုက်ပြမယ်‥ မင်းတို့စောင့်ကြည့်‥"

"ကောင်းတယ်ကျော်ကြီး‥ မင်းစိတ်ဓာတ်ကိုကြိုက်တယ်။ ရအောင် ‥ အကူအညီလိုရင်လည်းပြောလေကွာ‥"

"မလိုပါဘူးဇော်မျိုးရာ‥ ဒီကိစ္စမှာ မင်းတို့ဘာမှကူညီစရာမလိုဘူး"

ပြောမယ့်သာပြောရသည်။ ညနေတုန်းက ခင်မဏီပြောသွားခဲ့တဲ့စကား မှာ မျှော်လင့်စရာ ဘာမှမရှိ။

ညနေတုန်းက‥ ထုံးစံအတိုင်း လက်ဖွဲ့ပင်ကြီးနားမှာ သွားစောင့်နေခဲ့ သည်။

သူမဟာ‥ အရင်လို အေးစက်စက်မျက်နှာထားနဲ့ မသိသလို သလို ထွက်သွားမှာပဲဟု ထင်ထားမိခဲ့သည်။ သို့သော်‥‥ ကျွန်တော့် တန်းတန်းမတ်မတ်လာနေသည်ကို တွေ့လိုက်ရတော့ အံ့ဩနေမိခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နားရောက်တော့ စက်ဘီးကို ခေါက်ထောက်ပြီး (ကျွန်တော့်နားအထိ ခြေနှစ်လှမ်းတိုးလာပြီး) သူမကပင် စ, ပြောလာ၏။

"နင် ဒီနေရာမှာ ဘာလာလုပ်နေတာလဲ ရာဇာကျော်"

"နင်သိပါတယ်.. ငါနင့်ကိုစောင့်ကြည့်ဖို့ ဒီနေရာကို ရောက်နေတာလေ.."

"ငါမကြိုက်ဘူးရာဇာကျော်.. နင်ငါ့ကို မနှောင့်ယှက်ပါနဲ့"

"ဟ.. ငါနင့်ကို ဘာနှောင့်ယှက်လို့လဲ။ ငါ့ဘာသာ ဒီနားမှာရပ်နေတာပဲ"

"နင်.. စကားအကာတ်မပြောနဲ့။ နင် ဒီနားမှာရှိနေတာဘယ်သူ့ကြောင့်လဲ"

"နင့်ကြောင့်.. ဒါပေမယ့် အဲဒါ ငါ့ကိစ္စလေ.. နင်နဲ့မဆိုင်ဘူး။ ငါ့ဘာသာ ဒီနားမှာ လာရပ်နေတာပဲရှိတယ်.. ငါနင့်ကို ဘာလာနှောင့်ယှက်လို့လဲ.."

"အချိန်ဖြုန်းပွာယ်မရှိဘူး ရာဇာကျော်.. နင့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို ဒီလိုမဖြုန်းသင့်ဘူး... အထူးသဖြင့် နင်လိုလူမျိုးက ပိုမဖြစ်သင့်ဘူး။ ဒီနှစ်ဟာ ဘဝမှာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ နင်သိပါတယ်။ နင်လိုလူမျိုးအတွက် ရည်ရွယ်ချက်ဆိုတာလည်း ရှိပြီးသားဖြစ်မှာပါ.. အဲဒီရည်ရွယ်ချက်ကို မပျက်စီးစေချင်ဘူးရာဇာကျော်။ ဒီစကားပြောလို့ နင်ငါ့ကို တစ်မျိုးမထင်နဲ့...

ငါ နင့်အပေါ်မှာ ဘယ်လိုစိတ်မျိုးမှမရှိဘူး.. လူတော်တစ်ယောက်ရဲ့ အရည်အသွေးတွေ ပျက်စီးသွားမှာစိုးလို့ သတိပေးတာ။ အချိန်တွေကို ကျောင်းစာနဲ့ အကုန်ခံပါလို့ ငါပြောချင်တယ်။ ငါ့မှာ ရည်ရွယ်ချက်တွေရှိတယ် ရာဇာကျော်.. နင်ငါ့ကို ဘယ်တော့မှမမျှော်လင့်နဲ့... အချစ်ဆိုတာကို ငါလုံးဝ



စိတ်မဝင်စားဘူး။ ငါ့ထက်စာတော်တဲ့နင့်ကို လေးစားလို့ သတိလာပေးတာ.. ...င် လုံးဝမရိုးမသား မတွေးမိပါစေနဲ့။ ကဲ.. ငါသွားမယ်"

သူမပြန်ထွက်သွားပြီး အချိန်တော်တော်ကြာသည်အထိ လက်ပွပင်ကြီး ...အောက်မှာ ရပ်နေမိလေသည်။ သူမပြောသွားတဲ့စကားတွေကို ပြန်တွေးရင်း ...မိ၏။

နင်မှားသွားပြီမဏိ.. နင့်ကြောင့် ငါ့ရည်ရွယ်ချက်တွေ ပျက်စရာ ...ကြောင်းမရှိဘူး။ ငါ့အမေကဆရာဝန်.. ငါ့ရဲ့ရည်ရွယ်ချက်ကလည်း ဆရာဝန် ...တစ်ယောက်ဖြစ်ဖို့ပဲ... နင်ဘာမှ မစိုးရိမ်ပါနဲ့မဏိ...

ဒါပေမယ့်... နင်ပြောတဲ့စကားကို ငါ နားမထောင်နိုင်ဘူး။ သေချာ ...ယ်.. ငါဒီနေရာကို နေ့တိုင်း ရောက်နေဦးမှာပဲ... ...

ထိုညနေက ဇော်မျိုးတို့နှင့်လမ်းခွဲပြီး အိမ်ပြန်ရောက်တော့ စာကြည့် ...ပွဲမှာ ပုံမှန်အတိုင်း ထိုင်ဖြစ်၏။

ဘိုင်အို (Biology) စာအုပ်လေးကိုဖွင့်လိုက်တော့... ကျွန်တော့် ...ရုံတွေထဲမှာ ခင်မဏိရှိမနေပါ။

ငါ.. ဆရာဝန် ဖြစ်ကိုဖြစ်ရမယ်။ မေမေ့လိုပေါ့... ... ...

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

'ရာဇာကျော်' တဲ့…

မိုးကုတ်ကပြောင်းလာတဲ့ ကျောင်းသားအသစ်…

ကျောင်းစဖွင့်သည့်နေ့မှာပဲ သူ့ကို သတိထားမိစရာတွေဖြစ်ခဲ့သည်။

ဆရာမက မတ်တတ်ရပ်နိုင်းတုန်းကလည်း သူ့ကို စောင်းငဲ့၍ပင် မကြည့်ခဲ့မိ… ကွမ်းတွေ ထွက်တွေးခိုင်းတုန်းကလည်း ခုံတန်းဘေးနားက ဖြတ်သွားတဲ့သူ့ကို သတိမထားမိခဲ့…။ ကွမ်းတွေတွေးပြီး အတန်းထဲ ပြန်ဝင်လာတော့မှ သတိထားမိလိုက်ခြင်းဖြစ်သည်။

ကျွန်မထိုင်တဲ့နေရာက အဝင်တံခါးပေါက်ကို မျက်နှာချင်းဆိုင်ထားသလို ဖြစ်နေတာမို့… တံခါးဝကနေ ဆရာမဆီမှာ ခွင့်တောင်းပြီး ဝင်လာတဲ့ သူ့ကို သေသေချာချာ မြင်လိုက်ရခြင်းပါ။

'ချောလိုက်တာ… 'လို့ ရင်ထဲမှာ စိတ်ပါလက်ပါရေရွတ်လိုက်မိခြင်းနဲ့အတူ ရင်တစ်ခုလုံး မငြိမ်မသက် လှုပ်ခတ်သွားခြင်းကို ဘယ်သူမှ သိလိုက်မှာ မဟုတ်ပါဘူး။

တိုတိုထောင်ထောင် ဆံပင်ပုံစံလေးက ချစ်စရာကောင်းလိုက်တာလို့ မှတ်ချက်ချရင်း… ဆရာမပြောတဲ့စကားတွေထဲက 'ဆေးရုံအုပ်ကြီးရဲ့သား' ဆိုတဲ့ စကားလုံးလေးကို သတိထားမိပြန်သည်။

ဒါဆို… သူ့အဖေက ပညာတတ်ကြီးတစ်ယောက်ပေါ့…



ကျောင်းစတက်တဲ့နေ့မှာပဲ ဆရာမရဲ့ ဆူပူကြိမ်းမောင်းခြင်းကို ခံရတဲ့ သူမို့ စိတ်ထဲမှာ အထင်တော့ သေးလိုက်မိသေးသည်။ ကျောင်းသားသစ် ဆိုပေမယ့် လင်းထက်ပိုင်၊ ဇော်မျိုးသူတို့နဲ့တွဲပြီး နေတာထိုင်တာ ရဲဟင်းသွက် လက်လွန်းနေပြန်သည်။ ဆရာမဆူတာကို ခံထားရပေမယ့် သူ့မျက်နှာ ရှက်ရွံ့နေဟန် တစ်စက်မျှမရှိ…

ကျောင်းဝတ်စုံနှင့်လိုက်ဖက်လှသော သူ့ရဲ့အသားအရောင်ကတော့ သူ့ကို အထင်သေးစိတ်တွေနှင့်အတူ သတိထားမိလိုက်ပါသေးသည်။

ကျွန်မနဲ့ တစ်ခုံတည်းအတူထိုင်နေကြတဲ့ ဥမ္မာနဲ့ နွေးနွေးတို့က ဆရာမ ပြောနေတာကို နားမထောင်ပဲ သူ့အကြောင်းတွေ တွတ်ထိုးနေကြပြန်သည်။

နွေးနွေးအမေက သူ့အဖေဆရာဝန်ကြီးဆီမှာ ဆေးကုသမှုခံယူနေတဲ့ အကြောင်းတွေ…

သူ့အဖေ ဆေးကုတော်တဲ့အကြောင်းတွေ…

သူ့အမေ ခေတ်ဆန်တဲ့အကြောင်းတွေ…

သူတို့အရမ်းချမ်းသာတဲ့အကြောင်းတွေ…

သူ ဆိုင်ကယ်နဲ့ကျောင်းတက်တဲ့အကြောင်းတွေ… စုံလို့ပါပဲ။

'တခြားအခန်းက ကောင်မလေးတွေကိုလည်း ခေါ်ပြရဦးမယ်'… လို့ ဥမ္မာကပြောတော့… နွေးနွေး ဘာပြောတယ်မှတ်လဲ…

'ဥမ္မာရယ်… ငါဖြင့် သူ့ကိုမြင်မြင်ချင်းချစ်လိုက်တာပဲဟယ်…' တဲ့။

အမလေး… ဒါ မိန်းကလေးတစ်ယောက် ပြောရမယ့်စကားလား? …

ထိတ်လန့်စွာ ဘုရားတလိုက်မိတာကို ဥမ္မာနဲ့နွေးနွေး သိနိုင်မယ်မထင်ပါ…

အတန်းထဲက ကောင်မလေးတွေရဲ့သတင်းဖြန့်မှုကြောင့်… နောက်တစ်နေ့မှာ 'ရာဇာကျော်' ဆိုတဲ့ သူ့နာမည်ဟာ တစ်ကျောင်းလုံးမှာ ရှိတဲ့ မိန်းကလေးတွေထံသို့ ပျံ့နှံ့သွားခဲ့သည်တဲ့…

www.burmeseclassic.com

www.burmeseclassic.com



တခြားတန်းခွဲတွေမှ ခပ်ကဲကဲကောင်မလေးတွေ ကျွန်မတို့အတန်းထဲက ကောင်မလေးတွေဆီကို အကြောင်းမရှိအကြောင်းရှာပြီး လာလာနေကြတာဟာ သူ့ကို ကြည့်ချင်လို့တဲ့ … ။

နွေးနွေးက သူ့ကိုသွားပြီး မိတ်ဆက်သေးသည်တဲ့ … ။

တခြားကောင်မလေးတွေကလည်း မိတ်ဆက်ကြသည်တဲ့ … ။

အိုး … ဘယ်လိုတွေဖြစ်ကြတာလဲကို မသိတော့ပါဘူး။

သူ့ပုံစံကလည်း … ကောင်မလေးတွေလာလာပြီး မိတ်ဆက်နေကြတာကို ဂုဏ်ယူကျေနပ်နေတဲ့ပုံပါ။ (အထင်သေးလိုက်တာ … )

လင်းထက်ပိုင်နဲ့ ဇော်မျိုးသူကလည်း သူ့အရှိန်နဲ့မြောက်ကြွကြွဖြစ်နေကြပြန်သည်။ (အမြင်ကတ်လိုက်တာ … )

'ခင်မဏိ' ဆိုတဲ့ ကျွန်မကတော့ သူနဲ့တွေ့ရင် … မကြည့်ဖြစ်အောင်တောင်မှ ကြိုးစားနေလိုက်မိ၏။ သူနဲ့ပတ်သက်တဲ့ ဥပဒေတစ်ခုကိုလည်း ရင်ထဲမှာ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းပစ်ခဲ့လိုက်ပါသေးသည်။

'ရာဇာကျော်ကို အထင်ကြီးနေတဲ့ … စိတ်ဝင်စားနေကြတဲ့ ကောင်မလေးတွေထဲမှာ … ခင်မဏိ မပါစေရ' လို့လေ … … …

¤ ¤ ¤ ¤ ¤



( * )

ပထမအစမ်းစာမေးပွဲအမှတ်စာရင်းတွေ ထွက်လာတဲ့အခါမှာတော့ ျွန်မသူ့ကို နည်းနည်းဖြုံသွားခဲ့ရသည်။

တစ်သက်လုံး ကျွန်မတစ်ယောက်တည်း မူပိုင်ရယူလာနိုင်ခဲ့တဲ့ အဆင့်တစ်' နေရာကို သူ့လက်ထဲ ထိုးအပ်လိုက်ရလို့ပါ …

ဒုတိယအစမ်းစာမေးပွဲမှာ အဆင့်တစ်နေရာကို ရအောင်ပြန်ယူဖို့ ံဖြတ်ပြီး ကျွန်မ အစွမ်းကုန် ကြိုးစားခဲ့ပါသေးတယ်။

ဒါပေမယ့် အမှတ်စာရင်းတွေ ထွက်လာတော့လည်း ဒုတိယအဆင့်ကို ရခဲ့ပြန်ပါတယ်။ ဒီတစ်ခါ ကွာနေတဲ့အမှတ်က တော်တော်များနေတော့ ူ့ရဲ့ထူးချွန်မှုကို အသိအမှတ်မပြုချင်ပဲ ပြုလိုက်ရပါတော့တယ်။

ဒါဟာ … ကျွန်မ သူ့အပေါ် ရှုံးနိမ့်ရခြင်းတွေရဲ့အစလား? … …

သူက … ကြက်တောင်ရိုက်တော်သည်တဲ့ … ။ နွေးနွေးတို့ သူ့ပွဲတွေကို ွတ်တမ်း အားပေးခဲ့ကြသည်တဲ့ … ။

ခရိုင်အဆင့် ကျောင်းပေါင်းစုံဗိုလ်လုပွဲမှာ ကျွန်မတို့တစ်ခန်းလုံး သူ့ကို ားရောက်အားပေးဖို့ ဖြစ်လာခဲ့ပြန်သည်။

လက်တို အားကစားအင်္ကျီနက်ပြာရောင်လေးနှင့် ဂျင်းဘောင်းဘီအတို ြူလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားတဲ့အတွက် ကျစ်ကျစ်လျစ် ် အလွန်ကြည့်လို့ကောင်းနေတဲ့ သူ့ခန္ဓာကိုယ်အချိုးအဆက်တွေကို တအံ့ ြချီးမွမ်းနေကြတဲ့ ကောင်မလေးတွေထဲမှာ ကျွန်မ … မပါ … 

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အကျီအပြင်ဖက်ကို ခုန်ထွက်လာတတ်တဲ့ ပလက် တီနမ်ဆွဲကြိုးလေးကို စိတ်ဝင်စားစွာ ကြည့်ရှုနေကြတဲ့ ကောင်မလေးတွေထဲ မှာ ကျွန်မ,မပါ…

သူတစ်မှတ်ရလိုက်တိုင်း ပြုံးပြီးဆင်းလာတတ်တဲ့ လက်ခုပ်သံတွေထဲ မှာ ကျွန်မရဲ့ လက်ခုပ်သံမပါ…

သပ်ရပ်လှပစွာကစားနေတဲ့ သူ့ရဲ့ကစားကွက်တွေအကြောင်း အကျယ်တဝင့် ပြောဆိုနေကြတဲ့သူတွေထဲမှာ ကျွန်မ,မပါ…

တစ်ဖက်က ပြန်ရိုက်လိုက်တဲ့ ကြက်တောင်လေး နည်းနည်းလောက် ထောင်တက်လာတာနဲ့… 'ဟိတ်' ကနဲအော်ပြီး (ကြမ်းပြင်မှ တော်တော်မြင့် သည်အထိခုန်ပြီး) ခုတ်ချလိုက်တဲ့ပုံစံကို… လက်ခုပ်သံတွေ ပြိုဆင်းလာ အောင် တမင်ဖန်တီးနေခြင်းဟုမှတ်ယူကာ အမြင်တွေကတ်နေမိ၏။

အမှန်အတိုင်းဝန်ခံရလျှင်… ကျွန်မစိတ်ထဲမှာ သူ့ကိုရှုံးနိမ့်သွားစေချင် ပြီး သူ့ရဲ့ရိုက်ချက်တွေ၊ ကစားကွက်တွေမှာ ပျာယာခတ်နေတဲ့တစ်ဖက်က ပြိုင်ဘက်ကို အနိုင်ရသွားစေချင်တဲ့ဆန္ဒတွေ ရှိနေ၏။

ကျွန်မအတွေးတွေကိုများသိသွားခဲ့ရင် ပြုံးပြုံးကြီးလုပ်နေတဲ့ အဝတ်နီးပိုင် ဆရာမက ကျွန်မခေါင်းကို ခေါက်မှာသေချာသည်။

ပွဲသိမ်းနောက်ဆုံးတစ်မှတ်မှာ သူ့အသာလေးပြန်ရိုက်လိုက်တဲ့ ကြက်တောင်လေး ပိုက်ပေါ်မှာတင်နေတော့… 'ကြက်တောင်လေး သူ့ဖက် ကိုပဲ ပြန်ကျသွားပါစေ…'ဟုပင် ဆုတောင်းလိုက်မိသေးသည်။

ကျွန်မဆုတောင်း မပြည့်ခဲ့ပါ… နောက်ဆုံးတော့ သူပဲအနိုင်ရသွား ခဲ့သည်။

သူ့ရဲ့အပြုံးတွေ၊ သူ့ရဲ့ဟန်ပန်အမူအရာတွေဟာ… သူ့ကို လူတွေ စိတ်ဝင်စားလာအောင် တမင်လုပ်ယူနေတာလို့ ကျွန်မ အတတ်ပြောရဲသည်



ဘာလိုလို့နဲ့သူဟာ ကျွန်မရင်ထဲမှာ တော်တော်လေး နေရာယူလာခဲ့ …ကိုတော့ မခံချင်စိတ်တွေနဲ့အတူ အံ့ဩစွာ သတိထားမိ၏။

သို့သော်… အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်တဲ့ ကျွန်မဟာ… …ာင်းစာအုပ်တွေရဲ့ စာမျက်နှာတွေပေါ်အထိတော့ သူ့ကို တက်ခွင့်မပေး …။

ကျွန်မက အင်ဂျင်နီယာကြီးတစ်ယောက် သိပ်ဖြစ်ချင်တာ… အဆောက်အဦလှလှလေးတွေကို ကျွန်မကိုယ်တိုင် သိပ်ဆောက်ချင် …လေ… …

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ကိုယ့်မျက်လုံး ကိုယ်ပင်မယုံချင်…

ဟုတ်ပါတယ်… သူမှသူပါ။

လက်ဝဲပင်ကြီးအောက်က ဆိုင်ကယ်လေးပေါ်မှာ ထိုင်နေတဲ့သူဟာ ရာဇာကျော်ပါ။

ကျောင်းဝတ်စုံကိုတောင် မလဲရသေး…

သူဘာလာလုပ်တာလဲ…

သူဒီနေရာမှာ ဘာလာလုပ်နေတာလဲ? …

ဒီနေရာဟာ သူနဲ့ဘယ်လိုမှ မပတ်သက်တဲ့နေရာတစ်ခုပဲ။

အဲဒီလက်ဝဲပင်ကြီးရှိတဲ့ လယ်ကွက်လေးက ကျွန်မဖေဖေပိုင် လယ်ကွက်လေ…

'မြေမကောင်းလို့ ဘာမှမစိုက်တဲ့ ဒီအတိုင်းပစ်ထားခဲ့တာ ဟိုးပဝေသ ကတည်းက' … လို့ ဖေဖေပြောခဲ့ဖူးတယ်။

ကျွန်မရဲ့ ပင်ကိုယ်စရိုက်အတိုင်း… သူ့ကို မမြင်သည့်ပုံစံဖြင့် စက် ကို ပုံမှန်အတိုင်း နင်းလာခဲ့မိ၏။

သူ့ကို ပြန်လှည့်ကြည့်ချင်စိတ်တွေကို ထိန်းချုပ်ထားနိုင်ခဲ့ပေမ သူ့ကိုစပြီး မြင်လိုက်ကတည်းက တဒိတ်ဒိတ်ခုန်နေတဲ့ ရင်ခုန်သံတွေ ဘယ်လိုမှ ထိန်းလို့မရခဲ့…



'သူ့ရဲ့အပြုံးကို ဘာမှ မတုံ့ပြန်ခဲ့မိတာကိုတော့ ကိုယ့်ဘာသာ တစ်ယောက်တည်း ကျိတ်ပြီး ကျေနပ်နေမိတော့သည်။

သူဒီနေရာမှာ ဘာလာလုပ်နေတာလဲ? …

သူ ငါ့ကို ဘာလို့ပြုံးပြရတာလဲ? … ဆိုတဲ့အတွေးကိုတော့ ရွာထဲမဝင် ခင်အချိန်မှာပဲ တိကနဲ ဖြတ်တောက်ပစ်လိုက်ရ၏။

ကျွန်မ… အိမ်အလုပ်တွေလုပ်ရဦးမှာ…

ကျွန်မ… စာကြည့်ရဦးမှာ… … …

( * )

သူ့ကို လက်ဝဲပင်ကြီးအောက်မှာတွေ့နေခဲ့ရတာ ရှစ်ရက်မြောက်တဲ့ နေ့ကျတော့… သူ ကျွန်မကို စကားပြောဖို့ ကြိုးစားတယ်။

ဟင့်အင်း…

ခင်မဇာလေ…

အားလုံးပုံမှန်ဖြစ်ပါစေ…

မတုန်လှုပ်နဲ့… ။

ရယ်ရတယ်… ကျွန်မထက် သချာတော်တဲ့၊ သချာဘာသာကို ကျူရှင် ယူထားတဲ့သူလိုလူက… ကျွန်မဆီက သချာစာအုပ်ငှားတယ်တဲ့… အဓိပ္ပာယ် မရှိဘူးနော်။

စာအုပ်လာငှားရအောင်… သူနဲ့ကျွန်မ… ခင်ကြလို့လား? …

www.burmeseclassic.com

www.burmeseclassic.com



ငှားချင်တယ်ပဲထားပါဦး။ အတန်းထဲမှာ လာငှားပါလား‥ ဒီနေရာ အထိ လာငှားစရာမလိုပါဘူး။

နေပါဦး… သူ‥ ရိုးမှ ရိုးသားရဲ့လား? …

ကျွန်မကို… သူ… … …

'ဟင့်အင်း… စိတ်မကူးနဲ့။ ငါ‥ တခြားမိန်းကလေးတွေနဲ့မတူ ဘူး ရာဇာကျော်'

ကျွန်မ သူ့ကို စာအုပ်မငှားခဲ့။

နှစ်လို့ဟန်လည်းမပြခဲ့။

ရင်ထဲမှာတော့… တစ်ခုခုကို ကျေနပ်သလိုလို … …
တစ်ခုခုကို မျှော်လင့်နေသလိုလို …

ဒါပေမယ့်… ကျွန်မ စာကြည့်မပျက်ခဲ့… … …

( * )

'ငါ‥ နင့်ကိုချစ်နေလို့' တဲ့…

ရာဇာကျော်ကိုယ်တိုင် ပြောလိုက်တဲ့စကား…

ဒါ… စော်ကားတာ။ ကျွန်မကို စော်ကားတာ‥

သူ့နားမှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးတွေလိုများ မှတ်နေလား မသိဘူးနော်။

သွားစမ်းပါ… ကိုယ့်ကိုယ်ကိုယ် အထင်သိပ်မကြီးစမ်းနဲ့ ရာဇာကျော် ငါနင့်ကို စိတ်ဆိုးတယ်။



( * )

သူ… ခွဲမလျှော့ဘူး။

ကျွန်မကို လက်ွဲပင်ကြီးအောက်ကနေ အမြဲလာစောင့်ကြည့်နေမယ် တဲ့… ။

ရင်ထဲမှာ ပျော်သွားသလိုလို…

သွား… အဲဒါငါ့အလုပ်မဟုတ်ဘူး။

ဒီတစ်ခါ သူနဲ့ပတ်သက်တဲ့ အတွေးတွေကို ရွာအဝင်မှာ ထားမပစ် ခဲ့။ မေ့လျော့စွာဖြင့် အိပ်ယာထဲအထိ ယူဆောင်သွားခဲ့မိ၏။

သူက ငါ့ကို… ချစ်တယ်တဲ့…

ငါကရော… ငါကရော သူ့ကိုချစ်လား? …

ငါသူ့ကို… ချစ်နေမိသလား? …

ဟင့်အင်း… အဲဒီလိုလည်းမဟုတ်ဘူး။

သတိလက်လွတ်တွေးနေမိတဲ့ အတွေးစတွေကို ရင်ထဲမှာ ရှိနှင့်ပြီး သားအတွေးတစ်ခုဖြင့် အပြီးသတ်လိုက်ရသည်။

ငါ… အင်ဂျင်နီယာမကြီး ဖြစ်ချင်တယ်။ ငါ စာကြည့်မယ့် စာမျက်နှာ တွေပေါ်အထိ နင်လိုက်မလာနဲ့ ရာဇာကျော်…

သူလိမ္မာပါတယ်။

ကျွန်မစာကြည့်တာကို မနှောင့်ယှက်… … …

www.burmeseclassic.com

www.burmeseclassic.com



( * )

နင်ဘာတွေဖြစ်နေတာလဲ ရာဇာကျော်? ...

ဒီအချိန်မှာ နင်ဟာ... နင့်အိမ်မှာ ခဏအနားယူပြီး... စာကျက်ဖို့၊ ဒါမှမဟုတ် ကျူရှင်သွားဖို့ ပြင်ဆင်နေရမှာလေ...

ငါကြားဖူးတာပဲ... နင်က နင့်အမေလို ဆရာဝန်ကြီးဖြစ်ချင်တာဆို...

အခု... နင်လုပ်နေတာတွေ မဟုတ်သေးဘူး။ မဖြစ်သင့်ဘူးနော်...

နင်လိုလူမျိုးက ပိုမဖြစ်သင့်ဘူး...

ငါလည်း အင်ဂျင်နီယာတစ်ယောက်ဖြစ်အောင် ကြိုးစားနေတယ်...

နင်လည်း ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားနေပေါ့...

ငါ ဒီစကားကို ပြောခဲ့တာ... နင်လိုလူတော်တစ်ယောက်ကို ဘာမှမဟုတ်တဲ့ ခံစားချက်တွေထဲမှာ နစ်မွန်းမသွားစေချင်တဲ့ စေတနာတွေလည်းပါတယ်။

ကျန်တာတော့ နင်မမေးနဲ့။ ငါလည်း မဖြေတတ်ဘူး...

နင့်ရည်ရွယ်ချက်အတိုင်း... နင် ဆရာဝန်မဖြစ်မှာကိုတော့ ငါစိုးရိမ်တယ်ရာဇာကျော်...

အဲဒါကို ငါဝန်ခံတယ်... ... ...

( * )

နင့်ကို ကျေးဇူးတင်တယ် ရာဇာကျော်...

အတန်းထဲမှာ... နင်ငါ့ကို မသိသလို၊ စိတ်မဝင်စားသလို နေပေးလို့လေ... ငါကျောင်းတက်ရတာ စိတ်အနှောင့်အယှက် မဖြစ်တော့ဘူးပေါ့။



နွေးနွေးတို့တစ်တွေ ပြောပြောနေကြတဲ့... 'နင့်ကို ဘယ်ကောင်မလေးတွေက ဘယ်လိုစိတ်ဝင်စားနေကြတယ်။ ဘယ်လိုချစ်နေကြတယ်...' ဆိုတဲ့ အကြောင်းတွေကို ကြားရတဲ့အချိန်မှာတော့ ငါကျေနပ်နေမိသလိုလိုပဲ ရာဇာကျော်...

တစ်ခုထူးခြားတာက... အရင်တုန်းက ကျောင်းသွားခါနီးမှာပဲ နေ့တစ်ကြိမ်လောက်ပဲ မှန်ကြည့်ဖြစ်ခဲ့တဲ့ငါဟာ အခုဆို မှန်ခဏခဏ ကြည့်မိနေတဲ့အဖြစ်ပဲ...

ဒါကိုလည်း နင်တစ်မျိုးမမြင်နဲ့ဦး။

ဒါဟာ... ငါတို့မိန်းကလေးတွေရဲ့ နားလည်ရခက်တဲ့ စိတ်တစ်မျိုး ဒါပေမယ့်... ငါ့ကို လက်ဖွဲ့ပင်ကြီးအောက်မှာ လာလာစောင့်နေတာကို မကြိုက်ဘူး။ အဲဒါလည်း နင့်အတွက်ပါ...

နောက်တစ်ခါတွေ့ရင်တော့ နင့်ကိုငါ အပြတ်ပြောပစ်လိုက်တော့မယ်။

နင်... နင့်ရည်ရွယ်ချက်တွေအတိုင်း ပုံစံမပျက် ရှိနေစေချင်လို့လေ...

¤ ¤ ¤ ¤

www.burmeseclassic.com



( ၃ )

ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်ကနေ တာဘောင်မြေလမ်းဘ

ကို ချိုးကွေ့တာနဲ့… နှင့်ကိုတွေ့ရမယ်ဆိုပြီး ငါရင်ခုန်တယ်ရာဇာကျော်…

ငါထင်တဲ့အတိုင်းပဲ… လက်ဖွဲ့ပင်ကြီးအောက်မှာ နှင်ရောက်နေပြီ။

ကြည့်စမ်း… နှင့်ပါးစပ်ကထွက်လာတာ မီးခိုးတွေပါလား…

နှင်… ဆေးလိပ်တွေသောက်နေတယ်ပေါ့…

နှင်ဟာလေ… ဆရာဝန်ကြီးတစ်ယောက်ရဲ့ တသိပ်တော်တဲ့သာ

တစ်ယောက်ဆိုတာ ကိုန့်တွယ်ပြီး ပြောရမလိုတောင် ဖြစ်နေပြီ။

ကွမ်းယာလည်းစားတယ်။ ဆေးလိပ်လည်းသောက်တယ်…မှ

မဖြစ်ပါဘူး… ဒီကိစ္စကို ဒီညနေပဲ ဖြတ်ရှင်းမယ်…

စိတ်တိုတိုနှင့် စက်ဘီးကို သူ့ဆီ ဦးတည်ပြီး နင်းသွားလိုက်မိ၏။

စက်ဘီးဒေါက်ထောက်ပြီး သူ့ရှေ့မှာ ရပ်လိုက်သည်အထိ သူကျွန်

ကိုမကြည့်… ခပ်တည်တည်နှင့် ဆေးလိပ်ကို ရှိုက်ဖွာနေ၏။

"နင်ဘာတွေလျှောက်လုပ်နေတာလဲ ရာဇာကျော်"

သူ့မအသံမှာ ဒေါသတို့ ရောပြွန်းပါဝင်နေ၏။

"ငါဘာလုပ်လို့လဲ"

ဆေးလိပ်ကို တစ်ချက်ရှိုက်လိုက်ပြီးမှ မီးခိုးတွေ မှုတ်ထုတ်ရင်

(မျက်လုံးစင်းစင်းတွေဖြင့်ကြည့်ရင်း…) ပြန်မေးလိုက်တဲ့ပုံစံက ပမာမခန့်



လွန်းလှ၏။

"နင့်ကို ဒီနေရာမှာ လာမစောင့်နဲ့လို့ ငါပြောထားတယ်မဟုတ်လား"

"ဒါဆို ဘယ်နေရာက စောင့်ရမှာလဲ"

"ဘယ်နေရာကမှ လာမစောင့်နဲ့"

"ငါဒီလိုလာစောင့်တာကို နင်မကြိုက်ဘူးလားမဏီ"

"ဟုတ်တယ်… မကြိုက်ဘူး"

"မစောင့်စေချင်ရင် ငါ့ကိုချစ်တယ်လို့ပြောလိုက်"

သူ့မမျက်နှာ ရုတ်ချည်းအေးစက်မာကျောသွား၏။

သူ့မ ဒေါသထွက်သွားပြီ… ။

"ဒီစကားကို… ငါ့ကို အထင်သေးလို့ပြောတာလား၊ ဒါမှမဟုတ် နင့်ကိုယ်နင် သိပ်အထင်ကြီးလို့ပြောတာလား။ ဒီမှာ ရာဇာကျော်… ငါနင့်ကို အပြတ်ပြောလိုက်မယ်… နင့်ဘာသာ ဆရာဝန်ကြီးရဲ့သားပဲဖြစ်ဖြစ်… စာတွေ ဘယ်လောက်တော်တော်… ငါနင့်ကို လုံးဝမချစ်ဘူးသိလား။ ကြည့်ဦး… ကွမ်းတွေလည်းစားထားတယ် ဆေးလိပ်ကလည်း သောက်နေလိုက်သေးတယ်။ နင့်ပုံစံက အရမ်းကို အောက်တန်းကျတာပဲ။

တခြားမိန်းကလေးတွေဆိုရင် နင့်ကိုကြွေချင်ကြွေလိမ့်မယ်… ငါ့ကိုတော့ ဒီလိုအချိုးမျိုး လာလုပ်မနေနဲ့… လုံးဝမရဘူး။ အေး… အဲဒီလို အမှိုက်မရှိတဲ့အလုပ်မျိုးတွေ ဆက်လုပ်နေမယ်ဆိုရင် ပိုတောင်ဆိုးသေးတယ်။ တကယ်ဆို နင်ကယောကျ်ားပဲ… ကိုယ့်ကိုယ်ကိုယ် ပိုပြီးတောင် ထိန်းချုပ်နိုင်ရမှာပေါ့။ နင့်ကို နောက်ဆုံးအနေနဲ့ သတိပေးလိုက်မယ်… နင့်ဘာသာ ဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး… နင်ဒီလိုတွေလုပ်နေသည့် ငါနဲ့ ပိုပိုဝေးသွားမယ်ဆိုတာ မြဲမြဲမှတ်ထား။ ဒီလိုပုံစံမျိုးနဲ့တော့ သူငယ်ချင်းအဖြစ်တောင် ငါဘယ်တော့မှ လက်ခံမှာမဟုတ်ဘူးသိလား…

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဆိုတာ စိတ်ဓာတ်ခိုင်မာရတယ်ဟဲ့ ရာဇာကျော်ရဲ့။ တော်ပြီ.. ဒါနင်နဲ့ငါ နောက်ဆုံးအကြိမ် စကားပြောခြင်းပဲ။ နင့်ကိုငါ အံရှုံးအထင်သေးတယ်သိလား...”

ပြောချင်ရာတွေ စွတ်ပြောနေသော သူမမျက်နှာကို ရာဇာကျော် မပြတ်တမ်း အကဲခတ်လျှော့လာနေ၏။ ဘာစကားမှမပြော...

စကားတွေ မနားတမ်းပြောပြီး သူမပြန့်ဖို့ပြင်တော့လည်း မတားဆီး...

“နောက်နေ့ကစပြီး ဒီနေရာမှာ နင့်မျက်နှာကို ငါမမြင်ချင်ဘူး ရာဇာကျော်... ဒါပဲ”

သူမက... စက်ဘီးဒေါက်ကို ဖြောင်းကနဲကန်ဖြုတ်ပြီး ထွက်ခွာသွားလေသည်။

ရာဇာကျော့်မျက်နှာမှာ အပြုံးတစ်ပွင့် တွယ်ငြိသွား၏။

ထို့နောက်... လက်ထဲမှ စီးကရက်တိုကို ပစ်ချပြီး ဖိနပ်ဖြင့် နင်းချေပစ်လိုက်လေသည်။

“ဘာလုပ်ရမယ်ဆိုတာ ငါသိပြီမဏီ..”

¤ ¤ ¤ ¤ ¤



( * )

ရာဇာကျော် ကျောင်းမတက်တာ သုံးရက်ရှိပြီ...

လက်ပွဲပင်ကြီးအောက်မှာလည်း သူ့ကို လုံးဝမတွေ့ရတော့...

နေ့စဉ်တွေ့မြင်ရတုန်းက မလာစေချင်ပေမယ့် မတွေ့ရတော့လည်း သိုက်ရှာနေမိ၏။

သူ.. ဘာလို့ကျောင်းမတက်တာလဲ? ...

ငါကြောင့်များလား? ...

ဟိုနေ့က ငါပြောလိုက်တာ လွန်သွားပြီထင်တယ်။ ဒုက္ခပဲ... ‘ပေါ့စေလို့ကို ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်ကြောင့် လေးရတယ်’ ဆိုသလိုများ ဖြစ်နေပြီလား? ...

အိုး... သူ့ဘာသာကျောင်းမတက်တာ ငါနဲ့ဘာဆိုင်လို့လဲ... အနေသာကြီး။ သူနဲ့ငါနဲ့ဘာမှ ပတ်သက်မှုမရှိဘူး... ဘာမှ ပူပင်နေစရာမလိုဘူး...။

မဟုတ်သေးဘူး... ...

သူဟာ လူတော်တစ်ယောက်။ ခုလို ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဒီလိုတွေမဖြစ်သင့်ဘူး။ လူတော်တစ်ယောက် ငါ့ကြောင့် လမ်းမှားကို ရောက်သွားရတယ်ဆိုတာ မကောင်းဘူး။

တွေးရင်းတွေးရင်း... ရင်ထဲမှာ ရှုပ်ယှက်ခတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင် တော်တော်ဆိုးတဲ့ ရာဇာကျော်… နင့်ကြောင့် ငါစိတ်တွေ ရှုပ်နေရပြီ…"

ခပ်တိုးတိုးရေရွတ်ရင်း လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသော စာရွက်လေးကို ငုံ့ကြည့်လိုက်မိသည်။

မနက်က မုန့်စားကျောင်းဆင်းချိန်မှာ 'လင်းထက်ပိုင်' လာပေးသွားတဲ့ စာရွက်လေး…

သူနဲ့ပတ်သက်နေမှာပဲဆိုပြီး ယူထားလိုက်မိခြင်းဖြစ်သည်။

လင်းထက်ပိုင် မျက်နှာတစ်မျိုးဖြစ်နေတာကိုလည်း သတိထားမိလိုက်သေးသည်။

သူ… ဘာတွေဖြစ်နေလို့ပါလိမ့်…

စိတ်ပူစွာတွေးရင်း စာရွက်လေးကို ဖြန့်ဖတ်လိုက်မိပြန်၏။

ခင်မဏိ…

*ရာဇာကျော် အခြေအနေမကောင်းဘူး။*

*ပြောစရာတွေရှိတယ်။*

*ကျောင်းဆင်းရင် လက်ပံပင်ကြီးအောက်က စောင့်နေပါ။*

*ငါနဲ့ဇော်မျိုးလာခဲ့မယ်…*

*လင်းထက်ပိုင်*

ကြည့်စမ်း… ကြည့်စမ်း… အခုမှ သတိထားမိတယ်။ လင်းထက်ပိုင်နဲ့ ဇော်မျိုးသူဆိုတာ ဘယ်တုန်းကမှ အဆက်အဆံ လုပ်ခဲ့ဖူးတဲ့သူတွေမဟုတ်ဘူး။ ခုတော့ ငါ့ကိုသူ့ကိစ္စနဲ့ပတ်သက်ပြီးစာတွေ ဘာတွေလာပေးရဲတဲ့အဆင့်တောင် ရောက်လာကြပြီ။

ပြီးတော့… သူတို့ကိုပဲ လက်ပံပင်ကြီးအောက်ကနေ စောင့်နေရဦးမယ်တဲ့…



အိုး… ဖေးပါသေးတယ်။ မစောင့်နိုင်ပါဘူး… သူ့ဘာသာ အခြေအနေကောင်းရုံမက သေသေပေါ့။ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့… …

တွေးရင်း တွေးရင်း ဒေါသတွေဖြစ်လို့ အဆုံးမသတ်တော့…

'အချိန်တွေကလည်း တစ်ချိန်ပြီးတစ်ချိန် ကုန်လွယ်လိုက်တာ' လို့ အမြဲတွေးခဲ့ဖူးတဲ့ကျွန်မဟာ… အခုတော့ ကုန်ခဲလွန်းတဲ့အချိန်တွေကို စိတ်မရှည်နိုင်အောင် ဖြစ်နေရ၏။

လင်းထက်ပိုင်တို့နဲ့ သွားတွေ့ရင်ကောင်းမလား? …

မတွေ့ပဲနေလိုက်ရင် ပိုကောင်းမလား? … ဆိုတဲ့အတွေးတွေဖြင့် ကျောင်းဆင်းချိန်ရောက်သည်အထိ ချီတုံချတုံ ဖြစ်နေခဲ့သည်။

ရာဇာကျော် ဘာတွေဖြစ်နေတာလဲ? … ဆိုတဲ့အတွေးကြောင့် ပူပန်နေမိတာက တစ်မျိုး…

သူဘာဖြစ်နေတယ်ဆိုတာကို သိချင်နေမိတာကတစ်မျိုး…

သွားတွေ့လိုက်ရင် ကိုယ့်ဘက်က အလျှော့ပေးလိုက်သလို ဖြစ်သွားမှာ စိုးတာကတစ်မျိုး…

သူ့သူငယ်ချင်းတွေ ကိုယ့်ကို ဒီထက်ပိုပြီး ရောယှက်ပတ်သက်လာမှာ စိုးတာကတစ်မျိုး…

ရာဇာကျော် ဒီထက်ပိုပြီး ရောင့်တက်လာမှာကို စိုးရိမ်မိတာကတစ်မျိုး…နှင့် အိမ်အပြန်လမ်းတစ်လျှောက်လုံးမှာလည်း ဘာလုပ်ရမှန်းမသိအောင် အူလည်လည် ဖြစ်နေခဲ့သည်။

သည်လိုနှင့် လက်ပံပင်ကြီးနားအထိ ရောက်လာ၏။

လက်ပံပင်ကြီးအောက်မှာ ကြိုရောက်နှင့်နေတဲ့ လင်းထက်ပိုင်နဲ့ ဇော်မျိုးသူကို တွေ့လိုက်ရတော့ ရင်ထဲမှာရှိနှင့်ပြီးသား မာနစိတ်က ခေါင်းထောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အိုး… သူ့ဘာသာအခြေအနေမကောင်းတာ ငါနဲ့ဘာဆိုင်လို့လဲ။ ဘာဖြစ်လို့ သူတို့နဲ့ စကားပြောရမှာလဲ… အဓိပ္ပာယ်မရှိတာ။ ခင်မဏီဟာ ဒီလောက်တော့ အညှာမလျှော့သေးဘူး… နင်တို့သူငယ်ချင်းဘာဖြစ်ဖြစ် လုံးဝ ဂရုမစိုက်ဘူး" ဆိုတဲ့စကားကို ရင်ထဲမှာ ခေါ်သတကြီး ရေရွတ်ရင်း စက်ဘီးကို ပုံမှန်အတိုင်း ဆက်နင်းလာခဲ့မိ၏။

လင်းထက်ပိုင်နဲ့ ဇော်မျိုးသူကို တစ်ချက်မှ လှည့်မကြည့်ခဲ့…

ဒါပေမယ့်…

မဟုတ်သေးပါဘူး… သူဘာတွေများဖြစ်နေပြီလဲ? … လင်းထက်ပိုင်နဲ့ ဇော်မျိုးသူကိုကြည့်ရတာ မျက်နှာမကောင်းဘူး။

ငါ့ကြောင့်များ တစ်ခုခုဖြစ်သွားခဲ့ရင်…

အို… ဘာပဲဖြစ်ဖြစ် သူတို့ပြောတာကို နားထောင်ကြည့်လိုက်ပါဦးမယ်။ အခြေအနေကိုသိရတော့ ကိုယ်ဘာဆက်လုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်လို့ရတာပေါ့… လို့ တွေးမိလိုက်တာနဲ့ စက်ဘီးကို ပြန်ကွေ့ပစ်လိုက်မိတော့သည်။

ထိုအခါ… စိုးရိမ်ပူပန်မှုတွေရှိနေတယ်လို့ ထင်ရတဲ့ လင်းထက်ပိုင်နဲ့ ဇော်မျိုးသူတို့မျက်နှာတွေမှာ အပြုံးတစ်ချို့ကို တွေ့မြင်လိုက်ရ၏။

"ပြော… နင်တို့ငါ့ကို ဘာပြောချင်လို့လဲ"

"ကျော်ကြီး အခြေအနေမကောင်းဘူး ခင်မဏီ"

"ဘာဖြစ်လို့ အခြေအနေမကောင်းရတာလဲ… ပြောမှာသာပြောစမ်းပါ"

ကြည့်စမ်း… 'အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ' လို့… ကျွန်မ ဘာလို့မပြောလိုက်မိတာလဲ? … … …



"ဒီကောင် ကျောင်းမတက်တော့ဘူးတဲ့ ခင်မဏီ… စာမေးပွဲလည်း မဖြေတော့ဘူးတဲ့…"

"ဟဲ့… ဘုရား ဘုရား။ ဘာဖြစ်လို့လဲ"

"မသိဘူးဟာ…"

လင်းထက်ပိုင်က လေသံတိုးတိုးဖြင့် ရေရွတ်ရင်းခေါင်းကို ကုတ်၏။ ဇော်မျိုးသူက…

"ပြောရခက်တယ်ဟာ… ငါ ဒီကောင့်ကို အဲဒီလောက် ပျော့ညံ့လိမ့်မယ်လို့ လုံးဝမထင်ခဲ့ဘူး… ဘယ်လိုဖြစ်သွားတာလဲဆိုတာတောင် မတွေးတတ်တော့ဘူး။

အခုလည်း ရန်ကုန်ကို သွားမယ်ရှုပ်နေလို့ မနည်းတားထားခဲ့ရတာ။ 'ဘာဖြစ်နေတာလဲ' လို့ မေးတော့လည်း ဘာမှမဖြေဘူးဟ… အဲဒါကြောင့် နင်နဲ့များ ပတ်သက်နေမလားလို့ ငါတို့လာမေးတာ။ သူနင့်ကို စိတ်ဝင်စားနေတာတော့ ငါတို့လည်း သိနေတာဆိုတော့…"

"အို… ရှုပ်ရှုပ်ယှက်ယှက်… ငါနဲ့ဘာမှမဆိုင်ဘူး"

"နင်တကယ်ပြောတာလား ခင်မဏီ ကျော်ကြီးကိစ္စ နင်နဲ့မဆိုင်ဘူးဆိုတာ တကယ်ပဲလား…"

လင်းထက်ပိုင်က စူးစမ်းသလိုလို… ချည်နှောင်သလိုလို မေးလိုက်ခြင်းဖြစ်၏။ ဤသည်က လင်းထက်ပိုင်၏ အရည်အချင်းတစ်ခု ဖြစ်သည်။

"ယုံချင်ယုံ… မယုံချင်နေ။ ငါနဲ့ ရာဇာကျော်ကြီးမှာ ဘာဇာတ်လမ်းမှ မရှိဘူး လုံးဝရှင်းတယ်"

ဇော်မျိုးသူက စိတ်မကောင်းသောလေသံနှင့် ဆိုပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပြီးတာပါပဲဟာ… ဒီကောင့်ကံပဲပေါ့။ ငါတို့က နင်နဲ့များ ပတ်သက်နေမလားလို့ သူငယ်ချင်းကောင်းပီသစွာ သူ့အတွက် ကြိုးစားကြည့်ကြတာ။ သူလိုလူမျိုး စာမေးပွဲမဖြေတော့ဘူးဆိုရင် နှမြောစရာကောင်းလို့ပါ။ ဆောရီးပဲဟာ… ငါတို့သွားတော့မယ်"

မျက်နှာငယ်လေးတွေနဲ့ ပြန်သွားကြတဲ့ သူတို့နှစ်ယောက်ကို ဘာမှပြန်မပြောဖြစ်တော့…

ကျွန်မ ဘာပြောရမှာလဲ?…

တကယ်လည်း သူနဲ့ကျွန်မ ဘာမှ မပတ်သက်ဘူး… ဆိုင်လည်း မဆိုင်ဘူး။

ဒါပေမယ့်… သူက စာမေးပွဲမဖြေတော့ဘူးတဲ့…

ခုက္ခပဲ… အဲဒါလုံးဝမဟုတ်သေးဘူး။ သဘာဝလည်းမကျဘူး။ ဘာပဲဖြစ်ဖြစ် သူစာမေးပွဲတော့ ဖြေကိုဖြေရမယ်။

ဒါဟာ… စာတော်တဲ့လူတော်တစ်ယောက်အပေါ်မှာထားတဲ့ စေတနာသက်သက်ပါ…

ရင်ခုန်သံဆိုတာကတော့ ကိုယ်တစ်ယောက်တည်းသာ သိအပ်သော အရာလေ…

"နင်… စာမေးပွဲဖြေရမယ် ရာဇာကျော်…"

( * )

သူတို့သုံးယောက် လက်ဝါးချင်း တဖြောင်းဖြောင်းရိုက်ပြီး ရယ်လိုက်ကြလေသည်။



"ဟား ဟား ဟား… မင်းဗျူဟာ အရမ်းဂွတ် (Good) တယ် …ကြီး… ခင်မဏိ တော်တော်လေး ငိုင်ကျသွားတယ်။ ငါထင်တယ်… …တို့အဆင်ပြေမှာပါ"

ဇော်မျိုးသူကလည်း အားရပါးရ ပြောပြန်၏။

"ငါတို့ပုံစံတွေက အမှန်အကန်နော်… မင်းအတွက် တကယ်စိုးရိမ် …တဲ့ ဒီနိုင်းတွေနဲ့ အပီပြောတာ… ဟွန်း… သေသွားမယ် ဟား… ဟား …"

ရာဇာကျော်က ကျေနပ်စွာပြုံး၏။ ထို့နောက်…

"ဟုတ်ပြီ… မင်းတို့နှစ်ယောက်လုံး ငါပြောတဲ့အတိုင်း ဆက်လုပ် …နော် ပီရိပါစေ…"

"စိတ်ချ… ငါတို့က မင်းနဲ့ခင်မဏိကို ငြိစေချင်နေတဲ့ကောင်တွေပါ … စိတ်ချစမ်းပါ…"

သူတို့သုံးယောက် ခေါင်းချင်းဆိုင်ပြီး ဆက်လက်ဆောင်ရွက်ရမည့် …ာတွေကို ဆွေးနွေးနေကြတော့သည်။

တကယ်တော့ 'ရာဇာကျော် စာမေးပွဲမဖြေတော့ဘူး' လို့ ခင်မဏိကို …ခဲ့ကြသည်မှာ အကွက်ဆင်ထားသော စကားဖြစ်သည်။ ရာဇာကျော် …တွေ ဘုရားဖူးထွက်သွားသည့်အချိန်မှာ… ခင်မဏိအချစ်ကို ရယူရန် …ာ် ဗျူဟာဆင်ထားသော ရာဇာကျော်၏ 'လုပ်ဇာတ်' ဖြစ်၏။

သို့ဖြင့်…

ခင်မဏိရဲ့မျက်လုံးတွေကို အစိမ့်ယှဉ်ဖော်နိုင်ခဲ့သော ရာဇာကျော် … သူမရင်ထဲက အနက်ရှိုင်းဆုံးတစ်နေရာမှာ လျှို့ဝှက်စွာ ခိုအောင်း …သော 'အချစ်' ဆိုသည့်အရာကို အလွယ်တကူပင် ဖော်ထုတ်ယူဆောင်နိုင် …တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာကျော် ကျောင်းမတက်တာ ငါးရက်ပြည့်သောနေ့တွင် ခင်မဏိနှင့် ရာဇာကျော်တို့ ချစ်သူတွေ ဖြစ်သွားခဲ့ကြ၏။

သို့ရာတွင် … သူတို့နှစ်ဦးစလုံးသည် သူတို့ရည်မှန်းချက်များအတိုင်း ပညာရေးကိုတော့ ရွေးရေမှုပင် အထိနိုက်မခံခဲ့ကြပါချေ။

ဆယ်တန်းစာမေးပွဲကြီးကို ခင်မဏိရော ရာဇာကျော်ပါ အားရချောမွေ့စွာ ဖြေဆိုနိုင်ခဲ့ကြလေသည်။

¤ ¤ ¤ ¤ ¤



( * )

ရာဇာကျော်က နားကြပ်ကက်ဆက် (**Walk Man**) လေးတစ်လုံး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

နားကြပ်ကို နားမှာတပ်ထားပြီး ခြေဟန်လက်ဟန်တွေဖြင့် လျှောက်နေရင်း ပါးစပ်ကလည်း လှုပ်စိလှုပ်စိနှင့် (အသံမထွက်ပဲ) တစ်စုံ ခုကို မနားတမ်းပြောဆိုနေသလိုရှိ၏။

လင်းထက်ပိုင်က ကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ရင်း 'အသည်း မြို့တော်' ဆိုသည့်သီချင်းကို ဂစ်တာဖြင့် စိတ်မပါလက်မပါသီဆိုတီးခတ် ၏။

ခုတင်ပေါ်မှာ ဝမ်းလျားမှောက်ပြီး အိပ်နေသူက ဇော်မျိုးသူ…

သူတို့သုံးယောက် ရာဇာကျော့်အခန်းမှာ စုမိနေကြခြင်းဖြစ်သည်။ ကျောင်းပိတ်ရက်ကလည်းဖြစ်… မိုးကလည်း တဖွဲဖွဲရွာနေတာမို့ အပြင်မထွက် ကြပဲ အခန်းအောင်းနေကြခြင်းဖြစ်၏။

ခဏနေတော့ ဇော်မျိုးသူက ဝမ်းလျားမှောက်ပြီး အိပ်နေရာမှ ထက်ပိုင်နှင့်အတူ (စိတ်မပါလက်မပါနှင့်) သီချင်းသံပြိုင်လိုက်ဆို၏။

"မင်းမရှိတဲ့မြို့တော်မှာ ကိုယ်ဟာ × × ဝမ်းနည်းရွှေးမြေ့မှုလမ်း မှာ အဖော်မပါ × × ခေါင်းငိုက်စိုက်နဲ့လှမ်းနေပြီ × × အို… ချစ်သူမင်း လှမ်းနေမိ × × × မင်းမရှိတဲ့မြို့တော်မှာ ကိုယ်ဟာ × × ထွက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့တော့ အခုမလွယ်ကူပါ × × ပြေးဖို့ မြေမရှိ × × မတွေးရဲ × × ဆွေးမြဲဆွေးနေမိ × × အား × × သူ့ဓာရေ × × လွမ်းတယ်ကွာ… အား ဟား ဟား… …"

လင်းထက်ပိုင် ဖီး (Feel) ငုပ်သွားပြီ…

"ဟာ… ဘယ်လိုဖြစ်တာလဲကွာ… ဆိုမှာ ကောင်းကောင်းဆိုတာ မဟုတ်ဘူး"

"ဘာဖြစ်လဲကွ… ငါ့ဘာသာ ချစ်သူကိုလွမ်းလို့ လွမ်းတယ်ပြောတာပဲ.."

"လွမ်းရင် မင်း… ဘာသာအေးဆေးလွမ်းပါ့လား… ဘာဖြစ်လို့ ငါ့ကို လာနှောင့်ယှက်ရတာလဲ"

"ဆောရီးပဲလင်းလင်းရာ… အဲ့မှာ မင်းလည်း စိတ်ပါလက်ပါဆိုနေတာမဟုတ်ပါဘူး။ မဆိုချင်ဆိုချင်နဲ့ ဆိုနေတာများ… ဟွန်း မသိရင်ခက်မယ်"

လင်းလင်းက ပြုံးဖြီးဖြီးရယ်ပြီး ဂစ်တာကို ကြမ်းပြင်ပေါ်ချထားလိုက်၏။

"ဟီး ဟီး… ငါလည်း 'မလေး'ကို လွမ်းနေတာကွ။ ဒီကောင်ပဲ ကောင်းတယ်… လွမ်းရကောင်း ဆွေးရကောင်းမှန်းမသိဘူး။ ဟော့ကောင် ကျော်ကြီး ပျင်းတယ်ကွာ… အပြင်သွားရအောင်…"

လင်းထက်ပိုင်က ဇော်မျိုးသူကိုပြောရင်း ခြေဟန်လက်ဟန်တွေဖြင့် လမ်းလျှောက်နေသော ရာဇာကျော်ကိုပါ လှမ်းပြော၏။ ရာဇာကျော်က မကြား…

"ဟော့ကောင်… မင်းကိုပြောနေတာကွ"

ပြောရင်း ရာဇာကျော်အင်္ကျီကို လှမ်းဆွဲလိုက်၏။

ရာဇာကျော်က နားမှာတပ်ထားတဲ့ နားကြပ်လေးကိုဖြုတ်ပြီး လင်းထက်ပိုင်ကိုကြည့်၏။



"ဘာလဲ… ဘာလဲကွ"

"အပြင်သွားရအောင်လို့ ပြောနေတာ…"

"မသွားချင်ပါဘူး။ မိုးတွေရွာနေတာ မမြင်ဘူးလား…"

"ဒါဆို ငါတို့နဲ့စကားလာပြော။ ပျင်းတယ်…"

"ပျင်းရင် အခွေတွေထိုးကြည့်လေကွာ… စတိတ်ရှိုးခွေအသစ်တွေရှိတယ်"

"ဘာ စတိတ်ရှိုးမှ မကြည့်ချင်ဘူးကွာ။ လာစမ်းပါ… စကားပြောနေအောင်လို့"

ဇော်မျိုးသူက ရာဇာ့လက်ကိုဆွဲပြီး အိပ်ယာပေါ်မှာ ထိုင်စေလိုက်၏။

"မင်းဘာလုပ်နေတာလဲ ကျော်ကြီး"

"Speaking ကျင့်နေတာကွ…"

"မင်းပဲကောင်းတယ် Speaking ကျင့်ရတာနဲ့… မီးနင်း (Meaning) ကျက်ရတာနဲ့"

"မင်းတို့က ဘာဖြစ်နေလို့လဲ…"

"ငါရောလင်းလင်းရော 'အလွမ်း'ဆိုတဲ့ ဝေဒနာကို အလူးအလဲခံစားနေရတယ်ကွ။ ဟီး ဟီး…"

"လဲသေလိုက်ကြပေါ့ကွာ… ဘာဖြစ်လို့ လွမ်းနေရတာလဲ… အလကားနေရင်း…"

"အလကားနေရင်း လွမ်းနေတာတော့ ဘယ်ဟုတ်မလဲကွ… ရင်ထဲမှာ ဘာသာ အလိုလိုကြီးလွမ်းလာတာဟ။ သူ့ဓာနဲ့မတွေ့ရတာကြာပြီကွ… မင်းတွေ့ချင်တယ်…"

လင်းထက်ပိုင်က ရာဇာ့ကိုမေး၏။

"ဒါနဲ့… မင်းကိုမေးရဦးမယ်… မင်းရော ခင်မလေးကို မလွမ်းဘူး

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း.. မင်းက မလေး ရန်ကုန်သွားလို့လွမ်းတာ။ ဒီကော
က သူ့စာတောင်ကြီးကိုသွားလို့လွမ်းတာ။ 'မဏိ' က သူ့ရွာမှာရှိနေတာပဲ
မလွမ်းပါဘူး"

"ခင်မဏိ သူ့ရွာမှာရှိနေတယ်ဆိုပေမယ့်... မတွေ့ရတာချင်းကျ
အတူတူပဲလေ၊ မင်းက ငါတို့ထက်တောင် ပိုဆိုးသေးတယ်.. စာမေးပွဲ
ကတည်းက လုံးဝကို မတွေ့ရတော့တာ။ ချစ်သူရှိရဲ့သားနဲ့ အဲဒီလိုမတွေ့
တဲ့ရက်တွေကို မင်းဘယ်လိုဖြတ်သန်းနေသလဲဆိုတာ ပြောစမ်းပါဦး.."

"ဂစ်တာတီးတယ်၊ Speaking ကျင့်တယ်၊ တစ်ရက်ကို မီး
အလုံးနှစ်ရာရအောင်ကျက်တယ်၊ မင်းတို့နဲ့ အပြင်ထွက်လည်တယ်။ ဒါပဲ
အချိန်တောင်မလောက်ဘူး"

"မင်း.. ခင်မဏိကို သတိမရဘူးလား? ..."

"သတိတော့ရပါတယ်"

ဇော်မျိုးသူက ကြားဖြတ်ပြီးမေး၏။

"မင်းသတိရတယ်ဆိုတာ ဘယ်လိုပုံစံမျိုးနဲ့ သတိရတာလဲ။ သူ
အရမ်းတွေ့ချင်နေတဲ့စိတ်တွေနဲ့ ပြင်းပြင်းပြပြ သတိရတာမျိုးလား? ...

"ဟင့်အင်း.. ပုံမှန်ပါပဲ"

လင်းထက်ပိုင်က မေးပြန်၏။

"မင်းမှာ ခင်မဏိနဲ့ တွေ့ချင်တဲ့ဆန္ဒရောမရှိဘူးလား? ..."

"ရှိတော့ရှိပါတယ်... ဒါပေမယ့် သူက 'အောင်စာရင်းတွေ မထွ
မချင်း လုံးဝမတွေ့တော့ဘူး' လို့ အပြတ်ပြောထားတယ်လေ..."

"မင်းပြောတဲ့ပုံစံကြီးက မမိုက်ပါဘူးကျော်ကြီးရာ.. မင်းနေရာမှာငါ
ဆို မင်းလိုကြီးတော့ ဘယ်လိုမှ နေနိုင်မှာမဟုတ်ဘူး။ ဘာတွေပဲပြော
ပြောထား တစ်နည်းနည်းနဲ့တွေ့ဖို့ ကြိုးစားမိမှာပဲ... မင်းဒီလောက်
နေနိုင်တာတော့ ငါအံ့သြတယ်"



လင်းထက်ပိုင်စကားကို ဇော်မျိုးသူလက်ခံ၏။

"ဟုတ်တယ်လင်းလင်း.. ငါလည်း သတိထားမိနေတာကြာပြီ။ ဒီကောင့်ပါးစပ်က ခင်မဏိအကြောင်းပြောတဲ့ အသံတစ်ခါမှ မကြားရဘူး။ ဟေ့ကောင်.. မင်းဘယ်လိုကောင်ကြီးလဲကျော်ကြီး။ မင်း.. ခင်မဏိကို တကယ်ချစ်တာရောဟုတ်ရဲ့လား? .."

"ချစ်တာတွေ မေတ္တာတွေ ငါနားမလည်ဘူး.. မင်းတို့လိုလွမ်းတာတွေ ဆွေးတာတွေလည်း ဝါသနာမပါဘူး။ ဒါပေမယ့် မင်းတို့အလွမ်းပြေအောင် တော့ ငါလုပ်ပေးနိုင်တယ်။ လာ.. အခွေကြည့်မယ်။ ငါ တရုတ်သိုင်းကား အသစ်ငှားထားတယ်။ အရမ်းကောင်းတယ် လူတစ်သောင်းလောက်ကို တစ်ယောက်တည်းနဲ့ အနိုင်ချတဲ့ဇာတ်ကားကွ.. သောက်ရမ်းမိုက်တယ်..."

ရာဇာကျော်က ပြောပြောဆိုဆိုနှင့် ဗီဒီယိုတိပ်ခွေတစ်ခွေကို အောက်စက် ထဲ ထိုးထည့်ပြီး တီဗီရှေ့မှာထိုင်ချလိုက်လေတော့သည်။

ခဏနေတော့ တီဗီဖန်သားပြင်မှာ ဓားနှစ်လက်နှင့်လူတစ်ယောက် ထွက်ပေါ်လာ၏။

ရာဇာကျော်ကိုကြည့်ပြီး ဇော်မျိုးသူက ပခုံးတွန့်၏။

လင်းထက်ပိုင်က ခပ်တိုးတိုး ရေရွတ်၏။

"အင်း.. တစ်ခုခုတော့မှားနေပြီ.."

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

မီးခိုးရောင်ဖျော့ဖျော့ စာအိတ်လေးကိုဖွင့်လိုက်လျှင်… အထဲမှာ အဖြ
ရောင်စာရွက်ခေါက်လေးတစ်ခုပဲ ရှိနေပါလိမ့်မယ်…

အဲဒီစာရွက်ခေါက်လေးကို ဖြန့်လိုက်လျှင်တော့… 'ကျောင်းပြ
တက်ပါ ရာဇာကျော်။ ငါနင့်ကို ချစ်ပါတယ်' ဆိုတဲ့ စာကြောင်းလေး
တစ်ကြောင်းရှိနေပါလိမ့်မယ်…

မီးခိုးရောင်စာအိတ်လေးထဲမှာ စာရွက်ခေါက်လေးနဲ့အတူ လျှို့ဝှက်စွာ
ပါရှိသွားတာကတော့ ကျွန်မရဲ့ အလုံးစုံသော ချစ်ခြင်းများဖြင့် ဖွဲ့တည်သော
နှလုံးသားတစ်ခုပဲဖြစ်တော့သည်။

'ကျောင်းပြန်တက်ပါရာဇာကျော်' လို့ မလုံမလဲ နိဒါန်းချီထားသော
စာလုံးလေးတွေရဲ့နောက်ဆက်တွဲဖြစ်တဲ့ 'ငါနင့်ကိုချစ်ပါတယ်' ဆိုတဲ့ စာလုံး
လေးတွေကို… ထိန်းချုပ်ခြင်း၊ ငြင်းဆန်ခြင်း၊ ရှောင်လွှဲခြင်းတွေနဲ့ မာနတရား
(မိန်းကလေးတစ်ယောက်အတွက် ရှိသင့်ရှိထိုက်တယ်လို့ ယူဆထားခဲ့တဲ့
တွေကြားမှာ ဖွတ်အတင်းနှစ်မြှုပ်ထားခဲ့မိတဲ့ ချစ်ခြင်းနှလုံးသားအစုံနဲ့ ရေး
လိုက်မိတာပါ…

သူ… တုန့်ရင်စွာ ပြောခဲ့တဲ့ 'ငါ… နင့်ကိုချစ်နေလို့' ဆိုတဲ့စကားလုံး
လေးခြောက်လုံးဟာ ဘယ်သူမှ ဖွင့်နိုင်ခြင်းငှာ မစွမ်းသာခဲ့တဲ့ ကျွန်မရဲ့
နှလုံးသားတံခါးပေါက်ကို ပွင့်ဟသွားစေတဲ့ လျှို့ဝှက်နံပါတ်တွေ အတိအကျ



ဖြစ်နေခဲ့ပါတယ်။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် အညာလွယ်တယ်လို့
ဘယ်သောအခါမျှ ယူဆမိမှာ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့… ကျွန်မရင်ထဲက နှလုံးသားဆိုတဲ့ အခန်းငယ်
ဟာ… တစ်သက်မှာ တစ်ကြိမ်၊ တစ်ကြိမ်မှာ တစ်ယောက်တည်းပဲ ဝင်ခွင့်ရှိတဲ့
နေရာလေးတစ်နေ ဖြစ်နေလို့ပါပဲ…

'သူမှလွဲ၍' ဆိုတဲ့ စာတန်းလေးဟာ ကျွန်မရဲ့နှလုံးသားတံခါးဝမှာ
ထာဝရချိတ်ဆွဲထားမယ့် စာတန်းတစ်ခုပါ။ ဒါတွေကို တဖြည်းဖြည်းနဲ့ သူ
နားလည်သဘောပေါက်လာမှာ မလွဲ မသွေပါပဲ။

ကျွန်မက… စကားလုံးတွေနဲ့ ပြောရတာထက် လက်တွေ့လုပ်ပြ
ရတာကို၊ ကျွန်မကို… စကားလုံးတွေနဲ့ ပြောပြနေခြင်းထက် လက်တွေ့လုပ်
ပြခြင်းကို… ပိုမိုနှစ်သက်ရှုးသွပ်သူလေ။ ပြီးတော့… ကျွန်မက မျှတန်ရဲ့
ဘတိယနိယာမကို နှစ်သက်တဲ့သူ။

ဖေဖေအလုပ်လုပ်လို့… ကျွန်မတို့ ထမင်းစားရတယ်…

ကျွန်မ စာကြိုးစားလို့… စာတော်တဲ့သူတစ်ယောက် ဖြစ်ခဲ့တယ်…

ကိုယ့်ကိုယ်ကိုယ် အသိတရားနဲ့ ထိန်းသိမ်းနေထိုင်ခဲ့ခြင်းတွေက…
ကျွန်မအတွက် ဘယ်သူနဲ့မှ မတူတဲ့ တန်ဖိုးတစ်ခုကို ဖြစ်စေခဲ့တယ်…

သူ့နှလုံးသားရဲ့ဆန္ဒအရ သူကျွန်မကို ချစ်တဲ့အခါ… ကျွန်မနှလုံးသား
မှာ သူ့အချစ်ကို တုံ့ပြန်ချင်တဲ့ဆန္ဒတွေ ရှိနေခဲ့တယ်…

ကျောက်စိုင်ကျောက်သားတွေပေါ်မှာ ထွင်းထုထားတာထက်ပိုတဲ့၊
အရည်ကျို ပုံလောင်းထားတဲ့ သံထည် သံတုံး… တွေထက်ပိုမိုတဲ့… ခိုင်မြဲ
ခြင်းတွေကို ကျွန်မနှလုံးသားမှာ ထာဝရထုဆစ်ထားတဲ့အခါ… အချိန်မှာ
ကျွန်မပြန်ရမယ့် ချစ်ခြင်းမေတ္တာတွေဟာ ကမ္ဘာတည်မယ့် သစ္စာသန့်ချစ်ခြင်း
တွေပဲ ဖြစ်နေပါလိမ့်မယ်…

www.burmeseclassic.com

www.burmeseclassic.com



၆

အခုအချိန်မှာ ကျွန်မပိုင်ဆိုင်ခွင့်ရထားတဲ့ သူ့ရဲ့ချစ်ခြင်းတွေဟ ကျွန်မရဲ့ စိတ်ကြိုက်ပုံစံမျိုးဖြစ်မနေခဲ့ရင်တောင် ကျွန်မကျေနပ်တယ်။

ဘာဖြစ်လို့လဲဆိုတော့… 'လိုချင်ရင်ကိုယ်က အရင်ဆုံးပေးဆပ်ရမ ဆိုတဲ့ သီအိုရီကို ကျွန်မရင်ထဲမှာ ကောင်းကောင်းသဘောပေါက်ထားခဲ့ ပါပဲ။

ကျွန်မတို့ဟာ ကိုယ်လိုချင်တဲ့အရာတွေအားလုံးအတွက် ကိုယ်ကို တိုင်က အရင်ဆုံး ပေးဆပ်ကြရမယ်မဟုတ်လား? …

ဘာအရင်းအနှီးမှမရှိပဲ ရလာတဲ့အကျိုးအမြတ်ဆိုတာ ခိုင်မြဲမှု၊ တရာ တာမှု မရှိနိုင်ဘူးလေ…

ခုချိန်အထိတော့… သူဟာ ကျွန်မကို ဘာစိတ်အနှောင့်အယှက် မပေးတဲ့ချစ်သူတစ်ယောက်ပါ။

တစ်ယောက်နဲ့တစ်ယောက် ဟုတ်တာတွေရော မဟုတ် တွေရော… စာတွေ အပြန်အလှန်ကြီးစားပမ်းစားရေးကြတဲ့ လေ့ထုံးစံတွေ မနှစ်သက်တဲ့ ကျွန်မရဲ့ဆန္ဒကို သူခေါင်းညိတ်လိုက်လျောခဲ့ပါတယ်။

'နင်နဲ့ငါ ချစ်သူတွေဖြစ်နေကြပြီပဲ‥ တစ်ယောက်နဲ့တစ်ယော ချစ်နေဖို့ပဲ လိုတာနော် ရာဇာ… ဟိုမှာချိန်းတွေ့ ဒီမှာချိန်းတွေ့ဆိုတာမျိုး ငါမလုပ်ချင်ဘူး။ နင်လည်း ဟိုနားကလာစောင့်၊ ဒီနားကလာစောင့်တာ မလုပ်ပါနဲ့'ဆိုတော့လည်း ကျွန်မသဘောပါပဲ။

'အောင်စာရင်းထွက်တဲ့အထိ ငါတို့ မတွေ့ပဲနေကြမယ်'ဆိုတော့လည် သူ လက်ခံခဲ့တာပါပဲ။

တကယ်တမ်း ရယ်စရာကောင်းတာက ကျွန်မ…

'စာတွေဘာတွေ လုံးဝမရေးပါနဲ့'လို့… ကိုယ်တိုင်ပြောခဲ့ပြီးမှ သူရေးတဲ့စာလေးတွေကို ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ… ဖတ်ကြ ချင်နေမိတယ်…



'ဟိုနားကလာစောင့်၊ ဒီနားကလာစောင့် မလုပ်ပါနဲ့'လို့… ကိုယ်တိုင် တားမြစ်ခဲ့ပြီးမှ… ဟိုနေရာရောက်ရင်ပဲ သူ့ကိုတွေ့ရလိမ့်နိုးနိုး၊ ဒီနေရာ ရောက်ရင်ပဲ သူ့ကို တွေ့ရလိမ့်နိုးနိုးနဲ့… အထူးသဖြင့် ဟောဒီလက်ပွဲပင်ကြီး နားကိုရောက်ရင် သူရှိမနေတာတောင် သူ့ကိုမြင်လိုက်ရသလိုလို တွေ့လိုက်ရ သလိုလိုနဲ့ မသိမသာ လိုက်ရှာနေမိပြန်ပါတယ်။

'အောင်စာရင်းတွေထွက်တဲ့အတိ လုံးဝမတွေ့ကြတော့ဘူး'လို့ ကိုယ်တိုင်ပြတ်ပြတ်သားသားပြောခဲ့ပြီးမှ… 'သူများရောက်လာလေဦးမလား' ဆိုတဲ့အတွေးနဲ့ ဟောဒီလက်ပွဲပင်ကြီးအောက်ကို ရောက်ခဲ့မိတာက အကြိမ် ကြိမ်…

တကယ်လို့ ကျွန်မစကားကို နားမထောင်ပဲ 'လွမ်းလို့'ဆိုတဲ့ အကြောင်းပြချက်လေးနဲ့ ရောက်လာခဲ့မယ်ဆိုရင်တော့ ကျွန်မသူ့ကို ပြစ်တင် စကားဆိုမိမှာ မဟုတ်ဘူးနော်‥

ဒါပေမယ့်‥ ခင်မဏိဆိုတဲ့ကျွန်မဟာ… သတ်မှတ်ပြီးသားဘောင် တစ်ခုထဲမှာ တမ်းတခြင်းတွေ၊ စိတ်ဆန္ဒတွေကို နိုင်နင်းစွာ ထိန်းချုပ်ချိုးနှိမ် ထားနိုင်တဲ့သူလေ‥

ကိုယ်ကိုယ်တိုင် သတ်မှတ်ကန့်သတ်ထားခဲ့တဲ့ စည်းကမ်းတွေကို ကြိုးစားပြီး လိုက်နာနိုင်ရမှာပေါ့…

ကျွန်မချမှတ်ထားတဲ့ စည်းကမ်းတွေကို တိကျစွာလိုက်နာနိုင်ခဲ့တဲ့ သူ့ကိုလည်း လေးစားစိတ်နဲ့ ကျေးဇူးတင်မိပါတယ်။

ဒါပေမယ့်‥ သူ့ကို လွမ်းတိုင်း၊ သူ့ကိုတမ်းတတိုင်း… သူနဲ့ပတ်သက် နေတဲ့၊ သူ ကျွန်မကို လာလာစောင့်ခဲ့ဖူးတဲ့‥ ဟောဒီလက်ပွဲပင်ကြီးအောက်ကို အမြဲလိုလို ရောက်နေတတ်တာကိုတော့ ရိုးသားစွာ ဝန်ခံရပါမယ်။

www.burmeseclassic.com



လက်ပွံပင်ကြီးက... ကျွန်မသူ့ကို ပြောမထွက်ခဲ့တဲ့ ကျွန်မရင်ထဲ ပဲ သိမ်းထားမိခဲ့တဲ့စကားတွေကို သူ့ကိုယ်စား နားထောင်ပေးတယ်လေ...

သူ့ကို ကျွန်မဘယ်လောက်ချစ်တယ်၊ ဘယ်လောက်မြတ်နိုးတ ဆိုတာကို လက်ပွံပင်ကြီး ကောင်းကောင်းသိပါတယ်။

သူ့ကို ချစ်ခြင်းတွေနဲ့သာ တည်ဆောက်ထားတဲ့ ကျွန်မနှလုံးသာ နက်ရှိုင်းမှုကို လက်ပွံပင်ကြီး ကောင်းကောင်းသဘောပေါက်တယ်။

ကျွန်မနှလုံးသားကို သူလည်း တစ်ချိန်ချိန်မှာ သဘောပေါက်နားလ လာပါလိမ့်မယ်...

နှလုံးသားထဲက ချစ်ခြင်းမေတ္တာအတွက်၊ ကျွန်မဘာကိုမှ မချေ ပါဘူး...

ကျွန်မအကြိမ်ကြိမ်စဉ်းစားခဲ့ဖူးတယ်... 'ကျွန်မ သူ့ကို ဘာကြေ ချစ်ခဲ့မိတာလဲ? ...' ဆိုတဲ့ မေးခွန်းကိုပါ... ... ...

သူ့ရဲ့... ထူးခြားတဲ့ရုပ်ရည်ကြောင့်လား? ...

သူ့ရဲ့... စာတော်တဲ့ အရည်အချင်းကြောင့်လား? ...

သူ့မိဘတွေရဲ့... ဂုဏ်ဒြပ်အရှိန်အဝါတွေကြောင့်လား? ...

ဟင့်အင်း... ဘာတစ်ခုမှ မဟုတ်ဘူးနော်...

သူ့ကို ချစ်မိသွားစေတဲ့အကြောင်းပြချက်ကို ကျွန်မတကယ်ရှာ မတွေ့ခဲ့ပါဘူး။

အချစ်ဟာ တွက်နည်းအတိအကျမရှိတဲ့ ပုစ္ဆာတစ်ခုလို ကျွ ဦးနှောက်တွေကို ချာချာလည်စေတဲ့အခါ... ဘာကိုမဆို တိတိကျ လုပ်တတ်ခဲ့တဲ့ ကျွန်မကိုယ်ကျွန်မ တော်တော်လေးရှက်ခဲ့ရပါတယ်။

သေချာတာက ကျွန်မသူ့ကို တစ်သက်လုံး ချစ်သွားမယ်ဆိုတာပဲ...

သဟာ... ကျွန်မရဲ့ဘဝတစ်ခုလုံးအတွက် နှလုံးသားက ရေးခ



တဲ့... ပထမဆုံးနဲ့နောက်ဆုံးသော တစ်ဦးတည်းသော ရင်ခုန်သံ ပါ.

ဒါဟာ... ကျွန်မနှလုံးသားကနေ အလိုအလျောက် ထွက်ပေါ်လာတဲ့ တိကျဆုံးအဖြေတစ်ခုပါ။

ကျွန်မ... နေတဲ့အခါ သူ့ကို ချစ်ခြင်းတွေနဲ့ပဲ နေပါမယ်။

ကျွန်မ... သေတဲ့အခါ သူ့ကို ချစ်ခြင်းတွေနဲ့ပဲ သေပါမယ်။

ဒါဟာ 'ခင်မထိ' ရဲ့ ဘယ်တော့မှ မပြောင်းလဲတော့မယ့် သစ္စာ" ... ...

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

မနက်ဖြန် အောင်စာရင်းတွေထွက်မည်။

'ခင်မဏီ'က အောင်စာရင်းစောင့်ကြည့်ရန် နွေးနွေးတို့အိမ်မှာ လာအိပ်သည်။ ဥမ္မာလည်း ခင်မဏီတို့နှင့်အတူ လာအိပ်သည်။ စာမေးပွဲအောင်စာရင်းတွေကို ကျောင်းမှာ နံနက်နှစ်နာရီခန့်တွင် ကပ်ပေးမည်ဟု သတင်းရထားကြသည်။

သည်ညအတွက် အိပ်ဖို့အစီအစဉ်မရှိကြ…

သုံးယောက်စလုံးရင် တထိတ်ထိတ်နှင့် ရှိနေကြလေသည်။

ညဆယ့်တစ်နာရီကျော်ကျော်မှာ နွေးနွေးအမေက လက်ဖက်သုပ်ပြီး ကျွေး၏။

ညဆယ့်နှစ်ရီခန့်တွင် ရာဇာကျော်၊ လင်းထက်ပိုင်နှင့် ဇော်မျိုးသူတို့ ရောက်လာကြသည်။

နွေးနွေးအမေက ရာဇာကျော့်အမေဆီမှာ ဆေးကုသမှုခံယူနေသူမို့ ရာဇာကျော်နှင့် နွေးနွေးမိဘတွေ ခင်မင်ရင်နှီးနေကြ၏။ နွေးနွေးအမေက လက်ဖက်တစ်ပွဲ ထပ်သုပ်ပေးပြန်သည်။ လက်ဖက်သုပ်စားရင်း စကားစမြည်တွေပြောကြရင်း… ညတစ်နာရီ ထိုးတော့ 'ပါရမီ'မှာ ထိုင်ပြီး အောင်စာရင်းစောင့်ကြရန် သဘောတူလိုက်ကြ၏။

နွေးနွေးတို့အိမ်နှင့် ပါရမီလွှက်ရည်ဆိုင်က နှစ်အိမ်ကျော်လောက်သာခြားပြီး ရာဇာကျော်လည်းပါသဖြင့် နွေးနွေးမိဘတွေက ခွင့်ပြုခဲ့ကြသည်။



သူတို့အဖွဲ့ 'ပါရမီ'ရောက်ပြီး မကြာခင်မှာပဲ မိုးဖွဲဖွဲလေးတွေ ကျလာ၏။ …မှာ တော်တော်ကြာသည်အထိထိုင်ပြီး မိုးစဲသွားတော့ ကျောင်းကြီးဘက်သို့ …စုလိုက် ချီတက်ခဲ့ကြလေသည်။ ရာဇာကျော်က ဆိုင်ကယ်လေးကို …လာခဲ့ရ၏။

ကျောင်းတံခါးဝမှာ အောင်စာရင်းစောင့်နေကြသည့် ကျောင်းသား…ောင်းသူတွေ စုစုရုံးရုံး ရှိနေကြ၏။ သူတို့ရောက်လာပြီး တော်တော်ကြာ…ည်အထိ အောင်စာရင်းမထွက်သေး…

နှစ်နာရီခွဲလောက်မှာ အောင်စာရင်းထွက်၏။

ဇော်မျိုးသူ၊ လင်းထက်ပိုင်နှင့် ရာဇာကျော်တို့ လူအုပ်ကြားထဲသို့အတင်း…င်သွားကြ၏။ လူအုပ်ထဲမှ အရင်ဆုံးပြန်ထွက်လာသူက ဇော်မျိုးသူ…

ချွေးတွေသံတွေနှင့် လူအုပ်ကြားထဲမှ ဖရိုဖရဲထွက်လာသော ဇော်မျိုးသူ… အပြင်ရောက်သည်နှင့်…

"ဟေး… ကျော်ကြီး ဖိုက်ဒီ၊ ဥမ္မာဝမ်းဒီ၊ နွေးနွေးအောင်တယ်၊ …လင်းအောင်တယ်ကွ…"ဟု အသံကုန်အော်၏။

ခင်မဏီက…

"ရာဇာဖိုက်ဒီ… ဟယ်ဝမ်းသာလိုက်တာ။ ဟဲ့… ဇော်မျိုးသူ ငါရော… …ော ?…"

သူမမေးတာကို ဇော်မျိုးသူ ချက်ချင်းမဖြေ။

ပြီးတော့မှ မျက်နှာငယ်လေးဖြင့်…

"နင့်နာမည်ကို ငါသေသေချာချာရှာပါတယ် မဏီရာ…"

"ဟယ်… မဏီနာမည်မတွေ့ဘူးလား ဇော်မျိုးရဲ့။ မဖြစ်နိုင်တာ…"

…ဥမ္မာကမေးတော့ မဏီရင်ထဲမှ ထိတ်ကနဲ…

ဇော်မျိုးသူက ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မဏီ‥ နင်‥‥နင်‥‥"

"ဆက်ပြောလေဟယ်‥ ဘာဖြစ်နေတာလဲ‥"

နွေးနွေးက စိတ်တိုတိုဖြင့်အော်လိုက်မှ‥‥

"ခင်မဏီ‥ ဖိုက်ဒီ ဟား ဟား‥‥"

"ဟယ်‥‥တကယ်‥"

ဥမ္မာနှင့် နွေးနွေးက ခင်မဏီကို အနမ်းဖြင့်ဂုဏ်ပြုကြ၏။

"ဟဲ့ဇော်မျိုးသူ‥ နင်ရော‥ နင်ရော‥"

"ဟဲ ဟဲ‥‥ ငါကျတယ်‥"

"ဟယ်‥ ဇော်မျိုးရယ်‥‥ ငါ စိတ်မကောင်းလိုက်တာ"

"စိတ်မကောင်း မဖြစ်ပါနဲ့မဏီရာ‥ ငါမှ စာမေးပွဲမဖြေနိုင်ခဲ့တာ‥ ငါကျမယ်ဆိုတာ အစကတည်းက သိပြီးသား။ နင်တို့အတွက် ကြည့်ပေးဖို့လိုက်လာတာ"

ဇော်မျိုးသူကိုကြည့်ပြီး ဘာစကားမှမပြောဖြစ်ကြတော့‥‥

မကြာခင်မှာပဲ လင်းထက်ပိုင်နှင့်ရာဇာကျော်တို့လူအုပ်ထဲမှ တိုးထွက်လာကြလေသည်။

"ငါအောင်တယ်ကွ ဟား ဟား ဟား‥ ကျော်ကြီးက ဖိုက်ဒီ ဟား ဟား‥‥"

လင်းထက်ပိုင်ရဲ့ ဝမ်းသာအားရ အော်ဟစ်ရင်း ကြွေးနေအောင်ကနေပြန်သဖြင့် သူတို့အားလုံး အော်ဟစ်ခုန်ပေါက်နေကြတော့သည်။

"ငါလည်း အောင်တယ်ဟဲ့‥‥"

"ငါလည်းအောင်တယ်‥ မဏီက ဖိုက်ဒီတဲ့တော်‥"

"ငါကျတယ်‥ ဒါပေမယ့် နင်တို့အတွက်ပျော်တယ် ဟား ဟား‥"

ဇော်မျိုးသူအတွက် သူတို့အားလုံး စိတ်မကောင်းဖြစ်ကြရ၏။

"ဒီနှစ်မအောင်ရင် နောက်နှစ်ပေါ့ဟယ်။ လာ‥‥ ငါတို့အားလုံး [illegible]သွားစားကြမယ်"ဟု နွေးနွေးကပြောတော့ ခင်မဏီက‥‥

"ငါ အမေ့ကို ပြန်ပြောချင်တယ်ဟယ်‥ ရာဇာ ငါ့ကို ဆိုင်ကယ်နဲ့ [illegible]"

"သွားလေ‥ ရပါတယ်"

ရာဇာကျော်က ဆိုင်ကယ်ပေါ်တက်ထိုင်ပြီး စက်နှိုး၏။

"မဏီကလည်းဟယ်‥‥မနက်ကျမှ ပြန်ပါလား"

"အေးလေဟယ်‥ အမှောင်ကြီးရှိသေးတယ်"

"ရပါတယ်‥ ဆိုင်ကယ်နဲ့သွားမှာပဲ။ ငါ အမေ့ကို ပြောချင်နေပြီ [illegible]"

ဥမ္မာနဲ့နွေးနွေးတို့က တားနေကြပေမယ့် စက်နှိုးထားပြီးဖြစ်တဲ့ ရာဇာ[illegible]ယ်ပေါ်သို့ ခွေ့ကနဲ ထိုင်ချလိုက်ပါလာခဲ့မိတော့သည်။

မေမေ့ကို ပြောချင်လှပြီ‥‥

မေမေ ဝမ်းသာစေချင်လှပြီ‥‥ ‥‥ ‥‥

( * )

ဆိုင်ကယ်လေးက ကတ္တရာလမ်းမကြီးပေါ်မှာ တရိပ်ရိပ် ပြေးနေ၏။ စောစောကတည်းက ဖွဲဖွဲလေးရွာနေခဲ့တဲ့မိုးက မြို့အထွက်မှာ သေါကနဲ [illegible]ည်းထန်စွာ ရုတ်တရက်ကြီး ရွာချလိုက်လေသည်။

မိုးရေတွေနဲ့ စိုရွှဲသွားတဲ့ အင်္ကျီပါးပါးက ခပ်ပြင်းပြင်းတိုက်နေတဲ့[illegible]ကို ကာကွယ်နိုင်ခြင်းမရှိ။ အအေးဓာတ်ကြောင့် မဏီတစ်ကိုယ်လုံး [illegible]တ်ဆတ်တုန်ရင်လာ၏။ ချမ်းလိုက်တာ‥‥

www.burmeseclassic.com

www.burmeseclassic.com



"သတိထားနော်.. မိုးရွာတော့ လမ်းက.. ချော်.. ချော်နေတယ်"

"အင်းပါ.. ငါသတိနဲ့စီးနေတာ။ နင်သိပ်ရှုပ်နေလားမသိ.. ငါ့ခါး ဖက်ထားလေ"

အအေးဒဏ်သက်သာသလိုသက်သာငြား သူ့ခါးကို အမှတ်တ ဖက်လိုက်မိတဲ့အခါ ရှက်သလိုလို ခံစားလိုက်ရ၏။ ထူးဆန်းသော ရင်ခုန် တွေ ဆူညံပေါက်ကွဲလာခြင်းနှင့်အတူ ရှိန်းရှိန်းဖိန်းဖိန်းကြီး ဖြစ်လာသ လက်တွေကို ပြေပစ်လိုက်သည်တွင်...

"ဖက်ထားမဏိ.. တော်ကြာ ပြုတ်ကျနေဦးမယ်၊ ရှေ့မှာ လှိုင်းတွေရှိတယ်"ဟု ပြောလာသဖြင့် ပြန်ဖက်ထားလိုက်ရ၏။

အမိန့်ပေးသံတွေပါနေတဲ့ သူ့စကားသံကို ကျေနပ်နေမိသလို သာယာသလိုလိုပါ။

ဘယ်နေရာက ပေါ်ထွက်လာမှန်းမသိတဲ့ စိမ်းစိုပျော်ဝင်မှုတချို့ ရင်ထဲမှာ တလှပ်လှပ်ခါလာ၏။ တစ်ချက်တစ်ချက်မှာ မိုးသက်လေနှင့် ပါလာသော ဆန်းကြယ်သည့် ကိုယ်သင်းရနံ့တို့ကို ရှူရှိုက်နေရ ထိုအခါ... 'သူနှင့်အတူ ထာဝရမခွဲမခွာရှိနေလိုခြင်း' ဆိုတဲ့ ဆန္ဒတစ်ခု သားမှာ ဝေ့မွှတ်စွာ ဖြစ်တည်လာ၏။

သူ့နောက်ကျောမှာ ပါးအပ်ထားသလို ဖြစ်နေတာမို့ သူ့ကျောပြ အတွင်းပိုင်းမှ ထူးဆန်းတဲ့ ရင်ခုန်သံတွေကိုလည်း အတိုင်းသားကြား လေသည်။

နင်လည်း ငါ့လိုပဲ ရင်တွေခုန်နေတယ်တဲ့လား...

ဒါဟာ အချစ်လား ရာဇာ ???... ...

"ငါ့ရင်တွေခုန်နေတာ နင်ကြားလားမဏိ"



မိုးသံတွေကိုကျော်လွှန်အောင် ခပ်ကျယ်ကျယ်ပြောလိုက်တဲ့ သူ့အသံ ကြောင့် ရယ်ချင်သလို ဖြစ်သွား၏။ သို့သော်.. ရယ်ချင်စိတ်က ရင်ခုန်သံတွေ ထဲမှာ အာပျော့ပျောက်ကွယ်သွားလေသည်။

ထိုစဉ်မှာပဲ ဆိုင်ကယ်လေးက, ကတ္တရာလမ်းပေါ်မှ မြေလမ်းပေါ် သို့ ချိုးကွေ့ရောက်ရှိသွား၏။ မြေလမ်းအတိုင်းဝင်လာခါစက လမ်းတော်တော် သားကောင်းနေသေးသည်။ သို့သော် တဖြည်းဖြည်းနှင့် လမ်းကတော်တော်လေး ဆိုးရွားလာ၏။ မြေကြီးခဲများက ဆိုင်ကယ်ဘီးနောက်သို့ အဆုပ်လိုက် အခဲလိုက် ကပ်ပါနေကြ၏။

လက်ပွဲပင်ကြီးနားရောက်သည်တွင် ဆိုင်ကယ်ဆက်စီးလို့မရတော့... ရွာကိုရောက်ဖို့ တော်တော်လေးလိုသေးသည်။

"လာမဏိ.. ဟိုနားမှာ ခဏသွားနေရအောင်၊ လေကွယ်တော့ မိုးသက်သာတယ်"

နှစ်ယောက်သား လက်ပွဲပင်ကြီးအောက်မှာ ငုတ်တုတ်လေးတွေထိုင် ကြလေသည်။

မိုးကသည်းထန်စွာရွာနေဆဲ...။

မနက်ကျမှပြန်လာရင်လည်းရရဲ့သားနဲ့ စိတ်လောမိတဲ့ကိုယ့်ကိုယ် ကိုယ် ဒေါသတွေဖြစ်နေမိသည်။ ချမ်းလိုက်တာလည်း အရမ်းပဲ...

ပုဆိုးအနွမ်းလေးနဲ့ အင်္ကျီပါးပါးလေးဝတ်ထားတဲ့သူလည်း ချမ်းနေ မှာပေါ့...

"ငါ.. ငါနင့်ကို အားနာလိုက်တာရာဇာ.."

"ရပါတယ်ဟာ။ ဒီဘက်တိုးထိုင်လေ.. လေကွယ်တယ်"

သူ့ဘက်ကို နည်းနည်းထပ်တိုးပြီး ထိုင်လိုက်မိ၏။ ရင်တွေတဒိန်း ဒိန်းနေတာမို ဘာစကားမှမပြောပဲ ငြိမ်နေရ၏။ သူကလည်း ဘာမှမပြော...

www.burmeseclassic.com

www.burmeseclassic.com



ထိုစဥ်မှာ လျှပ်စီးတွေဝင်းကနဲပြက်ပြီး ကျယ်လောင်စွာ မိုးခြိမ်းလေ၏။

"အမလေး!.."

ပါးတစ်ဖက်နွေးကနဲဖြစ်သွားခြင်းကြောင့် ထိတ်လန့်စွာ ရှန်းထလိုက်မိသည်တွင် ချောမွတ်နေတဲ့ မြေပြင်ပေါ်မှာ ဟန်ချက်မထိန်းနိုင်စွာ လဲကျသွားရလေတော့သည်။

"မထိ……"

"ရာဇာ ! နင်.."

မိုးစက်တွေ ပိုမိုသည်းထန်စွာ ရွာသွန်းဆဲရှိ၏။

လျှပ်စီးကြောင်းတို့ အဆက်မပြတ်လင်းလက်ကြ၏။

ချောင်းကြောင်းသေးသေးလေးတစ်ခုက လက်ျာဘက်ကြီး၏ခြေရင်းမှ စောင်း၍ မထိရဲ့ရင်ထဲ အနက်ရှိုင်းဆုံးနေရာသို့တိုင်အောင် ထူးဆန်းလှစွာ စီးဝင်သွားလေတော့သည်။

¤ ¤ ¤ ¤ ¤



( * )

"အဆုံးစွန်"ဆိုတဲ့အတိုင်းအတာတစ်ခုအထိ ရင်းနှီးခဲ့ကြသော ချစ်သူနှစ်ယောက်ဟာ ပိုမိုပွင့်လင်းနွေးထွေးကြလိမ့်မယ်လို့ ထင်ထားမိခဲ့ပါသည်။

ခုတော့… ရာဇာနဲ့ ကျွန်မရဲ့ဆက်ဆံရေးက အေးစက်စက်ဖြစ်နေ၏။

ကိုယ်က မိန်းကလေးမို့ ရှက်ရွံ့စွာ တိတ်ဆိတ်ငြိမ်သက်နေသည်ပဲ ထားပါတော့။ သူက ယောက်ျားလေး…

သူ့မှာ ပြောစရာအကြောင်းအရာတစ်ခုခု ရှိမနေသင့်ဘူးလား…

ဥပမာ… ကျွန်မကို သတိရတယ်.. လွမ်းတယ်ပေါ့။ ဒါမှမဟုတ်ရင် တခြားအကြောင်းအရာတစ်ခုခုပေါ့…

သူကမပြောရင်.. ကျွန်မကပဲ သူ့ကိုဘယ်လောက်အထိချစ်ကြောင်း ချစ်ကြောင်းတွေ ပြောရမှာလား။ မဟုတ်သေးပါဘူး…

ကျေးဇူးပြုပြီး… ငါ့အကြားချင်ဆုံး စကားတစ်ခွန်းကို အခုပဲပြောနိုင်ပါလားရာဇာ…

'မထိကိုသိပ်ချစ်တာပဲ' လို့လေ…

အဲဒီစကားလေးကို ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါကြားရပါစေ… ငါ့နားကလေးတွေအတွက် ဘယ်တော့မှ ရိုးအီသွားမှာ မဟုတ်ဘူးဆိုတာ နင်မသိဘူးလားရာဇာ…

www.burmeseclassic.com

www.burmeseclassic.com



နင်တို့ယောက်ျားလေးတွေဟာ… ငါတို့ဆီက 'ချစ်တယ်'ဆိုတဲ့ အဖြေကို မရသေးခင်မှာ 'ချစ်တယ်‥ ချစ်တယ်'လို့ အကြိမ်ပေါင်းများစွာသုံးစွဲဖို့ ဝန်မလေးတတ်ကြပေမယ့်… ချစ်သူတွေလည်းဖြစ်သွားရော အဲဒီ 'ချစ်တယ်' ဆိုတဲ့ စကားလုံးလေးကို မသုံးစွဲချင်ကြတော့ဘူး။ မပြောချင်ကြတော့ဘူး။

ငါတို့မိန်းကလေးတွေကလေ‥ အဲဒီစကားလုံးလေးတွေကို ခုလိုအချိန်မျိုးကျမှ ပိုပြီးကြားချင်ကြတယ်၊ ပိုပြီး လိုချင်တပ်မက်ကြတယ်ဆိုတာ နင်မသိဘူးနော်…

သက်ပြင်းချရင်း စောင်းငဲ့ကြည့်လိုက်တဲ့အခါ… သူက မြေကြီးခဲလေးတွေကို အမိပ္ပာယ်မဲ့စွာ အဝေးသို့ပစ်ပေါက်နေပြန်သည်။

'အဲဒီလို မြေကြီးခဲတွေကို ပစ်ပေါက်နေမယ့်အစား ငါ့ရဲ့လက်ကလေးကို ယုယုယယလေး ဆုပ်ကိုင်ထားလိုက်ပါလား ရာဇာ‥ ''ဟု ရင်ထဲမှ ရေရွတ်လိုက်မိ၏။

တကယ်ဆို‥ ခုလိုအချိန်ဟာ သူရော ကျွန်မရောအတွက် ပျော်စရာအချိန်လေးပါ။ ကျွန်မတို့နှစ်ယောက်လုံး ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနဲ့ ထူးထူးခြားခြား အောင်ခဲ့ကြတယ်လေ… အောင်စာရင်းထွက်တာ တစ်ပတ်ပဲရှိသေးတယ်မဟုတ်လား… ဒီတစ်ပတ်အတွင်း သူနဲ့ကျွန်မ မတွေ့ဖြစ်ခဲ့ကြဘူးဆိုပေမယ့် ဒီလောက်အထိ အေးစက်နေဖို့ မသင့်ပါဘူး။

ကျွန်မဟာ ချွဲနွဲ့တတ်တဲ့မိန်းကလေးတစ်ယောက်မဟုတ်ပေမယ့် အခုလို သူနဲ့တွေ့ကြတဲ့အခါ… သူ့နှုတ်များကပေါ်ထွက်လာမယ့် ကျွန်မကိုနှစ်သိမ့်တဲ့စကားတွေ၊ ဖျောင်းဖျတဲ့စကားတွေ၊ အားပေးတဲ့စကားတွေ၊ ဒါမှမဟုတ် တောင်းပန်တဲ့စကားတွေ ကြားရလိမ့်မယ်လို့တော့ မျှော်လင့်ထားခဲ့မိပါတယ်။



ခုတော့သူက… ရောက်ကတည်းက ကျောက်ရုပ်တစ်ရုပ်လို အေးစက်မြဲသက်လို့ ။ ဖြစ်တင်စကားတွေဆိုရင်း မျက်ရည်တွေနဲ့ ရှိနေသင့်တဲ့ ကျွန်မကရင်ခုန်သံတွေနဲ့ နွေးထွေး လို့‥ ။ တစ်မျိုးတော့တစ်မျိုးပဲ…

နောက်ဆုံးမှာ တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သူက ကျွန်မပဲ ဖြစ်ခဲ့ရတော့သည်။

"ဘာဖြစ်နေတာလဲရာဇာ။ နင်… နေကောင်းရဲ့လား‥"

"ကောင်းပါတယ်‥"

မြေကြီးခဲလေးကို အဝေးသို့ပစ်ပေါက်ရင်း အေးစက်စက်ဖြေ၏။

"နင့်အမှတ်တွေ ဆေးလိုင်းဝင်မယ်လို့ထင်လား‥"

"အင်း‥ ဝင်မှာပါ။ ဝင်အောင်လည်းကြိုးစားထားတာပဲ… မေမေနဲ့တိုက်သွားရင် အမှတ်ကောင်းကြည့်မယ်။ အဲဒီကျရင်တော့ အတိအကျသိရမှာပါ။ နင်ရောဘာဆက်တက်မယ် စိတ်ကူးထားလဲ။"

"ငါ့အမှတ်က MIT တော့ဝင်မှာပါ။ ဒါပေမယ့် မေမေ့အခြေအနေက ဘယ်လိုနေမှန်းမသိသေးဘူး။ ဒီနှစ်ထဲမှာ မေမေ့လုပ်ငန်းတွေ သိပ်မကောင်းဘူးရာဇာ… ကျန်းမာရေးလည်းမကောင်းဘူး။ ဒါပေမယ့် မေမေက ငါ့ကိုဖြစ်နိုင်တဲ့နည်းနဲ့ ကျောင်းဆက်ထားမှာပါ"

"အင်းအင်း… ကောင်းပါတယ်"

သူ့အသံက နွေးနွေးထွေးထွေးမရှိလှ…

နင်နဲ့ငါနဲ့ကြားမှာ ခပ်ထူထူအရာတစ်ခုခြားနေသလိုပဲ။ ငါမပျော်ဘူးရာဇာ…

အေးစက်မှုကို သည်းမခံနိုင်တဲ့အဆုံးမှာ ရင်ထဲကဆန္ဒနှင့် ဆန့်ကျင်ဘက်သောစကားကို ကိုယ်ကပဲစတင်ဆိုဖြစ်၏။

www.burmeseclassic.com



"မြန်ကြစို့ရာဗာ... တော်ကြာမှောင်လာတော့မယ်"

"ဪ... အေးအေး ပြန်ကြစို့။ မနက်ဖြန် ငါမေမေနဲ့ရန်ကုန်

သွားမယ်မဏီ"

"အင်းအင်း... ကြာမှာလား"

"တစ်လလောက်တော့ ကြာမယ်ထင်တယ်"

ခပ်တိုးတိုးဖြေရင်း ဆိုင်ကယ်ပေါ်တက်ထိုင်လိုက်တဲ့အထိ သူ့မျက်

တွေ ကိုယ့်ဆီ တစ်ချက်လေးမျှ ရောက်မလာခဲ့။

ဒါပဲလား... ငါတို့နှစ်ယောက်ရဲ့တွေ့ဆုံခြင်းက ဒီလောက်ပဲလာ

ဟင်?...

ငါ့ရင်တွေအရမ်းကို လေးလံနေတယ်ရာဗာ။ ငါနင့်ကို နားမလည်

ဘူး... ဒါပေမယ့် နင်ငါ့ကို နားလည်သင့်တယ်...

"ငါသွားတော့မယ်မဏီ"

ဝတ်ကျေတမ်းကျေ စကားတစ်ခွန်းနဲ့ နှုတ်ဆက်ထွက်ခွာသွား

ချစ်သူကိုငေးကြည့်ရင်း... ရင်ထဲမှာ မွန်းကျပ်ပြည့်သိပ်လာ၏။

ရာဗာပြန်သွားပြီး အချိန်တော်တော်ကြာသည်အထိ လက်ပံပင်

အောက်မှာ ဆတ်ထိုင်နေမိလေသည်။

【မိုးရေစက်တွေကြားက သူ့ရဲ့အသက်ရှူသံပြင်းပြင်းတွေကို အသံ

မြန်လည်ကြားယောင်မိတော့ ငိုချင်သလိုလို ခံစားလာရ၏။】

"နင့်ကို ငါသိပ်ချစ်တယ်ရာဗာ..."

¤ ¤ ¤ ¤ ¤



( * )

'ချစ်ခြင်းအစ မျက်စေ့က' လို့ ပြောမလား?... ကျွန်တော်လက်ခံ

သည်။

'ချစ်ခြင်းအစ ရင်ခုန်ခြင်းက' လို့ ပြောမလား?... ကျွန်တော်လက်ခံ

သည်။

'တွယ်တာမြတ်နိုးခြင်းမပါလျှင် အချစ်မဟုတ်' လို့ ပြောဦးမည်

လား?... ကျွန်တော်လက်ခံသည်။

ပုံမှန်လည်ပတ်နေတဲ့ သွေးလှည့်ပတ်ခြင်းတွေ၊ ပုံမှန်အသက်ရှူခြင်း

တွေ ထစ်ငေါ့ကလျားဖြစ်သွားစေတဲ့အထိ စွမ်းဆောင်ထားနိုင်သော အလှတရား

ပြောလျှင် လွန်မည်ထင်ပါသလား...

အမှန်အတိုင်း ဝန်ခံရလျှင်... မြင်လျှင်မြင်ချင်း အရာရာကိုမေ့သွား

ရပါသည်။

မြတ်နိုးခြင်းဝိညာဉ်သည် အစိတ်စိတ်အမွှာမွှာ ကွဲကြေကာ...

တချို့က... ညှို့တ်ပျောင်းကော့လျှားတဲ့ မျက်တောင်ဖျားတွေမှာ...

တချို့က... နီစိမ်းရောင်ပျော့ပျော့ ယှက်သမ်းနေတဲ့ ဆင်စွယ်ရောင်

ပါးလေးပေါ်မှာ...

တချို့က.. ကြမ်းပြင်နှင့် မထိတထိဖြာကျသော ဆံနွယ်လေးတွေ

www.burmeseclassic.com



တချို့က… မွေးညင်းနုနုတို့အစပြုသော ဆံညွန့်ထင်းထင်းလေး နှင့် နဖူးပြင်ထက်မှာ…

တချို့က… ဆိုးဆေးမဲ့သွယ်သွယ်ပေါင်းပေါင်း လက်ချောင်းလေး တွေမှာ… (ထိုလက်ချောင်းလေးတွေမှာ အရိုးအဆစ်မပါရဲ့လားဟုပင် တွေးမိ၏။)

တချို့က… ကြမ်းပြင်ပေါ်မှာထောက်ထားတဲ့ ခြေချောင်းဖူးဖူးရဲရဲလေး တွေမှာ… (ခြေဖျားလေးထောက်ပြီး ထိုင်နေတာမို့ ခြေချောင်းလေးတွေရဲ့ ထိပ်မှာ သွေးလေးတွေ ဥနေတာကို အတိုင်းသားမြင်နေရလေသည်။)

တချို့က… သူမရဲ့ လက်မောင်းပြည့်ပြည့်သွယ်သွယ်လေးတွေဆီမှာ… ဆတ်ဆတ်ခါစွာ နိုးနှားလို့…

အရာရာကို သတိလွတ်မေ့လျော့သွားတဲ့ခဏမှာ ကျွန်တော့်လက်မောင်း ကို လက်တစ်စုံက လာရောက်ဆုပ်ကိုင်လိုက်၏။ မေမေဖြစ်မှာပဲလို့ သိနေသော ကြောင့် လှည့်မကြည့်ဖြစ်…

မေမေက ခပ်တိုးတိုးလေးကပ်ပြီး ပြောလာ၏။

"သား… သတိထားလေ။ အဲဒါ 'လမင်းငယ်'တဲ့… သားနဲ့ ရော ပေးမှာနော်။ အိမ်ခြေလေးဘာလေးထိန်းဦး။ ဟိုမှာမနေတတ်တော့ဘူး"တဲ့…

မေမေ့စကားကြောင့် ကျွန်တော့်အကြည့်တွေ ပုံစံပြောင်းမသွားခဲ့…

သူမ… ခေါင်းငုံ့ထားရာမှ ဖြည်းညင်းစွာ မော့လိုက်တဲ့အခါ… သူမ မျက်ဝန်းညိုကြီးတွေနှင့် ကျောက်ချထားသလို ဖြစ်နေသော ကျွန်တော့်အကြည့် တို့ ထူးဆန်းစွာ ဆုံတွေ့ကြ၏။

သူမမျက်ဝန်းတွေရဲ့ထူးခြားမှုကို ကျွန်တော်ပြောမပြတတ်တော့… ရင်တစ်ခုလုံး 'ရှိုက်ကနဲ'လှုပ်ခါသွားတဲ့အဖြစ်ကိုသာ သတိထားမိ၏။ (သူမသည်လည်း ကျွန်တော်ကဲ့သို့ ထပ်တူထပ်မျှခံစားရကြောင်း နောင်အခါ သူမပြန်ပြော၍ သိရ၏။)



မေမေက ကျွန်တော့်နားကပ်ပြီး ခါးကို မညှာမတာဆိတ်၏။

နာကျင်မှုကြောင့် တွန့်ကနဲဖြစ်သွားတဲ့အခိုက်… သူမမျက်နှာပေါ် ဖြတ်ပြေးသွားတဲ့ ရှက်ပြုံးလေးတစ်ခုကို မြင်လိုက်ရပြန်သည်။ ဆံနွယ် တွေကြားမှ ပေါ်ထွက်နေတဲ့ လက်မောင်းလေးနဲ့ နို့စိမ်းရောင် …ဝတ်စုံရှည်ရှည်လေးက ကျွန်တော့်အတွက် ကဗျာတစ်ပုဒ်လို…

သူမအမေနဲ့ ကျွန်တော့်အမေတို့ ဘာတွေပြောနေကြတယ်ဆိုတာ တော်မသိတော့…

ကျွန်တော်တို့ကို စကားဝိုင်းထဲ ထည့်သွင်းမထားတာကို ကျေးဇူးတင် သည်။ ဒါဟာ… အမေနှစ်ယောက်ရဲ့ အလိုက်သိမှုလား…

ကျွန်တော့်နားထဲကို တိုးဝင်နေတာက အမေနှစ်ယောက်ရဲ့ ရယ်သံ ပြီးတော့… ကျွန်တော်ရဲ့ ကစဥ့်ကလျားရင်ခုန်သံတွေ… ။ ခုန်သံတွေကိုယ် အတိုင်းသားပြန်ကြားနေရတာလေ…။

သူမက နို့စိမ်းရောင်အင်္ကျီလေးရဲ့ အနားစလေးကို လုံးခြေလို့နေ၏။ သူမခေါင်းလေးပြန်မော့မလာတော့… …

ထိုစဥ်မှာ အမေနှစ်ယောက်၏စကားပြောခြင်း အဆုံးသတ်၏။

"တဲ့ကဲ… ပြန်မယ်စနွာရေ… ဘာပဲပြောပြောစိတ်ချလက်ချဖြစ်သွား ယ်ရေရာရှိတာလေးတွေ မြန်မြန်လုပ်ထားလိုက်ကြတာပေါ့။ သားရေ…

ကြွရုပ်လေးတစ်ရုပ်လို၊ လိပ်ပြာလေးတစ်ကောင်လို လှတဲ့သူမကို င်မခတ်တမ်း ငေးကြည့်နေမိပါတော့သည်။ မေမေ ကျွန်တော့်ကို ပြောလိုက်တာကို ကြားပေမယ့် မတုံ့ပြန်မိ…

www.burmeseclassic.com

www.burmeseclassic.com



"သားရေ… မေမေဝင်စရာလေးတွေရှိသေးတယ်။ ပြန်ကြရအော

ရှော်"

ချစ်လိုက်တာလမင်းရယ်… မင်းဘာလို့ ဒီလောက်တောင် လှနေရ

လဲဟင်… …

"ဟဲ့.. သား.. ပြန်ကြမယ်။ ဩော်.. ဒုက္ခ ဒုက္ခ…"

"ဗျာ!.. မေမေ.. ဟုတ်ကဲ့ ဟုတ်ကဲ့.."

မေမေက ပခုံးကို ခပ်ကြမ်းကြမ်းလေးရိုက်လိုက်တော့မှ သတိပြ

ပြီး ထရပ်လိုက်မိ၏။ မေမေက ထိုင်ရာမှ မထသေး…

"ဟဲ့သားရဲ့… ဘယ်လိုဖြစ်တာလဲ… မြန်းစားကြီး၊ ပြန်ထိုင်ပ

"ခင်ဗျာ… ဟုတ်ကဲ့ ဟုတ်ကဲ့"

ယောင်ချာချာနှင့် ပြန်ထိုင်လိုက်သည်တွင် ဆိုဖါလက်တင်ပေါ်ထို

ဟန်ချက်ပျက်သွားရလေသည်။ စိတ်နဲ့လူနဲ့မကပ်တဲ့ ကျွန်တော့်အဖြစ်ကို

မေမေနှင့် အန်တီစန္ဒာတို့ ရယ်လို့မဆုံးတော့…

သူမကတော့ ရယ်ချင်စိတ်ကို နှုတ်ခမ်းလေးကိုက်ပြီး ထိန်း

၏။

"အဲဒါပဲကြည့်တော့ စန္ဒာရေ… ကိုယ့်သားလုပ်ပုံက စန္ဒာတို့

တောင်းအောင် လုပ်နေတဲ့ပုံစံမျိုး။ ကိုယ်အားလုံး စီစဉ်လိုက်တော့မယ်

ကိုယ့်သားကတော့ မင်းမြင်တဲ့အတိုင်းပဲ.. ဟင်းဟင်း…"

"ဟာဗျာ… မေမေကလည်း…"

မေမေ့စကားကြောင့် ကျွန်တော့်မျက်နှာမထားတတ်တော့…

အန်တီစန္ဒာက ခပ်ဖွဖွရယ်ရင်း…

"မင်းစိတ်ကြိုက်ပါပဲသူငယ်ချင်းရယ်… ဘာပြောနေစရာ

သူ့အမေကိုတော့ နားချရဦးမယ်သူငယ်ချင်းရေ.. ဒီသမီးက အငယ်

ဆုံးဆိုတော့လေ.. ဟင်း ဟင်း…"

"သမီးလေးအတွက် အစစအရာရာကိုယ်တာဝန်ယူပါတယ်ကွာ..

တ်ချစမ်းပါ"

မေမေတို့ဘာတွေပြောနေကြတယ်ဆိုတာ ကျွန်တော်မှားမလည်…

ပြန်ခါနီးတော့ အန်တီစန္ဒာက ကျွန်တော့်ကို စာအိတ်လေးတစ်အိတ်

၏။ ပြန်ချိန်တန်လို့ ပြန်လာပေရမယ့်ရင်ထဲက အရာရာတို့ သူမဆီမှာ

ရစ်ခဲ့ပြီဆိုတာ ကိုယ့်ဘာသာပဲသိနေ၏။

ကျွန်တော်တို့ကားလေး သူမတို့ခြံထဲက ထွက်လိုက်တာနဲ့ မေမေက

တင်စကားဆိုတော့သည်။

"ကျော်နော် ကျော်… ငါမပြောလိုက်ချင်ဘူး။ မအေတွေရှိနေတာ

င် ဣန္ဒြေမဆည်နိုင်ဘူး။ ဖြစ်နေတာပွန်း…"

"အာ… မေကြီးကလည်း၊ သားဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမလဲ.. နင့်မျက်လုံးကြီးက လမင်းလေးဆီမှာချည်းပဲ

ခက်မယ်…"

"ဟား… ဟား… ဟား… မဟုတ်ပါဘူးမေကြီးရာ…"

"တော်ပါသားရယ်… မင်းကို မေမေမွေးခဲ့တာပါ"

ကျွန်တော်ခပ်ဆိတ်ဆိတ်နေလိုက်ရ၏။

"မေမေနဲ့စန္ဒာက သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေသားရဲ့။ စန္ဒာအိမ်သား

နီမှာ.. သူတို့ကဟိုမှာ အခြေချဖို့ ကြိုးစားနေကြတာလေ.. စန္ဒာ

ကြီးကလည်း ဟိုမှာပဲ အိမ်ထောင်ကျနေတာဆိုတော့။ မေမေကသားနဲ့

လေးကို နေရာချပေးဖို့ စီစဉ်ထားတယ်။ သား.. လမင်းလေးကို

ကျတယ်မဟုတ်လား?.."

ဝမ်းသာလုံးဆို့ပြီး ဘာပြန်ပြောရမှန်းပင်မသိတော့…

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့သား… မေမေမေးနေတယ်လေ။ ဘာလဲ‥ သဘောမကျ[illegible] လား။ ရတယ်လေ‥ သားသဘောမကျရင် မေမေ ဘာမှမစီစဉ်…"

"အိုးဟိုး… ဟိုးထား ဟိုးထား… သားသူ့ကို သဘောကျ[illegible] မဟုတ်ဘူးမေမေရ‥"

"အလိုတော်… သားတကယ်ပြောတာလား‥"

"ဟဲ ဟဲ… သဘောကျတာမဟုတ်ဘူး။ ချစ်သွားတာမေမေ[illegible] ချစ်သွားတာဗျ။ သားမေမေ့ကို အရမ်းကျေးဇူးတင်သွားပြီမေမေရာ။ သားသူ[illegible] မြင်မြင်ချင်းပဲ အရမ်းကိုချစ်မိသွားတယ်"

"ဟင်းဟင်း… ဖြစ်ရမယ် ဖြစ်ရမယ်။ ကျော်နော်‥ ဣန္ဒြေ[illegible] ဘာလေးတော့ထိန်းဦး ဟင်းဟင်း"

မေမေက သဘောကျစွာရယ်တော့ ကျွန်တော်သိချင်တာကို မေး[illegible] မိ၏။

"သူကရော သားကိုချစ်လားမေမေ?…"

"ဟဲ့‥ ဘယ်သိမလဲ။ အဲဒါ မေမေ့ကိစ္စမဟုတ်ဘူးလေ‥ သား[illegible] သားဘာသာ ကြိုးစားရမှာနော်‥ လမင်းလေးက သဘောတူပြီဆိုရင်[illegible] ရေစပ်ထားဖို့ စီစဉ်လိုက်တော့မယ်။ သားကျောင်းပြီးမှ လက်ထပ်ကြတာ[illegible] မကောင်းဘူးလား‥"

"ရဟူး!‥"

စိတ်လွတ်ကိုယ်လွတ် ညစ်အော်ပစ်လိုက်မိတော့သည်။

"ဟဲ့ကောင်လေး‥ အရူးလေး…"



"မေကြီးကိုချစ်လိုက်တာဗျာ‥ မေကြီးကို ဂုဏ်ပြုရဦးမယ်။ လာ [illegible]…"

မေမေ့ကို အနမ်းဖြင့်ဂုဏ်ပြုမည်ပြင်တော့…

"ဟဲ့ကောင်လေး‥ အေးအေးနေစမ်း၊ ဒီမှာမေမေကားမောင်းနေတယ် [illegible]‥" ဟု‥ မေမေက ဟန့်၏။

ပျော်လိုက်တာ…

မိတ်စီမံသမျှ နာခံခဲ့ရခြင်းများထွင်‥ ဒီတစ်ခါနာခံရခြင်းက အကျေနပ်ဆုံး [illegible] တော်လိုက်တာမေမေရယ်‥ သားရင်ထဲမှာ အရူးအမူးချစ်မိသွားစေ [illegible] ကောင်မလေးနဲ့များ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့စေခဲ့တယ်လို့ပဲဗျာ…

'လမင်းငယ်'ဆိုတဲ့ကောင်မလေးရေ… မင်းကရော ငါ့ကို ပြန်ချစ်မှာ [illegible]…

မင်းရဲ့မျက်လုံးတွေမှာ ချစ်ခြင်းရဲ့ရောင်စဉ်ပါးပါးလေးတစ်ခုကိုတော့ [illegible]မြင်လိုက်မိသလိုပဲ။ မင်းငါ့ကို ပြန်မချစ်ရင်တော့ ခွေးရူးပြီလမင်းရေ‥

မေမေက ကျွန်တော့်ကိုကြည့်ပြီး ကျေနပ်စွာပြုံး၏။ ရင်ထဲကအတွေး [illegible] သိသွားလို့တော့ ဟုတ်မည်မထင်ပါ။

အိပ်ယာဝင်ခါနီးတော့ အန်တီစန္ဒာပေးလိုက်တဲ့စာအိတ်လေးကို [illegible]ကြည့်လိုက်မိသည်။

စာအိတ်ထဲမှာရှိနေတာက ဓာတ်ပုံလေးတစ်ပုံ…

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ပုံဖြစ်ရမလဲ·· ကျွန်တော့်ရင်ခုန်သံတွေရဲ့ အရှင်သခင်မလေး ရဲ့ဓာတ်ပုံလေးပဲပေါ့···

"အား···"

ဓာတ်ပုံလေးကို မြတ်နိုးတပ်မက်စွာ နမ်းရှိုက်လိုက်ပြီး နှလုံးသားနှင့် အနီးဆုံးနေရာမှာ ဖိကပ်ထားလိုက်မိ၏။

ဘယ်လိုလဲကောင်မလေးရေ··· ငါဒီတစ်ညလုံး မင်းအကြောင်းတွေ တွေးနေမိတော့မယ်···

မင်းရော··· မင်းကရော··· ငါ့ကို··· ··· ···

¤ ¤ ¤ ¤ ¤



( * )

တူညီသောရင်ခုန်သံတွေကိုယ်စီနှင့် မြင်မြင်ချင်းပင် အပြန်အလှန် ···တာနှောင်ငင်ခဲ့မိကြသော ကျွန်တော်တို့နှစ်ယောက်သည် မကြာခင်မှာပဲ ···သူတွေဖြစ်သွားခဲ့ကြတော့သည်။

'အချစ်စစ်တို့မည်သည် မဖြောင့်ဖြူး'ဟု··· ဆိုရိုးစကားရှိပင်ရှိခဲ့သော် ··· ကျွန်တော်နှင့်လမင်းငယ်တို့ကတော့ အခက်အခဲမရှိ ဖြောင့်ဖြူးသာယာ ···အချစ်ကြီး ချစ်ခဲ့ကြလေသည်။

'တစ်ယောက်ကိုတစ်ယောက် မျက်စေ့အောက်ကတောင် အပျောက် ···နိုင်ဘူး'ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို ကျွန်တော်ရော သူမ,ပါ ···ကောင်းကြီး နားလည်ထားကြ၏။

"ကိုကို့ကိုတွေ့တွေ့ချင်း လမင်းရင်တွေ အရမ်းခုန်တာပဲ ကိုကိုရယ်··· ···ဆိုးတယ်ကွာ၊ လမင်းရင်ထဲကို ချက်ချင်းကြီးဝင်လာပြီး·· ···ရဲ့အချစ်တွေအကုန်လုံးကို သိမ်းပိုက်ပစ်လိုက်တယ်သိလား···"···တဲ့။

ချစ်သူလေးရဲ့ရင်ဖွင့်စကား··· ကျွန်တော့်ရင်ခွင်ထဲမှာ ခေါင်းလေး ··· အရက်သည်းစွာဆိုတဲ့ စကား···

ကျွန်တော်က···

"လမင်းကလည်း ကိုကို့ကို အရမ်းဆွဲဆောင်ခဲ့တာပဲ။ ···ကိုဟာ ···ယ်မြင်ကြီးလိုပဲ·· လမင်းရဲ့ဆွဲအားတွေကြောင့် ရင်ခုန်သံဒီလှိုင်းတွေ ···ရိုက်ခတ်လာတော့တာပဲဗျာ··"လို့ပြောတော့··· ရှက်ပြုံးလေးပြုံးရင်း···

www.burmeseclassic.com



"ကိုရေ… လမင်းရဲ့ဆွဲအားတွေနည်းသွားတဲ့အခါ… ဒီရေတွေပြန်က
သွားတဲ့အဖြစ်မျိုးတော့ မလိုချင်ဘူးနော်။ ကိုက ပင်လယ်ပြင်ကြီးဆိုရင်…
လမင်းက ကိုကို့ရင်ထဲကိုအပြီးတိုင် စီးဝင်သွားတဲ့မြစ်ချောင်းလေးတွေ ဖြစ်ချ
တယ်ကိုကိုရယ်… ကိုကိုနဲ့ဘယ်တော့မှ မခွဲရတော့ဘူး။ ဝေးလည်းမဝေ
ရတော့ဘူးလေ…"တဲ့… ။

အဲဒီလို အလှဆုံးစကားလေးတွေနဲ့လည်း ကျွန်တော့်အသည်းနှလုံးေ
ကို ဆတ်ဆတ်ခါအောင် ပြုစားတတ်နိုင်သူလေးပါ။

အစစအရာရာမှာ အဆင်ပြေသာယာဖြောင့်ဖြူးနေခဲ့တဲ့ ကျွန်တော်
နှစ်ယောက်ဟာ… ဝေးကွာသွားရမှာကို ခွဲခွာသွားရမှာကို ရှာကြံတွေးတော
ပူပန်စိုးရိမ်နေမိကြပြန်သည်။

"ကိုကိုနဲ့ဝေးရင် လမင်းသေမှာ…"လို့ သတိရတိုင်းပြောတတ်
အကျင့်လေးကလည်း ရင်ထဲက အချစ်တွေကို ပိုမိုခိုင်မြဲတိုးပွားလာစေခြင်း
အကြောင်းတရားတစ်ခုဖြစ်လို့နေ၏။ နှစ်ယောက်အတူရှိနေကြတဲ့အခ
တိုင်း… ကျွန်တော့်အင်္ကျီစကို မလွှတ်တမ်းဆုပ်ကိုင်ထားတတ်တဲ့အကျင့်ေ
ကလည်း အလွန်ပင် ချစ်စရာကောင်း၏။

အကဲပိုလွန်းသော ကျွန်တော်တို့နှစ်ယောက်ရဲ့ချစ်ခြင်းကို… မေမေ
အန်တီစန္ဒာကပါ အမြင်ကတ်ယူရသည်အထိ ဖြစ်လာတော့လည်း ကျွန်ေ
တို့ ဂရုမစိုက်ခဲ့ကြ…

မေမေနဲ့ အန်တီစန္ဒာက လမင်းဖေဖေ ဒီတစ်ခေါက်ပြန်လာ
စေ့စပ်ပွဲလုပ်ပေးပြီး၊ ကျွန်တော် ဆေးကျောင်းပြီးသည့်နှစ်မှာ လက်ထပ်ေ
စီစဉ်ထားခဲ့ကြသည်။

သို့သော်… ကျွန်တော်နှင့်လမင်းကတော့ လမင်းကျောင်းပြီး
လက်ထပ်ရန် ဆုံးဖြတ်ထားခဲ့ကြသည်။ ကျွန်တော်ကျောင်းပြီးတဲ့အထိ အ
တွေအကြာကြီး စောင့်နေရမှာကို… ကျွန်တော်ရော လမင်းပါ အလိုမရှိ



ကြီးတွေသဘောမတူလျှင်တောင် တိတ်တိတ်လေး လက်ထပ်ထားကြဖို့
သဘောတူထားခဲ့ကြလေသည်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့… ချစ်ခြင်းရဲ့ နူးညံ့တဲ့သံစဉ်တွေထဲမှာ
ချစ်ရဲ့ပြည့်စုံခြင်းတွေထဲမှာ ရင်ခုန်သံတွေကိုစားသုံးရင်း ကျွန်တော်တို့
နှစ်ယောက်လုံး အရာရာကို မေ့လျော့နေခဲ့ပါသည်။

ကျွန်တော်သိတာတစ်ခုပဲရှိသည်။

ကျွန်တော်လမင်းလေးကို ချစ်သည်…

လမင်းသိတာတစ်ခုပဲရှိသည်။

လမင်း ကျွန်တော့်ကို ချစ်သည်…

ထိုအခါ… လောကကြီးတစ်ခုလုံး နူးညံ့သော ရင်ခုန်သံများဖြင့်
သာယာလှပလို့နေပါတော့သည်။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

အနောက်တောင်ဆီမှာ ညိုမည်းတဲ့မိုးတိမ်တွေ တလိမ့်လိမ့်တရိပ်ရိ တက်လာနေသည်ကို မြင်တွေ့နေရ၏။ မိုးသက်လေ ခပ်ပြင်းပြင်းတွေ လယ်ကွင်းစိမ်းစိမ်းတွေကို ဖြတ်သန်းတိုက်ခတ်လာ၏။ အဖြူရောင်အဆင်းရှိ ငှက်အချို့က သုတ်ကရက်ပျံသွားတာကို ကောင်းကင်ထဲမှာ မြင်လိုက်ရ သည်။

မိုးရွာတော့မှာပါလား… …

ငှက်ကလေးတွေကို အသိုက်နန်းကို ပြန်သွားဖို့ မတွေးမိသေး…

ရင်ထဲမှာ… ကောင်းကင်ပြင်ကြီးလို ဝေဒနာမိုးတိမ်းမည်းမည်း အုံ့ဆိုင်းနေတာကို သတိထားမိ၏။

လွမ်းလိုက်တာ… နှင်ရန်ကုန်သွားတာ နှစ်လတောင်ကျော်သွား နော်… နေနိုင်လိုက်တာ ရာဇာရယ်…

ခပ်သည်းသည်းရွာချလိုက်တဲ့ မိုးစက်တွေက ဘာအကာအကွယ်မှမ တဲ့ တစ်ကိုယ်လုံးကို တစ်မုဟုတ်ချင်း ရွှဲနစ်သွားစေ၏။ မိုးစက်တွေရဲ့အ ကြောင့် သဲပွင့်လေးတွေ ခြေဖမိုးပေါ်သို့ ခုန်တက်လာကြ၏။ ရေစီးကြော သေးသေးလေးတစ်ခုက ခြေထောက်နားမှာ ဖြတ်သန်းစီးဆင်းလို့သွား၏။

ရွာလိုက်စမ်းပါ မိုးရယ်…



ရင်ထဲကအလွမ်းတွေကို တစ်ခုမကျန်အောင် တိုက်စားရွာသွန်းလိုက် ပါနော်… …

မိုးခြိမ်းသံတွေနဲ့ လျှပ်စီးကြောင်းပြိုးပြိုးပြက်ပြက်တွေက အညာအတာ ဖြင့် အဆိပ်သင့်ညတစ်ညကို တူးဖော်နေကြပြန်သည်။ ကောင်းကင်မှ စ်စီးကြောင်းတွေနဲ့အတူ မျက်ဝန်းထဲမှာ လင်းလက်ခဲ့ဘူးသော အလင်း င်တို့ကို သတိရတဲ့အခါ ရင်ထဲမှအလွမ်းတို့က ပူပြင်းစွာ ဆာလောင် သိပ်လာကြ၏။

ပါးပြင်နှင့်နှုတ်ခမ်းတို့ ပွတ်သွားခြင်းနှင့်အတူ တမ်းတခြင်းတွေက ည်အဖြစ် စို့၏။ ခုနေ… ငါ့နားမှာသာ နှင်ရှိနေခဲ့ရင်၊ နှင့်ရင်ခွင်ထဲမှာ လေးဖြစ်ဖြစ် ခိုဝင်နေလိုက်ချင်တယ် ရာဇာရယ်… နှင်ခွင့်ပြုမယ်မဟုတ်လား

မဟုတ်သေးဘူး။

ငါဟာ… နှင့်ဆီက အဲဒီလိုအကြင်နာမျိုး ဘယ်တုန်းကမှ မရခဲ့ဖူးပါ

ငါ့မှာ… နှင့်ရဲ့ ကြင်နာမှုတွေကို အဲဒီလို တမ်းတနေခွင့်ရောရှိလို့

နှင်ကရော ငါ့အတွက် အကြင်နာတွေပေးချင်စိတ်ရှိလို့လား? …

ပြောစမ်းပါရာဇာ…

နှင်နဲ့ငါနဲ့ကြားမှာ ရှိနေတဲ့ ဆက်သွယ်မှုလေးတစ်ခုကို နာမည် ကျတပ်ပြီးတော့လေ…

ငါဟာ… နှင့်ရဲ့… ဘာလဲဟင်?

ပြန်လာပါတော့ရာဇာရယ် ငါ့မှာ… ငါ့မှာ… နှင့်ကို မပြောမဖြစ် မယ့်အကြောင်းအရာတွေရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါလေ… ဒီစကားတွေကို ရှက်ရွံ့စွာနဲ့ ရင်ဖွင့်ချင်လှပြီ။ နင့်ရဲ့ကြင်နာစွာ ကမ်းလှမ်းလာမယ့် လက်တစ်စုံကို ငါသိပ်တမ်းတနေမိပြီ။ အမြန်ဆုံးနည်းနဲ့ ကြင်နာစွာ အတွေ့ရှိလှည့်ပါတော့ ရာဇာရယ်…

မိုးရေတွေထဲမှာ ငါတစ်ယောက်တည်း အားငယ်တဲ့မျက်ရည်တွေဟာ…

¤ ¤ ¤ ¤ ¤



( * )

အဝေးက ထန်းပင်နက်နက်တွေရဲ့ ထိပ်ဖျားမှာ နေလုံးကြီးက တောင်လို့…

အဖြူရောင်တိမ်စိုင်တွေပေါ်မှာ ဆည်းဆာနေရောင်က ရဲတင်းစွာ ဖျန်းတော်လို့…

အိပ်တန်းဝင်ကြမယ့်ငှက်တွေက တစ်သုတ်ပြီးတစ်သုတ် ခပ်ဝေးဝေးမှာ ပျံသန်းလို့…

တအိအိသွားနေတဲ့ နွားလှည်းလေးတွေ၊ မျက်စေ့တစ်ဆုံးလယ်ကွင်းစိမ်းတွေနဲ့ သစ်ပင်အုပ်အုပ်တွေကြားမှာ ထိုးထိုးထောင်ထောင်ထွက်နေတဲ့ အဖြူရောင်စေတီလေးတွေဟာ ဆည်းဆာရဲ့ အလှဆုံးပန်းချီကားတစ်ချပ်ပါး… …

အဆုံးအစမဲ့တဲ့ ကောင်းကင်ကြီးကို အဓိပ္ပာယ်မဲ့စွာ ငေးမောနေရင်း ညင်းညှုံ့ညှုံ့လေပြည်ထဲသို့ ခပ်တိုးတိုး ထိုးဖောက်ဝင်ရောက်လာသောအသံလေးတစ်ခုကို ကြားလိုက်ရ၏။ တိုးရာမှ တဖြည်းဖြည်းကျယ်လာတဲ့ မော်တာသည်ပတ်သံလေးတစ်ခု…

ဒါ… ဒါဟာ…။ သူ… သူ… ရာဇာ… ဟုတ်တယ် ရာဇာ့ဆိုင်ကယ်စက်သံပါ… ဒီအသံကို ရင်ထဲမှာ အလွတ်ရနေပြီးသား…

"ရာဇာ…"

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖွဖွရေရွတ်ရင်း အလိုလို ထရပ်မိ၏။ အသံလာရာဖက်ကို ရင်ထိတ်စွာ မျှော်ကြည့်လိုက်သည်တွင်… မြေလမ်းလေးအတိုင်းလာနေတဲ့ ဆိုင်ကယ်လေးတစ်စီးကို မြင်လိုက်ရ၏။

ဟုတ်တယ်။ သူ… သူ… အိုးပျော်လိုက်တာ…

ကိုယ့်ကိုယ်ကိုယ် သတိထားမိချိန်မှာ ကိုယ်သူ့ဆီကို ပြေးသွားနေမိပြီ။ တစ်ကိုယ်လုံးတွင် အပျော်တို့ဖြင့် ဖုံးလွှမ်းလို့နေ၏။

"ရာဇာ…"

မဝံ့မရဲခေါ်လိုက်တဲ့ ကိုယ့်အသံက တိုးတိုးလေး…

သူ့မျက်နှာပေါ်မှာတော့တည်ငြိမ်တဲ့အပြုံးတစ်ခုကို ဤမြင်ရစွာ တွေ့ရ၏။ ဆိုင်ကယ်ရပ်ပြီး ဆိုင်ကယ်ပေါ်မှမဆင်းသေးပဲ ကိုယ့်ကို ခပ်တည်တည်ကြည့်နေပြန်သည်။ စိတ်တွေလှုပ်ရှားလွန်းလို့ ဘာပြောရမှန်းပင်မသိတော့…

ဆိုင်ကယ်လက်ကိုင်တို ဆုပ်ကိုင်လိုက်တဲ့ သူ့မလက်ကလေးတွေ တုန်ရင်နေကြ၏။

"ပျော်လိုက်တာရာဇာရယ်… နင်ဘယ်တုန်းက ပြန်ရောက်လဲ…"

ကျားအရေခွံလို အဆင်အသွေးရှိတဲ့ ဆိုင်ကယ်လက်ကိုင်အစွပ်လေးကို လက်ညှိုးဖြင့် ကုတ်ခြစ်ရင်း ရှက်ရွံ့စွာမေးမိ၏။

"ငါပြန်ရောက်တာ နှစ်ရက်ရှိပြီ မဏိ"

ရင်ထဲမှာ ကျည်ကနဲခံစားလိုက်ရလေသည်။

နှစ်ရက်တောင်ရှိပြီတဲ့။ နေနိုင်လိုက်တာ…

အေးလေ… အခုကိုယ်ရှေ့ကို ရောက်နေပြီပဲ။ အပြစ်ဆိုတဲ့စကားမျိုး မပြောတော့ပါဘူး။



"ငါ… ငါ… နင့်ကို မျှော်နေမိတာ နေ့တိုင်းပဲ။ ဒီနေရာလေးကနေပြီး …လေ…"

အို… ဘာလို့ ဒီစကားကို ပြောလိုက်မိပါလိမ့်။ အရင်က ခင်မဏိ …ဒီလိုမဟုတ်ဘူးလေ…

ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နေစဉ်မှာပဲ သူ့ခြေလှမ်းတွေ လက်ပံပင် …ဆီကို သွားနေတော့ အလိုလို လိုက်ပါမိပြန်၏။

သို့သော်… သူ့ပါးစပ်က ကိုယ့်ကိုရည်ရွယ်တဲ့ စကားတစ်ခွန်းထွက် …လာမချင်းဘာစကားမှ မပြောရန် ဆုံးဖြတ်ထားလိုက်သည်။

နေပါဦး… ရန်ကုန်ကပြန်လာတယ်ဆိုတဲ့ သူ့ဆီမှာ ကိုယ့်အတွက် …ဆောင်လေးတစ်ခုခုတော့ ပါလာမှာပေါ့နော်။ ဥပမာ… လက်ကိုင်ပုဝါ …တစ်ထည်… ဒါမှမဟုတ်ရင် ပန်းလေးတစ်ပွင့်ဖြစ်ဖြစ်ပေါ့…

ဟင့်အင်း… ဒါတွေက ရှက်စရာကောင်းတဲ့ လိုချင်တပ်မက်မှုတွေ။ …ရဲ့ လိုချင်စိတ်ကို သူမသိစေနဲ့။

နေပါစေတော့… မြင်တွေ့နေရသလောက်ဆိုရင်တော့ သူ့ဆီမှာ ကိုယ့် …ဘာလက်ဆောင်မှ ပါလာပုံမရပါဘူး။

ဒါမှမဟုတ်… သူကိုယ့်အတွက် ယူလာတဲ့ လက်ဆောင်လေးဟာ… …အိတ်ကပ်ထဲမှာ မမြင်သာအောင် နေရာယူတတ်တဲ့ ပစ္စည်းမျိုးလေးများ …လား…

ဥပမာ… ရတ်ထိုးသေးသေးလေးလို ပစ္စည်းမျိုးလေးပေါ့…။

သိမ်ငယ်တဲ့မျှော်လင့်ချက်လေးဖြင့် သူ့အင်္ကျီအိတ်ကပ်ထဲကို မသိမသာ …လိုက်မိပြန်သည်။

လေးတိုးလို့တဖျပ်ဖျပ် ခါနေတဲ့ အိတ်ကပ်ပါးပါးလေးထဲမှာ …တပြား…တစ်ပြားလေးတစ်ခုကိုသာ တွေ့ရ၏။ သေချာပါတယ်… လက်ပံပင်

www.burmeseclassic.com



ခြေရင်းမှာ ထိုင်ချလိုက်တဲ့ သူ့အိတ်ကပ်ထဲကို အပေါ်စီးက မြင်နေ
တယ်လေ... အဖြူရောင်ကတ်ပြားလေးကလွဲပြီး သူ့အိတ်ကပ်ထဲမှာ ဘာမှရှိမနေပါ။

※ ဒါမှမဟုတ်... အဲဒီကတ်ပြားလေးဟာ သူကိုယ့်ကိုပေးဖို့ယူလာတဲ့ ကတ်ပြားလေးများလား... ...

ဥပမာ.. 'I Love You' ဆိုတဲ့ စာတန်းမျိုးလေးတွေ၊ 'I Miss You' ဆိုတဲ့ စာတန်းမျိုးလေးတွေပါတတ်တဲ့ ကတ်ပြားလေးတွေလေ...

ကိုယ့်စိတ်ကူးနဲ့ ကိုယ်ချီတုံချတုံဖြစ်နေစဉ်မှာပဲ သူ့စကားသံကို စတင်ကြားလိုက်ရ၏။

"နင်နေကောင်းတယ်နော် မဏိ"

"အင်း... ကောင်းပါတယ်။ နင်ရော.."

"ကောင်းပါတယ်ဟာ..."

သူရဲ့ဖြေသံက ပျင်းတွဲတွဲနိုင်လှသည်ဟု သတိထားမိပြန်သည်
နှစ်ယောက်သား ဘာစကားမှဆက်မပြောဖြစ်ကြပဲ တိတ်ဆိတ်သွားပြန်သည်။

'သူတစ်ခွန်းပြောမှ ကိုယ်တစ်ခွန်းပြောမှာပေါ့။ ရပါတယ် ရာ..ရယ်"... ဟုတွေးရင်း... သူ့ဘေးမှာထိုင်ချလိုက်မိလေသည်။

သူကခပ်လှမ်းလှမ်းမှ မြေကြီးခဲလေးကို ကောက်ယူပြီး ပြန်ထိုင်၏ ထိုအခါ သူနဲ့ကိုယ်တစ်ထွာလောက် ပိုမိုဝေးကွာသွားတာကို သတိထား လိုက်၏။

"နင် ထမင်းစားပြီးပြီလား မဏိ"

မြေကြီးခဲလေးကို အဝေးသို့ ပစ်ပေါက်ရင်း မေးလာခြင်းဖြစ်သည်
မဟုတ်သေးပါဘူး။ ဒီအချိန်မှာ နင်ပြောသင့်တာ... နင်ငါ့ကို ဘယ်



လောက်သတိရတယ်.. ဘယ်လောက်လွမ်းတယ်.. ဆိုတဲ့ အကြောင်းတွေ လေ... ငါ့ရင်ထဲမှာ တစ်ဆို့နေတာလည်း အဲဒီအကြောင်းတွေပဲ ရာဇာ၊ နင်ပြောနေတဲ့ စကားတွေဟာ နင်ပြောသင့်တဲ့ စကားတွေနဲ့တော်တော် ဝေး ကွာလွန်းနေတယ်နော်...

ငါက... 'ထမင်းစားပြီးပြီ'လို့ ဖြေရင်... 'ဘာဟင်းနဲ့စားခဲ့တာလဲ' သို့... နင်ဆက်မေးနေဦးမှာလား...

ငါကြားချင်တာ၊ ငါကြားသင့်တာ ဒီလိုစကားမျိုးတွေမဟုတ်ဘူး။ ငါပြောချင်တာလည်း အဲဒီလိုစကားတွေမဟုတ်ဘူးရာဇာ... ...

သူမေးတဲ့မေးခွန်းနဲ့ ဘာမှမဆိုင်တဲ့ မေးခွန်းကို ပြန်မေးလိုက်မိတော့ သည်။ ရှုပြီးမေးလိုက်တာဆိုပေမယ့် ကိုယ့်လေသံက နူးညံ့မှုတွေ အပြည့်နဲ့ ပါ...

"နင်ရန်ကုန်မှာ တော်တော်ပျော်ခဲ့လား ရာဇာ..."

"အင်း... ပျော်တယ်။ အရမ်းပျော်တယ်။ ပြန်တောင်မလာချင်ဘူး။ အမေဖွတ်အတင်းပြန်ခေါ်လို့ ပြန်လိုက်လာတာ"

ဩော်... ကိုယ်ကတော့ သူ့ကို သေမတတ်ရူးမတတ်လွမ်းနေလိုက် ရတာ။ သူကတော့ ပြန်တောင်မလာချင်ဘူးဆိုပါလား...

နာကျင်မှုအသေးစားလေးတစ်ခု လည်ချောင်းထဲမှ ဖျဉ်းကနဲ တိုးထွက် လာသဖြင့် သတိနှင့်ပြန်မျိုချလိုက်ရ၏။ မျက်ဝန်းဒေါင့်မှာ စို့လာတဲ့ အရည်ကြည် အချို့ကို သူမမြင်အောင် ထိန်းထားလိုက်ရလေသည်။

"နင်... နည်းနည်းပိန်သွားသလိုပဲ မဏိ"

ဩော်... နင်ငါ့ကို သတိလေးတော့ထားမိသားပဲရာဇာ... "ငါနင့် ကို လွမ်းလွန်းလို့ မအိပ်နိုင်မစားနိုင်ဖြစ်ပြီး ပိန်သွားတာလေ..." ဆိုတဲ့ စကားကို ရင်ထဲမှာပဲ ဆိုဖြစ်လိုက်၏။

www.burmeseclassic.com



"ပိန်သွားတယ်… ဟုတ်လား။ နင်ထင်လို့ဖြစ်မှာပါ… ဒါနဲ့နင်အမှတ်စာရင်းတွေ သိခဲ့ပြီးမဟုတ်လား။ ဘယ်လောက်ရလဲဟင်.."

ကျေးဇူးပြုပြီး.. ငါ့အသံတွေ အဖျားခတ်တုန်ခါနေတာကို နင်သတိထားမိလိုက်စမ်းပါ ရာဇာရယ်… အဲဒီလောက် အ,မနေပါနဲ့…

"ငါးရာခြောက်ဆယ့်ခြောက်မှတ်ရတယ်… ဆေးလိုင်းတော့ မီလောက်ပါတယ်"

"မီတာပေါ့ဟ… ဒီအမှတ်ဆိုကောင်းကောင်းမီတယ်။ ငါဝမ်းသာလိုက်တာဟယ်…"

ကျွန်မတကယ်ပျော်တာပါ။ သူကသိပ်တော်တဲ့သူပဲ… သူ့အတွက် ဝမ်းသာလိုက်တာ..

"ငါ့အမှတ်စာရင်းတွေရော ထုတ်ခဲ့သေးလားဟင်"

"အေး.. အဲဒါငါပြောမလို့ပဲမဏိရ.. နင်ငါ့ကိုဘာဖြစ်လို့ ခုံနံပါတ်မပေးလိုက်တာလဲ။ ငါ့အမှတ်တွေ ထုတ်ပြီးတော့ နင့်ကိုသတိရတယ်။ ဒါပေမယ့် ငါနင့်ခုံနံပါတ်ကို မသိလို့မထုတ်ခဲ့ရဘူး"

ဒီတစ်ခါ ဝမ်းနည်းမှုတွေက လည်ချောင်းထဲမှ တစ်ဆင့်ပါးပြင်ရှိအကြောတွေအထိ တက်လာကြ၏။ အံ့သြစွာ ဖျတ်ကနဲကြည့်လိုက်မိတဲ့အကြည့်တစ်ချက်မှာ ထိန်းဖို့မမီလိုက်တဲ့ မျက်ရည်တစ်ရှိုကို သူမြင်လိုက်မှာပါ…

"သြော်… ငါ့ခုံနံပါတ်ကို နင်သိနေမယ်ထင်လိုက်တာ။ ရပါတယ်… ငါ့အတွက် အရေးမကြီးဘူး"

"နင်စိတ်ဆိုးသွားလား မဏိ… နင်ငါ့ကို စိတ်မဆိုးနဲ့နော်"

"ရပါတယ်ရာဇာ… ငါစိတ်မဆိုးပါဘူး။ ငါလည်းနင့်ခုံနံပါတ် မပ-156 ဆိုတာ သိမှမသိပဲ"

ကြေကွဲစွာဆိုလိုက်မိတဲ့ အရွဲ့စကားကို သူတစ်ချက်ရယ်၏။



"မပူပါနဲ့ဟာ… နင်လည်း ဖိုက်ဒီထွက်ထားတာပဲ။ နင်လိုချင်တဲ့အင်ဂျင်နီယာလိုင်းကို ကောင်းကောင်းဝင်မှာပါ.."

ဒီတစ်ခါ တိတ်ဆိတ်သွားခြင်းက စောစောက ထက်ပိုပြီးကြာ၏။

သူက… သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူလိုက်ပြီး တဖြောက်ဖြောက်နှင့် ချိုးနေပြန်သည်။

"မာနတရားတို့သည် သစ်ကိုင်းခြောက်လေးတစ်ခုအသွင်ဖြင့် သူ့လက်အတွင်းသို့ သက်ဆင်းရပြီလား…" ဟု တွေးရင်းပြုံးဆင်းလာတဲ့ ကြေကွဲမှုတွေကို ထိန်းချုပ်ထားလိုက်ရပြန်သည်။

ကိုယ့်မှာ ပြောစရာစကားတွေရှိနေတယ်… ဒါပေမယ့် အဲဒီစကားကိုဆို့အလွန်အမင်းခက်ခဲနေ၏။ အာခေါင်တွေက ခြောက်နေကြ၏။ ရင်တွေတဒိန်းဒိန်းခုန်သည်။ ပြောဖို့ပြင်လိုက်၊ ပြောမထွက်လို့ ငြိမ်နေလိုက်နှင့်..ချီတုံချတုံ ဖြစ်နေရ၏။

အို… ပြောကိုပြောမှဖြစ်မှာပါ… အရေးကြီးတယ်…

အားတင်းပြီး ပြောဖြစ်အောင် ပြောဖို့ဆုံးဖြတ်လိုက်ရသည်။

"ငါ… ငါ.. နင့်ကို ပြောစရာရှိတယ် ရာဇာ.."

"ပြော.. ဘာပြောမလို့လဲ"

"ဟို..လေ..။ အခု..ငါ့..မှာ..ငါ့မှာ..ဟို…"

ဆက်ပြောရမည့် စကားတို့ကလည်ချောင်းထဲမှာ နင်နေပြန်သည်။

"ပြောလေ… နင်ဘာပြောချင်တာလဲ"

သူက မျက်မှောင်ကြုတ်ပြီး မေး၏။

"ဟို..ဟို.. ကိုယ်ဝန်ရှိနေပြီ…"

"ဘာ ! …"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့… ပြူးကျယ်သွားတဲ့ မျက်လုံးအစုံ…

ထိတ်လန့်စွာ အော်လိုက်ပြီး ပြန်မစေ့တော့တဲ့ နှုတ်ခမ်း…

ထိုင်နေရာမှ နောက်သို့ အနည်းငယ်ယိမ်းယိုင်သွားတဲ့ ခန္ဓာကိုယ် တဆတ်ဆတ်တုန်ခါနေတဲ့ ပါးနှစ်ဖက်…

ဟင့်အင်း… နင်ငါ့ကို အဲဒီလို မျက်ဆံကြောင်ကြောင်တွေနဲ့ မကြည့် နဲ့…။

"ပြန်ပြောစမ်း မဏိ… နင်ဘာပြောလိုက်တယ်"

မဲထန်စွာ မေးရင်းပခုံးကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ခါယမ်းလိုက်တ မို့ မျက်ရည်တို့က လူရွှေ့မဲ့စွာ လွင့်စင်သွားကြ၏။ သန်မာလှတဲ့ လက်တွေ ဆုပ်ကိုင်အားကြောင့် ပခုံးတို့ပြင်းထန်စွာ နာကျင်၏။

ပျော့ခွေခွေ ခန္ဓာကိုယ်တစ်ခုဟာ သူ့လက်ထဲမှာ အရုပ်တစ်ရုပ်လို

အနည်းငယ်ရှည်စပြုနေပြီဖြစ်သော ဆံပင်တို့က မျက်ရည်စက် ရှိရာ ပါးပြင်မှာလာရောက်တွယ်ကပ်ကြလေသည်။

သူ့မျက်နှာကို မကြည့်ရဲတော့…

ခေါင်းငုံ့ရင်း ခပ်တိုးတိုးဖြေလိုက်မိ၏။

"ဟုတ်တယ် ရာဇာ… ငါ့မှာကိုယ်ဝန်ရှိနေပြီ"

"သွား !"

ရုတ်တရက်ဆောင့်တွန်းခံလိုက်ရခြင်းကြောင့်… နောက်ပြန်လဲ သွားတဲ့ ခန္ဓာကိုယ်ကို ထိန်းချုပ်မရလိုက်။ ဆစ်ကနဲနေတဲ့ လက်ကောက် မှ နာကျင်မှုက နှလုံးအိမ်သို့တိုင်၏။

"မဟုတ်ဘူး… မဟုတ်ဘူး။ မဟုတ်ရဘူးကွာ… လုံးဝမဟုတ် ကဲကွာ… ကဲကွာ… ကဲကွာ…"

အရူးတစ်ယောက်လို အော်ဟစ်ရင်းလက်ပံပင်ကြီးကို ထိုးနှက် ကျောက်နေတဲ့ သူ့ကိုကြည့်ပြီး ဘာဆက်ပြောရမှန်းမသိတော့…။

ထိတ်လန့်ချောက်ချားနေတဲ့ သူ့ကို သနားသလိုခံစားလာရလေသည်။ ညှို့နဲ့သေးသိမ်စွာ ထရပ်လိုက်ပြီး…

"ဟုတ်တယ်ရာဇာ…ငါသေသေချာချာ စစ်ပြီးသွားပြီ။ အခုငါ့မှာ ကိုယ်ဝန်ရှိနေပြီ… အဲဒါ…"

"တော်တော့ ! … မပြောနဲ့… မပြောပါနဲ့တော့…"

ဘုရား… ဘုရား…။ မပြောပါနဲ့တော့လား… တော်တော့တဲ့ ား…။ …ဘုရားကယ်ပါ…။ ရာဇာက… ရာဇာက… မပြောပါနဲ့တော့…တဲ့။

ခေါင်းတွေ တရိပ်ရိပ်မူးလာသဖြင့် ဒူးထောက်ထိုင်ချပစ်လိုက်ရလေ သည်။

လဲပြိုမသွားအောင် မြေပြင်ကို လက်ထောက်ပြီး ထိန်းထားရ၏။ အခါ… မျက်ရည်တို့က သဲပွင့်များပေါ်သို့ တိုက်ရိုက်ဆင်းသက်ကြ၏။

မျက်ရည်စတို့ကျရောက်ရာ မြေပြင်အနီးမှာရှိနေတဲ့ သူ့ရဲ့ခြေဖမိုး ကို ဝေဝါးစွာ မြင်တွေ့နေရလေသည်။

မတ်မတ်ရပ်နိုင်တဲ့ အားအင်တွေ ကိုယ့်မှာ မရှိသေး…

မိနစ်အနည်းငယ်ကြာမှ… ညင်သာမှုမရှိတဲ့ လက်တွေနဲ့ ဆွဲထူဖော်

ကိုယ့်အခြေအနေက… သူ့ရင်ခွင်ထဲကို ဆွဲသွင်းလိုက်ရင် အလွယ် ပါသွားမယ့် အဆင်သင့်အနေအထားနဲ့ပါ။ သို့သော်…

"အိုကေ… မငိုနဲ့တော့မဏိ… တိတ်တော့။ ငါတို့ ဒီကိစ္စကို ကောင်းဆုံးနည်းလမ်းနဲ့ ဖြေရှင်းကြတာပေါ့။ မငိုနဲ့တော့… ငိုနေလို့လည်း ထူးလာမှာ မဟုတ်ဘူး။ တိတ်တော့နော်… သန်ဘက်ခါကျရင် ငါလာ မယ်။ နင်ဒီကပဲ စောင့်နေ… ဟုတ်ပြီလား…"

ပြောရင်း… ပါးပြင်ပေါ်က မျက်ရည်တွေကို ဖယ်ရှားပေးတော့ နည်းခြင်းတွေနှင့် ထပ်ထူစွာ ကြည်နူးရပြန်သည်။

www.burmeseclassic.com



"နင်‥ နင်တကယ်လာမှာလား ရာဇာ… ငါ‥ငါစောင့်နေမယ်နော်"

သူ့ရင်ခွင်ထဲကို အတင်းတိုးဝင်ပြီး အားရပါးရငိုကြွေးပစ်လိုက်မိ

တော့သည်။

"ငါနင့်ကို သိပ်ချစ်တယ် ရာဇာရယ်‥ ။ ငါနင့်ကို ချစ်တယ်…"

"ကဲပါဟာ… မငိုနဲ့တော့။ ငါတို့မှာ အကောင်းဆုံး ဖြေရှင်းစရာ

နည်းလမ်းတစ်ခုခုတော့ ရှိမှာပါ…"

ပန်းကို ညင်သာစွာဆုပ်ကိုင်ရင်း ပြောလိုက်သည့်တွင် သူ့ရဲ့တွက်သင်

လေအချို့ ဦးခေါင်းကို လာရောက်တိုးဝှေ့ကြလေသည်။

ကျေးဇူးပြုပြီး‥ ဒီထက်ကြင်ကြင်နာနာ ရှိလိုက်စမ်းပါရာဇာရယ်

ငါကမ္ဘာလေးတစ်ခုလုံး ပြည့်စုံငြိမ်းချမ်းသွားသလို ခံစားရလို့ပါ။ နင့်ရဲ့ ကိုယ်ငွေ့

နွေးနွေးလေးဟာ ငါ့အတွက်တော့ ကမ္ဘာတစ်ခုပါရာဇာ… … …

⌑ ⌑ ⌑ ⌑ ⌑

( * )

ပတ်ကြားအက်နေတဲ့ လယ်မြေပေါ်မှာ ပိုက်ဆံထုပ်များ ပြန့်ကျဲနေ၏။

[illegible]တ်အထိပ်သို့ ရောက်ရှိသွားပြီဖြစ်သော ဒေါသတရားတို့ လွှမ်းခြုံထားသော

[illegible]ကိုယ်က တဆတ်ဆတ်တုန်ရင်လို့နေသည်။

ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့လက်ထဲမှာ ခဲပတ်စက္ကူဖုံးအုပ်ထား

[illegible] ဆေးပြားအချို့ရှိ၏။

အံတင်းတင်းကြိတ်ထားသည့်ကြားမှ မျက်ရည်တို့ (မငိုပါပဲနှင့်) ပါး

[illegible]ပေါ်သို့ အဆက်မပြတ်စီးဆင်းကြ၏။

နီမှဲလိုက်မြင့်လိုက်ရင်အစုံက ဒေါသတရားတို့၏ အတိုင်းအတာကို

[illegible]ပြနေ။

ခံစားချက်မဲ့စွာ တည်ရှိနေသော မျက်နှာတစ်ခုကို စေ့စေ့ကြည့်ပစ်လိုက်

[illegible]သည်။

ရင်နှင့်အမျှဘဝပေးပြီး ချစ်ခဲ့ရသော ချစ်သူ…

ချစ်ခြင်းနှလုံးသားမှာ ရင်ခုန်သံပန်းပွင့်တွေကို ပွင့်လန်းစေခဲ့တဲ့သူ…

[illegible]တစ်ခုလုံးအတွက် ရည်ရွယ်ပြီး ချစ်လိုက်မိတဲ့သူ…။

ကျေးဇူးပြုပြီး ပြောလိုက်စမ်းပါရာဇာ…

ဒါဟာ‥ 'နောက်နေတာ' လို့လေ…

'မထိစိတ်ကို စမ်းတာပါ' လို့လေ…။

www.burmeseclassic.com

www.burmeseclassic.com



အို.. ငါနင့်ကိုချစ်လိုက်တာ... ...

မဟုတ်ဘူး...

ဒါ... နောက်နေတာမဟုတ်ဘူး...

သူ... တကယ်ပြောနေတာ...။

နောက်ဆုံးမျှော်လင့်ချက်အဖြစ် အကြင်နာရိပ်ကလေးတစ်ခုလောက်… များ သူ့မျက်နှာမှာတွေ့ရလေမလားလို့ သွေးရူးသွေးတန်း လိုက်ရှာမိပြန်သည်…

မတွေ့ဘူး... ဘာဆိုတာမှကို မတွေ့ရဘူး...။

နင့်မျက်နှာမှာ ငါ့အတွက် ဘာခံစားချက်မှ မရှိပါလားရာဇာရယ်… ငါကံဆိုးလိုက်တာ...။

ငါလေ.. နင့်ကို.. နင့်ကို.. 'မောင်...' လို့တောင် မခေါ်ရသေးဘူ… နော်..

စိတ်ကူးထဲမှာ အကြိမ်ကြိမ်ခေါ်နေမိတဲ့ အဲဒီနာမ်စားလေးကိုတော… ငါ အသုံးပြုခွင့်မရသေးဘူးနော်..

"ဒါ.. နင့်ရဲ့အကောင်းဆုံးဖြေရှင်းတဲ့နည်းလား ရာဇာ.."

"နင်စဉ်းစားကြည့်လေ... ငါတို့ရည်မှန်းချက်တွေ ဘာမှဖြစ်မလာ… သေးဘူး။ နင်လည်း..."

"တော်စမ်း...။ နင်.. နင်ဟာ လူသတ်သမားပဲ။ နင်လူသတ်သမား… ပဲ ရာဇာ.. ဟား.. ဟား.. ဟား... ဖအေက ဆေးရုံအုပ်ကြီးတဲ့။ နင့်… ရည်ရွယ်ချက်က ဆရာဝန်ဖြစ်ဖို့တဲ့။ ဟား ဟား.. ဟား ရယ်ရတယ်။

ဆရာဝန်ဘဝနဲ့ လူတွေရဲ့အသက်ကို ဘယ်လိုကယ်မှာလဲတော့ မ… ဘူး... အခုတော့ လူသတ်နေပြီ... ဟား.. ဟား.. ဟား... ..."

ရာဇာကျော် ဘာစကားမှမပြောနိုင်...သူမက...



"အမှားတစ်ခုကို အတူတူကျူးလွန်ခဲ့မိကြတယ်ပဲ ထားပါဦး ရာဇာ… …။ ငါက.. ငါကမိန်းကလေးပါ။ နင်တို့လို စဉ်းစိမ်ဉာဏ်တွေ၊ ဂုဏ်ခြင်… …ည်းမရှိပါဘူး။ ဒါပေမယ့်.. အဲဒီလို အောက်တန်းကျတဲ့၊ ရက်စက်တဲ့ …မျိုးကို ငါလုံးဝမတွေးမိဘူး။ နည်းနည်းလေးမှကို မတွေးမိဘူးရာဇာ.."

"မဟုတ်သေးဘူးမဏီ.. ငါတို့ အခုချိန်မှာ လုပ်သင့်လုပ်ထိုက်တာကို …င် ပိုကောင်းမယ်"

"ဘာ !.. လုပ်သင့်လုပ်ထိုက်တာ.. ဟုတ်လားရာဇာ။ လူ့အသက် …ောင်း.. ပြီးတော့ ကိုယ့်ရဲ့ရင်သွေးလေးကို.. သတ်ပစ်ရမယ်.. ဟုတ် …နင်တော်တော်ရက်စက်တာပါလား ရာဇာ..။ နင့်ကို အရာရာအားလုံး …ပြီး နင့်နေအောင် ချစ်ခဲ့မိတဲ့ငါ့အတွက်.. နင့်ရဲ့တာဝန်ယူမှုက လူသတ်ခြင်း …ကြီးတွေတဲ့လား ရာဇာ..။ အဲဒီဆယ်သိန်းဆိုတဲ့ ငွေတွေက ငါ့အရှက်ကို …ယ်ပေးနိုင်မှာလား...

ငါမျှော်လင့်တာ အဲဒီပိုက်ဆံတွေမဟုတ်ဘူးရာဇာ။ ငါ့ရည်ရွယ်ချက်တွေ …တ်လည်း ငါ့အပြစ်နဲ့ငါ ခံမှာပါ...။ ငါလိုအပ်တာက ငါ့ရဲ့အရှက်နဲ့ …ကို ကာကွယ်ပေးနိုင်တဲ့ နင့်ရဲ့.. နင့်ရဲ့လက်မှတ်လေးတစ်ခု..."

"ဟာ.. မဖြစ်ဘူး။ မဖြစ်ဘူးမဏီ.. မလုပ်နဲ့"

ကြည့်စမ်း... သူတကယ်ကို ကြောက်ရွံ့သွားတာ..။ ဣန္ဒြေမဆည် …သာက်အောင်ကို သွေးပျက်သွားတာ...။

"ဘာလို့ မဖြစ်ရမှာလဲရာဇာ။ ဒီကိစ္စဟာ နင်နဲ့နည်းနည်းတော့ …သက်ပါတယ်နော်.. လက်ခံရဲ့လား"

"ငါ.. ငါလက်ခံပါတယ်။ ဒါပေမယ့် အခုဟာက.. ဘာမှအခင်… …ဖြစ်သေးဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"မထင်မှတ်ဘဲ ဖြစ်သွားတဲ့ကိစ္စအတွက် ဘာတွေအဆင်သင့်ဖြစ်ရ တာလဲရာဇာ... အခုအချိန်မှာ ကြုံတွေ့လာသမျှကို ချစ်ခြင်းအင်အားတွေ အတူတူလက်တွဲပြီး ဖြေရှင်းရမှာမဟုတ်ဘူးလား။ ငါ့ဘဝအတွက် နင့်ဆီက ဘာအကူအညီမှ မတောင်းခံဘူးရာဇာ.. ခင်မဏိအကြောင်းကို နင်နည်းနည်း တော့ သဘောပေါက်မှာပါ။ အခုအချိန်မှာ ငါလိုအပ်တာက.. ဒီကလေး သိက္ခာရှိရှိ မွေးနိုင်ဖို့ နင့်ရဲ့လက်မှတ်လေးတစ်ခု..."

"မဖြစ်ဘူးမဏိ.. လုံးဝမဖြစ်နိုင်ဘူး။ ငါ အဲဒီလောက်မိုက်တွင်း မနက်ချင်ဘူး"

"ဘာ!.. မိုက်တွင်းနက်တယ်.. ဟုတ်လား။ ပြောရက်လိုက်တ ... နင်ငါ့ကိုချစ်ခဲ့ဘယ်ဆိုတာ တကယ်မှဟုတ်ရဲ့လားရာဇာ.. ပြောစမ်း ငါ့မျက်လုံးတွေကို ကြည့်ပြီးဖြေစမ်း.."

အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ပြီး မေးလိုက်ခြင်းဖြစ်သည်။ သူ တွန်းအားကြောင့် ရာဇာ့နောက်ကျောပြင်က လက်ပွင့်ကြီးနှင့် ထိကပ်သွား

"ဖြေစမ်း.. နင်ငါ့မျက်လုံးတွေကို စေ့စေ့ကြည့်ပြီးဖြေစမ်း"

အင်္ကျီကိုဆုပ်ပြီး ခါယမ်းလိုက်ခြင်းကြောင့် ကြယ်သီးအချို့ပြု ထွက်လွင့်စင်သွားကြ၏။

ရာဇာကျော်ခေါင်းမမော့ရဲတော့...

"ပြောစမ်းပါ.. နင့်ခေါင်းကြီးကို မော့ထားစမ်း။ ပြော.. နင်ငါ့ ချစ်ခဲ့တာ အမှားကြီးမှားသွားပြီ.. ဟုတ်တယ်မို့လား.."

ကြေကွဲစွာမေးရင်း.. အင်္ကျီကို ဆုပ်ကိုင်ထားတဲ့လက်က အိတ်ကပ် မှ တစ်စုံတစ်ခုကို စမ်းမိသဖြင့် ဖျတ်ကနဲ ဆွဲထုတ်လိုက်မိ၏။

လက်ထဲမှာပါလာတာက ဓာတ်ပုံလေးတစ်ပုံ..



ကြွေရုပ်လေးတစ်ရုပ်လိုလှနေတဲ့ ဓာတ်ပုံထဲက ဆံပင်ရှည်ရှည်ကောင် လေးကိုကြည့်ရင်း... မနေ့က နွေးနွေးလာပြောသွားခဲ့တဲ့ စကားတွေကို သတိရလိုက်၏။ နွေးနွေးက..

"ရာဇာတို့သားအမိနဲ့ ကောင်မလေးတစ်ယောက်ပါလာတယ်မဏိ.. ကောင်မလေးရဲ့အမေလည်းပါလာတယ်။ အရမ်းလှတာပဲမဏိရယ်... အသား ကို ဝင်းအိနေတာပဲ။ ဆံပင်ကလည်း အရှည်ကြီးရယ်တော့..."

"ဘယ်သူလဲနွေးနွေး.. ရာဇာတို့နဲ့ ဘာတော်တာတဲ့လဲ"

"ဘာမှမတော်ဘူး။ ကောင်မလေးရဲ့နာမည်က လမင်းငယ်တဲ့။ အဲဒါ ယ်လိုသဘောရလဲမဏိ"

"ငါနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တယ်.. ရာဇာနဲ့ အဲဒီကောင်မလေးကို စေ့စပ်ပေးကြတော့ ငါ့အမေက ပြောတယ်။ ကောင်မလေးက တော်တော်ကိုလှတာနော်"

"သေချာလို့လား နွေးနွေး.."

စိတ်လှုပ်ရှားမှုတွေကို နွေးနွေးမမြင်အောင် ထိန်းချုပ်ရင်း ပုံမှန်လေသံ မေးမိ၏။

ရင်ထဲမှာတော့ စိုးရိမ်မှုတွေ ပြင်းထန်စွာ ပေါက်ကွဲလို့နေ၏။

"သေချာတယ်မဏိ.. ရာဇာ့အမေနဲ့ လမင်းငယ် အမေကငယ် ချင်းတွေတဲ့"

"ရာဇာ့သဘောထားကရော.."

"ပျော်နေတဲ့ပုံစံပဲ.. ကောင်မလေးကိုတင်ပြီး ဆိုင်ကယ်နဲ့ မြို့ထဲမှာ တာပဲ။ တစ်မြို့လုံးသူတို့အတွဲလေးကို စိတ်ဝင်စားနေကြတာ.. လမင်းငယ်က အရမ်းလိုက်တာပဲ။ အဲဒါကြောင့် နင်သိအောင် ပြောတာ.. မောလိုက်တာ ဟယ် နင့်ဆီလာရတာ အမောကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါနင့်ကို ကျေးဇူးမတင်ဘူးနွေးနွေး၊ နင်ပြန်တော့··"

"ဟင်·· နင် ဘယ်လိုပြောလိုက်တာလဲ မဏိ။ ငါက နင်

စေတနာနဲ့"

"နင့်စေတနာကို ငါသိတယ်နွေးနွေး·· နင့်ရဲ့စကားလုံးတွေ၊

လေသံတွေက ငါ့အတွက် စိုးရိမ်တဲ့ပုံစံမဟုတ်ဘူး။ နင့်ရင်ထဲမှာ ကျိတ်

ပျော်နေတယ်ဆိုတာ ငါသိတယ်။ နင်ငြင်းမလား နွေးနွေး·· နင်ပြန်တော

မျက်နှာသေဖြင့် တစ်ခွန်းချင်းပြတ်သားစွာပြောရင်း မြက်ခုတ်

ကို ကောက်ကိုင်လိုက်တာမို့·· နွေးနွေး အောင့်သက်သက်နှင့် ပြန်သွား

သည်။

ဟင်းဟင်း·· လူတွေ·· လူတွေ။ တော်တော် တရားကျစရာကော

တယ်။ သတင်းဆိုးတစ်ခုကို ဝမ်းသာအားရပြောချင်လွန်းလို့ ရွာအထိကော

အပင်ပန်းခံပြီး လိုက်လာရတယ်လို့နော်·· ···

နွေးနွေးပြန်သွားကတည်းက ရာဇာနဲ့တွေ့ရင် ဘာတွေများဖြစ်လာ

လို့ တထိတ်ထိတ်နဲ့စိုးရွံ့နေမိတာ။

ခုတော့·· ရာဇာကိုယ်တိုင်က···

ဓားတိုလေးကို ကိုင်ထားတဲ့လက်တွေ တဆတ်ဆတ်တုန်ရင်လာပြ

"ဒါ··· ဒါ·· ဘယ်သူလဲရာဇာ။ သူ·· သူ·· 'လမင်းငယ်' ဆိ

မဟုတ်လား··"

ရာဇာ့မျက်ဝန်းမှာ အံ့သြခြင်းနှင့် ထိတ်လန့်ခြင်းတို့ ရှုတ်ချည်းပေ

စပ်သွား၏။

"ဟင်·· နင်·· နင်ဘယ်လိုလုပ်ပြီး သိနေတာလဲ။ သူက·· သူက

စကားကို ရှေ့မဆက်နိုင်ပဲ ထစ်အနေပြန်သည်။



"သူက·· နင်နဲ့ စေ့စပ်တော့မယ့် လမင်းငယ်ဆိုတာ မဟုတ်လား

ရာဇာ။ နင်ဆက်ပြောလေ··"

ရာဇာ··· မငြင်းမရဲဖြင့် ခေါင်းညိတ်၏။

"ငါ နားလည်လိုက်ပြီ ရာဇာ·· ငါနင့်ကို တစ်ခုမေးမယ်"

"··· ··· ···"

"နင်·· နင်သူ့ကို ချစ်တယ်မဟုတ်လား"

"··· ··· ···"

ရာဇာက မဖြေပဲ နှုတ်ဆိတ်နေ၏။

"နင် ယောကျ်ားမဟုတ်ဘူးလားရာဇာ·· ချစ်ရင်ချစ်တယ်ပေါ့။ ရဲရဲ

ဖြောင့်ဖြောင့်ပြောလိုက်စမ်းပါ"

ရာဇာ သူမကို လုံးဝမကြည့်ရဲ··· မျက်နှာလွှဲပြီး ခေါင်းညိတ်၏။

"နင့်ပါးစပ်က ပြောတဲ့အသံကို ကြားချင်တာရာဇာ"

"ငါ·· သူ့ကိုချစ်တယ်မဏိ"

ခေါင်းငုံ့လျက် ဖြေလိုက်ခြင်းဖြစ်သည်။

"အဲဒီလိုလုပ်စမ်းပါရာဇာရယ်·· ငါကျေနပ်တယ်။ အချစ်ဆိုတာ

လုပ်ယူလို့ မရဘူးဟ·· ငါသဘောပေါက်သွားပြီ။ အဲဒီတော့·· နင်ငါ့ကို

အစကတည်းက မချစ်ခဲ့တာပေါ့နော်"

သူ·· မဖြေ···။

ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲပေါ့··· ···

ဒါကြောင့် သူကိုယ့်ကို ရက်ရက်စက်စက် ထားခဲ့ဖို့ ဆုံးဖြတ်ခဲ့တာ

ကိုး···

"ရတယ်ရာဇာ·· နင့်လမ်းကို နင်ဖြောင့်ဖြောင့်လျှောက်ပါ။ ငါနင့်ကို

ဘယ်တော့မှ အနှောင့်အယှက်မပေးဘူး။ နင့် ချစ်သူနဲ့ နင်ဖိတ်တိုင်းကျ

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်မယ့်ကမ္ဘာမှာ.. ငါ့ကြောင့် စိတ်အနှောင့်အယှက်လေးတောင် မဖြစ်စေရဘူးလို့ ငါကတိပေးတယ်ရာဇာ။ ဒီနေ့ဟာ.. နင့်ဘဝမှာ ငါ့ကို နောက်ဆုံးအကြိမ်တွေ့မြင်ရခြင်းလို့ နင်ပျော်ပျော်ကြီးမှတ်သွားလိုက်ပါ။ နင့် အတွက်တော့ မလွမ်းလောက်ပါဘူးနော် ဟင်းဟင်း…"

"ငါ့ကိုခွင့်လွှတ်ပါမဏိ။ ငါ.. ငါသူ့ကို တကယ်ချစ်မိသွားတယ် သူနဲ့သာ မတွေ့ခဲ့ရင် ငါနင့်ကို…"

"တော်စမ်းရာဇာ!… ဒုတိယဆိုတဲ့နေရာကို စာသင်ခန်းထဲမှာပဲ လက်ခံနိုင်မယ်ဆိုတာ နင်မြဲမြဲမှတ်ထားစမ်း။ ငါ့ရင်တွေ နာကျင်စရာ မကျန်အောင် ကြေကွဲရပြီရာဇာ.. နင်သွားတော့.."

"ငါ နင့်ကို တစ်ခုခုလုပ်ပေးခဲ့ပါရစေမဏိ။ နင်တစ်ခုခုတောင်းဆိုပါ"

"ငါတောင်းဆိုချင်တဲ့အရာကို နင်မပေးနိုင်ပါဘူးရာဇာ..။ ငါလိုချင်တဲ့ အရာက တောင်းဆိုမှရမယ့်အရာမျိုးလည်း မဟုတ်ဘူး။ ဒါပေမယ့် တစ်ခုတော့ လုပ်ပေးစေချင်တယ်"

"ပြောပါမဏိ.. ငါမဖြစ်ဖြစ်အောင် လုပ်ပေးပါ့မယ်"

**"နင်.. သေသေချာချာနားထောင်နော်။ နင့်ဘဝတစ်လျှောက်လုံးမှာ လက်ဖွဲ့ပင်တွေကို မြင်တိုင်း… လက်ဖွဲ့ပွင့်နီနီရဲရဲတွေကို မြင်တိုင်း… 'လက်ဖွဲ့' ဆိုတဲ့အသံကိုကြားရတိုင်း.. ငါ့ကို သတိရပေးပါရာဇာ.. ဒါပါပဲ။ နင်သွားလို့ရပြီ.."**

ကြည့်စမ်း.. သူ့မျက်နှာမှာ ထင်ဟပ်သွားတာ၊ အနှောင်အဖွဲ့တစ်ခုက နေလွတ်မြောက်သွားလို့ ဖြစ်ပေါ်လာတဲ့ ပျော်ရွှင်ခြင်း အရိပ်အယောင်တွေ…



ငါနင့်ကို သိပ်နာကြည်းတယ်ရာဇာ…

လွတ်လပ်ပေါ့ပါးစွာ စတင်ရောသံယောဇဉ်မဲ့ခြေလှမ်းတွေကို ရင်နင့်စွာ ငေးမောရင်း ပတ်ကြားအက်လယ်မြေပေါ်မှ ပိုက်ဆံထုပ်တွေကိုမြင်၏။ အဲဒီငွေတွေကို ဘာလုပ်ရမှာလဲ…

"နင့်ငွေတွေကို ပြန်ယူသွားလိုက်ရာဇာ"

"နင်လက်ခံပါမဏိရယ်… ငါ့အတွက် ဘာမှအပန်းမကြီးပါဘူး။ နင့်အတွက်.."

"မလိုဘူး။ လုံးဝမလိုဘူး… နင့်ငွေတွေကို ပြန်ယူသွားလိုက်စမ်း ရာဇာ..။ နင်ငါ့စိတ်ကို သိတယ်နော်"

နာကျင်မှုတွေနဲ့ ကြေမွအက်ကွဲနေတဲ့ ဒေါသစကားကို သူ့မလွန်ဆန်နိုင်တော့…

ပိုက်ဆံထုပ်တွေကို တစ်ထုပ်ချင်းလိုက်ကောက်နေတဲ့ ရာဇာ့ကို မျက်တောင်မခတ်တမ်း ငေးမောနေမိ၏။

ငါ့ကိုယ်ငါ အံ့သြရတယ်ရာဇာ..။ ငါဟာ နင့်လို တစ်ကိုယ်ကောင်း ဆန်တဲ့၊ အတ္တကြီးတဲ့၊ စာနာတရားမရှိတဲ့ ချစ်သူအတုအယောင်တစ်ယောက်ကို မုန်းလို့မရပါလား..။ ငါ့ရင်ထဲမှာ နင့်အတွက် 'အချစ်တွေ' ပဲ ရှိနေတယ်… နှလုံးသားတွေက နင့်အတွက် ရင်ခုန်သံတွေနဲ့ ပူဆွေးနေဆဲပဲရှိနေတယ်…။ သေချာတယ်.. အဲဒီရင်ခုန်သံတွေ ဘယ်တော့မှ ပျက်စီးပျောက်ကွယ်သွားမှာ မဟုတ်ဘူးဆိုတာ…။

ဒါပေမယ့်.. နင့်ကို သိပ်နာကြည်းသွားပြီ။ ငါနင့်ကို သိပ်နာကြည်း သွားပြီရာဇာ။ မုန်းလို့မေ့လို့မရလေလေ ကြီးထွားလာလေလေဖြစ်တဲ့ နာကြည်းမှုတွေမှာ အထီးကျန်ဆန်စွာ လောင်မြိုက်ရင်း ဘဝတစ်ခုကို အဆုံးသတ်ရ

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်။ ဒီဘဝမှာ နင့်မျက်နှာကို နောက်တစ်ကြိမ် ထပ်မြင်ရဖို့၊ နင်နဲ့ နောက်တစ်ကြိမ်ဆုံတွေ့ဖို့ကို ငါအလိုမရှိတော့ဘူးရာဇာ...

ပြီးတော့... ငါဖြတ်သန်းရမယ့်အဖော်မဲ့ အနက်ရောင်အနာဂတ်ရေ လေ...

နင်ရက်စက်လွန်းတယ်ရာဇာ... ... ...

¤ ¤ ¤ ¤ ¤



## နှစ် (၂၀)ကျော် ကြာသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



( * )

နာရီလက်တံတွေကို ပြောင်းပြန်လှည့်တိုင်း အချိန်တွေနောက်သို့ ပြ ဆုတ်သွားတတ်တယ်ဆိုရင်·· မင်းနဲ့အတူတူရှိခဲ့ဖူးတဲ့ အချိန်တစ်ခုအထိ ရောက်သွားအောင် ပြန်လှည့်နေမိမယ်ထင်ပါတယ်···။

စိတ်တူကိုယ်တူ အတူတူတည်ဆောက်ခဲ့ကြတဲ့ မေတ္တာကမ္ဘာလေးထဲ မှာ အခုတော့ အထီးကျန်ခြင်းတွေနဲ့ ငါတစ်ယောက်တည်းပါလား 'လမင်း' ရယ်···

အတူတူ ပျော်ရွှင်စွာ သီကုံးခဲ့ကြဖူးတဲ့·· ယောဒီဇွန်ပန်းနုလေးတွေကို ရရင်·· အပိုးအငွေ့လေးအနေနဲ့ပဲဖြစ်ဖြစ် ငါ့နားမှာလာပြီး ရစ်ဝဲနေစမ်းပါ··

ခြောက်သွေ့မှုတွေနဲ့ လစ်ဟာနေတဲ့ ကွက်လပ်လေးတစ်ခုကို ဘယ် အရာနဲ့မှ အစားထိုးလို့မရနိုင်အောင် မင်းတစ်ယောက်တည်းကိုပဲ တစ်သက်စာ ချစ်ခဲ့တာကို မင်းသိပါတယ် လမင်းရယ်···

ငါ့အတွက် မျိုးဆက်သစ်လေးတွေ မွေးဖွားမပေးနိုင်တဲ့ ချို့ယွင်းချက် တစ်ခု မင်းမှာရှိနေခဲ့ပေမယ့်·· ငါ့ဘဝတစ်လျှောက်လုံး တင်းတိမ်ရောင့်ရဲ နဲ့ပဲ ဖြတ်သန်းလာခဲ့တာကိုလည်း မင်းအသိပါ။ အခု··· မင်းကိုယ်တိုင်က ငါ့ကို စွန့်ခွာသွားတဲ့အခါ ငါဘယ်လိုနေရတော့မှာလဲ လမင်းငယ်···

မင်းရဲ့သေဆုံးခြင်းက ကောင်းသော သေဆုံးခြင်းပါလမင်းရယ်···

ခုနေ··· ငါ့နားမှာသာ မင်းရှိရင်···

'ကိုကိုရယ်·· သေဆုံးခြင်းဆိုတာမှာ ကောင်းတယ်ဆိုးတယ်ရှိသေး သို့လားဟင်?···' လို့ ရယ်ကျဲကျဲနဲ့ မင်းကမေးဦးမှာ···။

ရှိတာပေါ့လမင်း···

မင်းရဲ့သေဆုံးခြင်းက ရှင်သန်ခြင်းမဲ့စွာ သေဆုံးခြင်း၊ ကောင်းသော သေဆုံးခြင်းပါ···။ အသက်နဲ့ခန္ဓာ·· ခွဲခွာသွားပြီဖြစ်တဲ့အတွက် သေဆုံးပြီးတဲ့ နောက်ပိုင်း မှာ ဘာဝေဒနာကိုမှ မခံစားရတော့ဘူးလေ···

ငါရဲ့သေဆုံးခြင်းက မကောင်းသောသေဆုံးခြင်း၊ ရှင်လျက်နဲ့သေဆုံး ခြင်း၊ အသက်နဲ့ခန္ဓာတွဲပြီး·· ရှင်နေလျက်က 'သေဆုံးခြင်း' ဝေဒနာကို မြည်းမြည်း မချိမဆံ့ ခံစားနေရတဲ့ သေဆုံးခြင်းလေ···

'ရှင်လျက်နဲ့ သေဆုံးတယ်ဆိုတာ ရှိလို့လား·· ကိုကို' လို့ မေးဦး မှာ လမင်းငယ်···

ငါ့ဘဝမှာ·· မင်းကိုသာ 'ဘဝအမိပ္ပာယ်'···

မင်းသည်သာ 'ရှင်သန်ခြင်း' လို့··· သတ်မှတ်ခဲ့တာလေ··· ···

အခု·· မင်းမရှိတော့တဲ့အခါ···

ဘယ်မှာလဲ ငါ့အတွက် ဘဝအမိပ္ပာယ်?···

ဘယ်မှာလဲ ရှင်သန်ခြင်းဆိုတာ?··· မင်းဖြေပါ လမင်းငယ်···

ဟုတ်တယ်နော်···။ ငါဟာ·· တကယ်ပဲ ရှင်လျက်နဲ့ သေဆုံးနေခဲ့ သူပါ။ မင်းကြောင့် လစ်ဟာသွားခဲ့တဲ့ ငါ့ရင်ထဲက ကွက်လပ်လေးတစ်ခုကို ဘယ်သူနဲ့မှ·· အစားထိုးမပစ်နိုင်ခဲ့တာ၊ အစားထိုးလို့ မရနိုင်ခဲ့တာဟာ·· ချစ်ခြင်းတွေပါလမင်း···

ဆုတောင်းပါတယ်···။

ဘဝဆက်တိုင်း ချစ်သူနှင့်အတူတူ ရှင်သန်ရသောကိုယ်၊ ချစ်သူနှင့် အတူတူ သေဆုံးရသောကိုယ် ဖြစ်ရပါ၏လို့လေ···

www.burmeseclassic.com

www.burmeseclassic.com



မင်းရက်စက်တယ်လမင်း…။

ငါ့ကို တစ်ယောက်တည်း ထားပစ်ခဲ့တာ နှစ်နှစ်ပြည့်သွားပြီနော်…

တကယ်ဆို အရိပ်အယောင်လေးအနေနဲ့ပဲဖြစ်ဖြစ်၊ အငိုးအငွေ့လေးအနေနဲ့ပဲဖြစ်ဖြစ်၊ အနံ့အသက်လေးအနေနဲ့ပဲဖြစ်ဖြစ်၊ အိပ်မက်လေးတစ်ခုအနေနဲ့ပဲဖြစ်ဖြစ်… တစ်ခေါက်လောက်တော့ ရောက်လာသင့်တယ်။

ဆယ့်ရှစ်နှစ်ကျော်ကျော် အချစ်တွေနဲ့ မရိုးအီတမ်း ထုံမွှမ်းခဲ့ကြတာကို မင်းနည်းနည်းလေးမှ မငဲ့ညှာခဲ့ပါလား လမင်းရယ်…

တမ်းတကြေကွဲခြင်းစကားတွေကို အသံတိတ်ဆိုရင်း… လက်ထဲမှာ ကျန်နေသေးသော ဖွန်ပန်းပွင့်လေးတွေကို ချစ်သူထာဝရ နားခိုရာ အုတ်ဂူလေးပေါ်သို့ ဖြန့်ကြဲချလိုက်မိတော့သည်။

ဒီဖွန်ပန်းနုလေးတွေကြောင့် ငါ့ကို သတိရလိုက်စမ်းပါ လမင်းရေ

… … …

¤ ¤ ¤ ¤ ¤



( * )

'လမင်း'ရှိစဉ်ကတော့… ဘဝသည် ပျော်ရွှင်ခြင်းများနှင့် အတိပြီး ပါ။

လမင်းသာ အနားမှာရှိနေလျှင်… သက်ရှိသက်မဲ့အရာအားလုံးကို ကျွန်တော် အလိုလိုမေ့ပါသည်။ နောက်ထပ် ဘာတစ်ခုမျှ မလိုအပ်တော့ လောက်အောင် အရာရာပြည့်စုံနေသည်ဟု ထင်ခဲ့မိပါသည်။

ကျွန်တော်နှင့် လမင်းငယ်ကြားမှာ ဘယ်တော့မှ ရိုးအီမသွားသော… အပြဲတမ်းဆန်းသစ်လှပစွာ တိုးပွားနေသော အချစ်များရှိသည်။ လမင်းသည်သာ အချစ်၊ လမင်းသည်သာဘဝ၊ လမင်းသည်သာ အနာဂတ်ဟူသော ခံယူချက်နှင့် 'နှလုံးအထူးကုပါရဂူ ဒေါက်တာရာဇာကျော်'ဆိုတဲ့ ကျွန်တော်… အလုပ်နှင့်အချစ်ကြားမှာ အားလုံးကို ရိုးသားစွာ မေ့လျော့နေခဲ့ပါသည်။

အခုတော့… ကျွန်တော့်ဘဝက တကယ်ကို အထီးကျန်ဆန်နေခဲ့ပါ ပြီ…။ လူနာတွေကြားမှာ… ဆေးပညာနဲ့ ကုထုံးတွေကြားမှာသာ ဘဝကို အပြည့်မြှုပ်နှံထားလိုက်ရုံမှတစ်ပါး အခြားမရှိပါပြီ…။

ကျွန်တော့်ရဲ့ကမ္ဘာလေးတစ်ခုက တကယ်ပဲ ပျောက်ကွယ်သွားခဲ့ ပြီ…။

အချိန်ရလျှင်ရသလို… လမင်းရှိရာ ဒီနေရာလေးကိုလာပြီး အသံတိတ် ဖွင့်စကားတွေကိုဆိုရင်း တမြည့်မြည့် လွမ်းဆွတ်တမ်းတနေရခြင်းသည်သာ

www.burmeseclassic.com



စိတ်၏ထွက်ပေါက်တစ်ခုအဖြစ်… ရက်ပေါင်းများစွာ.. လပေါင်းများစွာ.. နှောင်လည်း… … …

လမင်းကြိုက်တဲ့ ခွန်ပန်းပွင့်လေးတွေကို ကြင်နာခြင်းများဖြင့် ဖြန့်ကြဲလိုက်ပြီး.. လမင်းမေးစက်ရာ အုတ်ဂူလေးကို အသာအယာပွတ်သပ်နေမိပြန်၏။

"လမင်းရယ်… ကိုကို့လမင်းရယ်… … …"

တစ်ယောက်တည်း ကြေကွဲလို့မဆုံးရှိနေစဉ်မှာဖြစ်သည်။

လေတိုးသံတွေမှလွဲပြီး ဘာမျှမရှိတဲ့ အကြားအာရုံထဲကို ဝင်ရောက်လာတဲ့ ခပ်သဲ့သဲ့အသံတစ်ခုကြောင့် ဆတ်ကနဲခေါင်းထောင်ကြည့်လိုက်မိ၏။

"အဟင့်.. ဟင့်.. ဟင့်"

ဒါ.. ဒါ.. ငိုသံ..။ ဟုတ်တယ်…။

လမင်းများလား? …

မဟုတ်ပါဘူး။ ဒါ.. လမင်းအသံမဟုတ်ဘူး…

ဇဝေဇဝါဖြစ်နေတုန်းမှာပဲ ထိုအသံကို ပီပီပြင်ပြင်ကြားလိုက်ရပြန်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့… ငြိမ်သက်စွာ လဲလျောင်းနေကြတဲ့ အုတ်ဂူလေးတွေကလွဲပြီး ဘာကိုမျှ မတွေ့ရ။

ဘယ်သူလဲ? … ဒီနေရာမှာ ငါ့အပြင် ဘယ်သူရှိနေသေးလဲ? …

"အဟင့်…ဟင့်..မောင်ရေ…"

ဟော ! .. တွေ့လား။

ဒါ..မိန်းကလေးတစ်ယောက် ကြေကြေကွဲကွဲ ငိုရှိုက်နေတဲ့အသံပဲ… သေချာတယ်… ဒီနားမှာ တစ်ယောက်ယောက်ရှိနေတယ်။

စူးစမ်းစိတ်ဖြင့် အသံလာရာဘက်ကို မှန်းပြီးလျှောက်လာခဲ့မိလေသည်။ အုတ်ဂူလေးငါးခုလောက်ကို ကျော်ဖြတ်ပြီးတဲ့အခါ အသံရှင်ကို မြင်တွေ့လိုက်ရ၏။ အုတ်ဂူလေးတစ်ခု ရှေ့မှာဒူးထောက်ပြီး ငိုနေတဲ့ကောင်မလေး တစ်ယောက်…



သူမရဲ့ကျောဘက်အရပ်မှာရှိနေတဲ့ ကျွန်တော့်ကို သူမ,မမြင်… ရဆိုလျှင် ခပ်ငယ်ငယ်ပင်ရှိဦးမည်ဟု ခန့်မှန်းရ၏။

သူမငိုနေတယ်…။ သည်းသည်းထန်ထန်ကို ငိုနေတာ…။

သူမပခုံးလေးတွေ တဆတ်ဆတ်တုန်ခါလို့နေလေသည်။ သူမရှေ့က ဂူအသစ်လေးပေါ်မှာ ပန်းခြင်းလေးတစ်ခြင်းရှိနေ၏။

တစ်စုံတစ်ယောက် သေဆုံးသွားခဲ့တာ သိပ်မကြာသေးဟု နားလည်မိသည်။

ထိုမိန်းကလေး ကြေကွဲစွာငိုယိုမြည်တမ်းနေသည်များကို အတိုင်းသား နေရ၏။

"ငါဘာလုပ်ရမလဲမောင်.. ပြောပါဦးမောင်ရဲ့။ အဟင့်.. ဟင့် တွေရောက်နေပြီမောင်ရယ်..။ လူတွေအားလုံးရဲ့အလယ်မှာ ငါဘယ်လို တော့မှာလဲမောင်… နှင့်ရင်သွေးလေးကို ငါဘယ်လိုမွေးရမလဲ။ ဖေဖေနဲ့ ကို ငါရင်မဆိုင်ရဲဘူး။ ပြီးတော့ နှင့်မိဘတွေကရော.. 'ဒါဟာ နှင့်ရင် လေးပါ'လို့ သွားပြောရင် လက်ခံကြမှာတဲ့လား။ ငါ့ကိုမသိတဲ့.. ငါနဲ့ နီးတဲ့ နှင့်မိဘတွေက ငါပြောတာကို ယုံကြမှာတဲ့လား။ ငါကရော လိုပုံစံမျိုးနဲ့ သွားပြောရမှာလဲမောင်ရဲ့.. နင်ငါ့ကိုမကယ်နိုင်တော့ဘူးလား …

ငါမှားသွားတယ်မောင်ရယ်… တကယ်လို့ ငါနှင့်အလိုကို မလိုက်သင့် ကြမှာကို ကြိုသိနိုင်ခဲ့ရင် သိပ်ကောင်းမှာပဲမောင်ရယ်။ အခုတော့… တော့ ဒုက္ခတွေရောက်နေရပြီ ဟင့်.. ဟင့်.. ဟင့်… … …"

သူမ.. အုတ်ဂူလေးကို ရည်ရွယ်ပြီး တတွတ်တွတ်ရေရွတ်ရင်း ငိုကြွေး ပါသည်။ သူမတွေကြုံနေရတဲ့ အခက်အခဲကို ရှင်းနှင့်စွာ နားလည်သဘော လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက ပတ်ဝန်းကျင်ကို သတိထားမိပုံမရ… ကျွန်တော်ရှိနေတာ လည်း သူမ မသိ…။ ကြည့်နေစဉ်မှာပဲ သူမထံမှ စကားသံတွေ ထွက်ပေါ်လာ ပြန်သည်။

"ဒါပေမယ့်… ငါ ဒီရင်သွေးလေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ သတ္တိ ရှိ မွေးမယ်… နင်ပေးခဲ့တဲ့ နောက်ဆုံးလက်ဆောင်လေးအဖြစ်နဲ့ပေါ့မောင်… ငါသွားတော့မယ်မောင်ရယ်… နင်ကောင်းရာမွန်ရာကို ရောက်ပါစေမောင်…

မျက်ရည်စတွေကို သုတ်ရင်း ထရပ်လိုက်သည်တွင် သူမ ကျွန်တော် ကို မြင်သွား၏။

"ဟင်!… ရှင်… ရှင်ဘယ်သူလဲ"

ထိတ်လန့်စွာမေးလိုက်တဲ့ သူမရဲ့မျက်နှာ ချောချောလှလှလေးနှင့်အ ရုပ်အင်္ကျီပွပွဖြင့် ဖုံးကွယ်ထားသည့် သူမ၏ပြည့်သနားကိုပါ ကျွန်တော်သတိ လိုက်မိလေသည်။

ထို့နောက် ရှက်ရွံ့စွာဖြင့် ကျွန်တော့်ရှေ့မှ ပြေးထွက်သွားလေ သည်။

သနားသောစိတ်၊ တွေဝေသောစိတ်တို့ဖြင့် ခပ်ငိုင်ငိုင် ကျန်ရစ်ခဲ့သူ ကျွန်တော်…

"သြော်… ခလေးမရယ်… ဒုက္ခကြီးလိုက်တာကွယ်…"

သူမတွေကြုံနေရတဲ့ဒုက္ခကို စာနာနားလည်စွာရေရွတ်ရင်း… အ နာမည်ပေါ်ဖို့ ခက်နေတဲ့ရင်သွေးလေးကို သတ္တိရှိရှိမွေးမယ်ဆိုတဲ့ သူမစိတ် လေးကို လေးစားလိုက်မိ၏။ ကွယ်လွန်သွားတဲ့ ချစ်သူအပေါ်မှာ ထား သူမရဲ့ချစ်ခြင်းမေတ္တာကိုလည်း ချီးကျူးဂုဏ်ပြုလိုက်မိပါသည်။

'ချစ်သူရဲ့ နောက်ဆုံးမျိုးဆက်လေးကို သတ္တိရှိရှိမွေးမယ်' ဆိုပါလား ဘယ်လောက်ချစ်စရာကောင်းတဲ့ စိတ်ဓာတ်လေးလဲ…

ထိုကလေးမအကြောင်းကို မဆီမဆိုင်စဉ်းစားနေရင်း… ရင်ထဲမှာ တစ်မျိုးကြီး ခံစားလာရလေသည်။

မှေးမှေးလျှော့လျှော့ နေခဲ့မိတဲ့ အသိစိတ်တွေက လွန်ခဲ့သော နှစ်ပေါင်း များစွာသို့ ရုတ်ချည်းခရီးဆန့်သွားတဲ့အခါ… အာရုံထဲမှာ မျက်နှာလေးတစ်ခု ပေါ်လာ၏။

ကြည်စင်ရှင်းသန့်တဲ့ မျက်နှာဝိုင်းဝိုင်းလေးနှင့် နှုတ်ခမ်းပါးပါးလေးတစ်စုံ…

ထို့နောက်… လက်ခွဲပင်ကြီးတစ်ပင်…

ထို့နောက်… ပတ်ကြားအက်နေတဲ့ လယ်မြေပေါ်မှာ ပြန့်ကျဲနေတဲ့ နွားချေးပုံအချို့…

ပြီးတော့… ခပတ်ဆေးပြွာအချို့…

မျက်လုံးထဲမှာ ဝင်းကနဲလက်သွားတဲ့ အလင်းရောင်တွေနဲ့အတူ ည်တစ်ခုကို အလိုလိုရေရွတ်လိုက်မိ၏။

"မကြီ!…"

တစ်ချိန်တည်းမှာပင် နားထဲသို့တိုးတစ်ခါ… ကျယ်တစ်လှည့် တိုးဝင် သော အသံတစ်ချို့… ထိုအသံတို့ ထွက်ပေါ်ရာ တဆတ်ဆတ်တုန်ခါ သော နှုတ်ခမ်းပါးလေးကိုလည်း မြင်နေရ၏။

'တော်စမ်း…၊ နင်… နင်ဟာ လူသတ်သမားပဲ။ နင်လူသတ်သမားပဲ …ဟား… ဟား ဟား… ဟား… … …'

မိုးစက်တွေနဲ့ လက်ခွဲပင်ကြီးအောက်က ညတစ်ည… …

လျှပ်ရောင်တွေ တဝင်းဝင်းပြက်နေတဲ့ကောင်းကင်ကြီး… ပြီးတော့ သံတွေ…။ ပြီးတော့… အမှားတစ်ခု…။ တွန်းကန်ငြင်းဆန်ခြင်းတွေကို

www.burmeseclassic.com



အမွှေးဆန်စွာ ရိုက်ချိုးခဲ့မိတဲ့ အမှားတစ်ခု..။ ပြီးတော့... မိုးရေတွေလို စီးဆင်းနေတဲ့ မျက်ရည်တွေ... ...

'လူ့အသက်တစ်ချောင်း.. ပြီးတော့ ကိုယ့်ရဲ့ရင်သွေးလေးကို.. သတ်ပစ်ရမယ်.. ဟုတ်လား။ နင်တော်တော်ရက်စက်တာပါလားရာအာ.. နင်တော်တော်ရက်စက်တာပါလားရာအာ.. ရာအာ.. ရာအာ.. ရာအာ... ... ...'

ဘုရား.. ဘုရား... ငါ.. ငါ... ...

'အခုအချိန်မှာ ငါလိုအပ်တာက.. ဒီကလေးကို သိက္ခာရှိရှိမွေးနိုင်ဖို့ နင့်ရဲ့လက်မှတ်လေးတစ်ခု.. လက်မှတ်လေးတစ်ခု... တစ်ခု.. တစ်ခု... ... ... ...'

မှားပြီ...။

ငါမှားသွားပြီ... ...

'နင့်ချစ်သူ့နဲ့ နင်စိတ်တိုင်းကျ တည်ဆောက်မယ့်ကမ္ဘာမှာ... ငါ့ကြောင့် စိတ်အနှောင့်အယှက်လေးတောင် မဖြစ်စေရဘူးလို့ ငါကတိပေးတယ် ရာအာ- ရာအာ.. ရာအာ.. ... ... ...'

အို... ငါအမှားကြီးမှားခဲ့ပြီကော... ...

မဏီ.. ။ ပြီးတော့.. ငါ့ရဲ့ရင်သွေးလေး...။ ငါ့ရဲ့မျိုးဆက်လေး... အိုး... ငါနှစ်ပေါင်းများစွာကို မေ့လျော့နေခဲ့တာပါလား...

ငါ့မှာ...။ ငါ့မှာ... မဏိနဲ့ရတဲ့ ရင်သွေးလေးရှိသေးတယ်။ မင်းဟာ.. ငါ့ရင်သွေးလေးကို သတ္တိရှိရှိမွေးဖြစ်အောင် မွေးမယ့်မိန်းမဆိုတာ လာခဲ့တယ်...



ဟုတ်တယ်... ငါ့မှာရင်သွေးလေးရှိသေးတယ်...

ပင်လယ်လှိုင်းလုံးကြီးတွေလို တလိမ့်လိမ့်တက်လာတဲ့ ပျော်ရွှင်ခြင်းတွေက လူကို နှစ်ပေါင်းများစွာ နုပျိုလန်းဆန်းသွားစေတော့သည်။ အားအင်အသစ်တွေဖြစ်ထွန်းလာသလို ခံစားလိုက်ရ၏။ ပေါ့ပါးသွက်လက်သော ခြေလှမ်းတွေဖြင့် ကားရှိရာသို့ ပြေးထွက်လာမိတော့သည်။

လမင်းငယ်ရဲ့ အုတ်ဂူလေးကို နှုတ်မဆက်ခဲ့မိခြင်းကို အချိန်တော်တော်ကြာမှ သတိရ၏။

ပျော်ရွှင်မြူးတူးစွာ ကားလေးကို မောင်းထွက်လာရင်း အတိတ်က ပုံရိပ်တွေကို အာရုံမှာ ထင်ရှားစွာ မြင်ယောင်လာတော့သည်။

'ပျော်ဘွယ်' ဆိုတဲ့ မြို့ကလေး...

အထက်တန်းကျောင်းတော်ကြီးနဲ့ သူငယ်ချင်းတွေ...

လက်ဝဲပင်ကြီးနဲ့ ခင်မဏီ...

ပြီးတော့... ပြီးတော့... ရင်သွေးလေး...။ ငါ့ရင်သွေးလေး.. ...

"ဟား... ဟား.. ဟား... ရာအာရေ... မင်းကတစ်ယောက်တည်း သမားမဟုတ်တော့ဘူးကွ။ မင်းမှာ.. မင်းရဲ့ရင်သွေးလေးရှိနေသေးတယ်ကွ။ ဟား.. ဟား.. ဟား... ..."

သတိလက်လွတ်အော်ဟာစ်ရယ်မောနေမိတော့သည်။

ရန်ကုန်-မန္တလေး ဟိုင်းဝေးလမ်းမကြီးပေါ်မှာရှိနေတဲ့ အရာအားလုံးတို့ ရိပ်ကနဲ ရိပ်ကနဲ ကျန်ရစ်ခဲ့ကြ၏။

'ရင်သွေးလေးရှိသေးတယ်' ဆိုတဲ့ အသိက မရပ်မနားသော ပျော်ရွှင်မှုတွေကို ရင်၌လှုပ်စွာဖြစ်တည်နေစေတော့သည်။

ကျွန်တော် 'ပျော်ဘွယ်' ကို အမြန်ဆုံးရောက်ချင်လှပြီ... ... ...

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

## ပျော်ဘွယ်မြို့

## ကြို့ဆိုပါ၏။

တောင်ကြီးလမ်းခွဲ (ဆားတောင်ရွာ၏တောင်ဘက်)တွင်ရှိသော မြို့အဝင်ဆိုင်းဘုတ်လေးကို ခပ်ဝေးဝေးမှာ လှမ်းမြင်နေရပြီ…

ကားအရှိန်ကို အနှေးဆုံးအထိ လျှော့ချပစ်လိုက်မိ၏။ အတိတ်က ပုံရိပ်တွေကို မြင်ယောင်ခံစားလိုတဲ့ဆန္ဒကြောင့်ပါ။

မြို့အဝင်တံတားဖြူကြီးပေါ်က ဖြတ်လိုက်တော့.. တစ်ချိန်က သူငယ်ချင်းများနှင့်အတူ တံတားဘောင်တွေပေါ်မှာထိုင်ရင်း ဖြတ်သန်းခဲ့ဖူးသည့် ပျော်စရာညနေခင်းတွေကို သတိရမိ၏။ လင်းထက်ပိုင်နှင့် ဖော်မျိုးသူတို့ ဖျတ်ကနဲ သတိရမိ၏။

နာရီစင်ကြီးနားမှာ 'ကိုငွေး'ကွမ်းယာဆိုင်လေးကို မတွေ့ရတော့ အနည်းငယ်အံ့မင်းရင့်ရော်သွားပြီဖြစ်တဲ့ စံတော်ချိန်လေးမျိုးနှင့် နာရီစင်ကြီးကို မော့ကြည့်လိုက်မိသေး၏။



ပျော်စံခဲ့ရာ ကွင်းပြင်ကျယ်ကြီးထဲမှ အထက်တန်းကျောင်းတော်ကြီးကို မြင်လိုက်ရတော့ ရင်ထဲမှာ ဆွေးသလိုလို.. လွမ်းသလိုလိုခံစားရလေသည်။

အို… ငါဟာ အားလုံးကို မေ့နေခဲ့တာပါလား…

ကြည့်ပါဦး… အရာအားလုံးကတော့ အရင်းအတိုင်း မပြောင်းမလဲ တည်ရှိနေခဲ့ပဲ… …

ကျောင်းဝင်းကျယ်ကျယ်ကြီးကို ကျော်လွန်သွားတော့ ကားကိုအရှိန်မြှင့်ပစ်လိုက်သည်။

"ငါလာပြီ မဏီရေ… …"

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ရန်ကုန်-မန္တလေးကားလမ်းမကြီးမှ ဘယ်ဘက်သို့ ချိုးကွေ့ဝင် သည်နှင့် မဏိတို့ရွာဘက်ကို သွားသည့်မြေလမ်းပေါ်သို့ ရောက်သွား

မြေလမ်းလေးအတိုင်း အနည်းငယ်မျှ မောင်းဝင်လိုက်သည်နှင့် ပင်ကြီးကို မြင်လိုက်တော့ ရင်ထဲမှာ ဒိတ်ကနဲခုန်၏။

လက်ပံပင်ကြီးနားကိုရောက်တော့ ကားကိုခဏရပ်ပြီး လက်ပံပင် ငေးမောနေမိပြန်သည်။ စက်ဘီးစီးလာတဲ့ လူတစ်ယောက်ကိုမြင်တော့ လ ဖို့ သတိရ၏။ ကျွန်တော် မဏိတို့ရွာကို တစ်ခါမှ မရောက်ဖူးဘူးလေ

"အစ်ကိုကြီး… ဒီကနေ ညောင်ပင်တဲရွာကို တော်တော်သွား မလားခင်ဗျ"

"ကားနဲ့ဆို မြန်ပါတယ်·· ခဏလေးနဲ့ ရောက်တယ်။ ဒီလမ်း တန်းတန်းသာမောင်းသွား… … … …"

"ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ်ခင်ဗျာ…"

လမ်းညွှန်လိုက်တဲ့အတိုင်း ဆက်မောင်းလာရင်း… လမ်းရဲ့ဘယ် ခပ်ဝေးဝေးမှာ ထန်းပင်တွေ အစုပြုသော ရွာလေးတစ်ရွာကို လှမ်းမြင် သည်။ ရင်ထဲမှာ တဒိတ်ဒိတ်နှင့် ခုန်လာ၏။ လမ်းအနည်းငယ်ဆိုး ကားကို လိမ့်သည်ဆိုရုံလေး မောင်းလာရလေသည်။ ဖုန်တွေကတထောင်း ထ၏။



ရွာတံခါးဝမှာ ကလေးတစ်အုပ်ကို အရင်ဆုံးတွေ့ရ၏။ သူတို့က ဖုန်တလုံးလုံးနှင့် ဝင်လာသောကားလေးကို ငေးကြည့်နေကြလေသည်။

"ကလေး·· လာပါဦးကွ၊ မေးစရာရှိလို့ပါ"··လို့ ခေါ်လိုက်တော့ သူတို့ထဲမှ အသက်အကြီးဆုံး ကောင်လေးတစ်ယောက် ကားနားသို့ ပြေး လာ၏။

"ဒီရွာက ခင်မဏိဆိုတာ မင်းသိလား။ အဲ… ဒေါ်ခင်မဏိပေါ့ကွာ… ဦးတို့အရွယ်လောက်ပဲလေ··"

"ဒီရွာမှာ ဒေါ်ခင်မဏိဆိုတာ မရှိပါဘူးဗျ·· တစ်ခါမှ မကြားဖူးပါ ဘူး"

ဟုတ်သားပဲ… သူက၊ ကလေးအရွယ်ပဲရှိသေးတာဆိုတော့ မဏိကို သိချင်မှသိမှာပေါ့…

"နေပါဦးကွ·· ဒါညောင်ပင်တဲရွာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်·· ဒါညောင်ပင်တဲရွာပဲ"

"အေး·· အေး··။ ကျေးဇူးတင်ပါတယ်ကွာ·· ဒါပဲနော်"

ကလေးငယ်ကို နှုတ်ဆက်ပြီး ရွာထဲသို့ ဖြည်းဖြည်းချင်းမောင်းဝင်ခဲ့ လိုက်သည်။

ဘယ်အိမ်မှာ စုံစမ်းရရင်ကောင်းမလဲ… …

ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း ဖြည်းဖြည်းချင်းမောင်းဝင်လာခဲ့ရာ… နွားစာစဉ်းနေတဲ့ အသက်ငါးဆယ်ခန့်ရှိသော အမျိုးသမီးတစ်ယောက်ကို တွေ့ လိုက်ရတော့ စက်ရပ်ပြီး ကားပေါ်မှဆင်းလာခဲ့လိုက်မိသည်။

ထိုအမျိုးသမီးက ကျွန်တော့်ကို စူးစမ်းသလို ကြည့်နေသဖြင့် ခြံဝမှာ ရပ်ပြီးဝင်ခွင့်တောင်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ.. ကျွန်တော် ရန်ကုန်ကလာတဲ့ဧည့်သည်ပါ။ မေးစရာရှိလို့ ဝင်ခဲ့ပါရစေ"

သူမက နွားစာစဥ်းရင်းမှ ခေါင်းညိတ်ပြ၏။

"ဒီရွာက ခင်မဏိတို့အိမ်ကို သွားချင်လို့ပါ။ ဟို.. နည်းနည်းတော့ အသက်ကြီးပြီးပေါ့။ ကျွန်တော့်အရွယ်လောက်ပဲရှိမယ်.. အသက်လေးဆယ် ဝန်းကျင်လောက်ပေါ့"

"ဟင့်အင်း.. ဒီရွာမှာ အဲဒီနာမည်မျိုးမရှိပါဘူး"

"စဥ်းစားကြည့်ပါဦးအစ်မရယ်... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကျော် လောက်က ဒီရွာမှာ ဆယ်တန်းကို ငါဘာသာဂုဏ်ထူးနဲ့အောင်ခဲ့တဲ့ မိန်းကလေး တစ်ယောက်မရှိခဲ့ဖူးဘူးလားခင်ဗျာ။ စဥ်းစားကြည့်ပါဦး..."

သူမက နွားစာစဥ်းတာကို ရပ်ထားလိုက်ပြီး မျက်မှောင်ကြုတ်ကာ စဥ်းစားနေ၏။ ထို့နောက်...

"သြော်.. မှတ်မိပြီ။ ဟုတ်တယ် ဟုတ်တယ်.. ရှိခဲ့ဖူးတယ်"

"ဝမ်းသာလိုက်တာ အစ်မရယ်... ကျွန်တော်သူ့အိမ်ကို သွားချင်လို့ပါ။ ကျေးဇူးပြုပြီး လမ်းညွှန်ပါလားခင်ဗျာ.."

"သူ့အိမ်ကိုတော့ လိုက်ပြပေးလို့ရပါတယ်။ ဒါပေမယ့် သူတို့မရှိကြတော့ဘူး"

"ဗျာ!... သူတို့မရှိကြတော့ဘူး။ ဆုံးသွားတာလားဗျာ.."

"ဆုံးတာတော့ မဟုတ်ဘူး။ ဒါပေမယ့် သေလားရှင်လားဆိုတာလည်း မသိဘူး။ ဒီအကြောင်းတွေကို ကျွန်မကောင်းကောင်းမပြောတတ်ဘူး။ နေဦး.. ပြောပြနိုင်တဲ့ ဦးကြီးတစ်ယောက်တော့ရှိတယ်။ လာ လာ.. ကျွန်မလိုက်ပို့ ပေးမယ်.."

သူမခေါ်ဆောင်ရာသို့ ရင်တထိတ်ထိတ်နှင့် လိုက်ပါလာခဲ့ရလေသည်။



ထိုအမျိုးသမီးက...

"အဲဒီလူကြီးက ရွာလူကြီးဟောင်းလေ... သူက ရှင်မေးတဲ့ ခင်မဏိ အိမ်မှာပဲနေတာ။ သူနဲ့တွေ့ရင် သိချင်တာတွေ မေးကြည့်ပေါ့.." ဟုပြော၏။

စိတ်လှုပ်ရှားခြင်းများဖြင့် သူမနောက်မှလိုက်လာရင်း... ရွာ၏တောင် ဘက်အစွန်ပိုင်းအထိ ရောက်လာ၏။ ရွာတံခါးဝကိုပင် ခပ်လှမ်းလှမ်းမှာ မြင်နေရ သည်။ လမ်းပြသောအမျိုးသမီးက ကျွန်တော့်ကို ခြေတံရှည်အိမ် မြင့်ကြီး တစ်လုံးဆီသို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက်... ထိုအိမ်အောက်မှာ ထိုင်နေသော အဖိုးကြီးတစ်ယောက်နှင့် မိတ်ဆက်ပေးပြီး ပြန်ထွက်သွားလေ သည်။ ထိုအဖိုးကြီးက ကျွန်တော့်ကို စူးစမ်းသလိုမေးလာ၏။

"မောင်ရင်က ခင်မဏိတို့အကြောင်းကို ဘာဖြစ်လို့သိချင်ရတာတုန်း ကွ။ သူတို့နဲ့ဘယ်လိုများ ပတ်သက်နေလို့လဲ..."

"ကျွန်တော်က.. ကျွန်တော်က ခင်မဏိရဲ့ သူငယ်ချင်းပါအဘ။ ဆယ်တန်းတုန်းက ခင်မဏိနဲ့ တစ်ခန်းတည်းကျောင်းတက်ခဲ့ တာလေ... ခု ပျော်ဘွယ်ကိုလာရင်း ခင်မဏိကို သတိရလို့ လာလည်တာ ပါ အဘ။ ခင်မဏိတို့အကြောင်းကို အဘသိသလောက် ပြောပြပါလား ခင်ဗျာ..."

မှန်ကန်မှုမရှိတဲ့စကားကို ပြောလိုက်ရသဖြင့် မလုံမလဲ ခံစားရ၏။

"သြော်.. သြော်.. ဒီလိုလား။ အေးကွာ.. မင်းသူငယ်ချင်းအကြောင်း ပြောရရင်တော့ စိတ်မကောင်းစရာတွေချည်းပါပဲကွာ...

သူ့အဖေ ကိုနန္ဒက ရွာလူကြီးပေါ့.. အဘနဲ့အတူ ဒီရွာကို အုပ်ချုပ် ခဲ့တာလေ။ သိပ်ပြီး ကတိသစ္စာရှိတဲ့၊ အင်မတန်ရိုးသားတဲ့၊ ကိုယ့်ကျင့်တရား သိက္ခာကို အသက်ထက်မက တန်ဖိုးထားတဲ့ လူတစ်ယောက်ပေါ့. သူ့တာလည်း အကြီးသားလား...

www.burmeseclassic.com



ပြောရရင် သူ့စိတ်က သူ့ကို ပြန်သတ်သွားတဲ့အထိပါပဲကွ
သူဆုံးပြီး ရက်လည်တဲ့နေ့မှာပဲ ခင်မဏိလေး ဒီရွာကနေ ပျောက်ခြင်း
ပျောက်သွားလိုက်တာ နချိန်ထိပါပဲ မောင်ရင်ရယ်…။ သေလားရှင်
တော့ အဘလည်းမသိပါဘူးကွာ…"

"ဗျာ… ဒီရွာကနေ ပျောက်သွားတယ်…။ ဟုတ်လားအဘ

"ဟုတ်တယ်မောင်ရင်… သူ့အဖေရက်လည်တဲ့နေ့မှာပဲ ခင်
ရွာကနေ ထွက်သွားတယ်လို့ ယူဆရတာပဲ။ ဘာမှမပြောမဆိုပဲ ဖြုတ်
ပျောက်သွားတာကွယ့်…။ ဘာပစ္စည်းမှလည်း ယူမသွားဘူး… အိမ်ကြီး
လည်း ဒီအတိုင်းဟောင်းလောင်းကြီး ထားပစ်ခဲ့တာ။ အဘရော… ရွာက
ရော ချက်ချင်းတောင် သတိမထားမိခဲ့ကြဘူး။ နှစ်ရက်သုံးရက်လောက်
ခင်မဏိဒီရွာမှာ မရှိတော့ဘူးဆိုတာ သိကြရတာ…"

"ဒါဆိုအခု ခင်မဏိ ဘယ်မှာရှိတယ်ဆိုတာ အဘတို့မသိကြ
ပေါ့…"

"ဘယ်သိမှာလဲမောင်ရယ်… ဘယ်သူ့ကိုမှ အသိမပေးပဲ
ချင်းမလှပျောက်သွားတာကွ။ ဒီနေ့အထိလည်း ဘာသတင်းအစအနမှ
ရဘူး"

ကျွန်တော်ဘာဆက်ပြောရမှန်းပင် မသိတော့…

ရင်ထဲမှာ ဝမ်းနည်းကြေကွဲခြင်းတွေဖြင့် ဆို့နင့်လာ၏။

ဘာပဲဖြစ်ဖြစ် သဲလွန်စတစ်ခုခု ရလိုရငြား မဏိတို့မိသားစုအ
ကို မေးကြည့်ရန် သတိဝင်လာ၏။

"ကျေးဇူးပြုပြီး သူတို့အကြောင်းကို အဘသိသလောက် ပြော
လား အဘရယ်… ကျွန်တော့်မှာ သိပ်အရေးကြီးတဲ့ အကြောင်းကို
ရှိနေလို့ပါ။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် ခင်မဏိနဲ့ ချစ်သူတွေ



တယ်။ အခုအချိန်မှာ ခင်မဏိဟာ ကျွန်တော့်ဘဝအတွက် သိပ်အရေးကြီး
သူ ဖြစ်နေလို့ပါ…"

"ဟော့!… မောင်ရင်က ခင်မဏိရဲ့ချစ်သူ… ဟုတ်လား? …"

အဖိုးကြီးပါးစပ်မှ ပြုတ်ကျသွားတဲ့ ဆေးပြင်းလိပ်လေးကို ပြန်ကောက်
လိုက်ရ၏။

"ဟုတ်ပါတယ်အဘရယ်… ကျွန်တော် ခင်မဏိရဲ့ ချစ်သူပါ…"

"ဒါဆို… ခင်မဏိရဲ့ကိုယ်ဝန်က မောင်ရင်နဲ့…"

"ဟုတ်ပါတယ်အဘ… ကျွန်တော်လာခဲ့တာ အဲဒီကိစ္စအတွက်ပါ"

"ဖြစ်မှဖြစ်ရတယ်မောင်ရင်ရယ်… ဒီလောက်နှစ်တွေအများကြီး
ပြီးမှများ ရောက်လာရတယ်လို့ကွယ်။ ခုချိန်မှ လာလို့ဘာထူးတော့မှာတုန်း
… အားလုံးလွန်ကုန်ကြတာ ဘယ်နှစ်နှစ်တွေတောင် ရှိသွားပြီလဲ။
နယ်ကွယ်…"

အဖိုးကြီး၏ မကျေမချမ်းရေရွတ်သံက လူကိုဘယ်လိုရမှန်းမသိ
အောင် သိမ်ငယ်သွားစေတော့သည်။

"ကျွန်တော့်အမှားတွေပါအဘရယ်… ရှင်းပြနေလို့လည်း
တော့ပါဘူးဗျာ။ သူတို့အကြောင်းတွေကိုသာ အဘသိသလောက် ပြောပြပါ
…"

အဖိုးကြီး မျက်ဝန်းထဲမှ ဒေါသအရိပ်အယောင်တွေကို မသိကျိုးကျွန်
ပြီး မေးလိုက်မိလေသည်။

"ကိုနန္ဒသေရတာ အဲဒီကိစ္စကြောင့်ပဲကွ။ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီး
သူ့သမီးလေးအတွက် အရှက်ရပြီး ဦးနှောက်သွေးကြောပြတ်လို့ သေသွား
တာ"

"ဗျာ… ကျွန်တော် နားမရှင်းဘူးအဘ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း.. ခင်မဏီလေးက ခေါင်းမာတယ်.. သူ့ကိုယ်ဝန် ဘယ်သူ့ရတာလဲလို့ ဖအေလုပ်တဲ့သူကမေးတော့ လုံးဝမပြောဘူး။ ကိုယ်ဝန်ဖျက်ချခိုင်းတော့လည်း လုံးဝလက်မခံဘူးကွ။ လိမ္မာရေးခြားရှိလွန်းလို့ စာတော်လွန်းလို့ တစ်ရွာလုံးရဲ့ စံပြဖြစ်နေတဲ့ သူ့သမီးလေးရဲ့အဖြစ်ကို မခံစားနိုင်လွန်းလို့ ဒေါလွန်ပြီး အသေစောခဲ့ရတာ။ သူ့အမေလည်းသေပြီးရော ခင်မဏီလည်း ပျောက်သွားတော့တာပဲ။ အင်း... ကံစီမံရာပေါ့ကွယ်.. ရုတ်တရက်ဆိုတော့ ငါလည်းဒေါသထွက်သွားမိတယ်။ စိတ်မရှိပါနဲ့မောင်ရင်ရယ်မကောင်းဘူးကွယ်.. အပေါင်းတွေ အသစ်ဖြစ်ရတယ်"

"ရပါတယ်အဘရယ်.. ကျွန်တော်နားလည်ပါတယ်.."

"နေပါဦးကွဲ့... မောင်ရင်က ဘယ်တွေများရောက်နေလို့ ဒီအကြောင်းတွေကို မသိရတာလဲ..

"မေးနေပြီမဏီရေ... ငါအကြောက်ဆုံးမေးခွန်းကို မေးနေပြီ...

ငါ့ရင်ထဲမှာ မချိလိုက်တာမဏီရယ်...

ငါ့လူစိတ်မရှိလို့ ဖြစ်ခဲ့ရတဲ့အကြောင်းတွေကို... ငါဘယ်လိုပြန်ပြော မလဲဟင်...

ငါ့ရဲ့သိက္ခာအတွက်၊ နင်ရဲ့သိက္ခာအတွက် လိမ်ညာပြီး ဖြေခဲ့ပါရစေ တော့ မဏီရယ်...

"နိုင်ငံခြားကို ရောက်နေလို့ပါအဘရယ်.. ဒီလိုတွေဖြစ်လာလိမ့်မယ်လို့ လည်း မထင်ခဲ့မိဘူးလေ။ သူတို့အကြောင်းတွေကို အဘသိထားသလောက် ပြောပြပါဦးဗျာ... ကျွန်တော့်အတွက် သဲလွန်စလေးရလိုရငြားပေါ့.."

အဖိုကြီးက သက်ပြင်းရှည်ကြီးကို မသက်မသာ ချပစ်လိုက်ပြီး ဆက်ပြော၏။

"အင်း... ကိုနန္ဒအဘိုးအဘွားတွေက မန္တလေးဘက်က သူဌေး သူကြွယ်မျိုးရိုးတွေပေါ့ကွယ်။ ကိုနန္ဒပြောခဲ့တဲ့စကားတွေအရဆိုရင်တော့



ရတနာကုန်သည်တွေပဲ။ အင်္ဂလိပ်တွေတက်လာတော့ ဒီရွာကို ပြေးလာကြပြီး တိတ်မြုပ်နေခဲ့ကြတာပေါ့ မောင်ရင်ရယ်။ ဒီအိမ်ကြီးကိုပဲကြည့်.. တစ်ချိန်က အလွန်ချမ်းသာ တဲ့လူတွေမှနေနိုင်တဲ့အိမ်မျိုးကွဲ့..."

ရေနံချေးတွေဝပြီး မည်းမည်းမှောင်နေတဲ့ နှစ်ဆောင်ပြိုင်ခြေတံရှည် အိမ်ကြီးကို တစ်ချက်အကဲခတ်လိုက်မိ၏။

"တိုင်းပြည်အေးချမ်းသွားတော့ ကိုနန္ဒဘကြီးများက မန္တလေးကို ပြန် ပြောင်းချင်တယ်။ ဒါပေမယ့် အကြောင်းတစ်ခုကြောင့် ဒီရွာမှာပဲ သောင်တင် နေခဲ့ကြတယ်။ အဲဒါဘာကြောင့်လဲဆိုတော့ ဘိုးစဉ်ဘောင်ဆက် ကြွယ်ဝချမ်းသာ တဲ့ ကိုနန္ဒရဲ့အဘိုးက သူတို့မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်ခဲ့ကြတဲ့ ရတနာပစ္စည်း တွေကို တစ်နေရာမှာ ဖွက်ထားခဲ့တယ်လေ.. အဘိုးဆိုတာက ကိုနန္ဒအမေရဲ့ အဘိုးကြီးကို ပြောတာပေါ့.. မောင်ရင်နားလည်ရဲ့လား.."

"နားလည်ပါတယ်အဘ.. ဦးနန္ဒနဲ့ဆို ကြားမှာ နှစ်ဆက်ခြားသွား ပြီပေါ့"

"အေးအေးဟုတ်တယ်.. ကိုနန္ဒအမေကနေစပြီး ရေတွက်ရင် နှစ်ဆက်ခြောက်ပေါ့ကွယ်။ အေး.. အဲဒီအဖိုးကြီးက ရတနာပစ္စည်းတွေကို ဘယ်သူမှမသိအောင် တစ်နေရာမှာ ဖွက်ထားခဲ့တယ်။ အဲဒီတုန်းက ခေတ်မ ကောင်းတော့ သူခိုး၊ ဓားပြရန်ကလည်း ကြောက်ရသေးတယ်မဟုတ်လား... ပစ္စည်းတွေရှိတဲ့နေရာကို အဲဒီအဖိုးကြီးကလွဲပြီး ဘယ်သူမှမသိကြဘူး။ အဖိုး ကြီးသေတော့လည်း လယ်လုပ်ရင်း ပိုးထိပြီးသေတာဆိုတော့ ဘယ်သူ့ကိုမှ ပြောချိန်မရလိုက်တော့ဘူး။

ကိုနန္ဒတို့မိဘတွေ အစဉ်အဆက် ဒီပစ္စည်းတွေကို နည်းမျိုးစုံနဲ့ မကျန်အောင် ရှာခဲ့သေးတာပဲ.. ကံမပါလို့ မထိုက်လို့နေမှာပေါ့ကွယ် ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး။ ဒါပေမယ့် တစ်နေရာရာမှာရှိနေတာက အသေအချာ ဆိုတော့ သူတို့တစ်တွေ ဒီရွာက မခွာနိုင်ကြတော့ဘူးပေါ့ကွယ်... ...

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးတွေ မပြေမလည်ဖြစ်လာကြတော့လည်း ဒီရွာမှာပဲ ကုပ်ကပ်ပြီး နေနေကြရတော့တာပေါ့။ တစ်နေ့ပြန်တွေ့နိုး… တစ်ချိန်မှာ ပြန်ရနိုးနဲ့ နေလာခဲ့ကြတာ နောက်ဆုံးကျတော့ ဇာတ်သိမ်းမကောင်းခဲ့ကြပါဘူးကွယ်… အဖြစ်ဆိုးတွေနဲ့ ဇာတ်သိမ်းသွားကြရရှာတယ်။

ကိုနန္ဒဆုံးသွားပြီးကတည်းက ဒီအိမ်နဲ့ ဒီဝိုင်းကြီးကို အဘပဲ စောင့်ရှောက်လာခဲ့ရတာ ခုထိပါပဲ။ အဘမြေးတွေ၊ အဘသားတွေလည်း ဒီဝိုင်းထဲမှာ နေရာမကျန်အောင် တူးဆွပြီးရှာခဲ့ကြသေးတယ်ကွ… နောက်ဆုံးတော့ လက်လျှော့လိုက်ရတော့တာပဲ။ ဘယ်သူနဲ့မှ မထိုက်လို့နေမှာပေါ့ မောင်ရင်ရယ်… ကြာတော့လည်း အဲဒီကိစ္စကို ဘယ်သူမှ စိတ်မဝင်စားကြတော့ပါဘူး။”

“ခင်မဏိရဲ့ အမေကရော အဘ…”

“ခင်မဏိအမေက ဒီရွာသူကွယ့်… သူလည်းကံဆိုးတာပဲ။ မိမရှိ ဘမရှိ တစ်ကောင်ကြွက်ဘဝနဲ့ နေလာခဲ့တာလေ။ ကိုနန္ဒနဲ့အကြောင်းပါပြီး ခင်မဏိလေး ခပ်ငယ်ငယ်မှာပဲ ဆုံးသွားခဲ့ရှာတယ်။ ကိုနန္ဒက ရှိတဲ့ပစ္စည်းလေးတွေ ထုခွဲရောင်းချပြီး လယ်အလုပ်တွေ ဆက်လုပ်ခဲ့တယ်… သီးနှံအရောင်းအဝယ်တွေလုပ်တယ်။ သားအဖနှစ်ယောက် ရိုးရိုးသားသားနဲ့ အေးအေးချမ်းချမ်းလေး လုပ်ကိုင်စားသောက်နေပြန်တော့လည်း ကံကြမ္မာက မျက်နှာသာမပေးဘူး။ ဖအေက သမီးစိတ်နဲ့သေ၊ သမီးက ပျောက်ခြင်းမလှပျောက်သွားနဲ့ လမ်းစကို ပြတ်တော့တာပါပဲကွယ်…”

အဖိုးကြီးက ဝမ်းနည်းကြေကွဲတဲ့လေသံကြီးဖြင့် စကားကို အဆုံးသတ်၏။

ဖြစ်မှဖြစ်ရတယ် မဏိရယ်… ဖြစ်မှဖြစ်ရတယ်ဟာ… …

ဒါတွေဟာ ငါ့ကြောင့်ဖြစ်ခဲ့ရတာ။ ငါ အသုံးမကျလို့ တစ်ကိုယ်ကောင်း ဆန်လို့ အခုလိုတွေ ဖြစ်ခဲ့ရတာ… ငါဆိုတဲ့ အသုံးမကျတဲ့ကော



… ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုကလွဲပြီး ဘာကိုမှ မတွေးတတ်၊ မစာနာ ခဲ့တာပါလား…

ခုတော့ ငါ့ရင်တွေ ကွဲရပြီ မဏိရေ…

ငါ့ကို တစ်ကိုယ်ကောင်းဆန်တယ်လို့ နင်ထပ်ပြီး ပြောလိုက်ပါတော့ ။ ငါလေ… ငါ… ငါ့ရင်သွေးလေးကို တွေ့ချင်လိုက်တာဟာ… …

“ကဲ ကဲ… မောင်ရင်… ငါသိတာတော့ ဒါအကုန်ပဲ။ အချိန်ရှိတုန်း ဆက်စရာရှိတာဆက်ပေါ့ကွယ်။ လူ့ဘဝဆိုတာ တွေ့ဆုံကြုံကွဲ ဖြစ်မြဲ တာပဲလေ… ကံသာအမိ၊ ကံသာအဖလို့သာ စိတ်ကိုဖြေပေတော့ ရင်…”

မဏိတို့အကြောင်းတွေကို စိတ်ရှည်လက်ရှည် ပြောပြခဲ့တဲ့ အဘိုးကြီး နှုတ်သောင်းကန်တော့ပြီး ချိန္ဒွဲလေးလံစွာပြန်လာခဲ့ရတော့သည်။

ယူကျုံးမရသောစိတ်များက ရင်နှင့်မဆံ့အောင် ပြည့်ကျပ်လာ၏။

ငါနင့်ကိုသနားလိုက်တာမဏိရယ်။ နင် ဘယ်ကိုများ ထွက်သွား …

ငါနင့်ကို ဘယ်လိုလိုက်ရှာရမလဲ…

နင်ဘယ်မှာလဲမဏိ ? … … … … … …

‘ညောင်ပင်တဲ့ရွာ’ က အပြန်ခရီးဟာ ကျွန်တော့်အတွက် အဆုံးစွန် တိုင်းအတာအထိ ကျက်သရေကင်းမဲ့တဲ့ အသွင်ကိုဆောင်နေပါတယ်။ ကားကို စိတ်မပါလက်မပါမောင်းလာရင်း… လက္ခပင်ကြီးနားကို တော့ ရပ်ပစ်လိုက်မိလေသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပေမယ့် ကြီးကတော့ အရင်အတိုင်းပင်ရှိနေဆဲဖြစ်၏။ ကားပေါ်မှဆင်းပြီး… ကြီးဆီသို့ လေးကန်စွာ တစ်လှမ်းချင်း လှမ်းလာခဲ့လိုက်မိလေသည်။

www.burmeseclassic.com



ရင်အစုံသည် ဝေဒနာတို့ဖြင့် လေးလံလွန်းလှ၏။

တစ်ရှိန်က… ပေါ့ပါးလွယ်ကူစွာဖြတ်ကျော်ပစ်ချခဲ့ဖူးသော

သံယောဇဉ်ကြီးတို့က နှလုံးသားကို အညှိုးကြီးစွာ ချည်နှောင်ရစ်ပတ်ကြ

တစ်ရှိန်က… ဒီနေရာလေးမှာ ဖြစ်ပျက်ခဲ့ဖူးတဲ့ ဖြစ်ရပ်တို့က နှ

အိမ်ကို ရက်စက်စွာ ထိုးနှက်တိုက်ခိုက်လာကြ၏။

ကိုယ်ကိုယ်တိုင် ရက်ရက်စက်စက် ဖြတ်ချခဲ့ဖူးတဲ့ သံယောဇဉ်

တစ်စကို အသက်ထက်မက မြတ်နိုးတပ်မက်မှုတွေနဲ့ လိုက်လံရှာ

မိတဲ့သူက ကျွန်တော်ကိုယ်တိုင်ပဲတဲ့…။ "ဟား… ဟား… ဟား…

ကိုယ့်ကိုယ်ကိုယ်နာကြည်းစွာ လှောင်ပြောင်သရော်ရင်း… ဆို

ဆဲရေးလိုက်မိ၏။

"ဒီနေ့ဟာ… နှင့်ဘဝမှာ ငါ့ကို နောက်ဆုံးအကြိမ်တွေ့မြင်ရခြင်း

နှင်ပျော်ပျော်ကြီး မှတ်သွားလိုက်ပါ"

မဏိကိုယ်တိုင် နာကြည်းစွာ ပြောခဲ့ဖူးတဲ့စကား…

ဟား…။ နှင့်ရဲ့အရိပ်… နှင့်ရဲ့သဏ္ဍာန်… နှင့်ရဲ့အသံတွေကို ငါ

မြင်နေရတယ်။ ပြန်ကြားနေရတယ် မဏိရယ်…

အခုအချိန်မှာ… ငါအမုန်းဆုံးလူတစ်ယောက်ကို ပြပါဆိုရင်…

လူဟာ… အဲဒီလူဟာ ငါကိုယ်တိုင်ပါပဲ…။

ငါအရွံရှာဆုံးအရာကို ပြပါဆိုရင်တော့… အဲဒီအရာဟာ… ငါ

သားပါပဲမဏိ…

နှင်ယုံရဲ့လားဟင်…

ငါငိုနေတယ်မဏိ။

ငါ့နှလုံးသားတွေလည်း ငိုကြွေးနေကြတယ်…



သူ၏နှုတ်ခမ်းပြင်နှင့် လက်ဖဝါးပြင်ကြီး၏ ပင်စည်တို့ အရှိန်ပြင်းစွာ အကြိမ်ကြိမ်

ဆိတွေ့ကြလေသည်။ စေးထန်းသော သွေးစက်တို့ ပင်စည်မှာ စွန်းထင်းသွား

၏။

ထိုစဉ်မှာပင်…

ချိန်းဆိုထားခြင်းမရှိသောမိုးက ရုတ်တရက် သည်းထန်စွာ ရွာချ၏။

မိုးခြိမ်းသံတို့ အဆက်မပြတ် မြည်ဟီးပေါက်ကွဲ၏။

လျှပ်ရောင်တို့ တဖျပ်ဖျပ်နှင့် မနားတမ်း ကွန့်မြူးကြ၏။

အမှားများနဲ့ အတိတ်ညတစ်ညက စိတ္တဇဆန်စွာ သူ၏ဝိညာဉ်ကို

ဖမ်းကပ်သွားတဲ့အခါ… …

"မ ဏိ ရေ… … …"

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ရေချိုးခန်းမှထွက်လိုက်သည်နှင့် သားကြီးကို သတိရ၏။

"ဟာ.. ဒီနေ့ငါပြန်လာတာကို သားကြီး လာမကြိုပါလား ဘယ်ရောက်နေပါလိမ့်.."

အဝတ်လဲပြီးသည်နှင့် အိမ်အပြင်သို့ ထွက်ခဲ့လိုက်သည်။

"သားကြီးရေ... ချိုကြီး...။ သားကြီးရေ... ချိုကြီး... ...

သားကြီးရဲ့ တုံ့ပြန်သံကိုမကြားရ...။

"ရော်... ဒီကောင်ကြီး ဘယ်များရောက်နေတာပါလိမ့်..."

သားကြီးကို အော်ခေါ်ရင်း... ပန်းပင်တွေ ရေလောင်းနေတဲ့ "ဦးမြ နားအထိ လျှောက်သွားလိုက်သည်။

"ဦးလေးမြ...၊ သားကြီးရော.. ကျွန်တော် ပြန်လာကတည်းက မတွေ့လို့"

"ဟော... စောစောကမှ ခြံပြင်ထွက်သွားလို့ လိုက်ခေါ်ထား[illegible]တာ ရှိမှာပါ.. အိမ်နောက်ဖေးမှာများရှိမလားပဲ..."

"ကျွန်တော်သွားကြည့်လိုက်ပါဦးမယ်ဗျာ... အပြင်ထွက်သွားမှာ လို့..."

ဦးမြကိုပြောပြီး အိမ်နောက်ဘက်အထိ ပတ်လာခဲ့လိုက်တဲ့အခါ ချိုကြီးကို မီးဖိုဆောင်ဘေးနားမှာ တွေ့လိုက်ရ၏။



"ဟော့ကောင်သားကြီး။ ချိုကြီးရေ... ဖေကြီးပြန်လာပြီလေကွာ.. ကောင်ကြီး..."

သူ့အနားမှာ ထိုင်ချလိုက်တဲ့အထိ သားကြီး ကျွန်တော့်ကို လုံးဝ [illegible]ဆိုက်...။ အနီရောင်ပလတ်စတစ် ဈေးခြင်းတောင်းကြီးကို ဒေါသတကြီး [illegible]ကိုက်ဖြဲလို့နေ၏။

တဂဲဂဲနှင့်.. မာန်ဖီပြီးကိုက်ဖြဲနေခြင်းပါ... ...

"မှားပါတယ်ချိုကြီးရယ်... နင်နဲ့မှ တည့်တည့်တိုးရတယ်လို့ပဲ။ [illegible]လေ... ငါကလည်းငါပဲ... နင်မုန်းတဲ့အနီရောင်ကိုမှ မေ့ပြီးဝယ်လာ[illegible]တယ်။ ဟင်း.. ဟင်း.. ဟင်း.."

အသံကြားလို့ လှည့်ကြည့်လိုက်တော့ မီးဖိုဆောင်တံခါးဝမှာ [illegible]ထောက်ပြီးရပ်နေတဲ့ 'အမေတူး' ကို တွေ့လိုက်ရသည်။

အမေတူးက... ကျွန်တော့်ကို ရယ်ရွှယ်ပြီးပြောလာ၏။

"ကြည့်ပါဦးသားရယ်... ခြင်းတစ်ခုလုံး ရစရာမရှိတော့ဘူး။ အဲဒါ [illegible]ဝယ်လာတာ... ငါးပိတွေပေကုန်လို့ ရေဆေးပြီးလှန်းထားတာကို [illegible]အချိန်က တွေ့သွားလိုက်တယ်မသိပါဘူးကွယ်..."

"ရှိပါစေတော့ အမေတူးရာ... နောက်တစ်ခါဝယ်ရင် တခြားအရောင် [illegible]ပေါ့။ ဒီကောင်ကြီးက အနီရောင်ဆို အသေမုန်းတာဗျ... လုံးဝမရဘူး။ [illegible]လား.. သဲကြီးမဲကြီးကို ကိုက်ဖြဲနေတာ"

"ဟုတ်ပါ့တော်.. ကြောက်စရာတောင်ကောင်းတယ်။ ကိုချိုကြီးတို့ [illegible]တော့စံပဲ..."

အမေတူးက မီးဖိုဆောင်ထဲသို့ ပြန်ဝင်သွား၏။

ချိုကြီးကတော့ ခြင်းတောင်းအနီကြီးကို မာန်ဖီပြီး ကိုက်ဖြဲနေဆဲ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်သားကြီး… စိတ်ကိုလျှော့ကွာ။ မင်းဘာဖြစ်လို့ အနီရောင်ကို ဒီလောက်တောင် မုန်းနေရတာလဲကွ။ လွှတ်… လွှတ်… လွှတ်စမ်းပါ ကွာ။ လာ… မေကြီးနဲ့ကစားရအောင်"

ဒီလောက်ချော့နေတာတောင် မလွှတ်ချင်သေး…

တဂဲဂဲနှင့် မာန်ဖီရင်း ကိုက်ဆွဲနေပြန်သည်။ ဒီကောင်ကြီး ဘယ် ဖြစ်တာလဲ မသိပါဘူး။ အနီရောင်ဆိုရင် ရကို မရဘူး… …

"လွှတ်စမ်းပါကွာ… မေ့သားကြီးက လိမ္မာပါတယ်။ လွှတ် လွှတ်…"

ချော့ရင်း… ဓွတ်အတင်း ဆွဲလုလိုက်မှ ကျွန်တော့်လက်ထဲ ခြင်းထောင်အစုတ်ကြီးပါလာတော့သည်။ ဒါတောင်မာန်ဖီပြီး လိုက်ဆွဲ တုန်း… …

"တော်ပြီ။ လာ… မေကြီးနဲ့ကစားမယ်" ခြင်းအစုတ်ကြီး ပေပါအဟောင်းကြီးထဲသို့ ပစ်ထည့်လိုက်မှ ချိုကြီး ဒေါသတွေ ပြေသွား တော့သည်။ အခုကျတော့လည်း စောစောက ဒေါသတွေထွက်နေတာ သူမဟုတ် သလို ကျွန်တော့်ရှေ့မှာ ခုန်ပေါက်မြူးထူးပြန်နေပြန်သည်။

'ချိုကြီး' ဆိုတာက… ဒိုဘာမင်အမျိုးအစား အနက်ရောင်ခွေးကြီး

အရွယ်ငယ်သေးတာကြောင့် အရပ်သိပ်မမြင့်သေးပေမယ့် ဒေါ အလွန်ကြီး၏။ ချိုကြီးရဲ့ထူးခြားချက်က အနီရောင်ကို အသေမုန်းခြင်းဖြစ်သည် အနီရောင်ရှိတဲ့ပစ္စည်းဆိုရင် ဒေါသတကြီး ကိုက်ဖြဲဖျက်ဆီးပစ်တတ်လွန်း အိမ်မှာ ဘာအနီရောင်ပစ္စည်းကိုမျှ မထားရဲ…။

သူ့အကြောင်းမသိခင်တုန်းက ဝယ်ထားခဲ့မိတဲ့… အနီရောင်ကူ ဖိနပ်တွေ၊ အနီရောင်စားပွဲခင်းတွေ၊ အနီရောင် ဆိုဖာခုံပုလေးတွေ တစ် အကောင်းမရှိတော့…။



အနီရောင်အဆင်အသွေးရှိတဲ့ အခမတူးလုံချည်တွေ တစ်ထည်မှ ရစရာ မရှိအောင် ကိုက်ဖြဲခြင်းခံခဲ့ရ၏။ ယုတ်စွအဆုံး ကားထဲမှာထားတဲ့ အနီရောင် ခွေးပွ အရုပ်သေးသေးလေးတွေကိုတောင် မရရအောင် ဖျက်ဆီးပစ်တတ် သည်။

တစ်ခါကလည်း အနီရောင်အင်္ကျီဝတ်လာတဲ့ သူငယ်ချင်းတစ်ယောက် ကို လိုက်ဆွဲနေလို့ အင်္ကျီချွတ်ပစ်လိုက်ရဖူးသည်။ အင်္ကျီကိုချွတ်ပြီး ပုဆိုးကြား ထဲမှာ ဖွက်ထားလိုက်တော့မှ ချိုကြီးငြိမ်ကျသွားတော့သည်။ အိမ်ကိုလာတတ် တဲ့ ကျွန်တော့်မိတ်ဆွေတွေအားလုံး ချိုကြီးအကြောင်းကို ကောင်းကောင်းသိထား ကြလေသည်။

"သားကြီးရယ်… မင်းဘာဖြစ်လို့ အနီရောင်ကို ဒီလောက်တောင် မုန်းနေရတာလဲကွာ…" ဟုပြောတိုင်း… ကျွန်တော်ပြောတာကို နားလည်သည့် အလား 'တဂဲဂဲ' နှင့် မာန်ဖီပြတတ်သေး၏။ အံ့သြစရာတော့ကောင်းသည်။

အနီရောင်ကိုမုန်းတဲ့ 'ချိုကြီး' က… ကြောင်မလေး 'နီးနီး' နှင့်ကျတော့ အလွန်တည့်နေပြန်သည်။ ခွေးနဲ့ကြောင်ဆိုပေမယ့် ချိုကြီး နီးနီးကို အနိုင်မကျင့် တတ်… သူ့အစာခွက်ကို နီးနီးလာနှိုက်စားလျှင်တောင် နောက်ဆုတ်ပေး တတ်သည်အထိ ညှာတာတတ်သည်။

တစ်ခါတစ်ရံနီးနီးက ချိုကြီးရင်ခွင်ထဲမှာဝင်ပြီး အိပ်နေတတ်ပြန်သည် ဆိုတော့… ကျွန်တော်တို့အားလုံး ချိုကြီးနဲ့နီးနီးကို တအံ့တသြဖြစ်နေကြရ၏။ သားသမီးမရှိတဲ့ ကျွန်တော်ဟာ… ချိုကြီးနဲ့ နီးနီးကိုသာ အဖော်လုပ် ပြီး… ကျွန်တော်ရဲ့ တစ်ကိုယ်ရေအထီးကျန်အချိန်များကို ကြိုးစားဖြတ်သန်း နေခဲ့ရလေသည်။ ကျွန်တော့်အတွက်တော့ ချိုကြီးနဲ့နီးနီးဟာ ကျွန်တော့်ရဲ့ သားသမီးလေးတွေလိုပါပဲ… … …

မဏိတို့သားအမိကို ဘယ်လိုမှ ရှာလို့မရနိုင်တော့တူး… ဆိုတဲ့အသိ…

www.burmeseclassic.com

www.burmeseclassic.com



မဏိတို့သားအမိနဲ့ ဒီတစ်သက်ပြန်မဆုံနိုင်တော့တူး… ဆိုတဲ့ အသိတွေကြော
အလူးအလဲပူဆွေးသောကရောက်နေရတဲ့အချိန်မှာ ဦးမြနဲ့ဒေါ်တူး ယူလာပေ
ခဲ့ကြတဲ့ စိတ်ဖြေဆေးလေးတွေပါ။ လက်ဆောင်လေးတွေပါ… ။

"မောင်ရာဇာ ပျင်းနေတဲ့အချိန်တွေမှာ အဖော်လုပ်ရတာပေါ့ကွာ
ခြံလည်းလုံတာပေါ့။ ဒီကောင်ကြီးတွေက သင်ပေးရင်တတ်လွယ်တယ်ကွ"
လို့ ဆိုခဲ့တုန်းက…

'ဦးမြနယ်.. ငါ့ကိုခွေးနဲ့မျှား အဖော်လုပ်နိုင်းရတယ်လို့မဲ..' ဟု
တွေးမိခဲ့သေးသည်။ ဒါပေမယ့်… အနေကြာလာတော့လည်း တဖြည်းဖြည်း
သံယောဇဉ်ဖြစ်လာပြီး.. အိမ်ပြန်လာလို့ ချိုကြီးကို မတွေ့ရလျှင်တော
မနေတတ်သလိုလို ဖြစ်လာခဲ့ရ၏။

BURMESE CLASSIC

ချိုကြီးက လိမ္မာသည်။ သင်လျှင်တတ်လွယ်သည်။

ခြံဝမှ သတင်းစာကို ကျွန်တော့်ဆီသို့ ယူလာပေးတတ်သည်။ အ
ကို ပစ်လိုက်တဲ့ဘောလုံးငယ်ကို မြေပြင်ပေါ်မကျခင် မိအောင်ဖမ်းပြီး ကျွန်တေ
ဆီသို့ ပြန်လာပေးတတ်သည်။ မနက်ခင်းတွေမှာ နိုးစက်မြည်နေပြီး ကျွန်တေ
အိပ်ယာမှမထလျှင်.. စောင်ကိုဆွဲချပြီး ကျွန်တော်အိပ်ယာမှ မထ ထအော
နိုးတတ်သူဖြစ်သည်။

ကျွန်တော်အလုပ်မှပြန်လာလျှင် ဝမ်းသာအားရ ကြိုဆိုလေ့ရှိပြီး
ကျွန်တော်အလုပ်ကိုသွားလျှင် ကားနားအထိ လိုက်ပို့တတ်သူဖြစ်သည်။
တံခါးပေါက်မှာမေးတင်ပြီး ကျွန်တော်ကို နှုတ်ဆက်တဲ့ပုံက.. အပြင်သွား
အဖေတစ်ယောက်ကို မုန့်ဝယ်ခဲ့ဖို့ မှာနေတဲ့သားလေးတစ်ယောက်ကဲ့
ကျွန်တော့်စိတ်ကို ထင်မှတ်စေ၏။

"တဲ.. မေကြီးဆေးရုံသွားတော့မယ် သားကြီးအိမ်ထဲဝင်တော့.."
ပြောလိုက်တာနဲ့ အိမ်ထဲကို လျှောကနဲပြေးဝင်သွားပြီး.. လှိုင်သံပါတဲ့အ



ဖြင့် နှစ်ချက်သုံးချက်လောက်ဟောင်ပြီး နှုတ်ဆက်တတ်သူလည်းဖြစ်သည်။

ကြောင်မလေး နိုးနိုးကတော့… အမ ,လေးပီပီ ကျွန်တော့်ခြေထောက်
သူမ၏ခေါင်းနှင့်ပွတ်သီးပွတ်သပ်လုပ်တတ်သည်။ ကျွန်တော်တီဗီကြည့်
ဖြစ်စေ… ခြံထဲက ခုံတန်းစင်လေးမှာ စာထိုင်ဖတ်လျှင်ဖြစ်စေ… ကျွန်တော့်
ခွင်ထဲမှာ ဝင်ဝင်ပြီး အိပ်တတ်သူလေးဖြစ်သည်။ ကျွန်တော်က သူမကို
ရှုယ်ပြီး စကားတစ်ခွန်းပြောလိုက်တိုင်း.. သူမအသံချွဲနွဲ့နွဲ့လေးဖြင့်
ပြန်ပြောသလို အသံပြုတတ်သူလေးလည်း ဖြစ်လေသည်။

ချိုကြီးနှင့်နိုးနိုးအကြောင်းကိုတွေးရင်း… အမှတ်မထင် ဖတ်ခဲ့မိဖူး
ကဗျာလေးတစ်ပုဒ်က ရင်ထဲသို့တိုးဝင်လာ၏။ ကဗျာလေးရဲ့ခေါင်းစဉ်က
သံယောဇဉ်' ဟု ထင်ပါသည်။ ကဗျာလေး ကို အတိအကျတော့ မမှတ်မိတော့

ဪ…
သံယောဇဉ်ဟူသည်…
သတ္တဝါချင်း
လူချင်းမက
ညွန်းဆိုရမူ…
လူနှင့်သတ္တဝါ
အနေကြာသော်
မေတ္တာတရား
အသည်းကြားမှာ
ရစ်ပတ်ခိုဝင်
နှောင်ကြိုးငင်သည်… တဲ့လား… …

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com





(✱)

ဒီနေ့အိမ်ကို စောစောပြန်ရောက်သည်။

စောစောပြန်ရောက်တယ်ဆိုတာထက်၊ စောစောပြန်ခဲ့တယ်ဆိုလျှင် ပိုမှန်မည်။

ဒီနေ့… မွေးနေ့ပွဲတစ်ခုကို သွားစရာရှိသည်။

မဖြစ်မနေသွားရမည့်ပွဲမို့… နေ့စဉ်မပျက်တမ်းထိုင်နေကျ ဗိုဝိတာ… အခမဲ့စေတနာဆေးခန်းလေးကိုတောင် တပည့်တစ်ယောက်နှင့်အပ်ပြီး ပြန်… ခဲ့ခြင်းဖြစ်လေသည်။ မွေးနေ့ပွဲက… သူငယ်ချင်းတစ်ယောက်၏ သမီးလေး… ကျင်းပသော မွေးနေ့ပွဲဖြစ်သည်။

မွေးနေ့ရှင်လေးရဲ့ အမည်က 'ဖြူဖြူသွယ်'တဲ့… ။

'ဖြူဖြူသွယ်'ဆိုတဲ့အတိုင်း… ဖြူဖြူသွယ်သွယ်လေးနှင့် အလွန်… စရာကောင်းသော ကလေးမလေးကို သမီးလေးတစ်ယောက်လို ချစ်ခင်… ခဲ့လေသည်။ ဆေးကျောင်းသူလေးတစ်ယောက်ဖြစ်နေလို့လည်း လေးစား… သည်။ တီတီတာတာ စကားလေးတွေဖြင့် အချွဲပိုတတ်သော သူမကို သ… အရင်းလေးတစ်ယောက်လို ချစ်ခင်မိပါသည်။

မနက်က ဆေးရုံကို ဖုန်းဆက်ပြီး…

'ဆက်ဆက်လာခဲ့ရမှာနော် ဦးကျော်… မလာရင်လုံးဝစိတ်ဆိုး… ဟုပင်ကြိမ်းဝါးခဲ့သေးသည်။ ဆေးရုံကအပြန်မှာ သူမအတွက် လက်ဆွဲ…

…ခံကွင်းပင် ဝယ်ခဲ့လိုက်သေး၏။

အကျီချွတ်ပြီး နာရီကိုကြည့်လိုက်တော့ ညနေလေးနာရီထိုးနေပြီ ဖြစ်သည်။

"အိုကေ… ရေချိုးတော့မယ်"

ရေချိုးခန်းထဲဝင်ဖို့ ပြင်လိုက်စဉ်မှာပဲ… ချိုကြီးရဲ့ရူးရူးဝါးဝါးဟောင်သံ… ကို ကြားလိုက်ရ၏။ ခပ်စေးစေးကလာသော အသံဖြစ်သည်။ ခြံတံခါးပွင့်နေလို့ ချိုကြီးအပြင်ထွက်ပြီး သောင်းကျန်းနေပြီဟု နားလည်လိုက်သည်။

"ဦးမြရေ… ချိုကြီးခြံပြင်ရောက်နေတယ်ဗျို့…"

လှမ်းအော်လိုက်ပြီးမှ ဦးမြကို အပြင်ခိုင်းထားခဲ့မိခြင်းကို သတိရ၏။ ခုတင်ပေါ်မှာ အသင့်ရှိနေတဲ့ စွပ်ကျယ်အင်္ကျီကို ကောက်ဝတ်ပြီး အပြေးထွက်လာခဲ့ရတော့သည်။

အိမ်တံခါးဝကို ရောက်သည်တွင်ချိုကြီး၏ဟောင်သံကို ကြားလိုက်ရ… ပြန်သည်။ ဒီတစ်ခါဟောင်လိုက်တဲ့အသံက ရန်မူတဲ့အသံမျိုးမဟုတ်။ နာကျင်… ကြောင့် မချိမဆံ့အော်လိုက်တဲ့အသံမျိုး… …

စိုးရိမ်စိတ်တွေဖြင့် ခြံဝကို အမြန်ဆုံးပြေးထွက်လာမိတော့သည်။

ခြံဝကို အလွန်မှာ အပြေးလာနေသော ခြေလှမ်းတို့ကို ရပ်တန့်သွား… လောက်အောင် ထူးဆန်းသည့် မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရလေသည်။

"သားကြီး!…"

…လိုက်မိခြင်းဖြစ်သည်။

ထိုမြင်ကွင်း၏ အံ့သြစရာကောင်းပုံက… သွေးအိုင်ထဲမှာ လဲ… သော သားချိုကြီးကိုပင် ခဏတွင်မျှ မေ့လျော့သွားစေတော့သည်။

www.burmeseclassic.com



အနီရောင်ဝတ်စုံနှင့် မိန်းမပျို

အင်္ကျီအနီရောင်··

လုံချည်အနီရောင်··

လက်ကိုင်အိတ်အနီရောင်···

နှုတ်ခမ်းဆိုးဆေးအနီရောင်···

ဖိနပ်အနီရောင်···

သားချိုကြီး အလွန်မုန်းသောအရောင်တွေဖြင့် တန်ဆာဆင်ထားသော မိန်းမပျိုတစ်ဦး·····

အခြေအနေအားလုံးကို ချက်ချင်းသဘောပေါက်လိုက်သည်။

အံ့သြစရာအကောင်းဆုံးက ထိုမိန်းကလေး၏မျက်နှာ···

'ဘာခံစားချက်မှမရှိ'ဟု ထင်ရသော မျက်နှာသေနှင့် အေးစက်စက် မျက်နှာပေး··

သူမက··· ကျွန်တော့်ကို မျက်လုံးသေတွေဖြင့် အေးစက်စွာ တစ်ချက်ကြည့်ပြီး နှစ်ချက် သုံးချက်ခန့် ထိုးချလိုက်ပြန်သည်။

ချိုကြီးတစ်စက်လေးမျှမလှုပ်တော့···

သွေးတွေက လမ်းမပေါ်သို့ စီးကျနေ၏။

ထိုမြင်ကွင်းကို တဒင်္ဂမျှ ကြောင်ကြည့်နေမိပြီးမှ သတိပြန်ဝင်လာ၏။

"သားကြီး··· ချိုကြီး··· ဘယ်လိုဖြစ်ရတာလဲသားကြီးရယ်··"

ချိုကြီးကို ခွေ့ကနဲ ပွေ့ယူလိုက်ရင်း သူမကိုကြည့်ကာပြောလိုက်မိ၏။

"မင်း·· ဘယ်လိုလုပ်လိုက်တာလဲ ကလေးမ··"

"မြင်တဲ့အတိုင်းပဲ။ ကျွန်မ ကိုယ့်လမ်းကိုယ်အေးအေးလျှောက်



ဘာတာ··· အဲဒီခွေး ကျွန်မကို လိုက်ဆွဲတယ်"

အစုမှ သူမကို သေသေချာချာကြည့်မိလေသည်။

အို··· ဟုတ်သားပဲ။ သူမ လုံချည်အနားစတွေဟာ မြင်လို့မကောင်းအောင် စုတ်ပြတ်လို့··· အနီရောင်ရင့်ရင့် ခပ်ပါးပါးအင်္ကျီရဲ့ လက်အနားစ မ်ကြီးကြီးဟာ ခပ်တဲတဲသာ ကျန်တော့တဲ့အထိ ပြဲကျနေပြန်သည်။

ကျွန်တော် သူမကို ဘာမှမပြောရသေးခင်မှာပဲ···

"ခွေးမွေးထားရင် ဂရုစိုက်ပါ။ နောက်တစ်ခါဒီလိုဖြစ်ရင် ခွေးရော ခွေးရှင်ကိုပါ သတ်ပစ်မယ်"

အေးစက်စွာ ပြောလာသော စကားသံက အနိမ့်အမြင့်မရှိ မာကျောရင့် ဦးသွန်းလှ၏။

သူမလက်ဖျံနုနုမှာ သွေးတွေစို့နေသော အပေါက်နှစ်ပေါက်ကို မြင်တော့ ခွေးဆွယ်ရာ'ဟု ချက်ချင်းနားလည်လိုက်သည်။ ကြည့်နေစဉ်မှာပဲ ခွေးစွယ်ရာမှ သွေးတွေ စီးကျလာလေသည်။ သူမမျက်နှာမှာ နာကျင်မှု အရိပ်အယောင်ကို တစ်စက်လေးမျှ မတွေ့ရ·· ။ သူမက အေးစက်တဲ့ မျက်လုံးသေတွေဖြင့် ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး ထွက်ခွာရန်ပြင်၏။

"ဟော··· နေဦးလေ··"

"ဘာဖြစ်လို့လဲ"

"မင်းလက်က ဒဏ်ရာကို ဆေးထည့်ရမယ်။ မင်း ကိုယ့်အိမ်ကို လာခဲ့ပါ"

"ရတယ်·· ကိစ္စမရှိဘူး"

"မဟုတ်သေးဘူးလေ·· ကိုယ့်ခွေးက ကိုက်လိုက်တာဆိုတော့·· ဒီမှာ တာဝန်ရှိပါတယ်"

"ရတယ်·· မလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ကရာ ဆေးတွေထည့်လို့မရဘူးနော်။ ဆရာဝန်နဲ့ပြမှဖြစ်မှာ··"

သူမစိတ်အနှောင့်အယှက်ဖြစ်သွားပုံရ၏။

ခပ်တဲတဲသာ ကျွန်တော့သည် အင်္ကျီလက်အနားစကြိုးကို ဆတ်ကနဲ ဆွဲဖြုတ်ပစ်လိုက်ပြီး လမ်းမပေါ်သို့ ပစ်ချလိုက်လေသည်။ ထို့နောက် ကျွန်တော့်ကို အေးစက်စက်ကြည့်ပြီး ပုံမှန်ခြေလှမ်းများဖြင့် လှည့်ထွက်သွားတော့သည်။

ဘယ်လိုမိန်းကလေးလဲ? ···

သူမဟာ ဘယ်လိုမိန်းကလေးလဲ···

တေးသွားလိုထက်မြက်နေတဲ့ မျက်လုံးတွေနဲ့···

ခံစားချက်ကင်းမဲ့တဲ့မျက်နှာသေတစ်ခုနဲ့···

အေးစက်မာကျောတဲ့စကားလုံးတွေနဲ့···

လေသံက အနိမ့်အမြင့်မရှိတဲ့လေသံမျိုး··· ။ ထိုအသံကရေခဲတုံး လို အေးစက်ခြင်းတွေအပြည့်နဲ့···

စကားပြောတဲ့ဟန်က တစ်လုံးချင်း၊ တစ်ခွန်းချင်းခပ်ဆိုင်းဆိုင်း ပြတ်ပြတ်သားသားပြောတဲ့ဟန်မျိုး··· ။ ပြီးတော့···

နွေးတစ်ကောင်ကို သွေးအေးအေးနဲ့သတ်ရဲတဲ့သတ္တိ··· ။ ဒါ သတ္တိလို့ပြောမလား၊ ရက်စက်မှုလို့ပြောမလား··· ···

သူမရဲ့ မျက်လုံးတွေနဲ့ တိုက်ရိုက်ဆုံတွေ့လိုက်တဲ့အခါ ရင်ထဲ ပြင်းပြင်းထန်ထန်လှုပ်ခါသွားရတာ ဘာကြောင့်လဲ··· ···

သွေးတွေ အလိမ်းလိမ်းနဲ့ အသက်မဲ့နေပြီဖြစ်တဲ့ သားချိုကြီးအလောင်း ကြေကွဲနေရမည့်အစား··· သူမကို အံ့သြခြင်းကြီးစွာဖြင့် စိတ်ဝင်စား ဖြစ်နေမိတာကို ဘာသာသတိမထားမိလိုက်···



ကျွန်တော့်ခြံနှင့် မျက်စောင်းထိုးအနေအထားမှာရှိသော ခြံကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ သူမကို ငေးကြည့်နေမိတော့သည်။

ထိုခြံကြီးထဲမှာ အရင်နေခဲ့သော သူများနှင့် ရင်းရင်းနှီးနှီးသိခဲ့ဖူး သည်။ လွန်ခဲ့သောခြောက်လခန့်က ထိုခြံကြီးကိုရောင်းပြီး တခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြလေပြီ။

အရင်တုန်းကတော့ ထိုခြံထဲမှ အိမ်ကြီးသည် အဖြူရောင်ဖြစ်၏။ ပိုင်ရှင်အသစ်က ထိုအိမ်ကြီးကို အနီရောင်ရင့်ရင့် ဆေးရောင်ပြောင်းသုတ်ပစ် လိုက်သည်။ အိမ်ကို ဆေးအနီရောင်သုတ်သည်ဆိုတော့ ထူးခြားသော အရောင် ဟု သတိထားခဲ့မိသေးသည်။

အခု··· အနီရောင်ဝတ်စုံနဲ့ မိန်းကလေးက အဲဒီအနီရောင်အိမ်ကြီးက လား။ ဘယ်လိုပါလိမ့်? ··· ··· ···

ကျွန်တော့်လက်ထဲမှာတော့ ချိုကြီးက ပျော့ခွေလို့···

"ဖြစ်မှဖြစ်ရတယ် သားကြီးရယ်··· ··· ···"

( * )

'တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံမှုများသည် ထူးခြား၏။' ဟုဆိုလျှင်··· ညနေခင်းတစ်ခုတည်းမှာ နှစ်ကြိမ်တိုတိုတွေ့ဆုံခြင်းဟာ ထူးခြားသော တိုက်ဆိုင်မှုတစ်ခုဖြစ်ပါလိမ့်မည်။

ကားပါကင် ထိုးဖို့ နေရာရှာနေစဉ်မှာ··· ကျွန်တော် ယူမည့် နေရာကို အရင်ဦးသွားသော SURF ကားနီနီရဲရဲလေးပေါ်မှ ဆင်းလာသော သူမကို

www.burmeseclassic.com

www.burmeseclassic.com



အံ့သြစွာမြင်တွေ့လိုက်ရလေသည်။ ပါကင်ထိုး စရာနေရာမရှိတော့သဖြ
ကျွန်တော့်ကားကို သူမကားလေးရှေ့မှာပဲ ရပ်ထား လိုက်ရ၏။

စောစောတုန်းက အနီရောင်ရင့်ရင့် အသွေးကိုဝတ်ဆင်ထားခဲ့သော
သူမသည် ယခုလည်း အနီရောင်ဝတ်စုံနှင့် အနီရောင်အဆင်တန်ဆာများ
ပင် ဆင်မြန်းထားလေသည်။ သူမစီးလာတဲ့ ကားလေးကလည်း အနီရဲ
ဖြစ်၏။

'မင်းကိုကြည့်ရတာ ပူလောင်လိုက်တာ ကလေးမရယ်…' ဟု
အသံတိတ်ရေရွတ်လိုက်မိ၏။ ကားပေါ်မှ မဆင်းသေးပဲ သူမရဲ့လှုပ်ရှားမှု
ကို မျက်တောင်မခတ်တမ်း လိုက်ကြည့်နေမိ၏။ သူမရဲ့ ရေခဲတုံးလို အေး
နေတဲ့ မျက်နှာသေကလည်း စောစောကလိုပင် မပြောင်းလဲစွာ တည်ရှိနေ
ပင်…

'သူမဟာ… သမီးလေးဖြူဖြူသွယ်ရဲ့ အသိမိတ်ဆွေထဲ
တစ်ယောက်ဖြစ်မှာပဲ' ဆိုတဲ့ အတွေးမဆုံးခင်မှာပဲ… သူမကို လာကြိုသော
ဖြူဖြူသွယ့်ကို ခရမ်းရောင်ဖျော့ဖျော့ဝတ်စုံလေးနှင့် လှပစွာ မြင်တွေ့လိုက်ရလေ
သည်။

ဖြူဖြူသွယ် ခေါ်ဆောင်ရာသို့ လိုက်ပါသွားသော သူမ၏ လမ်းလျှောက်
ပုံကိုလည်း သတိထားမိလိုက်ပြန်သည်။ သူမလမ်းလျှောက်ပုံ၊ ခြေလှမ်းလှမ်းပုံ
ထူးခြားသည်။ ဖြူဖြူသွယ် လေးနှင့်မတူ…

ဖြူဖြူသွယ်လမ်းလျှောက်ပုံက ပျော့ပျောင်းသည်။ နွဲ့လှသည်။ သ
သောင့်သက်သာရှိပြီး ကြည့်လို့ကောင်းသည်။

သူမခြေလှမ်းလှမ်းပုံက ပျော့ပျောင်းမှုမရှိ။ မာမာတောင့်တောင့်ခြေလှမ်း
တွေက နွဲ့လျှမှုမရှိ။ သက်သောင့်သက်သာမရှိ။ ခပ်ကြမ်းကြမ်း ယောကျ်ား
တစ်ယောက် ခြေလှမ်းလှမ်းပုံမျိုးနှင့် ခပ်ဆင်ဆင်တူ၏။ ကြည့်လို့မလှ…

ထူးဆန်းသည်မှာ… ကျွန်တော်ချစ်သော 'သားချိုကြီး' ကို ရက်ရက်
…က်သတ်ဖြတ်သွားခဲ့တဲ့ ထိုမိန်းကလေးအပေါ်မှာ တစ်စက်လေးမျှ စိတ်ဆိုး
…ခြင်းမရှိပဲ၊ သူမကို စိတ်ဝင်စားမှုများသာ တစ်စထက်တစ်စ တိုးပွားလာနေ
…င်… ။

တစ်ညနေတည်းမှာပင် အနီရောင်ဝတ်စုံနှစ်စုံကို ပြောင်းလဲဝတ်ဆင်
…သော…

ခြောက်လက်မခန့်ရှိသည့် ဓားတစ်ချောင်းလက်ကိုင်အိတ်ထဲမှာ အဆင်
…နေခဲ့သော…

အသိဉာဏ်နည်းပါးသည့် တိရစ္ဆာန်တစ်ကောင်ကို ရက်ရက်စက်စက်
…ဖြတ်ရဲသော…

ခွေးကိုက်ခံထားရသည့် ဒဏ်ရာမှ သွေးများစီးကျနေသည့်တိုင်
…င်ဟန် တစ်စက်မျှမရှိခဲ့သော…

ကျွန်တော့်လို သူမထက်အသက်ကြီးသည့် လူတစ်ယောက်ကို
…က်ရင့်သီးစွာ ပြောဆိုတတ်ခဲ့သော…

ခံစားချက်ကင်းမဲ့နေတဲ့ မျက်နှာသေ (**Death Face**) တစ်ခုကို
…င်ထားသော…

ယောကျ်ားတစ်ယောက်လို ခြေလှမ်းမျိုးနှင့် လမ်းလျှောက်တတ်သော
…ကလေးကို စိတ်ဝင်စားခြင်းများက ကျွန်တော့်ရင်ထဲမှာ တစ်စတစ်စ
…နေတော့သည်။

အတွေးထဲမှာ ဘယ်လောက်များနစ်မျောနေမိသည်မသိ။ ကားမှန်ကို
…တစ်ယောက်က လာခေါက်လိုက်သံကြောင့် ထိတ်ထိတ်ပျာပျာဖြစ်သွား
…သည်။ ကားမှန်ကို လာခေါက်သူက သူမဖြစ်နေခြင်းကြောင့် ထပ်မံအံ့သြရ
…သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမှန်ကို ခပ်သွက်သွက်ချပေးလိုက်ပြီး သူမကို ပြုံးပြလိုက်မိ

သူမက ကျွန်တော့် အပြုံးကိုမသိကျိုးကျွန်ပြုပြီး သူမပြောစရာရှိ ကိုပဲပြော၏။

" ကားနည်းနည်းဖယ်ပေးပါ။ ကျွန်မကားထွက်မလို့"

"သြော် သြော်.. ရပါတယ်။ ခုပဲရောက်တယ်.. ခုပဲပြန်တော့ လားကွ.."

ထိုစကားကို ကျွန်တော်ဘာကြောင့်ပြောလိုက်မိမှန်းမသိ။ ထိုစ အတွက် ပြန်လည်ရရှိလိုက်သော သူမ၏ တုံ့ပြန်မှုက အေးစက်စက်အကြ တစ်ချက်ထက်ပိုခဲ့....။ စက်ရုပ်တစ်ရုပ်လို ပြန်လှည့်ထွက်သွား သူမ၏အပြုအမူကြောင့် မချင့်မရဲဖြစ်သွားရလေသည်။

တကယ်ဆို စောစောကမှဖြစ်ခဲ့တဲ့ အဖြစ်အပျက်အတွက် ယခုထ သော ဆက်သွယ်မှုတစ်ခုခုတော့ ရှိသင့်သည်။ ရန်တွေ့တာပဲဖြစ်ဖြစ်ပေါ့လေ

သူမကားလေးပြန်ထွက်လို့ရအောင် နေရာဖယ်ပေးလိုက်ပေ ကားနီနီလေးကို လျှောကနဲကျင်လည်စွာ မောင်းထွက်သွားတဲ့ သူမ အကြည့်လေးတစ်ချက်ပင် ကျွန်တော့်ထံသို့ ရောက်မလာခဲ့...။

အောင့်သက်သက်နှင့် ကားကို ပါကင်ထိုးလိုက်ရ၏။

ကားပေါ်မှ ဆင်းလိုက်သည့်တွင် မိတ်ဆွေတစ်ယောက်ကို လို သော သမီးလေးဖြူဖြူသွယ်နှင့်ဆုံ၏။

"ဟယ်.. ဦးကျော်။ ဦးကျော်လာတယ်တော့... ဝမ်းသာလို တာ..."

ဟန်ဆောင်မှုမရှိ ပကတိရိုးရှင်းသော မျက်နှာလေးနှင့် ဖြူဖြူသွယ် ကျွန်တော့်လက်မောင်းကို လာချိတ်၏။

"ဦးကျော်ကို ဖေဖေက မျှော်နေတာတော့... ဖေဖေလေး



ထဲကိုဝင်သွားတာ။ လာ.. ဦးကျော်.. ဟိုးက ဒေါင့်စားပွဲလေးမှာ ခဏထိုင် င့်။ သမီးဖေဖေကို သွားခေါ်ပေးမယ်"

ဖြူဖြူသွယ်နေရာချပေးသည့် ဒေါင့်အစွန်စားပွဲလေးမှာ ဝင်ထိုင်လိုက်

"ဦးကျော်ခဏထိုင်ဦးနော်.. သမီး ဖေဖေကို သွားခေါ်လိုက်ဦးမယ်"

"နေပါဦးသမီးရဲ့။ ခဏထိုင်ပါဦး"

"ဟုတ်.."

ဖြူဖြူသွယ်က ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်

"ရော့... သမီးလေးအတွက် ဦးကျော်ရဲ့မွေးနေ့လက်ဆောင်"

ဖြူဖြူသွယ်က ကျွန်တော်ပေးသော ကတ္တီပါဘူးလေးကို ဖွင့်ကြည့် ၏။

"ဟယ်....စိန်လက်စွပ်လေးပါလား။ လှလိုက်တာဦးရယ်.. ကြည့် ကျေးဇူးတင်ပါတယ်ဦးကျော်ရယ်.. တကယ်ပဲ။ အဲဒါကြောင့် ဦးကျော် သမီးကချစ်နေရတာ.. ဟင်း.. ဟင်း.. ဟင်း..

သူမရယ်ပုံလေးက.. ကလေးဆန်ပြီး ပွင့်ပွင့်လင်းလင်းရှိလှ၏။

"သမီးကို ဦးကျော်မေးစရာတစ်ခုရှိတယ်။ သမီးပြောပြနိုင်မလား"

"မေးလေဦးကျော်... သမီးသိတာဆိုရင် ပြောပြမှာပေါ့.."

"စောစောက အနီရောင် SURF ကားလေးနဲ့ ပြန်ထွက်သွားတဲ့ ကိုယ်လုံးအနီရောင်တွေ ဝတ်ထားတဲ့ကောင်မလေးက သမီးသူငယ်ချင်း လား..,"

"သြော်... ဟင်းဟင်း... ဟုတ်တယ်ဦးရဲ့။ အဲဒါ သမီးသူငယ်ချင်း ဘာလဲ.. ဦးကျော်မေးမှာ သူ့အကြောင်းလား... ဟင်းဟင်း..."

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်တစ်မျိုးထွက်နေတဲ့ သူမရယ်သံကို သဘောမကျ။ ခပ်တည် တည်နေလိုက်ရသည်။ သူမက အကင်းပါး၏။

“စိတ်မဆိုးနဲ့နော် ဦးကျော်.. သမီးဦးကျော်ကို ရယ်တာမဟုတ်ပါဘူး သူ့သမီးမွေးနေ့ကို ခဏလေးပဲလာသွားတယ်.. ဆယ်မိနစ်လောက်မကြာဘူး ဒါပေမယ့် သူ့အကြောင်းကို မေးတာ ငါးယောက်လောက်ရှိနေပြီမို့လို့ သဘော ကျပြီး ရယ်မိတာပါ။ သူများတွေကိုတော့ ပြောမပြဘူး။ ဦးကျော်ကိုတော့ ပြောပြမယ်...”

ဘာမှမပြောဘဲ သူမပြောမယ့်စကားကိုသာစောင့်ပြီး နားထောင်နေလိုက် မိ၏။

“သူက အနီရောင်ကို သိပ်ကြိုက်တာဦးရဲ့.. ဘာပဲဝတ်ဝတ် အနီရောင်တွေချည်းပဲ။ သမီးနဲ့အတူတူပဲလေ.. သူလည်း 2nd MBပဲ။ စာ တော်တယ်.. ပြီးတော့ အရမ်းလည်းချမ်းသာတယ်ဦးရဲ့။ ဒီမှာကြည့်လေ သမီးကို မွေးနေ့လက်ဆောင်ပေးတာတဲ့...”

ဖြူဖြူသွယ်က... သူမလက်မှာ ဝတ်ဆင်ထားသော ပတ္တမြား လက်စွပ်လေးကို ထောင်ပြ၏။

“သေချာကြည့်နော်ဦးကျော်.. တစ်လုံးတည်း.. အရည်ကိုလှနေ ပဲ.. သမီးအထင်တော့ ဆယ်သိန်းဝန်းကျင်ထက် လျော့မှာမဟုတ်ဘူး သူက ရန်ကုန်မှာ တစ်ယောက်တည်းလာနေတာ... သူ့မိဘတွေအကြောင်း တော့ သမီးလည်းမသိဘူး။ သူကလည်း မပြောပြဘူး။ သူ့ကို စိတ်ဝင် တဲ့ကောင်လေးတွေ အများကြီးပဲဦးကျော်... ဒါပေမယ့် သူကတော့ ကျော စာကလွဲပြီး ဘာကိုမှ စိတ်ဝင်စားပုံမရဘူးဦးကျော်ရဲ့...

သူနဲ့ပတ်သက်ပြီးပြောရရင် ထူးခြားတာတွေအများကြီးပဲဦးကျော်



တ်မဲ့နေတဲ့ မျက်နှာသေနဲ့ စက်ရုပ်တစ်ရုပ်လို ရှင်သန်ရပ်တည်နေတာ ဦးကျော်.. အကြောက်တရားလည်းမရှိဘူး...

ကျောင်းမှာ သူနဲ့တွဲဖြစ်တာ သမီးတစ်ယောက်ပဲရှိတယ်။ ဒါပေမယ့် သမီးနဲ့လည်း စကားကို အပိုအလိုပြောလေ့မရှိဘူး။ လိုရင်းပဲပြောတယ်.. သူ့ကိုလည်း လိုရင်းပဲပြောမှ ကြိုက်တယ်...

သူ့မှာ ပြုံးတယ်၊ ရယ်တယ်ဆိုတာမရှိဘူး။ သူများအကြောင်းတွေကို စိတ်မဝင်စားဘူး။ သူ့အကြောင်းမေးရင်လည်း လုံးဝမကြိုက်ဘူး... ပြောလည်း မပြောဘူး။ တစ်ကယ့်ကို စက်ရုပ်တစ်ရုပ်လိုပဲ ဦးကျော်.. နမ်းကို နားလည်ရခက်တဲ့ လူစားမျိုး...

သမီးသိသမျှကတော့ ဒါအကုန်ပဲ။ ဦးကျော် ဘာမေးချင်သေးလဲ။ ဘာ... ဟိုမှာဖေဖေလာနေပြီ။ သမီးတခြားဝိုင်းတွေကို ဧည့်ခံလိုက်ဦးမယ် ဦးကျော်အတွက် ဖေဖေ သီးသန့်စီစဉ်ပေးလိမ့်မယ်။ ဪ... ပြောစရာ ခုကျန်သွားတယ် ဦးကျော်ရေ.. သူ့နာမည်က ‘လက်ဖွဲ့’တဲ့။ ဆန်းတယ် ဦးကျော်..”

“ဘာ!... လက်ဖွဲ့.. ဟုတ်လားသမီး”

ကျွန်တော်ပြောလိုက်တာကို ဖြူဖြူသွယ်မကြားတော့...

‘လက်ဖွဲ့’ဆိုတဲ့ အသံက ကျွန်တော့်နားစည်ကို အကြိမ်ဖန်များစွာ ခတ်ရင်း ကျန်ရစ်ခဲ့လေသည်။

လက်ဖွဲ့.. ။ လက်ဖွဲ့တဲ့... ... ...

ဟိုးဝေးဝေးမှ မျှောလွင့်လာသော အသံတစ်ခု...

တဖြည်းဖြည်းနီးကပ်လာသော ထိုအသံက အကြားအာရုံထဲသို့ ကျယ် လောင်စွာ ဝင်ရောက်လာ၏။

**‘နှင်းဘဝတစ်လျှောက်လုံးမှာ၊ လက်ဖွဲ့ပင်တွေကို မြင်တိုင်း... လက်ဖွဲ့**

www.burmeseclassic.com



ပွင့်နီရဲရဲတွေကိုမြင်တိုင်း… 'လက်ွ'ဆိုတဲ့အကိုသံကြားရတိုင်း…ငါ့ကို သတိရပေးပါ ရာဇာ… ဒါပါပဲ… …'

'လက်ွ'ဆိုတဲ့ အသံကိုကြားတိုင်း…ကြားတိုင်း… … ငါကို ငါ…ကို… သတိရပေးပါ… သတိ…ရ…ပေး…ပါ…'

"မဏိ !…"

ဟူတ်တယ်…။ မဏိပြောခဲ့ဖူးတဲ့စကား…

ပြီးတော့… နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော်အတွင်းမှာ ပထမဆုံး အကြိမ်အဖြစ်ကြားလိုက်ရတဲ့ 'လက်ွ'… ဆိုတဲ့အသံ… …

အမည်ဖော်မပြတတ်သော ဝေဒနာတို့က ရင်ထဲသို့ရုတ်ချည်းဝင်ရောက် လာပြီး ဆိုးရွားစွာ မွှေနှောက်နေကြတော့သည်။

ဦးခေါင်းတစ်ခုလုံး ရီဝေနောက်ကျိလို့လာ၏။

အမြင်အာရုံထဲကို ရောက်ရှိလာတာက အနီရောင်တွေ…

သွေးလို နီနီရဲရဲအရောင်တွေ…

ရဲရဲနီနေတဲ့ လက်ွပွင့်တွေ…

'ပြီခနဲ'ဖြဲချလိုက်တဲ့ အနီရောင်အင်္ကျီလက်အနားစတစ်ခု…

သွေးစို့နေသော ခွေးစွယ်ရာတစ်စုံနှင့် လက်ဖျံနုနုလေးတစ်ချောင်း…

ပြီးတော့… ခံစားချက်မဲ့ အေးစက်စက်မျက်နှာသေတစ်ခု…

"ဟာ… …"

◇ ◇ ◇ ◇ ◇



( * )

ရင်ထဲမှ နှလုံးသားမြို့ပျက်တစ်ခုကို တူးဖော်နိုင်စွမ်းရှိသော… […]က်ွ' ဆိုသောအမည်ကိုပိုင်ဆိုင်သည့် သူမနှင့် ထပ်မံဆုံတွေ့ဖို့ ဖန်တီးလာသူမှာ […]လေး ဖြူဖြူသွယ်ဖြစ်၏။

ဆုံစည်းစေတဲ့အကြောင်းတရားကတော့… ဖြူဖြူသွယ်သည် သူမ၏ […]ခဲ့သော သင်ခန်းစာများကို ကျွန်တော့်ထံမှာ လာရောက်မေးမြန်းတတ် […]င်ဖြစ်သည်။

ဖြူဖြူသွယ့်နောက်မှာ ကပ်ပါလာတဲ့ အနီရောင် အရိပ်လေးတစ်ခု […] သူမပဲပေါ့… ။

သူမကို မြင်တွေ့လိုက်ရတိုင်း… ရင်ထဲကို အမျိုးအမည်မသိသော […]တစ်ခုဝင်ဝင်လာပြီး ပြင်းပြင်းထန်ထန်လှုပ်ရှားစေတာ ထူးဆန်းသည်။

စူးရှတဲ့ သူမမျက်ဝန်းတစ်စုံရဲ့အကြည့်ဒဏ်ကို ကျွန်တော် ရဲရဲဝံ့ဝံ့ […]ဆိုင်ရဲ… ။

ဒီမိန်းကလေးမှာ လူတစ်ဖက်သားကို ချက်ချင်းဆွဲဆောင်ဖမ်းစား […]နိုင်သော အားပြင်းသည့် ညှို့ဓာတ်တစ်မျိုးရှိနေတာ သေချာ၏။

ဖြူဖြူသွယ်က…

"ဦးကျော်ကို စာမေးစရာရှိလို့လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်သမီး… ဒီနေ့ဦးကျော်လည်း အားနေတာပဲ။ သမီး
စာလာမမေးတာကြာပြီနော်.."

"ဟုတ်တယ်ဦးရဲ့။ သမီးသူငယ်ချင်းက ရှင်းပြပေးနေလို့ ဦးဆီမ
ဖြစ်တော့တာ။ အခု သူပါနည်းနည်းလေးရှုပ်နေလို့ ဦးဆီကို ပြေးလာ
တာလေ.."

"ဟုတ်လား.. လာကြလေ စာကြည့်ခန်းထဲသွားရအောင်"

အိမ်ထဲကို မဝင်သေးပဲ တံခါးဝမှာ ရပ်နေတဲ့သူမတို့နှစ်ယောက်
စိတ်လိုလက်ရ ဖိတ်ခေါ်လိုက်မိလေသည်။

"ခဏနေဦး၊ ဦးကျော်ရဲ့။ စာမမေးခင်ပြောစရာရှိသေးတယ်။ ဟို
ဟိုလေ.."

ဖြူဖြူသွယ်က… တံခါးဝမှာ ရပ်ကျန်နေရစ်ခဲ့သော သူ
ကြည့်လိုက်၊ ကျွန်တော့်ကိုကြည့်လိုက်နှင့် တစ်စုံတစ်ခုကို ပြောရခက်
ရ၏။

"ပြောစရာရှိတာပြောပါသမီးရဲ့.. ။ သမီးဘာပြောချင်လို့လဲ?.."

"ဟို.. ဟို.. သမီးမှာတော့ ပြောစရာမရှိပါဘူး။ ပြောချင်တာ
လက်ပွဲ…။ သူက ဦးကျော်ကို စာမမေးခင် အပေးအယူတစ်ခုလုပ်ချင်လို့တဲ့
အဟဲ.."

ဖြူဖြူသွယ်ရယ်လိုက်တဲ့ပုံစံက ကျွန်တော့်ကို အားနာနာနှင့် ရယ်လို
သည့်ပုံစံမျိုးဖြစ်နေ၏။

"ဟ.. အဆန်းပါလား။ စာမေးတာကို ဘာအပေးအယူလုပ်စ
လို့လဲ သမီးဖြူ"

"ဟုတ်တယ်ဦးကျော်.. မရှိပါဘူး။ အဲဒါကြောင့် ခက်နေ
လက်ပွဲက လူတစ်မျိုးဦးရဲ့… ဘာမှန်းကိုမသိဘူး.. စိတ်ညစ်ပါတယ်"

အားနာသည့်ပုံစံဖြင့် ကုပ်မိုးလေးကိုကုတ်ရင်း ခလေသံတိုးတိုးဖြင့်
ပြောလိုက်ခြင်းဖြစ်သည်။

"ပြောစရာရှိတာသာ ပြောပါသမီးရယ်… ဦးကျော်ကို အားမနာနဲ့။
ပြော.. ဘာလဲ"

"ဟို.. ဟို.. သမီးမပြောဝံ့တော့ဘူး။ သူပြောလိမ့်မယ်.. သူ..
သူပြောတာ တစ်ခုခုအများပါရင် သည်းခံပေးပါနော်။ သူ့အတွက် သမီး
ကြိုပြီးတောင်းပန်ပါတယ်ဦးကျော်ရယ်.. နော်.."

မြတ်စွာဘုရား!… ကြိုပြီးတောင်းပန်တယ်ဆိုပါလား… ။ ဘာစကား
တွေများ ပြောမှာပါလိမ့်…

"ရပါတယ်သမီးရယ်… သမီးသူငယ်ချင်းကိုသာ ခေါ်လိုက်ပါ"

"လက်ပွဲ… လာလေ။ နင့်ဘာသာလာပြော"

ဖြူဖြူသွယ်က ခေါ်လိုက်တော့ ခပ်တောင့်တောင့်ခြေလှမ်းတွေဖြင့်
ဝင်လာ၏။ သူမက… သူမလက်ထဲမှာကိုင်ထားတဲ့ စာအုပ်ကို ကျွန်တော့်ရှေ့
မှာ ဖွင့်ပြလိုက်ပြီး…

"ကျွန်မ ဒီ **Head and Neck** အပိုင်းမှာနည်းနည်းရှုပ်နေလို့ပါ။"

"ရပါတယ်… ဦး ရှင်းပြပေးမယ်။ ပြီးရင် သမီးတို့လေ့လာဖို့
စာအုပ်တွေလည်း ငှားလိုက်မယ်"

"ကျေးဇူးပြုပြီး ကျွန်မကို သမီးလို့ မခေါ်ပါနဲ့။ ကျွန်မနာမည်ကိုပဲ
တိုက်ရိုက်ခေါ်ပါ။ ကျွန်မ 'လက်ပွဲ'ပါ"

အလိုလေး… လေသံက ရှင့်သီးလှချေလား…

သမီးအရွယ်မို့လို့ 'သမီး'လို့ခေါ်တာကို ဘာမကြိုက်စရာရှိလဲ?…

ပြီးတော့… သူက ကိုယ့်ဆီကို အကူအညီလာတောင်းတဲ့သူ…

ကဲ… ရှိစေတော့… ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ။ ကိုယ်မင်းကို 'လက်ဖွဲ့' လို့ပဲခေါ်မယ်။ ကဲ လက်ဖွဲ့ စာကြည့်ခန်းထဲ သွားရအောင်"

"ကျွန်မမှာ ပြောစရာကျန်သေးတယ်"

လှပ်ပြန်ပြီ…

"ပြောလေ… မင်းဘာပြောချင်လို့လဲ…"

"ကျွန်မကို စာပြပေးရတဲ့အတွက် ကျွန်မဆီက တန်ရာတန်ကြေး တစ်ခုခုတောင်းပါ"

သူမစကားကြောင့် ထောင်းကနဲ ဒေါသထွက်သွားရ၏။

"မင်းဘယ်လိုပြောလိုက်တာလဲ လက်ဖွဲ့။ စာသင်ခတောင်းတယ်ဆိုတာ ဘယ်လောက် အောက်တန်းကျတဲ့အလုပ်လဲ… ဒီလိုစကားမျိုးပြောတဲ့အတွက် ငါမင်းကို စိတ်ဆိုးတယ်။ ဆန္ဒရှိမှသင်ပါလက်ဖွဲ့… ပညာကို တန်ဖိုးမဖြတ်ပါနဲ့"

"ကျွန်မပြောတဲ့စကားအတွက် စိတ်ဆိုးနိုင်ပါတယ်။ ကျွန်မကတော့ ကိုယ်လိုချင်တဲ့အရာကို တန်ရာတန်ကြေးပေးပြီးမှ ယူတတ်ပါတယ်"

မြူမြူသွယ်က ကျွန်တော်တို့နှစ်ယောက်ကြားမှာ အနေရခက်နေ… အိမ်ထဲအထိလာပြီး ရင့်သီးစော်ကားတဲ့စကားတွေ ပြောရဲတဲ့သူမကို ဒေါသမီးနဲ့ အံ့ဩနေမိစဉ်မှာပဲ…

"ငါသွားတော့မယ် မြူမြူသွယ်။ နင်နေခဲ့လိုက်တော့"

"ဟယ်… လက်ဖွဲ့ရယ်… နင်ကလည်း"

သူမက မြူမြူသွယ့်ကို နှုတ်ဆက်ပြီးသည်နှင့် ပြန်ဖို့ပြင်၏။

မဟုတ်သေးဘူး…

သူမပြန်သွားတာကို ကျွန်တော်အလိုမရှိဘူး…

ကျွန်တော် သူမကို စာပြပေးချင်နေတယ်… သေချာတယ်…



"ကောင်းပြီလက်ဖွဲ့… မင်းပြောတာကို, ကိုယ်လက်ခံတယ်။ မင်းဆီက တန်ရာတန်ကြေးတစ်ခုခုတောင်းမယ်"

သူမမျက်လုံးတွေမှာ ဝမ်းသာခြင်းရောင်စဉ်ပါးပါးလေး ဖျက်ကနဲလက်သွားတာကို တွေ့လိုက်ရ၏။ အလွန်ကို မသိသာလှတဲ့ အရောင်လေးပါ…

မြူမြူသွယ်က သက်ပြင်းသဲ့သဲ့ချ၏။ သူမကအေးစက်စက်လေသံဖြင့် မေးသာ၏။

"ပြောပါ။ ကျွန်မဘာပေးရမလဲ"

"မင်း… ကိုယ့်ဆီကို အခက်အခဲရှိတိုင်းလာပြီး အကူအညီတောင်းပါ။ ငါကတော့ တစ်ခါမေးရင် ငါးရာနှစ်ဆယ့်ရှစ်ကျပ်နဲ့ ဈေးဖြတ်တယ်…"

ကြိုတင်စဉ်းစားထားခြင်းမရှိပဲ လွှတ်ကနဲပြောလိုက်မိသည့် ထိုစကားအတွက် ကိုယ့်ကိုယ်ကိုယ်အံ့ဩမိလေသည်။ သူမက အတွန့်တက်လျှာပြန်၏။

"နည်းတယ်… ငါးထောင့်နှစ်ရာရှစ်ဆယ်ယူပါ။-ခေါ်ရလွယ်အောင် ငါးထောင်ယူလိုက်ပါ"

"ဟဲ့!…လက်ဖွဲ့…"

မြူမြူသွယ်က ကျွန်တော့်ကို အားနာပြီး ဟန့်တား၏။

"ရတယ်သမီးမြူ… သူပြောချင်တာပြောပါစေ။ ဒီမှာ ကလေးမ… မင်းအဝယ် လုပ်နေတာမဟုတ်ဘူး။ လက်ခံရင် စာကြည့်ခန်းထဲကို လာပါ။ လာ… သမီးမြူသွားရအောင်"

ကျွန်တော် သူမကို တစ်ချက်မျှ လှည့်မကြည့်ခဲ့…

သူမလိုက်လာမယ်ဆိုတာကို သိနေ၏။

သူမတို့နှစ်ယောက်ကို စာပြပေးတဲ့အခါ… သင်ယူမှတ်သားပုံချင်းတာကို ဦးစွာသတိထားမိလေသည်။ မြူမြူသွယ်က ကျွန်တော့်ရှင်းပြချက် စိတ်ဝင်စားစွာဖြင့် ငြိမ်ငြိမ်လေး သင်ယူတတ်ပြီး… သူမကတော့…

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မြောက်မြားစွာသောမေးခွန်းတွေ ပြန်မေးတတ်သူဖြစ်
ဘက်ပေါင်းစုံ၊ ရှုထောင့်စုံမှနေပြီး ရှုရှုမွေမွေနိုက်နိုက်ချွတ်ချွတ် မေးလ သ
တွေကို တော်တော်လေးသတိထားပြီး ဖြေနေရ၏။ သူမသိချင်နေတာ
ရှင်းလင်းသင်ပြပေးနေရခြင်းမှာ ပျော်သလိုလို မောလာရသည်ကိုလည်း အ
သတိထားမိ၏။

သူမတို့နှစ်ယောက် မှတ်သားပုံ မှတ်သားနည်းလည်း
ကြ… …

ဖြူဖြူသွယ်က… ကျွန်တော်ရှင်းပြနေသမျှကို ပုံမှန်မျက်နှာပေး
ဖြင့် အာရုံစိုက်ပြီး သင်ယူမှတ်သား၏။ သူမ သင်ယူမှတ်သားပုံ မျက်နှာပေ
ထူးခြားသည်။ မျက်မှောင်ကိုကြုတ်၊ အံကိုကြိတ်ပြီး မျက်တောင်မခတ်
စူးစူးစိုက်စိုက် နားထောင်မှတ်သားတဲ့ ပုံစံမျိုးဖြစ်၏။

ဖြူဖြူသွယ် မှတ်သားပုံ မှတ်သားနည်းကို ဥပမာပေးရလျှင်… စာ
ပေါ်မှာ ဘောလ်ပင် (သို့) ဖောင်တိန်ဖြင့် ရေးခြစ်မှတ်သားမှုမျိုးနှင့်တူ
သူမမှတ်သားပုံ မှတ်သားနည်းကို ဥပမာပေးရလျှင်… ကျောက်ပျာ
တူတွေ ဆောက်တွေဖြင့် ထွင်းထုမှတ်သားပုံမျိုးနှင့်တူ၏။

သူမသိချင်တာတွေ အားလုံးကို ရှင်းပြပြီးသွားတဲ့အခါ…

သူမ ဝတ်ထားသော အနီရောင်ရုပ်အင်္ကျီ အိတ်ကပ်ထဲမှ ငါးရာ
တစ်ရွက်နှင့် နှစ်ရာတန်တစ်ရွက်ကို ထုတ်ပေးလေသည်။

ကျွန်တော်က ငါးရာတန်တစ်ရွက်ကိုပဲယူပြီး နှစ်ရာတန်ကို သူမ
ပြန်တွန်းပေးလိုက်ပြီး… သူမလေသံအတိုင်းပင် ပြောပစ်လိုက်၏။

"ငါးရာနှစ်ဆယ့်ရှစ်ကျပ်တိတိပဲလိုချင်တယ်။ အကြွေ
နောက်တစ်ခါကျမှပေးပါ"

ဘယ်နယ်ရှိစ, မလကွဲ… ကျပ်လည်း ရစ်တတ်ပါတယ်။



သူမ ကျွန်တော့်ကို အေးစက်စက်မျက်လုံးသေတွေဖြင့် တစ်ချက်
ကြည့်လိုက်ပြီး နှစ်ရာတန်ကို အိတ်ကပ်ထဲသို့ ပြန်ထည့်၏။ ထို့နောက်
တ်ဆက်ခြင်းမဲ့စွာ အခန်းထဲမှ ထွက်သွားလေတော့သည်။ ဖြူဖြူသွယ်
န်တော့်ကိုနှုတ်ဆက်စကားဆိုနေသည်ကိုပင် မစောင့်…။

"မင်း… တော်တော်ကို မလွယ်တဲ့ မိန်းကလေးပဲ လကွဲ…"

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

( * )

'လက်ဖွဲ့'၏ နောက်ထပ်ထူးခြားချက်တစ်ခုမှာ… ဖြူဖြူသွယ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ သူမ တစ်ခုခုမေးလိုသည့်အခါတိုင်း ကျွန်တော့်ထံသို့ ရောက်လာတတ်ခြင်းဖြစ်၏။ မေးခွန်းတစ်ခု (သို့မဟုတ်) အခက်အခဲတစ်ခုအတွက် ပိုက်ဆံ ငါးရာနှစ်ဆယ့်ရှစ်ကျပ်စီ အဆင်သင့်ယူဆောင်လာ ကိုလည်း ဘယ်သောအခါမှမမေ့… ။

ရယ်တော့ရယ်ရသည်။သူမမှာ ကျွန်တော့်ကို ခေါ်ပြောဆက်ဆံရန်အတွက် ကြားခံနာမ်စားတစ်ခုမျှမရှိ။ ဖြူဖြူသွယ်ခေါ်သလို 'ဦးကျော်'ဟုလည်း ခေါ်လေ့မရှိ။

သူမရောက်လာတဲ့အချိန်မှာ ကျွန်တော်နှင့် တိုက်ရိုက်တွေ့ပါက… သူမ ရောက်လာကြောင်းကို အကြည့်တစ်ချက်ဖြင့် အချက်ပြပြီး စာကြည့်ခန်းထဲသို့ တန်းဝင်သွားတတ်လေသည်။ ထို့အတွက် မဝံ့မရဲဖြစ်နေခြင်း၊ တွန့်ဆုတ်နေခြင်းလည်း တစ်စက်လေးမျှမရှိ။ ကျွန်တော်က;သာ အလိုက်တသိလိုက်သွားရမြဲဖြစ်သည်။ တစ်ခါတစ်ရံအပေါ်ထပ်မှာရှိနေသော ကျွန်တော့်ကို ဦးမြနှင့်ဖြစ်စေ ဒေါ်တူးနှင့်ဖြစ်စေ ခေါ်ခိုင်းတတ်၏။

'ကျွန်မစာလာမေးတယ်လို့ ပြောပေးပါ'ဟူသည့် ပုံသေစကားတစ်ခွန်းကိုသာ ဆိုလေ့ရှိသော သူမကို ဦးမြက…



'စက်ရုပ်ကလေး'ဟုလည်းကောင်း၊ ဒေါ်တူးကတော့ 'အနီရောင်လေး'ဟုလည်းကောင်း… သူမကွယ်ရာတွင် တင်စားခေါ်ပေါ်ကြလေသည်။

ပိုင်စိုးပိုင်နင်း နိုင်လှသော၊ ရင့်ရင့်သီးသီး နိုင်လှသော အဲဒီကောင်မလေးကို ကျွန်တော့်ရင်ထဲမှာ သံယောဇဉ်ငြိတွယ်နေမိပါပြီ… … သူမကို ရှင်းပြပေးနေရတဲ့အချိန်ဝိုင်းမှာ တစ်စုံတစ်ခုကို ကျေနပ်သလိုလို… ပီတိဖြစ်သလိုလို ခံစားရခြင်းကလည်း ထူးဆန်း၏။ ထို့ကြောင့် ကျွန်တော့်အားလပ်ချိန်တွေကို သူမစာလာမေးလျှင် အဆင်သင့်ဖြစ်အောင် အမြဲတမ်းပြင်ဆင်ထားခဲ့မိပါတော့သည်။ သူမတစ်ခါတလေ စာလာမေးတဲ့အချိန်လေးမှာ ကျွန်တော်မရှိဘူး ဆိုတာမျိုး မဖြစ်စေချင်… ကျွန်တော့်ရဲ့ အားလပ်ချိန်တွေကို သူမသိစေရန် ရည်ရွယ်ပြီး အစီအစဉ်လေးတစ်ခုပြုလုပ်ခဲ့ရသေးသည်။

ထိုအစီအစဉ်လေးမှာ… **White Board**လေးတစ်ခုဝယ်ပြီး သူမမြင်သာစေမယ့်နေရာ (သူမလာလျှင် အမြဲတမ်း ပုံသေထိုင်လေ့ရှိသည့်ထိုင်ခုံနှင့် မျက်နှာချင်းဆိုင် နံရံပေါ်မှာ) ချိတ်ဆွဲထားလိုက်ခြင်းဖြစ်သည်။ ထို **White Board** လေးပေါ်တွင် ကျွန်တော်ရဲ့အလုပ်ချိန် (ဆေးရုံသွားချိန်၊ ဆေးရုံမှ ပြန်ရောက်ချိန်၊ အခမဲ့ စေတနာဆေးခန်းလေးသို့သွားချိန်၊ ပြန်ရောက်မည့်အချိန်) တို့နှင့် အားလပ်စွာ အိမ်မှာ ဧအေးဆေးဆေး ရှိနေမည့်အချိန်တွေကို အချိန်တကျ ရေးဆွဲထားသော ဇယားကွက်လေးရှိနေ၏။

ဆေးပညာကလွဲပြီး ဘာကိုမျှ စိတ်မဝင်စားဘူးလို့ ထင်ရတဲ့သူမက… **White Board** လေးပေါ်မှ ဇယားကွက်လေးတွေကိုတော့ စိတ်ဝင်စားစွာ (တစ်ပတ်တစ်ခါ) ကြည့်ရှုတတ်သည်။ **White Board** လေးကို သူမစိတ်ဝင် တစား ကြည့်ရှုနေတာကို မြင်ရတိုင်း… ကျွန်တော့်ရင်ထဲမှာ ကျေနပ်ခြင်း၊ ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်းတို့ကို ထူးဆန်းစွာ ခံစားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်က.. အားလပ်ချိန်တွေကို အဆင်ပြေသလို၊ အလျဉ်းသင့်သလို အမျိုးမျိုး အသုံးချတတ်ခဲ့တဲ့ ကျွန်တော်ဟာ.. ခုချိန်မှာတော့ ကျွန်တော်ပိုင် တဲ့ အားလပ်ချိန်တွေကို သူမအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထား တတ်ခြင်းတွေမှာ ပျော်မွေ့လျက်ရှိ၏။ ကျွန်တော့်အားလပ်ချိန်တွေမှာ သူ ရောက်မလာခဲ့ရင်တော့ နေမထိ၊ ထိုင်မထိနှင့် 'တမ်းတခြင်း' ဟုပြောလျှင် ရနိုင်သည့် ဝေဒနာကို မြေ့မြေ့လေး ခံစားရလေသည်။

ယခုလည်း.. သူမ ကျွန်တော့်ထံသို့ လာနေပါပြီ...။

ကျွန်တော်အားလပ်နေတဲ့အချိန်တွေကို သူမ အတိအကျသိနေတာ လေ...။ ဝတ်ဆင်လာတဲ့ ဝတ်စုံကတော့ ထုံးစံအတိုင်း နီနီရဲရဲပဲပေါ့... စာအုပ်ထူထူတစ်အုပ်ကို ဆွဲကိုင်ပြီး ကားရားကားရား လျှောက်လှမ်း လာ သူမပုံစံကိုကြည့်ပြီး၊ ရယ်လိုက်မိ၏။ တကယ်ဆို စာအုပ်လေးကိုပိုက်ပြီ နွဲ့နွဲ့လျလျလေး လျှောက်လာရင် တော်တော်ကြည့်လို့ကောင်းမှာ...

သူမ ကို မျှော်ကြည့်နေရင်း ခပ်ကြောင်ကြောင် အတွေးတစ်ခု ခေါင်းထဲသို့ ရုတ်တရက်ဝင်ရောက်လာ၏။

ကျွန်တော်နှင့်ပြောဆိုဆက်ဆံရန် ကြားခံနားမ်စားလေးတစ်ခု တစ် တောင် သတ်မှတ်ထားခြင်းမရှိတဲ့သူမကို ခပ်ပါးပါးလေး ပညာပေး ချင်လို့ သူမရောက်လာတာကို မမြင်မိဟန်၊ သတိမထားမိဟန်ဆောင်နေလျှင် သူ ကျွန်တော့်ကို မည်သို့ခေါ်မည်လဲ? ...။

သူမကို ခြံတံခါးဖွင့်ပေးတဲ့ဦးမြက ခြံဝမှာပင်ရှိနေဆဲ...

ဒေါ်တူးက မီးဖိုဆောင်ထဲမှာ...

သူမအိမ်ထဲကို ဝင်မလာမီ စီးကရက်တစ်လိပ်ကို မီးအမြန်ညှိလို နံရံပေါ်မှ ပန်းချီကားကြီးကို မမှိတ်မသုန် စိုက်ကြည့်နေလိုက်မိလေသ



ည်သို့မျှ ဆွဲဆောင်မထားပါ။ အဓိက, က သူမရောက်လာတာကို ကျွန်တော် သိသလို၊ မမြင်သလိုနေဖို့ပင်...။ သူမစာကြည့်ခန်းထဲကို ဝင်သွားလျှင်လည်း မြင်နိုင်သည့်အနေ အထားမျိုးဖြစ်စေရန် ခပ်စောင်းစောင်းအနေအထားနှင့် ကြည့်ခန်းတံခါးဝကို ကျောပေးပြီး ရပ်နေလိုက်ရသည်။

အခုအချိန်မှာ.. လက်နှစ်ဖက်ကို နောက်မှာပစ်ထားပြီး ပန်းချီကား ကြီးကို မမှိတ်မသုန်ငေးကြည့်နေတဲ့ ကျွန်တော့်ပုံစံဟာ... ဘယ်လိုရှုထောင့် ကကြည့်ကြည့် ပန်းချီကားထဲမှာ အာရုံတွေ နစ်မျောနေတဲ့လူတစ်ယောက် ...။ လက်ကြားက စီးကရက်ကိုတောင် ရှိုက်ဖွာဖို့ မေ့နေတဲ့ပုံစံမျိုးနဲ့ ......။

ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်နေမိစဉ်မှာပဲ သူမရဲ့ခြေသံကို စတင် ကြားလိုက်ရလေသည်။ ခြေသံက တဖြည်းဖြည်းနှင့် အိမ်ထဲအထိရောက်လာ

တစ်လှမ်း.. နှစ်လှမ်း.. သုံးလှမ်း.. လေးလှမ်း.. ငါးလှမ်း... ခြောက်လှမ်းမြောက်မှာ သူမခြေသံ ရပ်တန့်သွားလေသည်။ ကျွန်တော့်အထင် သူမဟာ ရွှေငါးလေးတွေထည့်ထားတဲ့ ဖန်အိုးလေးနားမှာ ရောက်နေ ပြီပေါ့...။

"အဟမ်း... အဟမ်း..."

သူမက ချောင်းဟန့်ပြီး အသံပေး၏။ ကျွန်တော် မကြားချင်ယောင် ဆောင်နေလိုက်သည်။

"အဟမ်း.. အဟမ်း..."

ချောင်းဟန့်သံက စောစောကထက် ပိုကျယ်လာ၏။ ကျွန်တော် ကြည့်...

"ဒီမှာ.. ဒီမှာ.."

www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်စိတ်ကို ထိန်းထားလိုက်ရ၏။ လှည့်မကြည့်…

"ဘုတ်…"

ထိုအသံသည် သူမလက်ထဲကစာအုပ်ကို ကြမ်းပြင်ပေါ်သို့ လွှ

လိုက်သော အသံဖြစ်မည်။

ကြည့်… ဉာဏ်နီဉာဏ်နက်တွေများနေတာ… ကျွန်တော်လှည့်

အောင် လုပ်နေတာ… ။

သူမကို လှည့်မကြည့်ပဲ စီးကရက်ကို တစ်ချက်ရှိုက်ပစ်လို

ထို့နောက် ဒီးခိုးတွေကို ပန်းချီကားကြီးဆီသို့ မှုတ်ထုတ်ပစ်လိုက်မိပြန်

ကျွန်တော့်ပုံစံက ပန်းချီကားထဲမှာ အာရုံတွေနစ်မျောနေဟန် အပြည့်ရှိ

'ဝမ်းနည်းပါတယ်လကွဲ… မင်းငါ့ကို နှာမိစားတစ်ခုခုသုံးပြီး

မချင်း မင်းကိုငါ လှည့်ကြည့်မှာမဟုတ်ဘူးကွ…' ဟု တွေးလိုက်မိစဉ်မှာ

"ခွမ်း…" (တစ်စုံတစ်ခု ကျကွဲသည့်အသံ)

ထိတ်လန့်စွာဖြင့် အမှတ်တမဲ့ ချာကနဲလှည့်ကြည့်လိုက်မိချိန်မှာ

ကြမ်းပြင်ပေါ်မှာ ကျကွဲနေတဲ့ ဖန်အိုးလေးကိုလည်းကောင်း၊ ကျွန်တေ

ရှုတည်တည်ကြည့်နေသော သူမကိုလည်းကောင်း မြင်တွေ့လိုက်ရပ

သည်။ ရွှေငါးလေးတွေက ကြမ်းပြင်ပေါ်မှာ တဖျပ်ဖျပ်ခုန်နေကြ၏။

ကြည့်စမ်း… သူမဟာ ကျွန်တော်လှည့်ကြည့်အောင် ဖန်အိုး

တွန်းချပစ်လိုက်တယ်ပေါ့…။

"ဆောရီး… ကျွန်မအရှိန်လွန်ပြီး တိုက်မိသွားတယ်။ မတော်

ဖြစ်တာပါ၊ ကျွန်မပြန်လျော်ပေးပါ့မယ်"

ကျွန်တော်သူမကို ဘာမှပြန်မပြောနိုင်သေး…

ရွှေငါးလေးတွေကို အမြန်ကောက်ယူပြီး ရေချိုးကန်ထဲသို့ ပြေ

လိုက်ရ၏။ ထို့နောက် ဖန်ကွဲစတွေကို စားပွဲပေါ်မှာ အသင့်ရှိနေသည်

သို့ ကောက်ထည့်ရပြန်သည်။ သူမက… ကျွန်တော်လုပ်ကိုင်နေသမျှကို

င်သေသေဖြင့် လိုက်ကြည့် နေလေသည်။ ဒီလောက်ပျာယာခတ်နေတဲ့

နော့်ကို တစ်စက်လေးမျှ လုပ်ကူဖော်မရ…

သူမကို အပြစ်ပြောစရာစကားကို ချက်ချင်းရှာလို့မတွေ့။ ကိုယ့်အပြစ်

ယ်မို့ဘယ်ကစပြီး ပြောရမှန်းလည်းမသိ… သို့သော်… စိတ်ကိုတင်းပြီး

မကိုရင်ဆိုင်လိုက်သည်။

"မင်း… မင်း… ဒီအိုးကို တမင်သက်သက်တွန်းချပစ်လိုက်တာ

တ်လား…"

"ရှင်ကရော တမင်သက်သက် မကြားချင်ယောင်ဆောင်နေတာ

တ်လား"

"ဘာ… မဟုတ်ပါဘူး။ ငါကဘာလို့ မကြားချင်ယောင် ဆောင်ရမှာ

ငါ… ငါ… ဒီပန်းချီကားထဲမှာ အာရုံ… အာရုံ… တောက်!… ရှာန်

နေတာကွ…"

အရေးထဲမှာ စကားက,ထစ်နေပြန်သေးသည်။

"မညာနဲ့… ကျွန်မရောက်နေတာ ရှင်သိတယ်။ တမင်သက်သက်

ကြားချင်ယောင်ဆောင်နေတာလည်း ကျွန်မသိတယ်"

"အံမာ… မင်းကဘာဖြစ်လို့အတတ်ပြောနိုင်ရတာလဲ။ ငါ့စိတ်ထဲကို

ကြည့်နိုင်လို့လား… စွပ်စွဲ့စွဲ…"

"စိတ်ထဲအထိဝင်ကြည့်နေစရာမလိုပါဘူး။ ရှင့်ပုံစံက အသိသာကြီး"

ကျွန်တော်က ဒေါသတွေထွက်ဖြစ်ပြီး စကားတွေသွက်နေပေမယ့်၊

လေသံကတော့ အရင်အတိုင်းပင်…

"ငါ့ပုံစံက ဘယ်လိုဖြစ်နေလို့လဲ… ငါပန်းချီကားထဲမှာ တကယ်ရှာန်

တာလကွဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း… ဟင်း…"

သူမရယ်လိုက်တာ။ ဒါပေမယ့် နှုတ်ခမ်းမလှုပ်၊ နှုတ်ခမ်းမဟ၊ နှု
မကွေးညွတ်ပဲ လည်ချောင်းထဲမှ ထွက်လာသောအသံဖြင့် ရယ်လိုက်ခြင်း
သည်။ ရယ်မောတဲ့အရိပ်အယောင်ကို သူမမျက်လုံးတွေမှာလည်း မတွေ့ရ

"အစကတော့ ကျွန်မရောက်နေတာကို တကယ်မသိဘူး
ထင်လိုက်တာ။ ဒါပေမယ့် တတိယအကြိမ်ပေးလိုက်တဲ့ ကျွန်မအ
ကြားကိုကြားသင့်တဲ့အသံမျိုး။ ရှင်ကြားရဲ့သားနဲ့ လှည့်မကြည့်ဘူး… ကို
ရယ်နေတယ်"

"မရယ်ပါဘူး"

အံ့သြစိတ်ဖြင့် ငြင်းလိုက်မိ၏။

"ရယ်ပါတယ်… ရှင့်ပခုံးတွေမသိမသာလေး ခါသွားတာ ကျ
သေသေချာချာမြင်လိုက်တယ်။ ပြီးတော့ ဆေးလိပ်ပဲ။ ပန်းချီကားထဲမှာ နစ်
နေလို့ ပတ်ဝန်းကျင်ကိုတောင် သတိမထားမိတော့ဘူးဆိုတဲ့ အခြေအ
ဆေးလိပ်က မီးညှိထားခါစပဲရှိသေးတယ်…

နောက်ပြီး ရှင့်ရဲ့ ဘယ်ဘက်လက်က လက်သီးဆုပ်ထားတ
ကျစ်ကျစ်ပါအောင်ကို ဆုပ်ထားတာ။ အနုပညာစျာန်ဝင်နေတဲ့ လူတစ်
ရဲ့ခန္ဓာကိုယ်တစ်ခုလုံးက အကြောအခြင်တွေဟာ အမြဲတမ်း သက်
သက်သာပုံစံမျိုးမှာပဲရှိတယ်။ ဘယ်တော့မှ တင်းတင်းကျပ်ကျပ်ဖြစ်နေ
ဘာဖြစ်လို့လဲဆိုတော့ ရှင်ကြည့်နေတဲ့ ပန်းချီကားက… တိုက်ပွဲတစ်ပွဲ
ဟုတ် သူ့ရဲကောင်းတစ်ယောက်ရဲ့ပုံကို ဆွဲထားတဲ့ပန်းချီကားမျိုးမဟုတ်

ပြီးတော့… လက်သီးဆုပ်ထားတဲ့လက်ရဲ့ လက်ကောက်ဝတ်
ဆေးလိပ်ကိုင်ထားတဲ့လက်ကို တင်ရုံလေးတင်ထားတာ… ပြုတ်ကျ
စိုးလို့ လက်သီးဆုပ်ကို ကွေးထားရတယ်။ အဲဒီတော့ ရှင့်ခန္ဓာတ
သတိကပ်နေတယ်လို့ ပြောလို့ရတယ်…



နောက်ပြီး… ကျွန်မ ဒီစာအုပ်ကို လွှတ်ချလိုက်တော့၊ ဆေးလိပ်ကိုင်
တဲ့ လက်နည်းနည်းလေးမြောက်ကနဲဖြစ်သွားတယ်… ဒါပေမယ့် ရှင်က
သိပ်မှာသလိုလိုလုပ်ပြီး ထိန်းထားလိုက်တယ်…

ပြီးတော့… ကျွန်မ ရှင့်နောက်မှာ ရပ်နေတာဆိုပေမယ့်… မော့ထားတဲ့
ရဲ့အနေအထားအရ ရှင့်မျက်လုံးတွေရှိနေမယ့်နေရာကို ခန့်မှန်းလို့ရတယ်။
မော့ကြည့်နေတဲ့နေရာမှာ နောက်ခံကောင်းကင်အပြာကြီးကလွဲပြီး ဘာမှ
ဘူး။ တိမ်တွေလည်းမရှိဘူး… ကိန္နရီမောင်နှံလည်းမရှိဘူး။ ကောင်းကင်
တာလည်း ဘာရုတ်ချက်မှ ထူးထူးဆန်းဆန်းမရှိတဲ့ အပြာရောင်ပလိန်း
း) ကြီး…

ပြီးတော့… ကျွန်မဝင်လာတဲ့ တံခါးပေါက်နဲ့ ကျွန်မဝင်သွားမယ့်
ညှိခန်းတံခါးပေါက်တွေကို ကျောပေးထားနိုင်အောင် နေရာယူထား
တွက်… ရှင်ပန်းချီကားကြီးကို ကပ်ပြီးမော့ကြည့်နေရတယ်။ ကျွန်မကို
မြင်မိအောင်လည်း ပန်းချီကားရဲ့အပေါ်ပိုင်းညာဘက်ထောင့်ကို
ုံးတွေပို့ထားရသေးတယ်။ တကယ်လို့ ပန်းချီကားကို အာရုံယူပြီးခံစား
ရင်… ဒီပန်းချီကားကို အကောင်းဆုံးအနေအထားနဲ့ မြင်နိုင်တဲ့ နေရာက
ပ်နေတဲ့ နေရာမဟုတ်ဘူး…"

'အမလေးဗျာ… မြင်တတ်လှချေလား မလကွဲရယ်…။ ရှားလော့
ဦးစံရှားနဲ့ ဆားပုလင်းနှင်းမောင်… သုံးယောက်စလုံးသေပြီး မင်းတစ်
တ်တည်းကိုများ ဝင်စားခဲ့လေသလားလို့ ပြောရမလိုတောင်ဖြစ်နေပြီ။
တောင် မထားတတ်တော့ဘူး…' ဟု စိတ်ထဲမှ ပြောလိုက်မိတော့
သူမက မရပ်သေး… သဲလွန်စတွေကို တစ်ခုပြီးတစ်ခုဖော်ထုတ်ပြ
င်သေး…

www.burmeseclassic.com

www.burmeseclassic.com





'မရပ်မနားတမ်းပြောလည်း ပြောနိုင်ပါပေရဲ့…' ဟု တွေးရင်း သူ ပြောနေသမျှတွေကို အံ့ဩခြင်းကြီးစွာဖြင့် ပါးစပ်အဟောင်းသားဖြ နားထောင်နေရတော့သည်။

"ပြီးတော့.. ရှင့်လိုလူတစ်ယောက်ဟာ ပစ္စည်းတစ်ခုကို ဘယ်တော့ ပေါ့ပေါ့ဆဆ ကိုင်တွယ်လေ့မရှိဘူး။ ရှင့်လက်ထဲကဆေးလိပ်က မီးညှိထား ပဲရှိနေသေးပေမယ့် မီးခြစ်က စားပွဲရဲ့ ဒီဘက်မှာကျနေတယ်။ ရှင့်က စားပွဲ ဟိုဘက်မှာ ရပ်နေတယ်…။ ဒီတော့… ဆေးလိပ်ကို အလျင်စလို မီးညှိ လိုက်တယ်လို့ ယူဆနိုင်တယ်…"

ပြီးတော့… ငါးကန်ကျကွဲသွားတဲ့ အချိန်မှာ ရှင့်ပါးစပ်က ရေရွ သံတစ်ခုမှ ထွက်မလာခဲ့ဘူး။ ပြောလိုက်တော့လည်း 'တမင်သက်သ တွန်းချပစ်လိုက်တာမဟုတ်လား' တဲ့… ကျွန်မရောက်နေတာကို သိနေ ဒီလိုစကားမျိုးပြောလိုက်တာ။ ပြီးတော့ ရှင်စကားတွေထစ်နေတယ်… ကျွန်မကို ရဲရဲတင်းတင်းအပြစ်မပြောရဲဘူး။

ဒါတွေအားလုံးကို ခြုံကြည့်လိုက်ရင်… ရှင်ဟာ ကျွန်မရောက် တာကို သိလျက်နဲ့ တမင်သက်သက်မသိချင်ယောင်ဆောင်နေတယ်ဆို ထင်ရှားတယ်။ ဘာလဲ… ကျွန်မ စာလာမေးတာကို မကြိုက်ဘူးလ ဒါဆိုလည်း ကျွန်မပြန်တော့မယ်"

"ဟော့…ဟော့…မဟုတ်ဘူး…လာ…လာ…"

နောက်ဆုံးတော့ ကျွန်တော်ပဲ အရှုံးပေးလိုက်ရပါတော့သည်။

သူမရဲ့ပါးနပ်မှုကို အံ့ဩလို့မဆုံးဖြစ်ရ၏။

တကယ်မလွယ်တဲ့ ကောင်မလေးပါလား…

"ဟူး… ဒုက္ခ…ဒုက္ခ"

( * )

လူတွေနဲ့ ရင်းရင်းနှီးနှီးနေတတ်သော "နီးနီး"လေး သူမပေါင်ပေါ်မှာ ထိုင်လိုက်ခြင်းသည် ပြဿနာ၏အစဖြစ်၏။ ထိုအချိန်က ဖြူဖြူသွယ်လည်း ပြီး… ကျွန်တော် သူမတို့နှစ်ယောက်လုံးကို Brain အကြောင်း အသေး ရှင်းပြနေစဉ်မှာဖြစ်သည်။ ကြောင်မလေးနီးနီး သူမပေါင်ပေါ်ခုန်တက် တာကို ကျွန်တော်ရော ဖြူဖြူသွယ်ပါ မြင်လိုက်ကြရလေသည်။

ဆတ်ကနဲတွန့်သွားသော သူမသည် ပေါင်ပေါ်မှ နီးနီးကို အေးစက်စွာ ငုံ့ကြည့်၏။ နီးနီးက သူမပေါင်လေးကို ခေါင်းဖြင့် တိုးဝှေ့ပွတ်သတ်နေပြန် ည်။ ဒါက… နီးနီးရဲ့အကျင့်…

ထိုစဉ်မှာပင် ဘယ်လိုမှ မျှော်လင့်မထားသော ရက်စက်မှုတစ်ခုကို သွန်လိုက်ခြင်းဖြစ်သည်။ သူမ…နီးနီးရဲ့လည်ကုပ်ကို ဆတ်ကနဲ ကိုင်လိုက်၏။ ထို့နောက် နီးနီးကို နံရံဆီသို့ အရှိန်ပြင်းစွာ ပစ်ပေါက် လိုက်ပါတော့ သည်။

"ဟော့..ဟော့..!"

"လက်ဂွ… မလုပ်နဲ့ !…"

ကျွန်တော်ရော ဖြူဖြူသွယ်ပါ အော်ဟစ်တားမြစ်လိုက်ကြပေမယ့် တော့… စက္ကန့်ပိုင်းအချိန်လေးအတွင်းမှာ အလွန်လျှင်မြန်စွာ ဖြစ်ပျက် ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"နိုးနိုး·· သမီးလေး··"

ဆန့်ငင်ဆန့်ငင်ဖြစ်နေသော နိုးနိုးလေးကို အပြေးအလွှားကောက်[…] ပြီး ရင်ခွင်ထဲမှာပွေ့ထားလိုက်ရ၏။ တော်ရုံ တန်ရုံအားနဲ့ ပစ်ပေါက်လိုက်တ[…] မျိုးမဟုတ်တာ သေချာ၏။ နိုးနိုးခေါင်းနဲ့ နံရံ··· ပြင်းထန်စွာရိုက်မိသွား[…] တဲ့အသံကို ပီပီသသကြီး ကြားလိုက်ရတာပါ။

"သမီးလေး·· နိုးနိုး··"

စိုးရိမ်စွာရေရွတ်လိုက်မိချိန်မှာပဲ ဆန့်ငင်ဆန့်ငင်ဖြစ်နေသော[…] နိုးနိုးလေး ငြိမ်ကျသွားတော့သည်။

"ရက်စက်လိုက်တာ·· ရက်စက်လိုက်တာ··။ ဖြစ်မှဖြစ်ရတယ် သမီး[…] လေးရယ်···"

ကြေကြေကွဲကွဲရေရွတ်ရင်း သူမကိုဆတ်ကနဲမော့ကြည့်လိုက်တော[…] အေးစက်တဲ့သူမ မျက်ဝန်းတွေကို ထိတ်လန့်စွာမြင်တွေ့လိုက်ရ၏။ မြူမြူသွ[…] က မျက်လုံးတွေကို မှိတ်ထားဆဲ··· သူမကတော့ မျက်နှာသေနှင့်ရှိနေဆဲ[…] သူမကြောင့် အပြစ်မဲ့တဲ့ သတ္တဝါလေးတစ်ကောင် ခေါက်ကနဲသေဆုံးသွားရ[…] ကို ဘာခံစားချက်မှ မရှိသောပုံစံဖြင့် ရှိနေဆဲ··· ···

"သူမှာ ဘာအပြစ်ရှိလို့လဲလကွဲ"

ဦးရာဇာ့အသံက တော်တော်လေး မာမာကျောကျောရှိ၏။

"သူ ကျွန်မကို ပွတ်သီးပွတ်သပ်လုပ်တယ်။ အဲဒီလိုလုပ်တာ ကျွ[…] မကြိုက်ဘူး"

"ဟာ··· မင်းရက်စက်လှချေလား။ အဲဒါအကြင်နာတရားရဲ့ပြ[…] ကွ·· ဒါလုံးဝမခါးဘူး"

"ဘာအကြင်နာတရားလဲ·· ကျွန်မနားမလည်ဘူး။ အဲဒါမှာယာ[…] ထောင်ချောက်တွေ၊ အခါးတွေ··"



အလိုလေး··· သူမဘာတွေပြောနေတာလဲ·

"လကွဲ။ မင်း··· မင်း အကြင်နာ မေတ္တာဆိုတာတွေကို နားမလည်[…] ဘူး ဟုတ်လား···"

"တော်တော့ ··· ကျွန်မ အဲဒီအသံတွေကို မကြားချင်ဘူး။ အားလုံး[…] အလိပ်တွေချည်းပဲ"

"ဟာ··သွားပြီ။ မင်း ··ဆရာဝန်လုပ်ဖို့ မသင့်တော့ဘူး··· ဆရာ[…] တစ်ယောက်ရဲ့ အဓိကလိုအပ်ချက်ဟာ အကြင်နာတွေ၊ မေတ္တာတွေ၊ စေတ[…] တွေဆိုတာ မင်းနားမလည်ဘူးလားလကွဲ။ သေချာတယ်··· မင်းဘယ်တော့ ဆရာဝန်မဖြစ်ဘူး"

"အဲဒါ··· ကျွန်မကိစ္စပါ။ လူနာတစ်ယောက်အတွက် ဆရာဝန်တစ်[…]ယောက်မှာ ဘယ်လိုအရည်အချင်းတွေ ရှိဖို့လိုတယ်ဆိုတာ ကျွန်မကောင်း[…]ကောင်းသိတယ်။ ကျွန်မမှာ အဲဒီကြောင်ကို သေစေလိုတဲ့ ဆန္ဒမရှိဘူး။ သူ[…] ပွတ်သီးပွတ်သပ်လာလုပ်လို့ အလိုလိုတုံ့ပြန်လိုက်မိတာ"

မယုံဘူး··· သူမပြောတာကို ကျွန်တော်မယုံဘူး··· ···

"ကောင်းပြီလေ။ မင်းဘယ်လိုဆရာဝန်မျိုးဖြစ်လာမယ်ဆိုတာကို စောင့်[…]ကြည့်ရသေးတာပေါ့။ မင်းအတွက် ရင်လေးတယ်လကွဲ။ ဒီမှာကြည့်စမ်း·· […]ကြောင့်ဘာအပြစ်မှမရှိတဲ့ ငါ့သမီးလေးသေသွားပြီ။ ဒီနေ့အဖို့ စာသင်[…]ကို ဒီမှာပဲ နားလိုက်တယ်။ မင်းပြန်တော့"

သူမကျွန်တော့်ကို မျက်လုံးသေတွေဖြင့် တစ်ချက်စိုက်ကြည့်ပြီး၊ […]ရုပ်တစ်ရုပ်လို ခြေလှမ်းတွေဖြင့် ထွက်ခွာသွားလေသည်။ မြူမြူသွယ့်ကို […]ချတ်မှ နှုတ်ဆက်မသွားခဲ့။

သူမရဲ့အပြုအမူတွေက ကျွန်တော့်ကို မချင့်မရဲဖြစ်စေလိုက်တော··· သူမကို တုတ်တစ်ချောင်းဖြင့် ခပ်စပ်စပ်ရိုက်ပစ်ချင်သည်အထိ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်။ ရင်ထဲမှာ ဒေါသတွေ၊ ဝမ်းနည်းကြေကွဲမှုတွေ၊ မချင့်မရဲဖြစ်ခြင်းတွေကို စုပြုံခံစားနေရ၏။

ကျွန်တော်ချစ်တဲ့၊ ကျွန်တော်သံယောဇဉ်ရှိတဲ့ သတ္တဝါလေးတွေဟာ သူမလက်ချက်နဲ့ တစ်ကောင်ပြီးတစ်ကောင် သေဆုံးကုန်ကြပါပေါ့လား…

ကိုယ့်ကိုယ် ကိုယ်လည်း မကျေနပ်…

တကယ်ဆို… သူမကို ဒီထက်အဆပေါင်းများစွာ ပြင်းထန်ဆိုးရွားတဲ့ စကားလုံးတွေသုံးပြီး အိမ်ထဲက နှင်ထုတ်ပစ်လိုက်ရမှာ… ။ "နောက်နောင် ငါ့အိမ်ကို ဘယ်တော့မှမလာနဲ့" လို့ ပြောပစ်လိုက်သင့် တာ… ။

ဒါပေမယ့်.. အဲဒီစကားလုံးတွေ ကျွန်တော့်ပါးစပ်က ထွက်မလာဘူး။ အေးစက်စွာ ရက်စက်တတ်တဲ့ အကျင့်ဆိုးတွေနဲ့ သူမကို ထူးဆန်းစွာ တွယ်တာနေမိတာ ဘာကြောင့်လဲ? …

ရင့်သီးမာကျောတဲ့သူမကို အလွယ်တကူပင် သည်းခံကျေနပ်နေမိတာ ဘာကြောင့်လဲ? … ဒီကိစ္စကြောင့် သူမ စာလာမမေးတော့မှာကိုတောင် စိုးရိမ်နေမိတာ ဘာကြောင့်လဲ? … ။

မင်းမှာ ဘယ်လိုထူးဆန်းတဲ့စွမ်းအင်တွေ ရှိနေသလဲ လက်ကွဲ? ? ?… …

¤ ¤ ¤ ¤ ¤



( * )

ဒီတစ်ခါတွေ့ကြုံရသော သူမ၏ ရက်စက်မှုကတော့ တကယ်ကို ခံနိုင်ရာကောင်း၏။ တော်တော်လေး ဆိုးသွမ်းရမ်းကားပါသည်ဆိုသော ကောင်ကျားလေးများဝင် ပြုလုပ်ရန် မလွယ်ကူသော (လုပ်ရဲမည်မထင်သော) အလုပ်မျိုးကို ကျွန်တော့်မျက်စိရှေ့မှာပင် ရဲရဲဝံ့ဝံ့လုပ်သွားခဲ့ခြင်းဖြစ်လေသည်။

ထိုနေ့က ကျွန်တော် အလုပ်နားရက်ဖြစ်သည်။ မညီမညာဖြစ်နေသော မြက်ညည်းရိုးပင်တွေကို ကတ်ကြေးတစ်လက်ဖြင့် လိုက်ညှိနေသော အချိန်လည်း ဖြစ်သည်။

ကားစက်သံကိုကြား၍ ခြံပြင်သို့ ခြေဖျားထောက်ပြီး ကြည့်လိုက်မိတော့ အနီရောင်ရင့်ရင့် SURF ကားတစ်စီးကို တွေ့ရ၏။ သူမကားပဲပေါ့…။ ကားပေါ်မှာထိုင်နေတဲ့သူမက ကျွန်တော့်ကိုမမြင်နိုင်… ခြံစည်းရိုးပင်တွေနှင့် ကွယ်နေ၏။

သူမ… ကားကို ဒီနားကျမှ ဘာဖြစ်လို့ ရပ်လိုက်တာလဲ? …

အတွေးမဆုံးခင်မှာပဲ စက်ရပ်မထားတဲ့ကားပေါ်မှ သူမဆင်းလာ၏။

"နင်ဘာလုပ်တာလဲ။ ဒါ.. ဘာသဘောလဲ"

အလို… သူမ ဘယ်သူ့ကို ပြောနေတာပါလိမ့်…

သူမမျက်နှာမူထားရာဘက်ကို ကြည့်လိုက်တော့… လမ်းပေါ်မှာ ခွေလန်ဖြတ်ရပ်ထားသည့် ဆိုင်ကယ်တစ်စီးကို တွေ့လိုက်ရ၏။ ဆိုင်ကယ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ပိုက်ပြီးရပ်နေတာက စပ်ဖြောင့်ဖြောင့် လူငယ်လေးတစ်ယောက်… ထိုလူငယ်က မထီတရီပြုံးလိုက်ပြီး သူမကိုပြော၏။

"ရှင်းပါတယ်… မင်းကိုချစ်တဲ့သဘောလေ။ မင်းအချစ်ကို လိုချင်တဲ့ သဘောပဲ.."

"နင်ရူးနေလား"

"မင်းငါ့ကို ငဲ့ညှာသင့်ပြီ လက်ွဲ.. သုံးနှစ်လုံးလုံး မင်းတစ်ယောက် တည်းကိုပဲ စွဲစွဲမြဲမြဲချစ်ခဲ့တာကို နည်းနည်းလောက်တော့ အသိအမှတ်ပြု သင့်ပြီ.."

အံမယ်.. ကောင်လေးက အလာကြီးပါလား။ အပြောက မိန်းကလေး တွေ ကြွေချင်စရာ…။ ရုပ်ရည်ကလည်း တော်တော်သန့်တဲ့ရုပ်ရည်မျိုး…။

သူမက အေးစက်ပြတ်သားစွာ တုံ့ပြန်၏။

"ဘာတွေလာပြောနေတာလဲ.. ငါစိတ်မဝင်စားဘူး။ တခြား တစ် ယောက်ကိုသွားပြောရင် နင့်အတွက် အကျိုးရှိနိုင်တယ်"

"ငါ သူတို့ကိုမှ ချစ်လို့မရတာ လက်ွဲရယ်…"

"အဲဒါတွေ ငါနားမလည်ဘူး။ သေချာတာတစ်ခုက ငါဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးဆိုတာပဲ။ ဖယ်စမ်း.. ငါသွားမယ့်လမ်းကို"

"ဒါဆို မင်းတစ်သက်လုံး အပျိုကြီးလုပ်မှာလားလက်ွဲ"

ထိုစကားကြောင့် ကျွန်တော်ရယ်လိုက်မိ၏။ အသံတိတ်ရယ်လိုက် ခြင်းပါ…

"အဲဒါ နင့်အလုပ်မဟုတ်ဘူး"

"မဟုတ်သေးဘူးလက်ွဲရယ်.. လောကကြီးမှာ တစ်ယောက်တည်း နေလို့မှမရတာ.."



"တော်စမ်း.. နင့်စကားကို ဒီမှာတင်ရပ်လိုက်စမ်း။ ငါ့မှာ နင့်စကား တွေ နင်ခံစားချက်တွေကို နားထောင်ဖို့ အချိန်မရှိဘူး။ ငါသွားမယ့်လမ်းက ဖယ်"

"မဖယ်ဘူးလက်ွဲ။ နင် ငါ့ကိုချစ်တယ်လို့မဖြေမချင်း လမ်းဖယ် ပေးနိုင်ဘူး"

ကောင်လေးရဲ့သတ္တိကို ကျိတ်ပြီး ချီးကျူးလိုက်မိသည်။ သူမ ဘာဆက်လုပ်မလဲ? …။ ကဲ.. မင်းဘာဆက်လုပ်မလဲလက်ွဲ… ။

"ကောင်းပြီ.. ငါသည်းခံနိုင်တဲ့အတိုင်းအတာ ကုန်သွားပြီ။ နင်ဘာသာ ဖယ်ချင်ဖယ်၊ မဖယ်ချင်နေ ငါ့လမ်းကိုငါ ရအောင်သွားပြမယ်"

သူမက အေးစက်စက်ပြောပြီး ကားပေါ်သို့ ပြန်တက်၏။ ထို့နောက် သော့ကို သုံးချက်တိတိ ဆက်နှင်း၏။ ထို့နောက်.. အနီရောင် SURF ကားလေး ဒေါသတကြီး အရှိန်ပြင်းစွာခေါင့်ထွက်လာပြီး ဆိုင်ကယ် မင်းသားလေးဆီသို့… …

"မလုပ်နဲ့.."

အဲဒါ ကျွန်တော်အော်လိုက်တာ။ သတိလက်လွှတ်အော်လိုက်မိတာ… ဆိုင်ကယ်မင်းသားလေးရဲ့ ပြူးကျယ်သွားတဲ့ မျက်လုံးတွေကို နောက်ဆုံး အဖြစ် မြင်တွေ့လိုက်ရ၏။

"ဘုရား.. ဘုရား"

မကြည့်ရဲ.. ထိုမြင်ကွင်းကို ကျွန်တော်မကြည့်ရဲ…

"အား…" ဆိုတဲ့အသံက ဆိုင်ကယ်မင်းသားလေးရဲ့ အော်သံဖြစ် သည်။ "ဒုန်း…"ဆိုတဲ့အသံက ဆိုင်ကယ်ကို ကားနဲ့ဝင်တိုက်ပစ်လိုက်တဲ့ အသံဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့ဆိုင်ကယ်ကြားမှာ ကောင်လေးတော့ စိစိညက်ညက်ကြေ
ပေါ့…။ ဒါဆို… ဂျိုးဂျိုးဂျွတ်ဂျွတ်မြည်နေတဲ့အသံတွေက ဘာတွေလဲ?
မြဲပြင်သို့ အပြေးထွက်လာခဲ့မိတော့သည်။

မြဲပြင်ရောက်တော့… မြင်လိုက်ရတဲ့မြင်ကွင်းက အံ့အားသင့်ခြင်းတွေ
အထွတ်အထိပ်သို့ ရောက်သွားစေ၏။ သူမဟာ DT ဆိုင်ကယ်လေး
ကားနဲ့ အကြိမ်ကြိမ်ဖြတ်နှင်းခြေမှု နေပါရောလား… SURF ကား နီနီ
လေးက လမ်းကျဉ်းလေးတစ်ခုထဲမှာ ရှေ့တိုးလိုက် နောက်ဆုတ်လိုက် ရှိနေ

လမ်းဘေးက မြက်ခင်းပေါ်မှာ ဆိုင်ကယ်မင်းသားလေးက မှောက်လျ
သား…။ ကျွန်တော် ဆိုင်ကယ်မင်းသားလေးဆီ အပြေးရောက်သွားချိန်
သူ့မကားလေး အရှိန်ပြင်းစွာ ထွက်ခွာသွားလေတော့သည်။

ဆိုင်ကယ်မင်းသားလေးကို ပွေ့ထူလိုက်ရ၏။

"ချာတိတ်။ မင်းဘာဖြစ်သွားသေးလဲ…"

ကောင်လေးက ကျွန်တော့်ကို စူးစမ်းသလိုကြည့်ပြီး ထလိုင်၏။

"ဟူး… တော်ပါသေးရဲ့ကွာ။ မင်းဘာမှမဖြစ်ဘူးနော်…"

"ဘာလို့မဖြစ်ရမှာလဲဗျ… အရှောင်မြန်လို့မသေတာ။ အား… တကယ
ဝင်တိုက်တာကွာ… ။ တောက်!… နာလိုက်တာ။ ဒူးတွေလည်း
ပေါက်ပြဲကုန်ပြီ။ အား… ကျွတ်… ကျွတ်… ကျွန်တော့်ဆိုင်ကယ်လေးတော
သွားပါပြီဗျာ… ကျွတ်… ကျွတ်… ကျွတ်…"

တကျွတ်ကျွတ်နှင့် မနားတမ်းညည်းညူနေတဲ့ကောင်လေးကိုကြည့်ပြီး
ရယ်ချင်စိတ်ကို ထိန်းထားလိုက်ရသည်။

"လာ… လာ… ဦးအိမ်ကိုလိုက်ခဲ့။ သားကို ဦးဆေးထည့်ပေးမယ်…
ထ… ထ…"



ကောင်လေးက ကျွန်တော့်ကိုအားပြုပြီး ထရပ်၏။ ခြေကောင်းကောင်း
လှမ်းလျှောက်နိုင်သဖြင့် ပခုံးနှင့်တွဲပြီး အိမ်ထဲသို့ ခေါ်လာခဲ့ရလေသည်။

"ကံကောင်းလို့ဗျာ… သေတော့မလို့။ အား… ကျွတ် ကျွတ် ကျွတ်…
ဆက်တော့ ကြောက်စရာကောင်းတဲ့မိန်းမပဲ။ အား… အသေကိုလုပ်တာ
ဗျာ… … … …"

ကောင်လေးက ကျွန်တော့်ကို အားပြုလျှောက်ရင်း မနားတမ်းရေရွတ်
နေပါတော့သည်။ စောစောတုန်းက သတ္တိတွေအပြည့်နှင့်…။ အခုတော့
ကြောက်တသပ်သပ် နှင့်…။ ရယ်စရာတော့အကောင်းသား… … …
ကောင်လေးကို အိမ်ထဲအထိ ခက်ခက်ခဲခဲ တွဲခေါ်လာခဲ့ရ၏။ ဒူးခေါင်းတွေ၊
တံတောင်ဆစ်တွေ ပေါက်ပြဲကုန်တာကို သေသေချာချာ ဆေးထည့်ပေးလိုက်ရ
လေသည်။

"မင်းဆိုင်ကယ်တော့သွားပြီကွ… ဘယ်လိုမှ သုံးလို့ရမှာမဟုတ်တော့
ဘူး… ဟား… ဟား… ဟား…"

"အား… ကျွတ်… ကျွတ်… ကျွတ်… ဆိုင်ကယ်က ပြဿနာမရှိပါ
ဘူးဦးရာ… လူမသေတာပဲ ကျေးဇူးတင်ရဦးမယ်။ တကယ်ဝင်တိုက်တာဗျ…
လောက်အထိလုပ်ရဲလိမ့်မယ်လို့ လုံးဝမထင်ဘူးဗျာ… ကြောက်စရာ
ကောင်းလိုက်တာ…"

"မကြောက်ပါနဲ့ကွ… မသေတော့ပါဘူး… ဟား… ဟား… ဟား…။
နေပါဦးကွ… မင်း… လကွဲ့ဆိုတဲ့ကောင်မလေးကို သိတာကြာပြီလား"

"သိတာ ကြာရုံတင်ဘယ်ကပါ့မလဲဦးရေ… ချစ်နေတာကို ကြာလှပြီဗျ…
သုံးနှစ်တောင်ရှိပြီ။ ကျွန်တော်သူ့ကို တကယ်ချစ်တာဦးရ… လိုက်နေတာ
သည်းကြာပြီ။ ဒါပေမယ့်… သူကျွန်တော့်ကို နည်းနည်းလေးတောင် အသိ
အမှတ်မပြုဘူး… ဘယ်လောက်ဆိုးလဲ။ လူသေကောင်ကို သူချစ်တာကမှ

www.burmeseclassic.com

www.burmeseclassic.com



တွဲပြန်မှုရှိလိမ့်ဦးမယ်။ ဟင်း‥ဟင်း‥ ကျွန်တော်ကလည်း သူ့ကိုပဲ ချစ် တော့ ခက်တယ်ဗျာ…”

“ဟား‥ ဟား‥ ဟား ချစ်ရင်လည်း တခြားနည်းနဲ့ချစ်ပါကွ ဒီနည်းက အန္တရာယ်ကြီးတယ်…”

ကောင်လေးက ယဲ့ယဲ့လေးပြုံး၏။

“ဟဲ ဟဲ… ကြံမိကြံရာ ကြံလိုက်မိတာဦးရ‥ အဖြေများရမလား ခုတော့ ကံကောင်းလို့မသေတယ်။ တော်ပါပြီဗျာ… ဒီလောက် အကြ ကင်းမဲ့တဲ့ မိန်းမမျိုးကို စိတ်လျှော့လိုက်တော့မယ်”

“မဟုတ်သေးဘူးသားရဲ့‥ ယောက်ျားဆိုတာ စွဲမလျှော့ရဘူး။ ကိုယ် ကယ်လိုချင်တဲ့အရာကို မရရအောင် ယူနိုင်ရမယ်ကွ။ အရေးအကြီးဆုံး ကိုယ့်စိတ်ကို ကောင်းကောင်းနားလည်ဖို့ပဲ။ ဒီအရာတစ်ခုကို၊ ကိုယ်တ လိုချင်တာဟုတ်ရဲ့လား မဟုတ်ဘူးလားဆိုတာ အတိအကျသိဖို့လိုတယ်

အေး‥ တကယ်လိုချင်တာမဟုတ်ပဲနဲ့တော့ သွားမလုပ်နဲ့‥ အဓိ မရှိဘူး။ အန္တရာယ်လည်းကြီးတယ်‥ တစ်သက်စာ နံသွားရတတ်တ အဲဒီလိုမှမဟုတ်ပဲ တကယ်ကို မြတ်မြတ်နိုးနိုးလိုချင်တာဆိုရင်တော့ ရ သာကြိုးစားပေတော့။ တွေ့ကြုံလာသမျှကိုလည်း အချစ်ရဲ့ဆုလာဒ် ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပေါ့ကွာ‥ မဟုတ်ဘူးလား…”

“ဟာ‥ ဦးရဲ့ ဒိုင် (Dialogue)တွေက မြင့်လှချေလား‥ ချိုလို ဗျာ။ ကျွန်တော် သူ့ကို တကယ်ချစ်တာဗျ‥ သေချာတယ်။ ဘဝတွဲဖြ ပဲနဲ့ သူတစ်ယောက်တည်းကိုပဲ တောက်လျှောက်ကြွေလာခဲ့တာ ဘယ် ကြာပြီလဲ။ ကျွန်တော့်ရင်ထဲမှာ သူကလွဲပြီး ဘယ်သူ့ကိုမှ မငြိဘူး”

“ဟုတ်လို့လားကွ…”



ကျွန်တော် ရယ်ကျဲကျဲမေးလိုက်တော့ ကောင်လေး စိတ်မကောင်း ပုံရ၏။

“တကယ်ပြောတာပါဗျာ။ ဦးကိုပြောရင် အံ့သြသွားမယ်‥ ကျွန်တော် နီရောင်ဆို သိပ်မုန်းတာ။ ဒါပေမယ့် လက်ဒွဲရဲ့သင်္ကေတက င်‥။ သုံးနှစ်အတွင်းမှာ သူ့ကို တခြားအရောင်နဲ့ တစ်ခါမှ ဘူး…။ သူ့ရုပ်လေးက တကယ့်ကို ဖြူဖြူနုနုလေး‥ ဖူးဖူးစင်စင် သိပ်ပြီး အပြစ်ကင်းစင်တာ။ အနီရောင်တွေ ဖုံးလွှမ်းနေလို့ ပုလောင် ထင်ရတာ။

ကျွန်တော်သူ့ကို တကယ်မြတ်နိုးတာပါဦးရာ… ခြေဖျားလက်ဖျား အစ ဆံပင်ဖျားလေးတွေအဆုံး‥ အိုဗျာ ကုပ်ပိုးပေါ်က မှဲ့စိမ်းစိမ်း အစ ကျွန်တော့်အတွက် ကဗျာတွေချည်းပဲ‥”

“ဟာ‥ ကုပ်ပိုးပေါ်က မှဲ့အစိမ်းလေး‥ ဟုတ်လားသား‥”

“ဟုတ်တယ်ဦးရဲ့။ လက်ဒွဲရဲ့ ကုပ်ပိုးအလယ်လောက်မှာ အစိမ်းရောင် စ်လုံးရှိတယ်။ ဆံပင်တွေဖုံးနေလို့ မမြင်ရတာ… ကျွန်တော်တောင် တွေကို စုပြီးချည်ထားတဲ့တစ်ရက်က ကံကောင်းလို့ မြင်ခွင့်ရခဲ့တာ။ ရောင်လေးဗျ‥ ထင်ထင်ရှားရှားလေး‥”

ာင်ယမ်းပြီး ကုပ်ပိုးကို စမ်းလိုက်မိ၏။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

လက်ဖွဲ့နဲ့မတွေ့ရတာ ဆယ်ရက်ရှိပြီ။

နိုးနိုးလေးဟိုစွဖြစ်ပြီးကတည်းက သူမကျွန်တော့်ဆီ ရောက်မ... တော့... သူမကို မဖောင်းထုတ်ပစ်ခဲ့မိတာ မှားသွားပြီလား?... ။ သူ... ကျွန်တော့်ကို စိတ်နာသွားပြီလား?...

မဟုတ်ဘူး။ သူမကို မောင်းထုတ်ပစ်ခဲ့တာ မမှားဘူး။ တကယ်... ဒီလောက်တောင် ရက်စက်တတ်တဲ့ မိန်းကလေးမျိုးကို ခင်ဖို့တောင်မကော... ဘူး။ ဒါပေမယ့်... သူမကို သံယောဇဉ်တွေ ဖြစ်နေမိတယ်။ လူတော... ရှိသေလေးစားစွာ ဆက်ဆံခြင်းကို အမြဲခံခဲ့ရတဲ့ ကျွန်တော်ဟာ... သူမ... အေးစက်ရင့်သီးစွာ ဆက်ဆံခြင်းကို ဘာကြောင့် ကျေနပ်လက်ခံနေမိခဲ့... လဲ?...

အင်း... တစ်ခုခုတော့ တစ်ခုခုပဲ... ...

ထူးထူးခြားခြား လူနာရှင်းနေသည့်အချိန်မို့ တစ်ယောက်တည်း ... ခန်းဝင်နေမိခြင်းဖြစ်သည်။ ထိုအချိန်မှာ ရေးကြီးသုတ်ပျာရောက်ရှိလာ... ဖြူဖြူသွယ်ဖြစ်၏။

"ဟော့.. သမီးလေး.. ဘယ်ကနေလှည့်လာတာလဲကွ။ ... တာကြာပြီ"

"ဟုတ်ကဲ့... ဟို.. ဟို.. ဦးကျော်ရေ.. အရေးကြီးတယ်"

ဖြူဖြူသွယ့်ပုံစံက တစ်စုံတစ်ခု ဖြစ်လာသည့်ပုံစံမျိုးဖြစ်နေ၏။

"ဘာတွေဖြစ်လာတာလဲသမီးရဲ့.. မျက်နှာလည်းမကောင်းဘူး"

"သမီးဘာမှမဖြစ်ပါဘူး။ ဖြစ်တာက လက်ဖွဲ့... "

"ဟေ.. လက်ဖွဲ့.. ဟုတ်လား။ လက်ဖွဲ့ဘာဖြစ်လို့လဲ"

"ကားအက်ဆီးဒင့် (Car Accidence)ဖြစ်လို့"

"ဟော့!.. အခု သူဘယ်မှာလဲ"

" Emergency မှာ ဦးကျော်.. သွေးလိုနေတယ်။ သမီးလည်း ...မှမလုပ်တတ်တော့လို့ ဦးကျော့်ဆီ ပြေးလာတာ"

"ဘာသွေးလဲ.. လက်ဖွဲ့က ဘာသွေးလဲ"

"အေဘီသွေးဦးကျော်"

စားပွဲပေါ်မှ ကားသော့လေးကို ဆတ်ကနဲကောက်ယူပြီး အပြေး... ...ခန်းထွက်လာခဲ့မိတော့သည်။

"မဖြစ်ပါစေနဲ့.. ဘာမှ ဆိုးဆိုးရွားရွားတွေ မဖြစ်ပါစေနဲ့... ..."

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



(*)

တစ်စက်ချင်း တစ်စက်ချင်း ကျဆင်းနေသော သွေးစက်တွေ လည်းကောင်း...။ သူမလက်ဖျံလေးအတွင်းသို့ တစိမ့်စိမ့်စီးဝင်နေသော သွေးတွေကို လည်းကောင်း.. မမိတ်မသုန် ငေးကြည့်နေမိ၏။

သူမက သတိပြန်လည်မလာသေး...

သူမအတွက် စိုးရိမ်ပူပန်ခြင်းများကို ရင်နှင့်မဆံ့အောင် ပြင်းပြ ခံစားနေရလေသည်။ ငိုမဲ့မဲ့မျက်နှာလေးနဲ့ မြူမြူသွယ်ကို နှစ်သိမ့်စရာစ တို့မရှိ...။ သူမအတွက် ခန္ဓာကိုယ်ထဲက သွေးတွေပေါက်ထုတ်ပေးလှူလိုက် ခြင်းကို အားမရ...။

ဖြစ်နိုင်လျှင်.. တစ်ကိုယ်လုံးမှာရှိနေတဲ့ သွေးတွေအားလုံးကို သူ အတွက် ပေါက်ထုတ်ပေးလိုက်ချင်သည်။ သတိလစ်မေ့မြောနေတဲ့သူ ငေးကြည့်နေရင်း... ကြီးမားစွာ ထိနိုက်ခံ့သော ဒဏ်ရာတို့သည် သူ မျက်နှာတွင်လည်းကောင်း... သူမ ခန္ဓာကိုယ်၏ မြင်သာသောနေရာတို့ လည်းကောင်း... တည်ရှိနေမခြင်းကို ဝမ်းသာနေမိလေသည်။

သူငယ်ချင်းအတွက် လူနာစောင့်လုပ်ပေးမည်ဟုဆိုလာ မြူမြူသွယ်လေးကိုလည်း လေးစားစိတ်ဖြင့် ကျေးဇူးတင်လိုက်မိ၏။ သွေး ထားသဖြင့် နွမ်းလျလျဖြစ်နေသော်ငြား သူမသတိပြန်လည်မလာ မြူမြူသွယ်နှင့်အတူ လူနာစောင့်ရန် ဆုံးဖြတ်ထားလိုက်သည်။

သို့သော်... ညဆယ့်တစ်နာရီထိုးတော့ မြူမြူသွယ်ကပြော

"ဦးကျော်အိမ်ပြန်ပြီး အနားယူလိုက်ပါလားဟင်.. သွေးလှူ



ဆိုတော့လေ.."

"ရပါတယ်သမီးရယ်.. ဦးကျော်က အရေးမကြီးပါဘူး.."

"ပြန်လိုက်ပါဦးကျော်ရယ်.. သမီးတစ်ညလုံး မအိပ်ပဲစောင့်ကြည့် နေမှာပါ။ လက်ဖွဲ့အတွက် စိတ်ချပါဦးရယ်.. အခြေအနေကကောင်းပါတယ်။ ဒီမှာ ဆရာဝန်တွေလည်းရှိနေတာပဲ.."

"ဖြစ်ပါ့မလားသမီး။ သူသတိပြန်လည်လာမှ ဦးကျော်စိတ်အေးရ မှာ.."

"ဖြစ်ပါတယ်ဦးကျော်ရဲ့.. လက်ဖွဲ့သတိလည်လာရင် သမီးဦးကျော်ဆီ ကို ဖုန်းဆက်လိုက်မယ်..။ အိမ်ပြန်ပြီး အေးအေးဆေးဆေး အနားယူလိုက် ပါ။ ဦးကျော်စိတ်ရောလူရော အရမ်းပင်ပန်းနေပြီ။ သမီးပြောတာနားထောင်ပါ နော်.."

"ကောင်းပြီလေ.. ဒါဆိုလည်း ဦးကျော်ပြန်မယ်။ ဒါပေမယ့် သတိရ ရချင်း ဦးကျော်ကို ဖုန်းဆက်လိုက်နော်..."

"ဟုတ်ကဲ့.. စိတ်ချပါဦးကျော်"

စိုးရိမ်ပူပန်ခြင်းများစွာ၊ နောက်ဆံငင်ခြင်းများစွာ နွမ်းလျစွာဖြင့် အိမ်သို့ ပြန်ခဲ့ရတော့သည်။

(*)

အနားယူဖို့ အိမ်ကို ပြန်လာခဲ့ပေမယ့် ကျွန်တော်အိပ်လို့မရပါ။ နွမ်းလျ လျှဖြစ်နေလို့ အိပ်ယာပေါ်မှာ လှဲနေရသော်ငြား သတိလစ်မေ့မြောနေသော လက်ဖွဲ့ မျက်နှာလေးကိုပဲ မြင်ယောင်နေမိလေသည်။ သူမအတွက် စိုးရိမ်ပူပန်နေမိခြင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို အလူးအလဲခံစားနေရ၏။ ‘လက်ခွဲတစ်ခုခုများဖြစ်သွားရင်… တွေးမိလိုက်တိုင်း မျက်ရည်တွေ ဝဲလာသည်အထိ ကြေကွဲနာကျင်လာခြင်း သတိထားမိတဲ့အခါ… သူမပေါ်မှာ အလိုလိုငြိတွယ်နေတဲ့ သံယောဇဉ်တ ကို နားလည်ခြင်းမဲ့စွာ အံ့သြရလေသည်။ သူမ အမြန်ဆုံး သတိပြန်လည် ပါစေလို့ ဆုတောင်းနေမိတာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့… –

ညနစ်နာရီခွဲတော့ ဖြူဖြူသွယ့်ထံမှ ဖုန်းဝင်လာ၏။

“ဟယ်လို… သမီးလေး။ လက်ခွဲအခြေအနေဘာထူးလဲ”

“ဦးကျော်… လက်ခွဲသတိပြန်လည်လာပြီဦးကျော်”

“ဟော… ဟုတ်လား”

ဝမ်းသာခြင်းတွေဖြင့် ခေါက်ကနဲထထိုင်လိုက်မိ၏။

“အခြေနေရောသမီး… အခြေအနေကောင်းလား”

“ကောင်းတယ်ဦးကျော်… စိုးရိမ်စရာမရှိတော့ဘူးလို့ ပြောတ

“ဝမ်းသာလိုက်တာ သမီးရယ်…။ ဒါဆို… ဒါဆို ဦးကျော် လာခဲ့မယ်”

“ခဏနေဦး ဦးကျော်…”

“ဟော… ဘာဖြစ်လို့လဲ သမီးရဲ့”

“ဟို… ဟို… ဦးကျော်လာလို့ ဖြစ်ပါ့မလား။ ဦးကျော်နဲ့ လက် အဆင်မပြေဖြစ်ထားတာဆိုတော့လေ… ခုချိန်မှာ ဦးကျော်ကိုတွေ့သွာ စိတ်အနှောင့်အယှက်များဖြစ်သွားမလားလို့…။ သမီးထင်တာကို ပြောတာ ဦးကျော်က သမီးထက်ပိုသိမှာပါ… …”

ဟုတ်သားပဲ… ဖြူဖြူသွယ်ပြောတာမှန်တယ်။ ဒီအချိန်မှာ စိတ်အနှောင့်အယှက်ဖြစ်လို့မရဘူး။



“ဆောရီးသမီး… ဦးကျော်ဝမ်းသာလွန်းလို့ သတိလွတ်သွားတယ်။ ပြောတာမှန်တယ်… သမီးသူငယ်ချင်းကို ဂရုစိုက်လိုက်ပါနော်။ ဦးကျော် တော့ဘူး။ စိတ်ချမယ်နော်… ဦးကျော် စိတ်ချမယ်နော် သမီးဖြူ…။ ခုခုထူးခြားရင် ဦးကျော်ဆီကို ချက်ခြင်းဖုန်းဆက်၊ စိတ်ချမယ်နော် …”

“ဟုတ်… ဟုတ်ကဲ့ပါဦးကျော်”

ဖုန်းပြောပြီးသည်နှင့် ဝမ်းသာခြင်းတွေနဲ့အတူ ဝရန်တာသို့ ထွက်လာ တော့သည်။ ဝမ်းသာလိုက်တာ…။ သူမ သတိပြန်လည်လာပြီတဲ့…။

ကြည်နူးလိုက်တာ… …

သူမအတွက် ခန္ဓာကိုယ်ထဲက သွေးတွေထုတ်ပေးလိုက်ရတယ်ဆိုတဲ့ သိကြောင့် ဖြစ်ပေါ်လာသော ကြည်နူးခြင်းတို့က ရင်တစ်ခုလုံးကို ချမ်းမြေ့ စေလိုက်တာ…။ ဘယ်လိုချမ်းမြေ့မှုမျိုးကို ခံစားနေရတယ်ဆိုတာ ပြောင်မပြောတတ်တော့… ခြေတွေလက်တွေ အေးစက်လာပြီး အသက်ရှူ သလို ဖြစ်နေခြင်းတို့ ကြက်မျောက်ငှက်ရျောက်၊ ပျောက်ကွယ်ကြလေ သည်။

ကြည့်စမ်း… အခုဆိုရင် ကျွန်တော်ရဲ့သွေးတွေဟာ သူမခန္ဓာကိုယ်ထဲ မှာ နေရာအနှံ့ စီးဝင်လည်ပတ်နေကြပြီပေါ့…။

‘မင်းဟာ… နူးညံ့သိမ်မွေ့သူလေး။ ပျော့ပျောင်းစွာကြင်နာတတ်သူ သားတစ်ယောက် ဖြစ်လာနိုင်ပါစေ…’လို့ ငါဆုတောင်းလိုက်ပါတယ် တွ… …

ခေါင်းထဲမှာ တရိပ်ရိပ်နှင့် မူးလာ၏။ သို့သော် ပျော်၏။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com



( * )

မတွေ့ချင်ဘူးတဲ့ … ။

သူမ·· ကျွန်တော့်ကို မတွေ့ချင်ဘူးတဲ့ … …

ထိုစကားကို ဖြူဖြူသွယ်လာပြောသွားခဲ့သည်မှ တစ်ပတ် သည်အထိ ခံပြင်းစွာ ဒေါသထွက်ရ၏။ နာကျင်စွာ ဝမ်းနည်းရ

သူမဟာ သာမန်မိန်းကလေးတစ်ယောက်ဖြစ်ခဲ့ပြီး … ကျွန် ထဲက သူမအပေါ်ထားရှိတဲ့စေတနာဟာ သာမန်စေတနာမျိုးဖြစ်ခဲ့ တော့·· ကျွန်တော်ခံစားနေရတဲ့ဝေဒနာတွေ ကာလရှည်ကြာကော လိမ့်မည်။

သို့သော် … သာမန် မိန်းကလေးတစ်ယောက်မဟုတ် အပေါ်မှာ ထားရှိခဲ့တဲ့ ကျွန်တော့် စေတနာတွေဟာ … သာမန် မဖြစ်ခဲ့ခြင်းကြောင့် ကျွန်တော် သူမကို တဖြည်းဖြည်းနှင့် နားလည် တော့သည်။

"လကွဲ့အကြောင်းလည်း ဦးကျော်သိနေတာပဲ။ ဘယ် ကင်းကင်းရှင်းရှင်းနေခဲ့တဲ့ လကွဲ့ဟာ … ဦးကျော်ရက်ရက်ရော ခဲ့တဲ့ သွေးတွေနဲ့ အသက်ဆက် ရှင်သန်နေရတာယ်ဆိုတဲ့ အသိနဲ့ ဦ ဘယ်လိုရင်ဆိုင်မလဲ …



သမီးတောင် ဒီအကြောင်းတွေကို သူ့အခြေအနေစိတ်ချရပြီဆိုမှ ပြောရဲတာ။ ဦးကျော် သူ့ကိုနားလည်ပေးလိုက်ပါလို့ပဲ သမီးပြောတတ်တော့တယ် …" လို့ … ဖြူဖြူသွယ်ပြောသွားခဲ့တဲ့ စကားတွေကို ကျွန်တော် တဖြည်းဖြည်းနဲ့ သဘောပေါက် လက်ခံနိုင်ခဲ့ပါတယ် …။

ရှိပါစေတော့ … စေတနာဆိုတဲ့အရာဟာ လကွဲ့သူကျေနပ်စွာ ထားရှိတဲ့နေရာမှာပဲ ရှိပါစေတော့ … ငါ့ရင်ထဲက စေတနာဟာ မင်းရဲ့အတွင်းမာနကို ရိုက်ချိုးဖျက်ဆီးဖို့ရည်ရွယ်ပြီး ဖန်တီးခဲ့တဲ့ လက်နက်တစ်ခု မဟုတ်ဘူးဆိုတာတော့ ငါသေစွာဆိုပုံတယ် လကွဲ့ … မတွေ့ချင်တဲ့ မင်းဆီကို ငါမလာတော့ပါဘူး …။

"မင်းမြန်မြန်နေကောင်းပါစေလကွဲ့ …"

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

နှုတ်ဆက်ခြင်း၊ ခွင့်တောင်းခြင်း၊ အသံပေးခြင်းမရှိပဲ အနား ရောက်ရှိလာတဲ့ အနီရှောင်အရိပ်ကလေးဟာ သူမပဲဆိုတာ… စောင်းငဲ့မကြည့် သိနေပါတယ်။ ဖတ်လက်စ စာအုပ်ကိုအသာချလိုက်ပြီး…

"ပြော…လက်ကွဲ။ ကိုယ်ဘာလုပ်ပေးရမလဲ…"

သူမကိုလှည့်မကြည့်ဘဲ မေးလိုက်ခြင်းဖြစ်သည်။

"ဘာမှလုပ်မပေးရပါဘူး။ ကျွန်မ ကျေးဇူးတင်စကားလာပြော ပါ"

"ဘာအတွက် ကျေးဇူးတင်တာလဲ"

"သွေးလှူခဲ့တဲ့အတွက်ရော၊ ကျွန်မကိုဂရုစိုက်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်… တကယ်ကိုလှိုက်လှိုက်လှဲလှဲကျေးဇူးတင်တာ"

"ကိုယ်သွေးလှူနေကျပါလက်ကွဲ… အဲဒီအတွက် ကျေးဇူးတင်စကား ပြောဖို့မလိုပါဘူး"

"ကျွန်မ ဆေးကျောင်းသူတစ်ယောက်ပါ။ အချိန်မီသွေးမရရင် ကျွန် ဘာဖြစ်သွားမယ်ဆိုတာ သိပါတယ်။"

"အဲဒီအချိန်မှာ… မင်းမဟုတ်ဘဲ တခြားတစ်ယောက်ဆိုရင်လည်း လှူဖြစ်မှာပဲ လက်ကွဲ"



"ဘာပဲဖြစ်ဖြစ် ကျွန်မကျေးဇူးတင်ပါတယ်။ ကျွန်မကိုထိုင်ခွင့်ပြုပါ"

"သြော် သြော်…ထိုင်လေ။ ထိုင်ပါ…"

သူမက ကျွန်တော်ညွှန်ပြသည့် ထိုင်ခုံမှာဝင်ထိုင်၏။ သူမတစ်ခုခု ပြောဖို့ အားယူနေတာကိုတွေ့ရ၏။ သူမဘာတွေ ပြောမလို့လဲ… ဟုတွေးရင်း ဘာစကားမှမပြောပဲ နေလိုက်သည်။ တိတ်ဆိတ်ခြင်းက သူမနှင့် ကျွန်တော့် ကြားမှာ စက္ကန့်တော်တော်များများ ကြာမြင့်သွား၏။

"မင်းဘာပြောချင်နေလဲ လက်ကွဲ… ပြောစရာရှိတာပြောပါ"

"အဲဒီအတွက် ကျွန်မတစ်ခုခု ပြန်ပေးပါရစေ"

သူမစကားက ရင်ဝကို ခြေထောက်နှင့် ဆောင့်ကန်လိုက်သည့်နှယ် ရှိ၏။ ထောင်းကနဲထွက်သွားတဲ့ ဒေါသတွေကို ထိန်းချုပ်ထားလိုက်ရလေ သည်။ သူမနဲ့ ပတ်သက်လာရင် ကိုယ့်စိတ်တွေ ကိုယ့်ဒေါသတွေကို အလိုလို ထိန်းချုပ်နေမိတာကို အံ့သြရ၏။

"မလိုဘူးလက်ကွဲ… ဘာမှမလိုဘူး။ ဒါ… စေတနာသန့်သန့်နဲ့ ကူညီ တာ…။ မင်းတကယ်လိုအပ်နေတဲ့အချိန်မှာ ကိုယ်လုပ်နေကျအလုပ်တစ်ခု ကို လုပ်ခဲ့တာလက်ကွဲ…"

"မဟုတ်သေးပါဘူး။ ကျွန်မတစ်ခုခု ပြန်ပေးပါရစေ… ကျွန်မရင် ထဲမှာ ရှင်းနေချင်လို့ပါ"

ဘယ်လိုလဲ…သူမဟာ အရာရာကိုအပေးအယူသဘောမျိုးနဲ့ အလုပ် လုပ်ချင်နေတဲ့ သူတစ်ယောက်ပါလား… စိတ်ထိန်းထားသည့်ကြားမှ ဒေါသ ထွက်ချင်လာ၏။

"မင်းတကယ်လိုအပ်နေတဲ့အချိန်မှာ ကိုယ်စေတနာသန့်သန့်နဲ့ ကူညီခဲ့ တာလက်ကွဲ… ကိုယ်မင်းဆီက ဘာမှကိုမှမမျှော်လင့်ဘူး။ အဲဒါကို မင်းအနေနဲ့ ငွေကြေးနဲ့တော့ တန်ဖိုးမဖြတ်လောက်ပါဘူးနော်။ ကိုယ်ဒေါသမထွက်ခင်

www.burmeseclassic.com



မင်းပြန်ဘော့…”

“ကျွန်မကို ခွင့်လွှတ်ပါ။ ငွေကြေးနဲ့ မဟုတ်ရင်တောင် တစ်ခု…
ကျွန်မဆီကတောင်းဆိုပါလား… တစ်ခုခုပြန်မပေးရရင် ကျွန်မ ဘယ်…
နေသာမှာ မဟုတ်တော့ဘူး”… ။

သူမပုံစံက…တစ်ခုခု မတောင်းဆိုမချင်းပြန်မည့်ပုံမရ… တော…
လက်ပေါက်ကတ်တဲ့ မိန်းကလေး…

“မင်းတော်တော်ဆိုးတဲ့ မိန်းကလေးပဲလကွဲ့။ ကောင်းပြီလေ…
တောင်းဆိုမယ်။ မင်း… နိုးနိုးကိစ္စကြောင့် ကိုယ့်ဆီစာလာ မမေး…
မဟုတ်လား… အဲဒီတော့ မင်း စာမေးစရာရှိတဲ့အခါ အရင်အ…
လာမေးလှည့်ပါ။ ဒါ…ကိုယ့်ရဲ့တောင်းဆိုချက်ပဲ..”

“ရှင့်မှားနေပြီ… စာလာမမေးတာက မေးစရာမရှိသေးလို့ပါ။ …
က ကျွန်မမှားသွားတာသိပါတယ်။ ဒါဟာ တောင်းဆိုချက်တစ်ခု မဟု…
ဘူး…။ တခြားဟာ ပြောပါ.. တစ်ခုခုပေါ့”

“ဟား… ကိုယ်မင်းဆီက ဘာမှမလိုချင်ဘူးကွာ။ ခ…
မင်းနဲ့… … ပြန်ပါတော့ကွာ”

“… … …”

သူမ ပေကပ်ပြီးထိုင်နေဆဲ… တစ်ခုခု မတောင်းဆိုမချင်း ဒီ…
မဟုတ်တော့ဘူးဟု နားလည်လိုက်သည်။ ဘာတောင်းဆိုရမလဲ ?
မင်းဆီက ငါဘာတောင်းဆိုရရင် ကောင်းမလဲ ?…စဉ်းစား…
စဉ်းစားစမ်း… ဟုတ်ပြီ !…

“ကောင်းပြီ… ကိုယ်မင်းကို တစ်ခုတောင်းဆိုမယ်။ မင်…
မလား…”

“ပြောကြည့်ပါ”



“မင်းနဲ့ မင်းမိဘတွေအကြောင်းကို သိချင်တယ်”

“ရှင် !…”

သူမမျက်လုံးလေးဝိုင်းစက်ပြူးကြောင်သွား၏။ သူမ ခန္ဓာကိုယ်လေး
…ကနဲ တုန်သွားတာကိုလည်း မြင်လိုက်ရ၏။ ပြီးတော့… အံ့သြခြင်းတွေနဲ့
…သရဲ့အရိပ်အငွေ့တွေ… …

“ရှင်ဘာလို့ ဒီလိုတောင်းဆိုလိုက်တာလဲ။ ဒါ… ရှင်သိစရာမလိုတဲ့
…ပဲ”

သူမ အသံက အရင်ကထက်ပိုပြီး အေးစက်မာကျောလာ၏။

“ရှင်းပါတယ်။ ကိုယ်မလိုချင်တာကို ဇွတ်အတင်း လာပေးနေလို့
…မပေးနိုင်တာကို တောင်းဆိုလိုက်တာလေ… ။ မပေးနိုင်ရင်လည်း မင်းပြန်
…”

“ရှင့်ရဲ့သွေးတွေဟာ ကျွန်မအတွက်တာကယ်ကို အသုံးကျပြီး တန်ဖိုး
…တယ်။ရှင့်ရဲ့တောင်းဆိုချက်ကလည်း ရှင့်အတွက်တန်ဖိုးရှိပြီး အသုံးကျတဲ့
…မျိုးပဲ ဖြစ်သင့်တယ်လို့ ကျွန်မထင်တယ်”

အမှတ်မထင်ပဲ သူမနဲ့ စကားတွေအများကြီးပြောဖြစ်နေခြင်းကို သတိ
…မိတဲ့အခါ ရင်ထဲမှာ ပျော်သလိုလို ခံစားလာရလေသည်။ သို့သော်…
…ကျွန်တော့်ကို ရည်ရွယ်သုံးနှုန်းနေသည့် ‘ရှင်’ ဆိုတဲ့ နာမ်စားတွေကတော့
…ကိုဆိုးရွားစွာ အနှောင့်အယှက်ဖြစ်နေစေ၏။ ဖြစ်နိုင်လျှင် ထိုထက်
…တွေးပျော့ပျောင်းသော စကားလုံးမျိုးကို အသုံးပြုစေချင်သည်။ သို့သော်…
…ကို မြိုသိပ်ထားလိုက်ရ၏။ တော်ကြာသူမအမြင် တိမ်းစောင်းသွားလျှင်
…က်…

ကျွန်တော့် တောင်းဆိုချက်ကြောင့် သူမတစ်ကိုယ်လုံးနက်…သလို
…ရင်လာတာကို… အေးစက်စူးရှစွာ ကျွန်တော့်ကို စိုက်ကြည့်နေပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူမနှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ခါလာတာကို… အံ့ဩစွာမြင်တွေ့နေရလေသည်။

လူတစ်ယောက်ဟာ… ကိုယ်နဲ့ကိုယ့်မိဘတွေအကြောင်းကို အမေး လိုက်ရခြင်းအတွက် ဒီလောက်အထိ တုန်လှုပ်ခံစားနေဖို့မလို… ဟု တွေး လိုက်မိ၏။ သို့သော်… သူမ အဲဒီလို တုန်လှုပ်ချောက်ချားစွာ ခံစားနေ ခြင်းကိုလည်း အရေးသာခံပြီး ကြည့်မနေရက်ပြန်… ဘာကြောင့် ဒီလိုဖြ နေတယ်ဆိုတာ မသိပေမယ့် သူမရင်ထဲမှာ တစ်ခုခု ပြင်းပြင်းထန်ထ ခံစားနေရတယ်ဆိုတာကို အလိုလို နားလည်နေမိသည်။ ထို့အပြင်… သူ ခံစားချက်တွေက ကျွန်တော့်နှလုံးအိမ်ဆီသို့ ထူးဆန်းစွာ ဆက်သွ ကူးစက်လာ၏။ ဘာကြောင့်ရယ်ဆိုတာ မတွေးတတ်တော့…

သူမကို ထွက်ပေါက်တစ်ခုခု ပေးမှဖြစ်တော့မည်။

"တန်ဖိုးရှိခြင်း၊ မရှိခြင်းဆိုတာ ခံယူတဲ့သူရဲ့အတိုင်းအတာတွေ လက်ပဲ… မင်းပြောမပြနိုင်ဘူးဆိုရင်လည်းရတယ်။ မင်းပြန်ပါတော့… ကိုယ်သိ နေမကောင်းဘူး"

ဟုတ်တယ်… သူမကို ခံစားချက်တစ်ခုခုမှာ မွန်းကျပ်နေတာ ကျွန်တော်အလိုမရှိ။ သူမကို အမြဲတမ်း သက်သောင့်သက်သာ ရှိနေစေ သည်။ သို့သော်… သူမက ထိုင်မြဲထိုင်နေဆဲ…။ သူမရဲ့ အသက်ရှူသံ တဖြည်းဖြည်းပြင်းထန်လာ၏။ ထို့နောက်… အံတင်းတင်းကြိတ် ကျွန်တော့်ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီး ဆက်ကနဲ ထရပ်လိုက် သည်။

'ကောင်းပါတယ်… မပြောချင်ရင်လည်း ရှိပါစေတော့။ ကိုယ် ဘာဆိုင်တာမှတ်လို့…' ဟုတွေးရင်း သူမခြေလှမ်းတွေကို လိုက်လံရေတွ နေလိုက်သည်။



တစ်လှမ်း…

နှစ်လှမ်း… သုံးလှမ်း…။ သုံးလှမ်းမြောက်မှာ သူမခြေလှမ်းတွေ ရပ်တန့်သွား၏။ ထို့နောက်… ကျွန်တော့်ကို လှည့်မကြည့်ပဲ အေးစက်စွာပြော ၏။

"ကောင်းပြီ… ကျွန်မဆုံးဖြတ်ချက်ကို ပြင်လိုက်မယ်။ ရှင့်အတွက် ဘယ်လိုမှ အသုံးမကျနိုင်ပေမယ့်… ကျွန်မအတွက် အခက်ခဲ အပင်ပန်းဆုံး အလုပ်တစ်ခုကို… ရှင့်ရဲ့ပေးဆပ်မှုနဲ့ နစ်နာခဲ့မှုတွေအားလုံးအတွက်… ရှင့်ရဲ့ သစ္စာကို ယုံကြည်သောအားဖြင့် ကျွန်မလုပ်ပါ့မယ်…

ရှင်နားလည်ပါ့မလားမသိဘူး… ကျွန်မရင်ထဲမှာ ရှင့်ကိုအလိုလိုနေရင်း ယုံကြည်လေးစားနေမိတဲ့ခံစားချက်တစ်ခုရှိနေတယ်။ အဲဒီခံစားချက်အတွက် ကျွန်မကိုယ် ကျွန်မလည်းအံ့ဩမိတယ်။ ကျွန်မရဲ့ အတိတ်ဆိုးတွေကို သိပြီး ရင် ရှင်စိတ်ညစ်ရလိမ့်မယ်။ နောင်တမရချင်ရင် နေခဲ့ပါ။ သိပ်သိချင်နေတယ်ဆို ရင်တော့ ကျွန်မနောက်ကိုလိုက်ခဲ့"

ခြေလှမ်းကျဲတွေနဲ့ ဦးဆောင်ထွက်ခွာသွားတဲ့ သူမနောက်မှ တိတ်ဆိတ် စွာ လိုက်ပါလာခဲ့မိတော့သည်။ သူမကို စတွေ့တဲ့အချိန်ကစပြီး သူမအကြောင်း တွေကို ပြင်းပြင်းပြပြ သိချင်နေခဲ့တာမဟုတ်လား… အခုသိရတော့မယ် ဆို… …

ဘာကြောင့်မှန်းတော့မသိ… ကျွန်တော့်စိတ်တွေ သိသိသာသာကြီး လှုပ်ရှားနေ၏။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

"ဝင်ပါ"

သူမကသော့ခတ်ထားသည့် အခန်းတစ်ခု၏ အဝင်တံခါးကို ဖွင့်ပြီး သည်နှင့် ကျွန်တော့်ကိုဝင်ခိုင်း၏။ အနီရောင်ရှိသော မီးသီးလေးတစ်လုံး တည်းသာ ထွန်းထားသော မကျဉ်းမကျယ်အခန်းလေးက အလင်းရောင်ထက် အမှောင်ထုအကဲပိုစွာ ကြီးစိုးနေသည်ဟုထင်ရ၏။ အခန်းထဲမှာ အနီရောင် ရင့်ရင့် ဆိုဖာထိုင်ခုံကြီးတစ်လုံးမှလွဲပြီး ဘာမျှမရှိ…။

ထိုင်ခုံနှင့်.မျက်နှာချင်းဆိုင်(ဆယ်ပေခန့်အကွာ)တွင် အနီရောင်ရင့်ရင့် ကတ္တီပါလိုက်ကာစကြီးတစ်ခု ဖုံးလွှမ်းထားသော နံရံတစ်ခုရှိ၏။ ကတ္တီပါ လိုက်ကာစကြီးဖုံးလွှမ်းထားတဲ့ နံရံမှာသာပြတင်းပေါက်မရှိ လျှင်… ဤအခန်း သည် ဝင်ပေါက် ထွက်ပေါက်တစ်ခုတည်းသာရှိသော အလုံပိတ် အခန်း တစ်ခုဖြစ်မည်။

'အနီရောင်တွေနဲ့ မွန်းကျပ်နေတဲ့အခန်းတစ်ခုပဲ' ဟု စိတ်ထဲမှရေရွတ် လိုက်မိ၏။

"ထိုင်ပါ"

အမိန့်ပေးသံ အနည်းငယ်ရောစွက်နေတဲ့ သူမစကားကို နာခံစွာပြီး ဆိုဖာနီနီကြီးပေါ်မှာ ဝင်ထိုင်လိုက်ရလေသည်။ သူမက ကျွန်တော့်ကို ကျောပေး ပြီးရပ်နေ၏။



"ဒီလိုက်ကာရဲ့နောက်မှာ ပန်းချီကားတစ်ချပ်ရှိတယ်။ အဲဒီပန်းချီ ကားဟာ ကျွန်မဘဝရဲ့အစပဲ။ ကျွန်မအမေရဲ့ နှလုံးသားပုံရိပ်တွေဟာ အဲဒီ ပန်းချီကားထဲမှာ ထင်ဟပ်နေတယ်ဆိုပါတော့…" ဟုပြောရင်း… နံရံပေါ် ခလုတ်တစ်ခုကို နှိပ်လိုက်တဲ့အခါ… စတုဂံပုံစံဖြူဖွေးသော အလင်းကွက် တစ်ခုက ကတ္တီပါစအနီရောင်ပေါ်မှာ ဖျက်ကနဲ ပေါ်လာ၏။

ပန်းချီကားတစ်ခုတည်းသာ အလင်းရောင်အပြည့်အဝရစေရန် စနစ် တကျစီစဉ်ထားခြင်းဖြစ်မည်။ တွဲလောင်းကျနေတဲ့ အနီရောင်ကြီးစတစ်ခုကို ဖွင့်လိုက်တဲ့အခါမှာတော့ ကတ္တီပါလိုက်ကာစကြီးနံရံတစ်ဖက် ဒေါင့်သို့ ကပ်သွား၏။

ထိုအခါ… စတုဂံပုံစံအဖြူရောင် အလင်းကွက်နှင့်အရွယ်အစားချင်း တူညီမျှသောအမြင့် ငါးပေ အကျယ်သုံးပေခန့်ရှိသော ပန်းချီကားကြီးတစ် ချပ်က ထင်ရှားစွာထွက်ပေါ်လာပါတော့သည်။

ထိုပန်းချီကားကိုမြင်လိုက်ရသည်နှင့် ရင်ထဲမှာ ဒိန်းကနဲ တုန်ခါသွား သလိုအတူ သတိလက်လွှတ်ထရပ်မိတော့ မလိုဖြစ်သွားခြင်းကိုလျှင်မြန်စွာ ထိန်းချုပ်ထားလိုက်ရလေသည်။ ဆိုဖာလက်တင်ကို တင်းကျပ်စွာ ဆုပ်ကိုင် လိုက်မိ၏။ နားထင်မှာ သွေးတို့ တဒိတ်ဒိတ်တိုးလာ၏။ အမြင့်ဆုံး နေရာကအတာရှိတဲ့ မောဟိုက်ခြင်းတွေရင်ထဲသို့ ရုတ်ချည်း ဝင်ရောက်လာခြင်း ကြောင့် နဖူးတွင် ချွေးစေးတို့ စို့ကနဲသီးလာကြ၏။

ညှိမည်းနေတဲ့ မိုးသားတိမ်လိပ်တွေ…

ရှုးရှုတောက်ပတဲ့ လျှပ်စီးကြောင်းတွေနဲ့ ကောင်းကင်ကြီးတစ်ခု…

ရိုးတံတွေပြိုင်းပြိုင်းထနေတဲ့ သစ်ပင်ကြီးတစ်ပင်… (အဲဒါလက္ခဏာပင် ရင်ထဲက အလိုလိုသိ၏။)

www.burmeseclassic.com

www.burmeseclassic.com



ပတ်ကြားအက်နေတဲ့ မြေသားတွေနဲ့ လယ်ကွင်းအစပ်တစ်စွန်း တမ်း ပြီးတော့... ပတ်ကြားအက် မြေပြင်ပေါ်မှာ ပြန့်ကျဲနေတဲ့ ငွေစက္ကူထုပ်တွေ ယန်းချိကားတစ်ခုလုံးကို မြှုကြည့်လျှင် မှုန်းကျပ်မှုတွေအပြည့်နှင့် ကြောက်မ ဖွယ်အသွင်ကို ဆောင်နေ၏။

"သမီး..." ဆိုတဲ့ အသံက ကျွန်တော့်နှလုံးအိမ်ထဲမှာ ပွဲတင်သံ စွာဖြင့် ရိုက်ခတ်သွားလေတော့သည်။

အသက်ရှူရတာ မွန်းကျပ်လာ၏။

မောပိုက်ခြင်းတွေက ရင်နှင့်မဆန့်တော့...

ခွန်အားမဲ့သွားတဲ့ ခန္ဓာကိုယ်အနံ့မှာ ဓာချွေးတို့ ပြိုက်ပြိုက်ခိုမ်

မှုတ်မှုတ်လည်နေတဲ့ ယန်းချိကားကြီးက ကျွန်တော့်မျက်နှာနားအ ရောက်လာ၏။ ယိမ်းယိုင်နေတဲ့ ခန္ဓာကိုယ်ကို ပြိုလဲမသွားအောင်နောက်မှီပေ အားပြုထားလိုက်ရလေသည်။

သူမအသံတွေက ဝေးသွားလိုက်... နီးလာလိုက်... ...

သူမပြောနေတဲ့စကားတွေက အသံအဖြစ်နားထဲသို့ တိုးဝင်နေ သလို... မြင်ကွင်းတွေအဖြစ်လည်း မျက်လုံးထဲမှာ ထင်ရှားစွာမြင်နေရ

သူမအသံတွေကို ကြားနေရသလို... မဏိရဲ့စကားသံတွေကိုလည် ပြတ်ပြတ်သားသား ကြားနေရလေသည်။

သူမကိုတစ်လှည့်... ယန်းချိကားကြီးကို တစ်လှည့်မြင်နေရသလို အတိတ်ပုံရိပ်တွေကလည်း အမြင်အာရုံထဲသို့ ထိုးဖောက်ဝင်ရောက်လာကြ ၏။

ကျွန်တော့် ရှေ့မှလက်ပွဲပွင့်လေးကတော့... ကျွန်တော့်အဖြစ်ကို ပေ စွာ 'ကျိုန်စာ'တွေကို ဆက်လက်ရေရွတ်နေဆဲ... ...



"မင်းနဲ့မင်းမိဘတွေအကြောင်းကို သိချင်တယ်" လို့... တောင်းဆို တဲ့ ကျွန်တော်ဟာ... အခုတော့ သူမပါးစပ်လေးပွင့်ဟလာမှာကို... သူမ လေးထွက်ပေါ်လာမှာကို... အကြောက်ကြီးကြောက်နေရပါပြီ...

သို့သော်... သက်ခင်ပြတ်မှု အလူးအလဲခံစားနေရသည့် ကြားမှပင် သံတွေကို ကြားချင်နေမိပြန်သည်။

တကယ်တော့... တကယ်တော့ သူမဟာ အေးစက်မာကျောစွာ က်တတ်သူလေးမှ မဟုတ်ပဲ...

သူမဟာ ကျိန်စာသင့်ခဲ့တဲ့ လက်ပွဲပွင့်လေးတစ်ပွင့်ပဲ...

အဲဒီကျိန်စာတွေကို စတင်သီဆိုခဲ့သူက...

အဲဒီကျိန်စာတွေကို စတင်သီဆိုခဲ့သူက... ကျွန်တော်...

ကျွန်တော်... ... ...

( * )

"ကျွန်မအမေအတွက်တော့ ကျွန်မအဖေဆိုတဲ့လူဟာ မကောင်းဆိုး တစ်ကောင်ပဲ။ ကျွန်မအတွက်တော့ အဖေဆိုတာ လူသတ်သမားပဲ။ ဒီမှာ ည့်လေ.."

သူမလည်ပင်းမှ ဆွဲကြိုးလေးကို ဆတ်ကနဲ ဆွဲဖြုတ်ပစ်လိုက်ပြီး တော့်ကိုပေးလာ၏။

"ရော့..။ ဒီဆွဲကြိုးလေးကို သေချာကြည့်"

ရွှေကြိုးပါးပါးလေးနှင့် ပတ္တမြားပွင့်လေးတွေစီထားသည့် ပြုတ်လိုလို

www.burmeseclassic.com



သေတ္တာလိုလိုလော့ ကက်သီး (Locket)လေးကို ကိုင်ထားသည့် ကျွန်တော်
လက်တွေ တဆတ်ဆတ်တုန်နေကြ၏။

"အဲဒီလော့ကက်သီးကို ဖွင့်ကြည့်လေ…။ အထဲမှာ… ကျွန်မအ
က တစ်သက်စာအတွက် ကျွန်မကို ပေးခဲ့တဲ့ အမွေရှိတယ်"

ကျွန်တော်ပေးခဲ့တဲ့ အမွေတဲ့…။

ကျွန်တော် မဏိကို ဘာမှမပေးဖူးပါဘူး…

ဒီလော့ကက်သီးလေးထဲမှာ ဘာရှိနိုင်သလဲ? …

"ဖွင့်ကြည့်လေ… ဖွင့်ကြည့်လိုက်ပါ"

လေးထောင့်ပုံသေတ္တာနှစ်ခပ်ထူထူ လော့ကက်သီးလေးကို မဝံ့မရဲ
ဖွင့်ကြည့်လိုက်မိလေသည်။ ထိုအခါ… တဆတ်ဆတ်နာကျင်နေသေ
ကျွန်တော့်နှလုံးသားတို့… ဟက်ကနဲ… ကွဲ၏။

လော့ကက်သီးလေးထဲမှာ ရှိနေတာက… ခဲပတ်စက္ကူဖြင့်ထုပ်ပိုးထာ
သော ပဋိသန္ဓေတားဆေးတစ်လုံး…

ဒါ… ဒါ… ငါမဏိကို ပေးခဲ့တဲ့ဆေးပြား……

တစ်ချိန်က… ပတ်ကြားအက်လယ်မြေပေါ်မှာ ပြန့်ကျဲနေခဲ့တဲ့ ဆေး
ပြားလေးတွေကို ဖျတ်ကနဲ မြင်ယောင်လိုက်မိလေသည်။

"ဘုရား ဘုရား !…"

ဆေးပြားလေးကို ကြည့်ရင်းယူကျုံးမရဖြစ်နေစဉ်မှာပဲ… သူမက
ကြိုးလေးကို ပြန်ယူလိုက်၏။ ထို့နောက်… သူမရင်ဘတ်မှာ အပ်ထားရင်း

"ကျွန်မဟာ… လူ့ဘဝထဲကို ဝင်လာဖို့ သန္ဓေတည်အစပြု
အချိန်မှာပဲ အဖေ့ရဲ့သဘောတူညီမှုကို မရခဲ့ဘူး။ ကျွန်မအဖေက ကျွန်
လူ့လောကထဲရောက်လာဖို့ အလိုမရှိခဲ့ဘူး…"



အပြင်းအထန်ဆုံးသော ပေါက်ကွဲမှုတစ်ခု ရင်ထဲမှာ ရုတ်ချည်းပေါက်
ကွဲမြည်ဟီးသွားပါတော့သည်။

အမလေး…။ ငါဟာ… ငါဟာ… ငါသမီးလေးကို သတ်ဖို့ကြိုးစား
ခဲ့ပါပေါ့လား… …

သမီးလေးလောကကြီးထဲကို ဝင်ရောက်လာဖို့ ငါအလိုမရှိခဲ့ဘူးတဲ့…။

သမီးလေးလူဖြစ်လာဖို့ကို ငါသဘောမတူခဲ့ဘူးတဲ့…။

အဲဒီအချိန်တုန်းက ငါ့ဆန္ဒကိုသာ မဏိလိုက်လျောခဲ့မယ်ဆိုရင်…

တွေးရင်း… တွေးရင်း ရင်ထဲမှာ စူးရှုးဝါးဝါးအောင့်လာ၏။

လမ်းပြပေးပါ…

လမ်းပြပေးပါ…

အခုအချိန်မှာ ကျွန်တော့်ကို ဘယ်သူမှမမြင်နိုင်မယ့်၊ ကျွန်တော့်ကိုယ်
ကျွန်တော်တောင်ပြန်မမြင်နိုင်တော့မယ့် နေရာတစ်ခုကို လမ်းပြပေးကြပါ…

လူသတ်သမားတဲ့…။ ငါဟာ လူသတ်သမားတဲ့…။

ငြင်းမလား? … ငါငြင်းနိုင်သလား? …

နေဦး… သမီးလေးစကားတွေပြောနေတယ်။ ငါနားထောင်ရမယ်…
ဘာကိုတင်းပြီး သမီးလေးပြောနေတာတွေကို နားထောင်လိုက်ရ၏။

"အဲ့ဒီစရာကောင်းတာက ကျွန်မ အမေဟာ သံယောဇဉ်ကင်းမဲ့စွာ
…တာမှုကင်းမဲ့စွာ ရက်ရက်စက်စက်အလွယ်တကူ ကျောခိုင်းစွန့်ခွာသွားခဲ့တဲ့
ကျွန်မအဖေကို တစ်စက်လေးမှ မုန်းလို့မေ့လို့မရနိုင်ခဲ့တာပဲ…။

သူတို့နောက်ဆုံးတွေ့ခဲ့ကြတဲ့ အချိန်မှာ… ကျွန်မအမေဟာ တဖြည်း
ဖြည်းပျောက်ကွယ်သွားတဲ့ အဲဒီလူရဲ့နောက်ကျောလေးကို ချစ်ခြင်းတွေနဲ့ ငေး
ကြည့်ရင်း ကျန်ရစ်ခဲ့တာတဲ့။ ဒါပေမယ့် အမေသူ့ကိုသိပ်နာကြည်းသွားခဲ့
တယ်…။

www.burmeseclassic.com

www.burmeseclassic.com



အမေ့စိတ်နဲ့ အဖိုးဆုံးတော့ အမေ့မှာကိုယ်ဝန်ငါးလကျော်နေ
ပတ်ဝန်းကျင်ရဲ့ အမျိုးမျိုးထိုးနှက်စော်ကားတဲ့ ဒဏ်တွေကို အမေအဆိုး
ဆုံးခံစားခဲ့ရတယ်။ ကျွန်မအမေက သူတို့ရွာမှာ အလှဆုံး၊ အချော
မာနအကြီးဆုံး အလိမ္မာဆုံးလေ… စာကလည်းသိပ်တော်တာဆိုတော
လူတကာမနာလိုစရာ ဖြစ်ခဲ့တယ်မဟုတ်လား။ အဲဒီအချိန်မှာ အဖေ
လင်ကောင်မပေါ်ပဲ ကိုယ်ဝန်ရှိခဲ့တာဆိုတော့.. အမေ့ကိုရော အဖိုးကို
တစ်ရွာလုံးနိုးပါးရစရာ မရှိအောင် ရွတ်ချကဲ့ရဲ့ခဲ့ကြတယ်လေ။ စော်ကား
တယ်လေ..”

သမီးလေးရဲ့စကားတစ်ခွန်းတိုင်းတစ်ခွန်းတိုင်းဟာ ကျွန်တော်
ကိုယ်ကို.. ကျွန်တော့်လိပ်ပြာကို တစ်စထက်တစ်စ ကြုံလှီသေးကွေးအော
စွမ်းဆောင်နေကြပါတယ်…။

သို့သော်… အားတင်းပြီး သမီးလေးပြောသမျှကို နားထောင်နေ

“အဖိုးရှိနေတုန်းကတော့ ‘ဘာပဲဖြစ်ဖြစ် အဖေတစ်ယောက်
သေးတယ်’ဆိုတဲ့ စိတ်နဲ့လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားခဲ့
အဖိုးဆုံးတော့ အမေ့မှာ ခံနိုင်ရည်မရှိတော့ဘူး။ အဖိုးသူ့စိတ်နဲ့သေခဲ့ရ
ဆိုပြီး အမေကမ္ဘာပျက်မတတ်ခံစားခဲ့ရတယ်။

ပတ်ဝန်းကျင်ကလည်း ‘အဖအမည်မသိ’ဆိုတဲ့ ဂုဏ်ပုဒ်တစ်
ပေးပြီး အရင်ကထက်ပိုပြီး စော်ကားလာခဲ့ကြတယ်လေ…

အဲဒီဒဏ်တွေကို ခံနိုင်ရည်မရှိတော့တဲ့… လောကကြီးမှာ အား
အဖေရောငွေရောမရှိတော့တဲ့ ကျွန်မအမေမှာ ရွေးချယ်စရာလမ်းတစ်ခုပဲ
တယ်။ အဲဒါက… **သေခြင်းတရားပဲ**”

“ဟင်!…”



အမှောင်ထုကြီးတစ်ခု ရုတ်တရက်ဖုံးအုပ်လိုက်သလို ခံစားလိုက်ရ
သသည်။ အလုံးစုံသော နားကျင်ခြင်းတို့သည် နှလုံးအိမ်သို့ မရပ်မနားတမ်း
ဦးဝင်နေကြ၏။

“ဟုတ်တယ်… အမေ့အတွက် သေခြင်းတရားဟာ ထွက်ပေါက်
လမ်းတစ်ခုပဲ။ အမေ့မှာ ရှင်သန်ခြင်းအတွက် အထောက်အကူပေးနိုင်တဲ့
ငွေ၊ စည်းစိမ်ဥစ္စာနဲ့ အားကိုးရာ… ဘာတစ်ခုမှ မရှိတော့ဘူး။ ဒါကြောင့်
သလမ်းကိုပဲ အမေရွေးချယ်ခဲ့တယ်။ အမေမှန်တယ်..”

¤ ¤ ¤ ¤ ¤

www.burmeseclassic.com



( * )

မြေကြီးခဲတွေက ဖွာကနဲ… ဖွာကနဲ… …

နှမ်းပြင်နုနုမှ ချွေးစက်တို့က မြေစိုင်မြေခဲတွေပေါ်သို့ အဆက်မပြ ကျရောက်နေကြ၏။ နွေနေပြင်းပြင်းက စူးစူးရှရှရှ၏။ သွေးရောင်ကဲ့သို့ ရဲရဲနီ လက်ပွင့်တို့က တဲဖြုတ်ဖြုတ်ကြွေ၏။

ပေါက်တူးကို ကိုင်ထားသော လက်ဖဝါးနုနုတို့… ရစရာမရှိ ဖူးရောင်ပေါက်ပြဲကုန်၏။ အံတင်းတင်းကြိတ်ထားသည့် ပါးပြင်ပေ မရပ်မနားတမ်းစီးဆင်းနေကြတာက… မျက်ရည်တွေ… ချွေးစက်တွေ

ဝမ်းဗိုက်ထဲမှာ အပြစ်မဲ့စွာ ခိုတွယ်နေရှာသော ရင်သွေးလေးကို အ ကြိမ်တောင်းပန်နေမိတော့သည်။

'ခွင့်လွှတ်ပါတော့ကလေးရယ်… လောကကြီးမှာ မေမေရှင်သ စရာနေရာမရှိတော့ဘူးလေ… အကျည်းတန်လွန်းတဲ့ မေမေတို့ဘဝ ဟောဒီကျင်းထဲမှာပဲ ထာဝရမြှုပ်နှံလိုက်ကြရအောင်…။ မေမေတို့ ထာဝရငြိမ် တော့မှာ ကလေးရဲ့ … …

မေမေလေ… ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ကိုယ့်အတွက် မပိစေချင်တော့ဘူး…။ ဟင်း… ဟင်း… တကယ်တော့ မေမေတို့ကို ယူချင်တဲ့သူလည်းမရှိပါဘူး ကလေးရယ်…။ အဲဒီတော့ ဘယ်သူမှမသိ



မေမေ့ကို ခွင့်လွှတ်ပါတော့ ကလေးရေ…။ ဒီလောက်အကျည်းတန် တဲ့ လောကကြီးထဲမှာ မေမေဆက်ပြီး ရှင်သန်မနေချင်တော့ဘူးကွယ်… '

လက်ပွဲပွင့်တွေတဖြုတ်ဖြုတ်ကြွေကျနေတဲ့ လက်ပွဲပင်ကြီးအောက်မှာ နွေ နေပြင်းပြင်းကို ဂရုမစိုက်အားပဲ ကိုယ့်ရဲ့သေတွင်းကို ကိုယ်တိုင်တူးခွဲနေတဲ့ ကိုယ်ဝန်ဆောင်သည် မိန်းမငယ်လေးတစ်ယောက်ဟာ 'ခင်မကြီ' ပေါ့…။

သူမနဲ့ မလှမ်းမကမ်းလယ်မြေပေါ်မှာတော့ မိုးသတ်ဆေးရည်တွေ အပြည့်နှင့် ငှက်ပျောဖူးပုလင်းတစ်လုံးရှိနေလေသည်။

သူမရဲ့ ချစ်ခြင်းနှလုံးသားတို့ စတင်အသက်ဝင်ရှင်သန်ခဲ့တဲ့ ဒီနေရာ လေးမှာပဲ တွယ်ရာမဲ့ဘဝခါးခါးတစ်ခုကို လူမသိသူမသိ အပြီးတိုင် မြှုပ်နှံ ခဲ့လိုက်ဖို့ ဆုံးဖြတ်ခဲ့တဲ့ 'ခင်မကြီ' ပေါ့…။

သူမတူးနေတဲ့ကျင်းက တဖြည်းဖြည်းနက်သည်ထက်နက်လာ၏။

ပြီးတော့မှာပါ…

အားလုံးဟာ… မကြာခင်အဆုံးသတ်သွားတော့မှာပါ… …

လက်မောင်းတစ်လျှောက်မှာ နာကျင်ကိုက်ခဲသော ဝေဒနာကို ပြင်းထန်စွာ ခံစားနေရလေသည်။ ခါးဆီမှ ညောင်းညာမှုနှင့် ဝမ်းဗိုက်မှ နာကျင်မှုက တဖြည်းဖြည်းဆိုးရွားလာ၏။

နေရဲ့အပူရှိန်က မောဟိုက်ပင်ပန်းခြင်းတို့ကို တိုးပွားနေစေ၏။

အာခေါင်တွေခြောက်ကပ်ပြီး ရေငတ်တဲ့ ဝေဒနာကို အလူးအလဲခံစား နေရလေသည်။

ရှိစေတော့…

ဒါတွေက… ထာဝရလွတ်မြောက်ခြင်းအတွက် ထိုက်တန်တဲ့အရင်း နှီးတွေ…

မကြာခင်မှာ ဝေဒနာတွေအားလုံးအပြီးတိုင် ချုပ်ငြိမ်းသွားတော့မှာလေ…

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်ခံစားနေရတဲ့ ဝေဒနာတွေကို ဥပေက္ခာပြုပြီး ကြိုးစ ပမ်းစားဆက်တူးနေလိုက်သည်။

အားတင်းထားလိုက်စမ်း… …

မာန်တင်းပြီးပေါက်တူးကို အားဖြင့် လွှဲပေါက်ပစ်လိုက်မိ၏။

ထိုအခါ…

'ဒုတ်'ဟူသော အသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရခြင်းနှင့်အ နာကျင်ခြင်းဝေဒနာကို ပေါက်တူးကိုင်ထားတဲ့ လက်တွေတစ်လျှောက် ပြ စွာ ခံစားလိုက်ရလေသည်

မာကျောသောအရာတစ်ခုကို ပေါက်တူးဖြင့် ပေါက်မိသွားခြင်းဟု လည်လိုက်သည်။ နောက်တစ်ကြိမ်ပေါက်ရန် ပြန်မြှောက်လိုက်သည့် လက် သို့ ပေါက်တူးပြန်ပါမလာခဲ့။ တစ်ခုခုမှာ စိုက်ပြီး ကျန်နေခဲ့ခြင်းဖြစ်၏။

ဘာပါလိမ့်…

ပေါက်တူးကို ခြေကန်ပြီးအားနှင့် ဆွဲနှုတ်လိုက်ရသည်။

အောက်မှာတစ်ခုခုတော့ ရှိနေပြီ။ သစ်ငုတ်တွေဘာတွေများလား? စူးစမ်းစိတ်ဖြင့် ပေါက်တူးကို ခပ်ဆဆပေါက်ရင်း ထိုအရာကို တူးဖော်ကြ လိုက်မိလေသည်။ မြေစများတပြည်းပြည်းကင်းစင်သွားသောအခါ… ဆွေး နေပြီဖြစ်သော ပျဉ်ပြားချပ်တစ်ခုကို တွေ့ရ၏။ ထိုပျဉ်ချပ်အတိုင်း တဖြ ဖြည်း တူးဆွကြည့်လိုက်တဲ့အခါ… ထိုအရာသည် ကြေးမှိုတွေစီတန်းစွဲ ထားသော သေတ္တာတစ်လုံး၏ အဖုံးတစ်ခုဖြစ်နေ၏။

ပျဉ်ချပ်ကို ပေါက်တူးဖြင့်ကလန့်ပြီး ဆွဲခွာလိုက်တော့ ဆွေးမြေ့ ဖြစ်သော ပျဉ်ချပ်က အလွယ်တကူပင်ပါလာ၏။ ကျန်နေသေးတဲ့ ပျဉ်ချပ် ကိုပါ ဆွဲခွာပစ်လိုက်တဲ့အခါ… အထဲတွင် သုံးပေကျော်ကျော်ခန့်ရှိ ကြေးသေတ္တာတစ်လုံးကိုတွေ့လိုက်ရလေသည်။



ထိုကြေးသေတ္တာမှာ တပ်ဆင်ထားသည့် ပတ္တာကိုရိုက်ချိုးဖျက်ဆီးပစ် လိုက်တဲ့အခါမှာတော့… တွယ်ရာမဲ့ သုညဘဝနှစ်ခုကို လူမသိသူမသိ အဆုံး သတ်ပစ်ရန် ကြံစည်ထားခဲ့သည်များ အဓေးသို့လွင့်စင် သွားကြတော့သည်။

မိမိရှင်သန်ခြင်းအတွက်… ထို့ထက်ပိုပြီး အရေးကြီးသောရင်သွေးလေး ၏ရှင်သန်ခြင်းအတွက် အားမာန်တွေက… ထိုသေတ္တာထဲမှာအပြည့်…။

ရတနာတွေ…

အရောင်တွေတဖိတ်ဖိတ်လက်နေတဲ့ စိန်တွေ… ရတနာတွေ…

ဖေဖေ့တစ်သက်လုံး ဟိုနားတူးလိုက် ဒီနားတူးလိုက်နဲ့ ဖွဲမလျှော့စတမ်း ရှာဖွေနေခဲ့တဲ့ ရတနာတွေ… မဏီတို့ ဘိုးဘွားပိုင်ရတနာတွေ…

တစ်ချိန်က ဖေဖေပြောခဲ့ဖူးတဲ့ စကားတွေကို ပြန်ကြားလိုက်ရလေ သည်။

"ချောင်းရိုးမြောင်းရိုးသာတိမ်ကောချင်တိမ်ကောမယ်… မျိုးရိုးဆိုတာ ဘယ်တော့မှ မတိမ်ကောဘူးသမီး…။ ဖေဖေတို့ မျိုးရိုးဂုဏ်သိက္ခာကို ထိခိုက် နစ်နာစေမယ့်အလုပ်မျိုးဘယ်တော့မှ မလုပ်မိစေနဲ့။ အသက်ကိုသိက္ခာတရား နဲ့ အမြဲတမ်းတည်ဆောက်ပါ…"တဲ့…။

ဖေဖေပြောခဲ့တုန်းက နားမလည်ခဲ့တဲ့စကားတွေ…

အခုတော့ မဏီနားလည်ပြီ။

အသက်ကို သိက္ခာတရားနဲ့သာ တည်ဆောက်ခဲ့တဲ့… ဖေဖေ…

အရှက်ကိုအသက်နဲ့လဲသွားခဲ့တဲ့… ဖေဖေ…

ဖေဖေ့ကို အရှက်ကြီးစွာရစေခဲ့တဲ့… မဏီ…

မဏီကို ရက်စက်စွာ စွန့်ခွာသွားတဲ့… ရာဇာ…

www.burmeseclassic.com

www.burmeseclassic.com



ရာဇာ့ကို မုန်းမေ့လို့မရနိုင်စွာ ချစ်မြတ်နိုးနေဆဲ နှလုံးသား…

"အား! … …."

အာခေါင်းခြစ်ပြီး နာကြည်းစွာဟစ်အော်လိုက်သော သူမအသံကြေ… လက်ကွဲပင်ပေါ်မှငှက်အရှို့ ထိတ်လန့်စွာ ထပျံကြ၏။

( * )

"အဲဒီလိုနဲ့… ဘ၀ပေါင်းများစွာတောင် စားလို့မကုန်နိုင်တဲ့ စည်… ချမ်းသာတွေရဲ့အလယ်မှာ လူဖြစ်ခွင့်ရခဲ့တဲ့ ကျွန်မကို အမေက 'လက်ကွဲ' အမည်ပေးခဲ့တယ်။

ကျွန်မအဖေရဲ့နာမည်ကတော့ 'မောင်'တဲ့…။ နာမည်ရှေ့က 'ဦး' တပ်ခေါ်ရင်… 'ဦးမောင်'ပေါ့…။ **အမေက ကျွန်မအဖေဆိုတဲ့ လူကိုသိပ်… ချင်ခဲ့တဲ့… ခေါ်ခွင့်မရလိုက်တဲ့… အမေ့နှလုံးသားထဲက နာမည်တစ်ခုပေါ့**…

အမေကပြောတယ်… 'လက်ကွဲ'ဆိုတဲ့ နာမည်ဟာလည်း အမေ့နှ… သားထဲက **'သင်္ကေတ'**တစ်ခုပဲတဲ့။ အဲဒီနာမည်ထဲမှာ အမေ့နှလုံးသားထဲ… ချစ်ခြင်းတွေအပြည့်ရှိနေတယ်တဲ့။ ပြီးတော့… ကျွန်မနာမည်ဟာ **သဲလွန်စ**… လည်း ဖြစ်တယ်တဲ့။ ကျွန်မစကားစပြောတော့ ပထမဆုံးပြောတတ်… စကားက ကျွန်မနာမည်ပေါ့… အမေသင်ပေးခဲ့တာလေ…။

ကျွန်မအမေက သိပ်တော်တာ။ ကျွန်မကို ဟောဒီလောကကြီးထဲ… တစ်ယောက်တည်း ရှင်သန်ရပ်တည်နိုင်အောင် ငယ်ငယ်လေးတည်းက အ…

…ပုံစံချပေးခဲ့တယ်။ အကြင်နာမေတ္တာခေါင်းပါးတဲ့၊ စာနာညှာတာမှုတွေ…င်းမဲ့တဲ့ လူတွေအများကြီးနဲ့ ပေါင်းသင်းဆက်ဆံနေထိုင်ရခြင်းထက် ပိုပြီး…ကောင်းတဲ့ဘ၀ပုံစံတစ်ခုကို တည်ဆောက်ပေးခဲ့တယ်။ ကိုယ်ဖြစ်ချင်တာတွေ…အလုံးကို ကိုယ့်ဘာသာတည်ဆောက်ယူတတ်အောင် လေ့ကျင့်ပေးခဲ့တယ်…

ဥပမာအားဖြင့်… ကျွန်မလိုချင်တဲ့ပစ္စည်းတစ်ခုခုကို… 'ဝယ်ပေးပါ'လို့ အမေ့ကို ပြောခွင့်မရှိဘူး။ အဲဒီပစ္စည်းရှိနေတဲ့ နေရာကို ကိုယ့်နည်းကိုယ့်ဟန်…စုံစမ်းရတယ်… ကိုယ်လိုချင်တဲ့ ပစ္စည်းကိုကိုယ့်ဘာသာပဲ သွားဝယ်ရတယ်။ …အပိုင်းကတော့ ကြောက်သလိုလိုပဲ… နောက်တော့တဖြည်းဖြည်းနဲ့ လုပ်ရဲလာ…တယ်။ ကျွန်မအရွယ်ရောက်လာတော့မှ… အမေဟာ ကျွန်မသွားလေရာနောက်… လိုက်ပြီး ကျွန်မ မမြင်နိုင်တဲ့နေရာတစ်ခုကနေ အမြဲစောင့်ကြည့်နေခဲ့တယ်…ဆိုတာသိခဲ့ရတယ်။ အဲဒီအချိန်ကျတော့ ဘာကိုမဆိုလုပ်ရဲကိုင်ရဲသွားရဲလာရဲ…တဲ့ သတ္တိတွေ ကျွန်မမှာရှိနေပြီလေ…။

ပြီးတော့… အမေကငိုတာကိုလုံးဝမကြိုက်ဘူး။ တွေ့ကြုံလာသမျှ…တွေကို အံကြိတ်ပြီးကြံ့ကြံ့ခံတတ်တဲ့ အကျင့်ကိုလေ့ကျင့်ပေးခဲ့တယ်။ ကျွန်မ…လေးဘ၀ကတည်းက တစ်ခုခုထိခိုက်မိရင် ဘယ်တော့မှမငိုဘူး။ အမေသင်…ပေးတဲ့အတိုင်း **'နာတော့နာတယ်… ဒါပေမယ့် ငါလုံးဝမငိုဘူး။ မကြာခင်…ပျောက်သွားတော့မှာ'**…လို့ အကြိမ်ကြိမ်ရေရွတ်နေလိုက်တယ်။ တဖြည်းဖြည်း…ကျင့်သားရလာတော့ ဘယ်လိုနာကျင်မှုမျိုးကိုမှ ကျွန်မဂရုမစိုက်တော့ဘူး…။

တကယ်တော့ အမေ့ဘ၀က အဆိပ်သင့်ခဲ့တာ။ အချစ်တွေ၊ …တ္တာတွေ၊ ယုံကြည်ခြင်းတွေနဲ့ အဆိပ်သင့်ခဲ့တာ…။ အမေ့ကို ကျွန်မသိပ်……းတယ်…

အမေဟာ… ကျွန်မအဖေတစ်ယောက်တည်းအတွက်ပဲ အမြဲရှင်သန်ခဲ့…ယ်။ အဖေ့ကိုချစ်တဲ့စိတ်၊ နာကြည်းတဲ့စိတ်တွေနဲ့ပဲ ဘ၀ကိုဖြတ်သန်းလာခဲ့

www.burmeseclassic.com



တယ်။ တကယ်ဆို ဒီလောက်စည်းစိမ်ချမ်းသာတွေ ကြွယ်ဝနေတဲ့ အမေဟာ ထွက်ပေါက်အဖြစ် နောက်တစ်ယောက်နဲ့ အစားထိုးပစ်လိုက်သင့်တယ်။ အမေ့နားမှာ ဝိုင်းဝိုင်းလည်နေတဲ့ အမျိုးကောင်းသားတွေ တစ်ပုံကြီးပဲ...။ ဒါပေမယ့်.. အမေ့အချစ်က တည်ငြိမ်တယ်။ ခိုင်မြဲတယ်၊ မပြောင်းလဲဘူး...။

ကျွန်မကောင်းကောင်းမှတ်မိနေတယ်.. အမေအမြဲပြောခဲ့တဲ့စကား တစ်ခွန်းရှိတယ်...

'အချစ်ဆိုတာ အကောင်းအဆိုးအနိမ့်အမြင့်တွေ၊ ဆင်းရဲချမ်းသာတွေ နီးခြင်းဝေးခြင်းတွေနဲ့ ဘယ်လိုမှမပတ်သက်ဘူး...တဲ့။ ချစ်ခြင်းရဲ့အကြောင်း ပြချက်က 'ချစ်လို့'မဲ..'တဲ့။

အမေဆိုတဲ့လူအမေ့ကို ဘယ်လောက်ပဲ ရက်စက်ပါစေ.. အဲဒီရက်စက် မှုကြောင့်တော့ အမေ့ရင်ထဲက အချစ်တွေပြောင်းလဲမသွားဘူး။ ပျောက်ကွယ် မသွားဘူး၊ ပျက်စီးမသွားဘူး...တဲ့။ အဲဒီချစ်ခြင်းကြောင့် ဓာပ်မက်ခွဲလန့်တဲ့ စိတ်တွေ ရင်ခုန်မြတ်နိုးတဲ့စိတ်တွေကလည်း မပြောင်းမလဲရှိနေဦးမှာပဲ..'တဲ့

'ချစ်တဲ့စိတ်ကသတ်သတ်၊ နာကြည်းတဲ့စိတ်က သတ်သတ်ပဲ'တဲ့...။

အမေဟာ အမေ့ကိုအတိုင်းအဆမဲ့စွာ ချစ်ခဲ့တယ်။ ပြီးတော့.. အတိုင်း အဆမဲ့စွာ နာကြည်းခဲ့တယ်...။ ကျွန်မကို သူ့လိုဒဏ်ရာတွေမရစေချင်တဲ့ အမေဟာ... လူတွေကို.. အထူးသဖြင့် ယောကျ်ားတွေကို မချစ်တတ်တဲ့ မကြင်နာတတ်တဲ့၊ မယုံကြည်တဲ့၊ လောကကြီးမှာ တစ်ယောက်တည်းလည်း ရဲရဲရင့်ရင့်ရှင်သန်ရဲတဲ့ သင်ခန်းစာပေါင်းများစွာကို ကျွန်မအသည်းထဲမှာ စွဲနေ အောင်သင်ပြပေးခဲ့တယ်...။

အဝတ်အစားဆင်တာတောင် အနီရောင်တွေကိုပဲ ဆင်ပေးခဲ့တယ်။ အနီရောင်ဆိုတာ ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ ခေါင်းငုံ့မခံခြင်း၊ အရှုံးမပေးခြင်းတွေ ရဲ့ သင်္ကေတလေ...။ ပြီးတော့... လက်ဝှံပွင့်တွေရဲ့အရောင်...။ အမြဲပူလောင် ခဲ့ရတဲ့ ကျွန်မတို့ဘဝကို ကိုယ်စားပြုတဲ့အရောင်လေ...



ကျွန်မအရွယ်ရောက်လာတော့ နောက်ထပ်အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု ဆပ်တိုးလာခဲ့တယ်။ နာကြည်းမုန်းတီးခြင်း၊ ကလဲ့စားချေခြင်းရဲ့ ကိုယ်စား ပြုအရောင်အဖြစ်ပေါ့... အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အမေမသိဘူး..

အမေ့ဝေဒနာတွေကို တစ်သက်လုံးမြင်တွေ့ခံစားလာခဲ့ရတဲ့ ကျွန်မ ဟာ.. အမေသင်ပေးသမျှ သင်ခန်းစာတွေကို နှစ်သက်မြတ်နိုးစွာ သင်ယူခဲ့ တယ်။ အမေ့သင်ခန်းစာတွေကို ကျွန်မ... ကြာလေကြိုက်လေပဲ...။

ရှင်သိလား.. အမေကကျွန်မကို ဆရာဝန်တစ်ယောက်သိပ်ဖြစ်စေချင် တာ။ ကျွန်မစကားကောင်းကောင်းပြောတတ်တဲ့ အချိန်ကစပြီး 'ငါ.. ဆရာဝန်မကြီးဖြစ်ရမယ်'ဆိုတဲ့ စကားကို မနက်အိပ်ရာထရင် အကြိမ်တစ်ရာ.. အိပ်ရာဝင်ရင် အကြိမ်တစ်ရာ.. နေတိုင်းရွတ်ရတယ်။ တစ်ရက်မှ မပျက်ရ ဘူး...။ ကျွန်မဆယ်တန်းအောင်ပြီး ဆေးလိုင်းရတဲ့အထိပဲ..

ရှင်အံ့သြမလားတော့ မသိဘူး... ကျွန်မဟာ ဖခင်မဲ့စွာ ရှင်သန်ကြီး ပြင်းခဲ့ရခြင်းအတွက် ဘယ်တုန်းကမှ အားမငယ်ခဲ့ဘူး။ တမ်းတမနေခဲ့ဘူး။ ကျွန်မအတွက် အဖေဆိုတာ ရန်သူပဲ။ လူသတ်သမားပဲ..

အမေဟာ... အမေ့ကို ချစ်ခြင်းတွေမှာ အကြိမ်ကြိမ်သေဆုံးနေခဲ့တယ်။ အမေ့ဘဝရဲ့အနက် အဓိပ္ပါယ်ဆိုတာ အမေ့ကိုချစ်ဖို့၊ နာကြည်းဖို့နဲ့ အဖေရဲ့ သွေးဖြစ်တဲ့ ကျွန်မကို ပြုစုပျိုးထောင်ပေးဖို့ပဲ။ အမေ့အတွက်ဆိုတာ တစ်ခု မှ မရှိခဲ့ဘူး။

တစ်သက်နဲ့တစ်ကိုယ် ကျွန်မကိုလက်ဖျားလေးနဲ့တောင် နာကျင် အောင် မတို့ထိခဲ့ဖူးတဲ့အမေက... ကျွန်မပါးကို ရက်ရက်စက်စက်ရိုက်တာကို ကျွန်မတစ်ကြိမ်ခံခဲ့ရဖူးတယ်။ အထီးကျန်ဆန်လွန်းတဲ့ အမေ့ကို နောက်အိမ် ထောင်ပြုဖို့ တိုက်တွန်းမိတဲ့နေ့ကပေါ့...။ ကျွန်မပါးကို ရိုက်ပြီးတော့ အမေက ပြောတယ်မှတ်လဲ...

www.burmeseclassic.com

www.burmeseclassic.com



'မှတ်ထားလက္ခ။ ငါဟာ.. ငါ့ကို မချစ်တဲ့၊ ငါ့ကို ရက်ရက်စက်စက် ထားပစ်ခဲ့တဲ့ လူတစ်ယောက်အပေါ်မှာ သစ္စာစောင့်သိနေတယ်ဆိုတာထက် ငါ့ရဲ့ချစ်ခြင်းနှလုံးသားကို ငါသစ္စာစောင့်သိနေတာ။ ငါ့နှလုံးသားတွေက သူ့အလိုလိုက် သစ္စာရှိနေတာ...။ ငါ့နှလုံးသားကို ငါဘယ်တော့မှ သစ္စာမဖောက်ဘူး။ ဖောက်လို့လည်းမရဘူး။ အေး...တစ်ချိန်ချိန်မှာ ပြန်လည်ဆုံတွေ့နိုင်သေးတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သစ္စာစောင့်နေတာလည်းမဟုတ်ဘူး။

ငါ...သူ့ကို ထာဝရမှတ်ထက်ပြီးပြီ။ ငါ့အနာဂတ်မှာ သူဘယ်တော့မှ လည်းရှိလာမှာမဟုတ်တော့ဘူး။ ဒါပေမယ့် ငါ့နှလုံးသားထဲမှာ သူ့ကိုပဲလက်ခံလို့ရတယ်။ သူကလွဲပြီးဘယ်သူနဲ့မှ အစားထိုးလို့လည်းမရဘူး။ ဒီစကားမျိုးပြောတာ ဒါနောက်ဆုံးအကြိမ်ဖြစ်ပါစေ'..တဲ့။

"မင်းအမေက အဲဒီလို ပြောခဲ့တယ်.. ဟုတ်လားလက္ခ"

"ဟုတ်တယ်... ပြတ်ပြတ်သားသားကို ပြောခဲ့တာ.. ကျောက်နိုင်ကျောက်သားတွေလို၊ သံထွေသံခဲတွေလို မာကျောခိုင်မြဲတဲ့အမေ့ရဲ့ ချစ်ခြင်းတွေကို ဂုဏ်ယူလေးစားရခြင်းနဲ့အတူ အဖေဆိုတဲ့လူကို နာကြည်း မုန်းတီးစိတ်တွေကလည်း ကျွန်မရင်ထဲမှာ ခိုင်မာစွာ ကိန်းအောင်နေခဲ့တယ်။ ကျွန်မအဖေ့ကို သိပ်မုန်းတယ်.."

အေးစက်ပြတ်သားနေတဲ့ လေသံနဲ့ ဆိုလိုက်တဲ့စကား... အစိမ်းရောင် မီးတောက်မီးလျှံတွေ တဟုန်းဟုန်းတောက်လောင်နေသည် ထင်ရသော မျက်လုံးတွေဖြင့် ကျွန်တော့်ကို စေ့စေ့ကြည့်ပြီးပြောလိုက်တဲ့စကား...

ထိုစကားလုံးတွေက ကျွန်တော့်ရင်ကို ပြင်းထန်စူးရှစွာလာဆောင့်၏ ရင်ထဲမှနှလုံးသားသည် ရုတ်တရက်ကြောက်လန့်စွာ အေးခဲသွားပြီထင့် ကြေကွဲခြင်း၊ ယူကျုံးမရခြင်းများနှင့် ရင်အစုံကို ဘယ်လိုမှဆောက်တည်



ငါ... ငါအသုံးမကျလို့ ဖြစ်ခဲ့ရတာတွေပါလား...

အချစ်ဆိုတဲ့ မီးတောက်တွေကြားမှာ နှစ်ပေါင်းများစွာ လောင်ကျွမ်းနေခဲ့တဲ့ 'မဏိ'...။ ပြီးတော့... သမီးလေး လက္ခ...။

ကြည့်စမ်း... ဘယ်လောက်ဆိုးရွားလိုက်တဲ့ အဖြစ်တွေလဲ...

မခံမရပ်နိုင်လောက်အောင် နာကျင်ကြေကွဲသောခြင်းတို့ကို ဥပေက္ခာပြုပြီး သိချင်တာကို မေးလိုက်မိ၏။

"ဒါနဲ့... သမီး...။ အဲ... မင်းရဲ့အဖေဘယ်သူလဲဆိုတာ.. မင်းအမေ က ပြောတော့ ပြောခဲ့မှာပေါ့နော်.. မင်းအဖေကို မင်းသိလား..."

"ဟင့်အင်း..မသိဘူး။ အမေရဲ့ဇာတိရွာကလေးဆိုတာလည်း ကျွန်မ မသိဘူး။ အမေနဲ့ကျွန်မအဖေဆုံခဲ့ကြတဲ့မြို့ကိုလည်း ကျွန်မမသိဘူး။ ကျွန်မ အဖေနဲ့ ပတ်သက်ပြီး လက်ဆုပ်လက်ကိုင်ပြစရာဆိုလို့ ဒီဆေးပြားနဲ့ ပေဘာဒီ ပန်းချီကားကြီးပဲရှိတယ်။

ဒီပန်းချီကားက မူရင်းပန်းချီကားမဟုတ်ဘူး... မူရင်းပန်းချီကားကို အမေကိုယ်တိုင် ဆွဲခဲ့တာ။ ဒါပေမယ့် အမေကိုယ်တိုင်ပဲ မီးရှို့ဖျက်ဆီးပစ်ခဲ့တယ်.."

"ဒါဆို...ဒီပန်းချီကားကြီးက?..."

"ကျွန်မဆွဲခဲ့တာလေ..။ အမေ့ပန်းချီကားကို ရင်ထဲအသည်းထဲမှာ စွဲနေအောင်မှတ်မိနေခဲ့တဲ့ ကျွန်မကိုယ်တိုင်အမေ့လက်ရာနဲ့ တစ်ထပ်တည်းနီးပါး ဖြစ်အောင် ကြိုးစားပြီးဆွဲထားခဲ့တာ။ ဘာဖြစ်လို့လဲဆိုတော့.. ကျွန်မဘဝရဲ့ အဖြေတွေက ဒီပန်းချီကားထဲမှာ ရှိနေလို့ပဲ။ ဒီပန်းချီကားဟာ လက်ရာမြောက် ပန်းချီကားတစ်ချပ်တော့မဟုတ်ဘူး။ ဒါပေမယ့်... အဲဒီပန်းချီကားထဲမှာ ကျွန်မတို့ဘဝတွေရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီဆေးပြားကိုလည်း ကျွန်မအမေရဲ့ ကြင်နာမှုပြယုဂ်အဖြစ် အမေ မသိအောင် ယူထားပြီး တစ်သက်လုံး ကိုယ်နဲ့မကွာသိမ်းထားခဲ့တာလေ။ ဟင်း… ဟင်း… တကယ်တော့ ကျွန်မအမေဟာ ကျွန်မစိတ်ကိုသိလို့ သဲလွန် စမှန်သမျှကို ထိန်ချန်ထားခဲ့တာဖြစ်မယ်။ သဲလွန်စတစ်ခုခုသာ ထားခဲ့ကြည့်… အဲဒီအမေဆိုတဲ့ လူကို ရေဆုံးမြေဆုံးကိုလိုက်ရှာမှာ…”

“ဟင်!… လိုက်ရှာမယ်…ဟုတ်လား။ သူ့ကိုတွေ့ရင် မင်းဘာလုပ်မလဲ လက္ခ…”

ဝမ်းသာအွန်းရ မေးလိုက်မိခြင်းပါ…။ သို့သော်… သူမပြန်ဖြေလာသည်က…

“ဘာလုပ်မလဲ… ဟုတ်လား။ အဲဒီလူကိုတွေ့ရင်…အဲ…ဒီလူကိုတွေ့ ရင်… …။ “သတ်… ပစ်… မှာ…”

ဘုရား… ဘုရား… …

သမီးရယ်… သမီးလေးရယ်… အသာတတွေကြီးလိုက်တာ…

အား… မူးလိုက်တာ…။

နေဦး… လဲကျမသွားနဲ့… ထိန်းထားစမ်း။ ဣန္ဒြေမပျက်စေနဲ့ အဲဒါသမီးလေးအတွက်…

“ဟို…ဟို… မင်းအမေရော… မင်းအမေအခု ဘယ်မှာလဲ…”

“အမေလား…။ အမေ… သေပြီ”

ဟင်!… မဏိဆုံးသွားပြီ။ မဏိဒီလောကကြီးမှာ မရှိတော့ဘူးတဲ့…။

“တကယ်တော့ အမေသေသွားတာမဟုတ်ဘူး။ အမေဟာ အသက်ရှင် လျက်နဲ့ သေဆုံးနေရတဲ့ ဘဝကြီးထဲကနေ လွတ်မြောက်သွားတာ”

“သူ… ဘယ်မှာဆုံး…”

“ခဏနေဦး။ အမေဘယ်မှာဆုံးတာလဲလို့ မေးမှာမဟုတ်လား… မဆိုးဘူးရှင်မေးတတ်တယ်။ အမေဘယ်မှာဆုံးတာလဲဆိုတော့… အမေသေ



ရာကို ကျွန်မမသိဘူး။ အမေကလည်း မပြောခဲ့ဘူး။ အမေသေတဲ့အချိန်ကို လည်း ကျွန်မမသိဘူး’

“ဘာဖြစ်လို့…”

“ဟုတ်တယ်… အကြောင်းရှိတယ်။ ကျွန်မအမေက သိပ်ပြီးအမြော် အမြင်ကြီးတာ… ဝေဒနာပေါင်းများစွာကို နှစ်ပေါင်းများစွာကျိတ်ပြီးခံစားခဲ့ တဲ့ အမေ့မှာ သည်းကင်ဆာရောဂါ (**Hepatocellular Carcinoma**) ရှိတယ်လေ… ဒါပေမယ့် အမေ ကျွန်မကို လုံးဝမပြောခဲ့ဘူး။ **အဲဒီရောဂါ ဒမှာ ရှိနေတယ်လို့ သိရတဲ့နေ့ဟာ အမေကျွန်မကို စွန့်ခွာသွားတဲ့နေ့ပဲ…။** ကျွန်မကျောင်းစ တက်မယ့်နှစ်မှာပေါ့…”

( * )

စိုးရိမ်ထိတ်လန့်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်မကို… အမေက…

“ဟင့်အင်းသမီး…။ သမီးကို မေမေလေ့ကျင့်ပေးထားခဲ့တာတွေဟာ… ဒါတွေကို ခံနိုင်ရည်ရှိဖို့လေ… မေမေ့ရည်ရွယ်ချက်ကို ဖျက်စီးအောင် မလုပ်ဘူးနော်။ မေမေဟာ လူ့လောကထဲမှာနေရရှာ အလွန်ဆုံးခြောက်လပေါ့။ ဒါတော့… မေမေ့သေခြင်းတရားကို ရင်ဆိုင်ဖို့ မေမေသမီးကို ထားရစ်ခဲ့ တယ်…”

မေမေ့အသံတွေဟာ တုန်လှုပ်ခြင်းမရှိ ပကတိငြိမ်သက်နေပါတယ်။ ကြည်လင်ပြတ်သားတဲ့အသံနဲ့ မေမေစကားဆိုနေခြင်းပါ…။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"နေဦးသမီး.. စကားကို ဆုံးအောင်နားထောင်။ 'မေမေဘယ်
သွားမှာလဲ'..လို့ သမီးမေးစရာမလိုဘူး။ မေမေသွားမယ့်နေရာကို သမီးသိ
လည်း မလိုဘူး။ ဘာကြောင့်လဲဆိုတော့ မေမေ့မှာ ရည်ရွယ်ချက်ရှိနေ
သမီး...။

သမီးအဖေဟာ တစ်ချိန်ချိန်မှာ မေမေ့ဆီကို နောင်တတွေနဲ့ရောက်
လိမ့်မယ်...။ မေမေ့ရှေ့မှာ... ဒူးမထောက်ဘဲ မေမေ့မြေပုံရှေ့မှာ.. သူ့အမှား
ဒူးထောက်ပြီး လာတောင်းပန်လိမ့်မယ်။ အဲဒီအချိန်မှာ.. မေမေခွင့်လွှတ်
ဖြစ်စေ၊ ခွင့်မလွှတ်သည်ဖြစ်စေ.. မေမေ့ကို တောင်းပန်ခွင့်ရခြင်း
သူ့အတွက် ထွက်ပေါက်တစ်ခုပဲ။ အဲဒီထွက်ပေါက်ကို မေမေ လုံးဝမပေး
သမီး။ အဲဒီထွက်ပေါက်ဟာ သူနဲ့မတန်ဘူး။ အဲဒါ မေမေ့ရဲ့ ကလဲ့စားပဲ
**သူ့ကို ချစ်ခြင်းတွေ၊ သူ့ကို နာကြည်းခြင်းတွေနဲ့ ဘဝတစ်ခုလုံးကို သ**
**အဆုံးသတ်ခဲ့နိုင်တဲ့ မေမေ့ရဲ့ နောက်ဆုံးကလဲ့စားပဲ..**

မေမေ့ရဲ့ ကိုယ်ပွားသမီးလေးဟာ မေမေ့ကို နားလည်ပေးနိုင်
ယုံကြည်ထားတယ်။ သမီးဘဝအတွက်.. မေမေသမီးကို ဘာမှ အထူးတ
ထပ်မှာစရာမလိုအောင် လေ့ကျင့်ပေးခဲ့ပြီးပြီ။ မေမေ သမီးကို စိတ်ချ
ငါ့သမီးဟာ.. လူ့ဘဝဆိုတဲ့ ခရီးရှည်ကြီးကို ရည်ရွယ်ချက်အတိုင်း ဖြောင့်
ကြီး ဆက်လျှောက်သွားရမယ်။ ဆရာဝန်ဖြစ်တဲ့အချိန်မှာ ဘယ်အ
ငွေကြေးဂုဏ်ဒြပ်တွေနဲ့ မတိုင်းတာပဲ စေတနာသန့်သန့်နဲ့ လူတွေရဲ့အ
ကယ်တင်ရမယ်။ သမီးကို မေမေ စိတ်ချရမှာလားသမီး.."

"စိတ်ချပါမေမေ"

"မေမေ ယုံတယ်။ ကဲ... မေမေ့ကို ကန်တော့.."



မေမေရဲ့ ခြေဖမိုးဖြူဖြူလေးဟာ ကျွန်မ မျက်ရည်တွေနဲ့ ရွဲရွဲစိုသွား
တော့တယ်...။

မေမေ့ခြေဖမိုးလေးကို...။ ကျွန်မဘဝကို အကောင်းဆုံးတည်ဆောက်
ခဲ့တဲ့ မေမေ့လက်ကလေးကို... ။ မေမေရဲ့ပါးပြင်လေးကို...
က်ဆုံးအနေနှင့် အကြိမ်ဖန်များစွာ နမ်းရှုပ်လိုက်မိ၏။

တင်းကျပ်စွာ ပွေ့ဖက်ထားမိတဲ့ ကျွန်မလက်တွေကို မေမေက
သာစွာ ခွာချလိုက်၏။ ထို့နောက်.. ကျွန်မ နဖူးကို ဖွဖွလေးနမ်း၏။
မျက်ဝန်းမှာ မျက်ရည်တွေရှိမနေခြင်းကို ကျွန်မအနေနဲ့ အထူးအဆန်း
တော့ပါ... ။

"သမီးဘဝကို တစ်ချက်မှ မတိမ်းစောင်းအောင် ဂရုစိုက်ပါ။ သမီးကို
 ကျောခိုင်းလိုက်တာနဲ့ သမီးလည်း မေမေ့ကို ကျောခိုင်းရမယ်။ လုံးဝ
မကြည့်ရဘူး.. ဟုတ်ပြီနော်.."

"ခဏလေးပါမေမေ.. သမီး မေမေ့ကို အားရအောင် ကြည့်ပါရစေ
"

သားအမိနှစ်ယောက်... တစ်ယောက်ကိုတစ်ယောက် မျက်တောင်
တမ်း ရှူးရှူးနင့်နင့် ကြည့်မိကြလေသည်။ နှစ်ယောက်လုံးရဲ့ ရင်ထဲမှ
ကွဲမှုတွေကို တိုင်းတာပြစရာ စကားလုံးကား... မရှိ။

မေမေ တစ်ချက်ပြုံးလိုက်၏။

"ခွဲခွာကြစို့.. " ..လို့ ပြောတဲ့အသံတိတ် နှုတ်ဆက်စကား...
ထို့နောက် တစ်ယောက်ကိုတစ်ယောက် ပြိုင်တူ ကျောခိုင်းလိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်..ဘယ်တော့မှ ပြန်မဆုံနိုင်တော့မယ့်ခြေလှမ်းတွေကို မေ
စ,တင်၏။ မေမေ့ ခြေသံပါးပါးလေးကို နားစွင့်နေမိခြင်းမှလွဲ၍ ကျွ
မေမေ့ကို လှည့်မကြည့်….။

ကျွန်မဟာ… နောက်ဆုံးအချိန်အထိ မေမေ့စကားကို တစ်သ
မတိမ်း လိုက်နာသူဖြစ်စေရမည်။ **မေမေ့စကားတွေကို အပြည့်အဝနားထော**
**တဲ့သမီးတစ်ယောက်အဖြစ်…မေမေ သေသည်အထိ စိတ်ချဂုဏ်ယူသွ**
**စေချင်သည်။**

(*)

"ဒါတွေအားလုံးဟာ.. ကျွန်မအဖေရဲ့ ရက်စက်ခြင်းတွေကြော
ဖြစ်လာခဲ့ရတဲ့ အဆိပ်သင့်ခြင်းတွေလေ။ အဲဒီအဖေဆိုတဲ့လူကြောင့် ကျွ
လိုအပ်တာထက် အချိန်တွေစောပြီး ခွဲခွာခဲ့ရတယ်။ ဘာမှ ပြုစုခွင့်မရခဲ့ဘ
နောက်ဆုံး.. ကိုယ့်အမေသေတဲ့အချိန်၊ ကိုယ့်အမေသေတဲ့နေ့ရက်ကိုတော
သိခွင့်မရှိခဲ့ဘူး။ အမေ့ခံစားချက်တွေကို နားအလည်ခဲ့ဆုံး ကျွန်မအတွ
အမေ့စကားတွေကို အတိအကျလိုက်နာရုံကလွဲပြီး ဘာမှ မတတ်နိုင်တော
ဘူး..

သူ့ကို စိတ်နာတယ်။ သိပ်မုန်းတယ်။ သိပ်နာကြည်းတယ်။

သမီးလေးရယ်.. အရွယ်လေးနဲ့မမျှအောင် ပြင်းထန်တဲ့ခံစားချ



တွေနဲ့ပါလားကွယ်။ ဖေဖေ သနားလိုက်တာ… သမီးတို့သားအမိကို ဖေဖေ
သနားလိုက်တာ။ ဖေဖေ့ရင်တွေ ကွဲကုန်ပြီ သမီးရယ်…

ဖေဖေမကြောက်ဘူးသမီး…ဖေဖေသေရမှာမကြောက်ဘူး။ သမီးလေး
အပြည့်စေရမယ်။ သမီးထိုးလိုက်တဲ့ ဓားဒဏ်ရာကနေ ဖေဖေ့နှလုံးသွေးတွေ
ပွက်ပွက်လျှံထွက်သွားစမ်းပါစေ။ ဖေဖေ ပြုံးနေမယ်။ ဖေဖေ ကျေနပ်စွာ
ပြုံးနေမယ် သမီး…

သမီးလေး စိတ်ချမ်းသာမယ်ဆိုရင် ဖေဖေ ကျေနပ်ပြီ။ သမီးလေး
မုန်းကြီးမုန်းတီးနာကြည်းနေတဲ့..သမီးရဲ့အဖေဆိုတာ သမီးရှေ့မှာ ရောက်
နေတဲ့ ဟောဒီ လူမဆန်တဲ့ကောင်ကြီးလေ သမီးရဲ့..။ သမီး ပျော်တော့
…

"သ… …"

'သမီး' ဆိုတဲ့အသံ ထွက်မသွားခင်မှာဘဲ ပါးစပ်ကို အလန့်တကြား
ပိတ်လိုက်ရ၏။

ဘုရား.. ဘုရား…။ မှားတော့မလို့ပါလား…

အမှားကြီးမှားတော့မလို့ပါလား… …။

ငါက သေရဲတယ်ပဲထားဦး… အဖေကို သတ်မိတဲ့သမီးလေးဟာ
သရာအဆက်ဆက်မှာ အဇာတသတ်မင်းလို ဘဝပေါင်းများစွာ ငရဲခံရ
တော့မယ်…

ဘုရား.. ဘုရား…။ ငါဟာ အရင်တုန်းကထက် အဆပေါင်းများစွာ
…အားတဲ့ ရက်စက်မှုမျိုးကို ကျူးလွန်မိတော့မလို့ပါလား…။ ကံကောင်း
… …

သတိကြီးစွာ ကိုယ့်ကိုယ်ကို ထိန်းချုပ်လိုက်မိချိန်မှာ သမီးလေး
…တော့်ကို လှည့်ကြည့်၏။

www.burmeseclassic.com



"အိုး… ရှင်ဘာဖြစ်နေတာလဲ။ မျက်ရည်တွေကျလို့ပါလား"

"အဟဲ… ဘာမှမဖြစ်ပါဘူး။ ကိုယ်… ကိုယ် မင်းပြောတဲ့စာတ်လမ်းထဲမှာ နစ်မျောသွားတယ်။ ကိုယ်… ကိုယ်ပြန်တော့မယ်လကွဲ…"

ဆောက်တည်ရာမဲ့စွာ ခံစားနေရတဲ့ ခံစားချက်တွေကို ထိန်းချုပ်ပြီး သမီးလေးအပါးမှ ဣန္ဒြေရစွာ ထပြန်လာခဲ့ရတော့သည်။

ခြံဝကိုရောက်တဲ့အခါမှာတော့ ကိုယ့်ကိုယ်ကိုယ် ထိန်းလို့မရတော့… အိမ်သို့ အပြေးပြန်လာခဲ့မိတော့သည်။

( * )

တင်းကျပ်စွာ ခံစားနေရသော ဝေဒနာတွေ သက်သာလိုသက်သာငြား ရံဖန်ရံခါ ဆေးဖြစ်ဝါးဖြစ် မှီဝဲတတ်ခဲ့သော… သူရာရည်ကို တစ်ခွက်ပြီးတစ်ခွက် မော့ချနေမိတော့သည်။ သို့သော် စာဖြည်းဖြည်း မူးယစ်ရီဝေလာခြင်းနှင့်အတူ ဝေဒနာအစုဝေးတို့က ပိုမိုမွန်းကျပ်စွာ တိုးပွားလာနေတော့သည်။

မဏီ…

မဏီရယ်…

မင်းဟာ… တစ်ချိန်မှာ ငါဘယ်လိုတွေ ခံစားလာရမယ်ဆိုတာကို တောင် ကြိုသိနေခဲ့တာပါလား…။ 'ဒီနေ့ဟာ နင့်ဘဝမှာ ငါ့ကို နောက်ဆုံးအကြိမ် တွေ့မြင်ရခြင်းလို့ နင်ပျော်ပျော်ကြီး မှတ်သွားလိုက်ပါ' လို့ နာကြည်းစွာ ပြောခဲ့ပေမယ့် မင်းကိုယ်တိုင် ငါ့ဘေးမှာ အမြဲရှိနေခဲ့ပြီး ငါဖြစ်ပျက်နေသမျှတွေကို စောင့်ကြည့်နေသလိုပါပဲလား…။ ဒါမှမဟုတ်… မင်းဟာ—



မြင်နိုင်စွာနေရာတစ်ခုကနေ ငါ့ကို… တကယ်ပဲ မျက်တောင်မခတ်တမ်း ငေးလိုက်ကြည့်နေခဲ့သလား မဏီရယ်…

'တိုးလျှိုးတောင်းပန်ခွင့်' ဆိုတာ ငါ့အတွက် 'ထွက်ပေါက်' တဲ့… လိုက်တာ…

ငါ့ရင်တွေတစ်စစီကြေကွဲကုန်ရပြီ မဏီ…။ ဒါပေမယ့် မင်းမမှားဘူး…။ မင်းမမှားပါဘူး မဏီရယ်…။ ငါသာ… ငါသာ… …

မင်း ငါ့ကို ဘဝအဆက်ဆက် ခွင့်မလွှတ်လိုက်ပါနဲ့ မဏီ…

ငါဟာ တကယ်ကို လူမဆန်ခဲ့တဲ့… ယုတ်မာပက်စက်ခဲ့တဲ့ကောင်ပါ။ နဲ့ထိုက်တန်တဲ့ အယုတ်ညံ့ဆုံးစကားလုံးကိုတောင် ရှာလို့မတွေ့တော့ပါဘူး။ ရဲ့ချစ်ခြင်းတွေအတွက် ငါကျေနပ်လိုက်တာမဏီရယ်…။ မင်းငါ့ကို ချစ်ခဲ့တယ်နော်… …

အသက်နဲ့ခန္ဓာ ပျက်ကြွေပြုန်းသည်အထိ အချစ်ကြီးချစ်ခဲ့တဲ့ မင်းအချစ်တွေကို ငါဘယ်လိုတုံ့ပြန်ရမလဲဟင်?… …

'မဏီရေ…' လို့သာ အကြိမ်ကြိမ်အော်ဟစ်ငိုကြွေးနေပါရစေတော့ မဏီရယ်. မင်းငါ့ကို ဘာလို့ ဒီလောက်တောင် ချစ်ခဲ့ရတာလဲကွာ…

ဒီကမ္ဘာလောကကြီးမှာ ငါဘယ်လိုဆက်ပြီး ရှင်သန်ရပ်တည်ရမှန်းတောင် မသိတော့ပါဘူး။

'မောင်…' တဲ့လား… …

ငါ့ကို… 'မောင်…' တဲ့လား မဏီရယ်…

တစ်ကိုယ်ကောင်းသမားကြီးရဲ့ ကျဆုံးခန်းတွေကို… မောင့်ရဲ့သွေးကြောင်ခြင်းတွေကို အေးစက်တဲ့မျက်လုံးတွေနဲ့ စိမ်းစိမ်းကြီးကြည့်လှည့်ပါ မဏီရယ်… …

'ဘာလုပ်မလဲ… ဟုတ်လား။ အဲဒီလူကိုတွေ့ရင်… အဲ… ဒီလူကိုတွေ့… သတ်… ပစ်… မှာ…'

"သမီးလေး…"

www.burmeseclassic.com

www.burmeseclassic.com



မေမေ့သမီးလေးရယ်...

မေမေကြီးသေရတယ်.. သေရပါတယ်သမီးလေးရယ်.. မေမေသေရတာကို မကြောက်ဘူးသမီး.. ။ ဒါပေမယ့် ငါ့သမီးလေးကို အဓိကတသတ်မလေးအဖြစ် မခံနိုင်ဘူး... ။ မေမေသမီးကို အဲဒီလောက်အထိ မရက်စက်နိုင်ဘူးသမီးလေးရယ်... ...

ခုချိန်မှာ.. မေမေလေ... သမီးလေးကို 'သမီး..' လို့ခေါ်ခွင့်လေးကို အတောင့်တဆုံးပါပဲ။ 'သမီး...' လို့ခေါ်ခွင့်လေးပါပဲသမီးရယ်...

ဒါပေမယ့်... မေမေမခေါ်ဘူး။ မေမေမခေါ်တော့ဘူးသမီး..

မေမေ့ရင်တွေကွဲသွားပါစေ.. မေမေသမီးကို 'သမီး...' လို့မခေါ်တော့ဘူးသမီး...

ငါ့သမီးလေးရယ်... လူမိုက်ကြီး မေမေ့ကို မုန်းလက်စနဲ့ဆက်ပြီး မုန်းလိုက်ပါတော့။ နာကြည်းလက်စနဲ့ဆက်ပြီး နာကြည်းပါတော့ ကလေးရယ်...

မေမေလေ.. မေမေ.. သမီးလေးနဲ့ သမီးအမေရဲ့ ကျိန်စာတွေမှာ ကျေကျေနပ်နပ်ကြီး လောင်ကျွမ်းနေပါ့မယ် သမီးရယ်... ...

ထိုစဉ်မှာ ခေါ်သံလိုလို အသံတစ်ခုကို ကြားလိုက်ရ၏။

*'ဟေ့ကောင်ရာဇာ..'*

ဟင်!... ဘယ်သူလဲ? ...

*'ဟား.. ဟား.. ဟား... ငါပါကွ.. ။ ဒီမှာကြည့်စမ်း'*

"ဟင်.. ဖန်ခွက်ထဲမှာ။ ဟင်.. မင်းကငါပဲ.. မင်းက.. မင်းက နောက်ထပ်ငါတစ်ယောက်"

*'အဲဒါက အရေးမကြီးဘူး။ အခု... မင်းဘာတွေဖြစ်နေတာလဲ.. ဟား.. ဟား.. ဟား.. မင်းအလှည့်ကျတော့ မခံစားနိုင်တော့ဘူးမဟုတ်လား ရာဇာ.. ။ မင်းရဲ့ရက်စက်မှုတွေကြောင့် သူတို့လေးတွေ ဘယ်လောက်အထိ ခံစားရမယ်ဆိုတာ.. မင်းကိုယ်ချင်းစာတတ်ပြီပေါ့.. ။ ဟုတ်လားကွ..*



"ဘာ...."

ထိတ်လန့်စွာ ထရပ်လိုက်မိ၏။

*'မင်းနားမလည်ဘူးလား။ အေး.. 'ဒါဆိုလည်း မင်းနားလည်အောင် ပြောရတော့မှာပေါ့ကွာ...။ ဒီမှာရာဇာ.. ဝဋ်ဆိုတာ လည်တတ်တယ်ကွ...။ ကိုယ့်အလှည့်ကျရင် အဆပေါင်းများစွာ ပိုပြီးခံစားရတတ်တယ်။ ဘွာခဲတ်လို့ ရဘူး။ မင်းက အခုမှ ခံစားရတာပါကွာ... မထိတို့သားအမိဆိုရင် မင်းရဲ့ ရက်စက်ခြင်းတွေကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရတာ... ။ မင်းဟာ လူမဆန်ဘဲကောင်ပဲ..'*

"ဟုတ်တယ်... ငါဟာ လူမဆန်တဲ့ကောင်၊ အသုံးမကျတဲ့ကောင်.. အကယ်ဆို ဓကိုမသေသင့်ဘူး။ သေသင့်တာက ငါ.. ကဲကွာ.."

နဖူးပြင်နှင့် နံရံတို့ ထိတွေ့ခြင်းမှာ နဖူးက ဟက်ကနဲ ကွဲတော့သည်။ ချင်းချင်းနီသော သွေးတို့က တသွင်သွင်စီးကျ၏။

"မထိရယ်... သမီးလေးရယ်.. မေမေ့ရင်တွေ ကွဲနေရပြီကွယ်.. အမေ့မှာ ထွက်ပေါက်မရှိတော့ဘူးသမီးရဲ့..."

တစ်ယောက်တည်း ကြွေကွဲစွာရေရွတ်ရင်း သမီးပြောခဲ့တဲ့ စကားတစ်ခွန်းကို ကြားယောင်လိုက်မိပြန်၏။

"သတ်.. ဖစ်.. မှာ.."

"သမီးလေး... သမီးလေး။ အမလေး... ဘုရားကယ်ပါ"

ဆောက်တည်ရာမဲ့စွာ ဘုရားခန်းထဲသို့ ပြေးဝင်လာမိတော့သည်။

"ကယ်ပါဘုရား... ဘုရားတပည့်တော်ကို ကယ်ပါဘုရား။ အဖွားလူမိုက်ကြီးကို ကယ်တော်မူပါဘုရား။ ဘုရားတပည့်တော် ရင်တွေကွဲနေပါပြီဘုရား..

ဟောဒီ.. ဟောဒီ ရွှေးရွှေးနီတဲ့သွေးတွေနဲ့ ဘုရားတပည့်တော် သစ္စာဆိုပါ့ဘုရား...

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတပည့်တော်ဟာ.. မဏိအပေါ်မှာ ဆိုးရွားစွာ ရက်စက်ခဲ့မိပါသည်ဘုရား။ ထိုအမှားကို အခုအချိန်မှာ နောင်တကြီးစွာ ရနေပါပြီဘုရား…။ ကံကြမ္မာရဲ့ ဒဏ်ခတ်ခြင်းကိုလည်း ဘုရားတပည့်တော် ကျေကျေနပ်နပ်ကြီး ခံယူပါမယ်ဘုရား။ ဒါပေမယ့်.. သမီးလေး.. သမီးလေးကိုတော့ အဇာတသတ်မလေးမဖြစ်စေချင်ပါဘူးဘုရား..။ ဘုရားတပည့်တော် သေရပါတယ်.. တကယ်ကို သေရပါတယ်ဘုရား။ ဒါပေမယ့်ဘုရား တပည့်တော်ရဲ့ သေခြင်းတရားကို စီရင်သူဟာ သမီးလေးမဖြစ်ပါစေနဲ့ဘုရား..

အခုအချိန်မှာ.. ဘုရားတပည့်တော်ရဲ့သမီးလေးအတွက် ဘာကိုပဲ ပေးဆပ်ရပါစေ.. ပေးဆပ်ရဲတဲ့သတ္တိတွေရှိပါတယ်ဘုရား… ဒါဟာဘုရားတပည့် တော်ရဲ့ရင်ထဲအသည်းထဲကလာတဲ့ မှန်သောသစ္စာစကားတွေပါဘုရား…

ဤမှန်သော သစ္စာစကားတွေကြောင့် ဘုရားတပည့်တော့်၏ဇနီးသည် ခင်မဏိသည် ကောင်းရာမွန်ရာသို့ ရောက်ပါစေဘုရား။ ဘုရားတပည့်တော်၏ သမီးလေးလည်း ဘဝခရီးကို အေးချမ်းပျော်ရွှင်စွာ…အပူအပင်ကင်းမဲ့စွာ လျှောက်လှမ်းနိုင်ပါစေဘုရား…။ သမီးလေးဟာ အဖေကိုသတ်တဲ့ အဇာတသတ်မလေး မဖြစ်ပါစေနဲ့ဘုရား… အီး.. ဟီး.. ဟီး.. ဟီး..”

မျက်ရည်တို့ စွန်းထင်းသော.. သွေးစက်တို့ စွန်းထင်းသော သစ္စာစကားတို့၏ အတိမ်အနက်ကို သိနိုင်သူကား… ဦးရာဇာကိုယ်တိုင်မှလွဲလျှင် ဘုရားရှင်ကိုယ်တော်တိုင်ပဲ ဖြစ်ပေလိမ့်မည်…။

နောင်းနောင်တတွေနှင့် အဖွားလူသားတစ်ဦး၏ သည်းထန်စွာရှိုက်ငင်ငိုကြွေးသံတို့က ဘုရားခန်းထဲမှာ အဆက်မပြတ်တမ်းထွက်ပေါ်လို့ နေပါတော့သည်။

¤ ¤ ¤ ¤ ¤



( * )

အချိန်ကား.. ညဉ့်နှစ်နာရီကျော်ပြီတည့်…။

ပတ်ဝန်းကျင်တစ်ခုလုံးကား တိတ်ဆိတ်စွာ အိပ်မောကျနေလေပြီ…။

ညဉ့်လေက တစ်ချက်တစ်ချက် ဝှေ့ကာတိုက်ခတ်၏။ အလိုက်မသိသောခြင်တို့က ခန္ဓာကိုယ်အနံ့ မညှာမတာ ကိုက်ခဲနေကြသည့်အပြင် အနားမှာ တဝီဝီအသံပေးကာ ပျံသန်းနေကြသေးသည်။

ဒီနေရာလေးကို ရောက်နေတာ သုံးနာရီခန့်ရှိပြီ…။

အေးမြတဲ့လရောင်အောက်မှာ ငြိမ်းချမ်းစွာ ‘လဲလျောင်းနေတဲ့ အဆောက်အဦနီနီကြီးကို မမှိတ်မသုန် ငေးမောနေမိတော့သည်။

အဲဒီအိမ်ထဲမှာ သမီးလေးရှိတယ်…။

ခုချိန်ဆို သမီးလေး နှစ်ခြိုက်စွာ အိပ်မောကျနေရောပေါ့… …

ရင်ထဲမှာ ငြိမ်းချမ်းလိုက်တာ…

သမီးလေးကွန်းခိုရာ အဆောက်အဦကြီးကို တိတ်တဆိတ်လာပြီး ငေးမောနေမိခြင်းကပင် ရင်ထဲမှာ တစ်စုံတစ်ရာသော ကျေနပ်မှုတွေကို ရရှိခံစားနေရလေသည်။

သမီးရယ်… ဒီဘဝမှာတော့ ဖေဖေ သမီးကို ‘သမီးလေး..’လို့ ခေါ်ခွင့်မရနိုင်တော့ပါဘူးကွယ်။ အထီးကျန်လွန်းတဲ့ဘဝမှာ ကိုယ်ရင်သွေးလေးကို တွေ့မြင်နေလျှက်နဲ့ ‘သမီး’လို့ ဖေဖေမခေါ်ရဲဘူး။ ခေါ်ခွင့်လည်းမရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူပါသမီးရယ်… ။ ဖေဖေ့အပြစ်တွေကို ဖေဖေ ကျေကျေနပ်နပ်ကြီး ခံယူပါမယ်ကွယ်… ။ တစ်ချိန်တုန်းက အတ္တတွေကြီးမားခဲ့တဲ့ ဖေဖေလေ သမီးအတွက်ရော မေမေ့အတွက်ပါ နှစ်ဆတိုးပြီး ခံစားကြေကွဲနေရပါတယ်ကွယ်…

သမီးတို့သားအမိကို ဖေဖေသနားလိုက်တာသမီးရယ်… ။ လူမဆန်တဲ့ အတ္တသမားတစ်ယောက်ကြောင့်… နှစ်ပေါင်းများစွာ လောင်ကျွမ်းခံစားနေခဲ့ရတဲ့ သမီးတို့ရဲ့ဝေဒနာတွေထက်… အခု ဖေဖေခံစားနေရတဲ့ဝေဒနာတွေက ပိုပါတယ်လို့ မပြောရဲပါဘူးကွယ်။ ဒါပေမယ့်… သမီးနဲ့သမီးအမေ ခံစားခဲ့ရသမျှတွေကို အစကနေပြီး တနင့်နင့်နဲ့ ထပ်တူထပ်မျှ ဖေဖေခံစားနေရတယ်ဆိုတာတော့ ယုံပါသမီးရယ်… …

ဖေဖေ့သမီးလေးရယ်… ဖေဖေသမီးလေးကို ချစ်လိုက်တာကွယ်

လက်ကွဲပွင့်နီနီရဲရဲလေးရယ်… ဖေဖေ့အသက်လေးရယ်… ခုချိန်မှာ သမီးဟာ ဖေဖေ့ဘဝပါဆိုတဲ့စကားကို ဖေဖေ့နှလုံးသားထဲမှာ ထာဝရရှိနေတော့မယ့်သူဟာ သမီးအမေပါပဲဆိုတဲ့စကားကို ရှက်ရှက်နဲ့ပဲ တိတ်တိတ်လေး ဆိုပါရစေ… …

အိပ်ချင်စိတ်ကြောင့် မျက်လုံးတွေ ကျိန်းစပ်လာပေမယ့် ဒီနေရာက မခွာချင်သေး… …လူနှစ်ရပ်ကျော့ကျော်ခန့်မြင့်သည့် သံတိုင်ကွေးကွေးကြီးတွေ ကာရံထားသည့် ခြံဝင်းကြီးနှင့် အဆောက်အဦ နီနီကြီးကို ငေးမောရင်း သမီးလေးအကြောင်းတွေကို တွေးနေမိပြန်သည်။

သမီးလေးရယ်… သမီးလေးဟာ ဖေဖေရဲ့ပယောဂတွေကြောင့် ခက်ထန်ကြမ်းကြုတ် ရက်စက်တတ်သူလေးတစ်ယောက် ဖြစ်နေရတာ ဖေဖေ ယူကျုံးမရနိုင်အောင် ခံစားရပါတယ်။ သမီးတို့ဘဝလေးတွေ အကြည်းတန်စေခဲ့သူက ဖေဖေပဲမဟုတ်လား… ။ ဖေဖေ့အပြစ်တွေ ဒီတစ်သက်ပေးဆပ်လို့မှ ကုန်နိုင်ပါဦးမလားကွယ်… …



သေချာတာတစ်ခုက… ဖေဖေဟာ ဘယ်တော့မှမလွတ်မြောက်နိုင်တော့မယ့် "ကျိန်စာ"တစ်ခုထဲမှာ အသက်နဲ့ခန္ဓာကြွေသည်အထိ ကျေနပ်စွာ လောင်ကျွမ်းနေရတော့မယ်ဆိုတာပါပဲ သမီးရယ်…

သမီးကိုရည်ရွယ်တဲ့ အသံတိတ်စကားတွေကို နှလုံးသားနှင့်ဆိုရင်း လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကျော်က ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဖေဖေနဲ့မေမေ့ကို တမ်းတလိုက်မိပြန်၏။

ခွင့်လွှတ်ပါတော့ ဖေဖေနဲ့မေမေရယ်…

ဖေဖေနဲ့မေမေသာသိခဲ့ရင် ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာ မဟုတ်တဲ့အမှားတွေကို သားကျူးလွန်မိခဲ့ပါတယ်… ။ သားကို… သားကိုခွင့်လွှတ်ကြပါဗျာ…

ဦးရာဇာကျော်က သမီးဖြစ်သူ ကွန်းခိုရာအိမ်ကြီးကို မမှိတ်မသုန်သော မျက်လုံးများဖြင့် ငေးကြည့်နေသဲဖြစ်၏။

ထိုအချိန်တွင်… အဆောက်အဦနီနီကြီးထဲမှ လက်ကွဲသည်လည်း အိပ်မပျော်နိုင်အောင် ရှိနေရလေသည်။ သူမရင်ထဲတွင်လည်း အတွေးပေါင်းများစွာတို့ဖြင့် ရှုပ်ယှက်ခတ်လို့နေ၏။

ခုတစ်လော… လက်ကွဲရင်ထဲမှာ ထူးထူးခြားခြား ခံစားနေရတာ ရှိသည်။ ထိုခံစားချက်များအားလုံးက ဦးရာဇာကျော်နှင့် ပတ်သက်နေ၏။

တည်ကြည်ခန့်ညားသော ဥပဓိရုပ်နှင့် နှလုံးအထူးကုဆရာဝန်ကြီး ဦးရာဇာကျော်ကို စ,တင်တွေ့မြင်လိုက်ရသည့်အချိန်မှာပင် ဘယ်လိုအမျိုးအစားမှန်းမသိတဲ့ ခံစားချက်တစ်ခု လက်ကွဲရင်ထဲကို ဖြတ်သန်းသွားခဲ့ဖူးသည်။ ထိုခံစားချက်မျိုးတွေကို သူနဲ့တွေ့ဆုံတိုင်း ခံစားနေရတတ်တာကို အံ့သြစွာ သတိထားမိခဲ့တာကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဦးရာဇာကျော်ဆိုတဲ့လူကြီးကို တွေ့မြင်နေရလျှင် လက်ျရင်ထဲ
ပျော်သလိုလို… ချမ်းမြေ့သလိုလို… ကျေနပ်သလိုလို ခံစားနေရ
ဘာကြောင့်လဲ? … ။ ဒီလူကြီးမှာ ဘယ်လိုစွမ်းအင်တွေရှိနေလဲ? ။ လက်ျ
ကြည့်တဲ့မျက်လုံးတွေထဲမှာ အကြင်နာတရားရဲ့ အငွေ့အသက်တွေ လွှမ်း
တယ်လို့ထင်နေမိတာကရော… ဟုတ်မှဟုတ်ရဲ့လား? … ။

ဘဝကို တစ်ယောက်တည်း ရဲရဲဝံ့ဝံ့ ဖြတ်သန်းလာခဲ့တဲ့ လက်ျ
သူ့ကို အားကိုးချင်သလိုလို… ။ သူ့စကားတွေကို လက်မခံခဲ့ပေ
နာခံလိုက်နာနေချင်သလိုလို…

ကိုယ့်ကိုယ်ကိုယ် သတိနှင့် ထိန်းချုပ်ထားသည့်ကြားက သူနဲ့ရင်
နီးနီးခေါ်ပြောဆက်ဆံချင်သလိုလိုတွေ ဘာကြောင့်ဖြစ်နေရတာလဲ? …

မညာတမ်းဝန်ခံရမယ်ဆိုရင်… သူနဲ့တွေ့ချင်တဲ့ဆန္ဒတစ်ခုတည်းနဲ့
သားစာတွေ… နားလည်ပြီးသားအကြောင်းအရာတွေကို သွားမေးခဲ့ဖူးတာ
ကြိမ်တိတိရှိပြီ။

လူတစ်ယောက်နဲ့ စကားပြောဖို့ သိပ်ကိုခဲယဉ်းခဲ့တဲ့ လက်ျဟာ
သူနဲ့ဆိုစကားတွေတော်တော်များများ ပြောဖြစ်ခဲ့သည်။ ဒါတွေဟာ… သူ့ရဲ့
အထူးကုဆရာဝန်ကြီး ဆိုတဲ့ ဂုဏ်ထူးဝိသေသတွေကြောင့်များလား?

အံ့ဩစရာကောင်းတာက… သူနဲ့လက်ျသွေးအမျိုးအစားတူနေ
ဖြစ်သည်။ ပြီးတော့… အချိန်မီသွေးမရရင်… အသက်ဆက်ရှင်နိုင်ဖို့ မျှော်
ချက်မရှိတော့တဲ့ လက်ျအတွက်… သူ့ခန္ဓာကိုယ်ထဲက သွေးတွေကို ရက်
ရောရော ပေးလှူခဲ့ခြင်းဖြစ်၏။

သူ… လက်ျအပေါ်ဘာကြောင့် ဒီလောက်အထိစေတနာတွေကော
တာလဲ? …



'သူ့ရဲ့သွေးတွေ လက်ျခန္ဓာကိုယ်ထဲမှာ လည်ပတ်စီးဆင်းနေကြ
ယ်'… လို့ တွေးမိတိုင်း လက်ျဘာဖြစ်လို့ ကျေနပ်သလိုလို… ကြည်နူး
လိုလို ခံစားနေရတာလဲ? … ။

အံ့ဩစရာအကောင်းဆုံးက… လက်ျအကြောင်းတွေကို မခြွင်းမချန်
ပြောလိုက်မိခြင်းပင်…

ရိုးရိုးတန်းတန်းဖွင့်ပြောပြမိခြင်း မျိုးတောင်မဟုတ်…

အိမ်ထဲအထိ… ပန်းချီကားကြီးရှေ့အထိ ခေါ်လာခဲ့ပြီးမှ အိတ်သွန်ဖာ
က် ရင်ဖွင့်ခဲ့မိတာတဲ့… ။ ဘယ်လိုအစွမ်းသတ္တိတွေရဲ့ သွေးဆောင်မှုတွေ
ကြောင့် ဒီလိုတွေဖြစ်သွားခဲ့တာလဲဆိုတာ ကိုယ်တိုင်ပင် နားမလည်နိုင်
… ။

သတိထားမိချိန်မှာ အားလုံးဖွင့်ပြောပြီးသွားပြီ… ။

တကယ်ဆို… ဒီအကြောင်းတွေကို လက်ျရင်ထဲမှာပဲ လျှို့ဝှက်
သိမ်းဆည်းထားခဲ့တာလေ… ။

လက်ျရင်ထဲမှာ သူ့အပေါ်ယုံကြည်မှုတစ်ခုအလိုလို ဖြစ်တည်နေတာ
ကြောင့်လဲ? … နေပါဦး… ။ သူကရော လက်ျအကြောင်းတွေကို
ကြောင့် သိချင်နေခဲ့ရတာလဲ? … ။ သေချာတယ်… ။ လက်ျနဲ့သူနဲ့ကြား
ထူးဆန်းတဲ့ဆက်သွယ်မှု တစ်ခုခုတော့ရှိနေပြီ…

အရေးကြီးတာက… ရိုးသားမှု… ။

ဟုတ်တယ်… ဒါ… သိပ်အရေးကြီးတယ်… ။

လက်ျ သူ့အပေါ်မှာရိုးသားမှုရှိရဲ့လား? …

ရိုးသားတယ်… ဒါဟာ သေချာတဲ့အဖြေတစ်ခုပဲ… ။

သူနဲ့ပတ်သက်ပြီး လက်ျရင်ထဲမှာ ရှိနေတဲ့ ခံစားချက်တွေက…
ကိုယ်တိုင် လုံးလုံးလျားလျား မျက်ကွယ်ပြုထားနိုင်ခဲ့တဲ့ ရင်ခုန်သံတွေ
က်နေတဲ့ ချစ်ခြင်းခံစားချက်မျိုးမဟုတ်ဘူး။ ဘယ်လိုခံစားချက်တွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ လက်ဇွဲလည်း မသိဘူး။

ဒါပေမယ့်… ရှိုးသားတယ်ဆိုတာကတော့ သိပ်သေချာတယ်…

သူကရော… လက်ဇွဲအပေါ်မှာ ရိုးသားရဲ့လား? … …

လက်ဇွဲ မသိဘူး… ။

သူသာ လက်ဇွဲအပေါ်မှာ မရိုးသားခဲ့ရင်? … …

ဟုတ်တယ်… သူ့ရဲ့စေတနာတွေဟာ လိုတာထက်ပိုနေတယ်…

**'ရိုးသားမှုဆိုတာ… တစ်ခါတစ်ရံ လူတစ်ယောက်ရဲ့မျက်နှာနဲ့ မျက်လုံးတွေမှာ ရှာလို့မရနိုင်ဘူးသမီး။ အဲဒါကြောင့် သမီးအမေနဲ့မေမေ ချစ်သူ**

**ဖြစ်ခဲ့ကြတာ…'** တဲ့…

မေမေ ပြောခဲ့ဖူးသောစကား…

ဟုတ်တယ်… မျက်နှာနဲ့မျက်လုံးတွေပေါ်က အရိပ်အယောင်နဲ့တင် ရိုးသားတယ်လို့ ဆုံးဖြတ်ရင် မှားသွားမှာပေါ့… ။

ကျွန်မရှင့်ကို သတိထားရမယ်…

ရှင်… ဘယ်လိုလူစားမျိုးလဲ ဦးရာဇာကျော်? …

ရှင်ဟာ… ကျွန်မရင်ထဲက ရင်းနှီးမှုဆိုတဲ့ စည်းတွေကို တစ်ခု ကျော်ဖြတ်လာနေတဲ့သူ ဖြစ်နေတယ်။

ကြည့်စမ်း… အခုတောင် ရှင့်အကြောင်းတွေစဉ်းစားရင်း အတော်များများကို ဖြုန်းတီးနေမိပြီ။

တော်ပြီ… ရှင်နဲ့ခပ်ကင်းကင်းနေမှ… …

တွေးလက်စအတွေးတွေကို တိကနဲဖြတ်ပစ်လိုက်ရသည်။

သို့သော် အိပ်လို့မရ။ မျက်လုံးတွေကြောင်နေ၏။

ငြီးစီစီကြီးဖြစ်လာတာမို့ အပြင်ထွက်ပြီး လေညင်းခံရင်ကော ဆိုတဲ့ အတွေးဖြင့် ဝရန်တာသို့ ထွက်လာခဲ့လိုက်သည်။



ညဉ့်လေပြေရဲ့ တွေးဝိုက်မှုတွေကို ကျေနပ်စွာခံယူရင်း တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်အနှံ့ အမြင်အာရုံတွေကို ဖြန့်ကြက်မိသည်တွင် လူရိပ်တစ်ခုကို မြင်တွေ့လိုက်ရ၏။

ဟင်… ခြံရှေ့မှာ လူတစ်ယောက်ပါလား…

'သူခိုးများလား…' ဆိုတဲ့ အတွေးမဆုံးခင်မှာပဲ နာမည်တစ်ခုကို အလိုလိုရေရွတ်လိုက်မိ၏။

"ဦးရာဇာကျော်… "

ကြည့်စမ်း… ။ အခုပဲ သူ့အကြောင်းတွေတွေးနေမိတယ်… သူက ခြံရှေ့မှာရောက်လို့… ။ ခြံဝကအုတ်ခုံလေးပေါ်မှာ မလှုပ်မယှက်ထိုင်လို့… ။ အိမ်ဘက်ကို မျက်နှာမူပြီး ထိုင်နေတာမို့ ခြံဝက မီးရောင်မှာ သူ့ကို ထင်ထင်ရှားရှားမြင်တွေ့နေရလေသည်။

သူ… သူ… ဒီဘက်ကိုကြည့်နေတာပါလား… ။

ဘာလုပ်နေတာလဲ? …

ဘာလာလုပ်တာလဲ? …

ဒီလိုအချိန်ကြီးမှာ ဒီနားကိုဘာလာလုပ်စရာရှိသလဲ? …

ဒါ… ဒါမရိုးသားဘူး…

ဒေါသတို့ ဟုန်းကနဲ ဆူပွက်အုံကြွလာ၏။

ကြောက်ရွံ့မှုမရှိတဲ့ သူမခြေလှမ်းတွေက ဦးရာဇာကျော်ရှိရာသို့…

… … …

အုတ်ခုံလေးပေါ်မှာ ထိုင်နေတဲ့ဦးရာဇာကျော်…

'လက်ဇွဲ' ဝရန်တာမှာ ထွက်ရပ်တာကို တွေ့လိုက်ရတော့ ထိတ်ကနဲ ဖြစ်သွားလေသည်။ ထို့နောက်… သူ့ရှိရာသို့ လက်ဇွဲလှမ်းကြည့်လိုက်သည်ကို မြင်၏။ ရုတ်ချည်းဆိုသလို အိမ်ထဲပြန်ဝင်သွားလိုက်တာကိုလည်းမြင်၏။ အိမ်အောက်ထပ်မှတံခါးမကြီးပွင့်သွားတာကိုလည်း မြင်၏။ လက်ဇွဲခြေလှမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှိရာကို ဦးတည်ပြီး လာနေသည်ကိုလည်း မြင်၏။

"သမီးလေး… ဖေဖေ့သမီးလေး"

မဟုတ်သေးဘူး။ အဲဒီလိုမခေါ်မိစေနဲ့.. စိတ်ထိန်းထားစမ်း… …

ဖခင်တစ်ယောက်၏ မေတ္တာစိတ်များဖြင့် ပြည့်လျှံနေသော ဦးရာဇ…
တစ်ယောက်… လက်ဘဲ၏ မျက်လုံးတွေ စူးရှစွာ တဖျတ်ဖျတ် လက်နေတာ…
မမြင်… ။ ဒေါ်သတရားရဲ့ အရိပ်အငွေ့တွေကိုလည်း မမြင်… ။ အချိုး…
မှားယွင်းမှု နေရာ၏မှားယွင်းမှုတွေကိုလည်း သတိမထားမိတော့…

ဝမ်းသာအားရ ထရပ်ပြီး ခြံတံခါးသံတိုင်တွေကို ဆုပ်ကိုင်ရင်း…
သမီးဖြစ်သူလေးကို ကြင်နာစွာ မေးလိုက်၏။

"ကလေး… မအိပ်သေးဘူးလား…"

သူမခန္ဓာကိုယ်လေး တွန့်ကနဲဖြစ်သွား၏။

'ကလေး' တဲ့… ။

'ကလေး'… တဲ့… …

အသက်ကြီးကြီးယောကျ်ားတချို့… ခပ်ငယ်ငယ် အမျိုးသ…
လေးတွေကိုခေါ်တဲ့ မရိုးသားသည့်နာမ်စားတစ်မျိုး… ။ ပြီးတော့ နံရ…
တွေ… …

ဒေါ်သတို့က ရုတ်ချည်းဗင်အုံကြွဆူပွက်သွား၏။

"ရှင်.. ဒီနားမှာ ဘာလာလုပ်နေတာလဲ ဦးရာဇ…"

"အင်… ။ ကိုယ်.. ကိုယ်.. ဟို.. ဟို… …"

ဦးရာဇမှာပြန်ပြောစရာစကားမရှိ။

'မှားပြီ' ဟု သိလိုက်ချိန်မှာ ထွက်ပြေးလို့လည်းမလွတ်နိုင်တော့…

"ပြောလေ.. ဒီလိုအချိန်ကြီးမှာ ရှင်ကျွန်မခြံရှေ့ကို ရောက်နေ…
ဘာအကြောင်းမှမရှိဘူး။ နောက်ပြီး ရှင်အရက်တွေသောက်ထားတယ်…



"မဟုတ်ဘူး.. မဟုတ်သေးဘူး"

"ဘာမဟုတ်တာလဲ။ ရှင်ကျွန်မကို ဘယ်လိုအစားမျိုးထင်နေလဲ ဦးရာဇ။ ရှင်လုံးဝမရိုးသားဘူး.. ရှင့်မှာ ယုတ်မာတဲ့အကြံအစည်တစ်ခုခု…"

**"တော်စမ်း !.."**

ပြတ်သားပြင်းထန်လှသော ဦးရာဇအသံကြောင့် သူမစကားတို့ ရပ်တန့်သွားရ၏။ သို့သော်… ဦးရာဇကို သံသယမျက်လုံးတွေဖြင့် ကြည့်နေဆဲ…

ဘုရား.. ဘုရား…။ သမီးလေး.. သမီးလေး ဘယ်လိုပြောလိုက်တာလဲ? …

မှားကုန်ပြီ… မှားကုန်ပြီ… ။

သမီးရဲ့စကားသံတွေကို နားထောင်နိုင်စွမ်းမရှိ…

သို့သော် သံသယကို ဖြေရှင်းနိုင်စွမ်းလည်းမရှိ… …

သမီးဘက်ကကြည့်လျှင် သမီးအမြင်က မှန်နေသည်။

ပွင့်အံဆဲဆဲစကားလုံးတို့က နှုတ်ဖျားမှာ ဆွံ့အစွာ တည်ရှိ၏။

သမီးလေးကိုကြည့်ရင်း မျက်ရည်တွေစီးကျလာသည့်အခါ… ခေါင်း ငိုက်သာ တွင်တွင်ခါယမ်းနေမိတော့သည်။

သူမက အေးစက်စိမ်းကားစွာကြည့်ရင်း ဒုတိယအကြိမ် စွပ်စွဲလိုက်ပြန်၏။

"ရှင်.. ရှင် ကျွန်မအပေါ်မှာ မရိုးသားဘူး"

မျိုသိပ်ထားရသမျှတွေ ပေါက်ကွဲမထွက်မိ ထိန်းရာမှ ပြေးထွက်လာခဲ့တော့သည်။ မျက်ရည်အချို့ လွင့်စင်ကျန်ရစ်ခဲ့ကြ၏။

သမီးလေးငါ့ကို အထင်လွဲသွားပြီ… ။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး…

မဟုတ်ဘူးသမီး… ။ သမီးမှားနေပြီ… …

ရာဇာကျော်ဆိုတာ သမီးရဲ့ဖေဖေပါသမီးရယ်… ။ သမီးသိပ်မုန်းနေတဲ့ သမီးရဲ့ဖေဖေပါ သမီးရယ်…

"မရှိးသားဘူး"တဲ့… ။

ဖအေအရင်းတစ်ယောက်ကို သမီးအရင်းခေါက်ခေါက်တစ်ယောက်က အထင်လွဲမှားစွာ စွပ်စွဲလိုက်တဲ့စကား… ။ အဆိုးရွားဆုံးစကား…

ဘုရား… ဘုရား… ။ ငါ့မှာ… ငါ့မှာ အဲဒီစကားအတွက် ဖြေရှင်းခွင့်မရှိပါလား…

ဆိုးရွားလိုက်တဲ့ ကံကြမ္မာရယ်…

သံသယမီးတောက်တွေအပြည့်နဲ့ သမီးလေးရဲ့ မျက်နှာကို မြင်နေရ၏ သမီးလေးရဲ့ စွပ်စွဲသံတွေကို အကြိမ်ကြိမ်ကြားနေရ၏။

အာခေါင်ခြစ်ပြီး အော်ဟစ်ပစ်လိုက်မိတော့သည်။

"အား… အား… အား… ။ အဟီး… ဟီး… ဟီး… သမီးရယ်…"

ငိုစမ်း… ရင်ကွဲအောင် အော်ငိုပစ်လိုက်စမ်း… ။ အဲဒါ… မင်းရေးခဲ့ 'ကျိန်စာ'တွေလေ။ ငိုလိုက်စမ်းရာဇာရေ… ကံကြမ္မာက မင်း… ကောင်းကောင်းကြီး ဒဏ်ခတ်နေပြီလေ… …

"မဏိရေ… ။ ကယ်ပါဦး မဏိရေ… ။ မောင်… မောင်မှား… မဏိရဲ့… အီး… ဟီး… ဟီး… ဟီး…"

အားကိုးတကြီးဟစ်ခေါ်နေမိပေမယ့်… မဏိကဘယ်မှာလဲ? …

ဝေဒနာတွေအားလုံးအတွက်… …ဖြေဆေးက ဘယ်မှာလဲ? …

'အဖေအရင်းတစ်ယောက်ပါ'… လို့ ဖွင့်ပြောလိုက်ရင် ငါသိပ်ချစ်… ငါ့သမီးလေးက ငရဲကျဦးတော့မယ်…



မျိုးသိပ်ထားပြန်တော့ 'မရိုးသားဘူး…'တဲ့… ။

"အမလေး… ဒီကျိန်စာတွေ ဘယ်အထိ ခရီးဆက်နေဦးမှာလဲ… ဘူး… ။ အမလေး… ဘုရားကယ်ပါ… ။ အား ဟား… အား… … … … … …"

လောကကြီးတစ်ခုလုံးသည် ချားရဟတ်ကဲ့သို့ မရပ်မနားတမ်း… ည်ပတ်နေတော့သည်။

မြက်ခင်းပြင်ပေါ်မှာ အရူးတစ်ယောက်လို လူးလိမ့်ငိုယိုနေသည့် …ာဇာအဖြစ်ကို မည်သူမျှမသိ… ။

ဖေးမမည့်သူ တစ်ဦးတစ်ယောက်မှမရှိ… ။

"သမီးရေ… မဏိရေ… သမီးရေ… မဏိရေ… သမီးရေ…"

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ဝန်ခံပါသည်။

အားလုံးဟာ ကျွန်တော့်အပြစ်တွေချည်းပါ။

စာနာညှာတာမှုကင်းမဲ့ခဲ့သော...

ကိုယ်ချင်းစာတရားဆိုတာ မရှိခဲ့သော... သိလည်းမသိခဲ့သော...

'သူ့နေရာမှာ ကိုယ်သာဆို ဘယ်လိုနေမလဲ'... ဆိုတဲ့အတွေးမျိုး ဘယ်တုန်းကမှ မတွေးတတ်ခဲ့သော...

မိမိလိုချင်သည်ကို မစဉ်းစားမဆင်ခြင်ပဲ မရ၊ ရအောင်ယူတတ် ထိုအရာကို တန်ဖိုးထားရမှန်းမသိခဲ့သော...

စိတ်အပြောင်းအလဲမြန်သော...

အသစ်အသစ်သောအာရုံတို့နောက်ကိုသာ စိုက်စိုက်ပါအောင် လိုက် တတ်ခဲ့သော...

ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်တရားတို့၏ အတိမ်အနက်ကို မသိ မလည်ခဲ့သော၊ နားလည်အောင်လည်း မကြိုးစားခဲ့မိသော...

ကိုယ်မှားသလား မှန်သလားဆိုတာကို မတွေးတတ်ခဲ့သော၊ ကိုလည်း သတိမရခဲ့သော...

သူတစ်ပါးရဲ့ ဆွဲဆောင်မှု (သို့)တွန်းအားပေးမှုတွေမှာ အလွယ်တ စီးမျောတတ်ခဲ့သော...



ဖြူစင်တဲ့မေတ္တာနှင့် ချစ်ခြင်းသံယောဇဉ်တွေ၊ အနစ်နာခံပေးဆပ်မှုတွေကို တန်ဖိုးထားမြတ်နိုးရမှန်းမသိ၊ တွေဝေခြင်းကင်းစွာ အလွယ်တကူ ကျောခိုင်းစွန့်ခွာနိုင်ခဲ့သော ကျွန်တော်... ...

'မှားပြီ...' ဆိုတဲ့အသိကို နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးမှ ပီပီပြင်ပြင် သိခဲ့ရပါသည်။

ကိုယ်နဲ့ထိုက်တန်တဲ့ ကံကြမ္မာရဲ့တုံ့ပြန်မှုတွေကို ရရှိလိုက်တဲ့အချိန်မှာ... ကျွန်တော့်အတွက် 'ဖြေဆေး' ဆိုတာ မရှိတော့ဘူး။ 'ထွက်ပေါက်' ဆိုတာလည်း မရှိတော့ပါဘူး။

အကျိုးတရားများအားလုံးရဲ့ အရင်းခံက ကျွန်တော်ကိုယ်တိုင်ပါပဲ...

'ကံကြမ္မာရဲ့ တစ်ကျော့ပြန် ဒဏ်ခတ်မှု' လို့ နားလည်ပေမယ့်... ကျွန်တော့်မှာ အဲဒီဒဏ်တွေကို ခံနိုင်တဲ့အင်အား မရှိဘူး။

ဒါပေမယ့်... အဲဒီဒဏ်ခတ်မှုတွေကို မခံလို့လည်း မရတော့ပါဘူး။

ဘဝတစ်လျှောက်လုံးမှာ ကိုယ့်ကိုယ်ကိုယ် အတ္တကြီးသူတစ်ယောက် အဖြစ် နည်းနည်းမျှ မတွေးဖူးခဲ့...

'အတ္တ' ဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ်ကိုသော်မျှ လေးလေးနက်နက်မှတ်သားထားခဲ့ဖူးခြင်း မရှိခဲ့...

အဲဒီ 'အတ္တ' ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို ရေရေလည်လည် နားလည်မိချိန်မှာ... ကျွန်တော်ဟာ အတ္တသိပ်ကြီးတဲ့သူတစ်ယောက် ဖြစ်သွားခဲ့ပြီ။

အချိန်တွေလည်းအများကြီး နှောင်းသွားခဲ့ပါပြီ...

သူမရဲ့ ကြိုတင်ပြင်ဆင်ထားမှုတွေနဲ့ ကံကြမ္မာရဲ့ဒဏ်ခတ်ခြင်းကို အာခတ်ဖို့ ကျွန်တော် ဘယ်တော့မှမကြိုးစားပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဆိုးရွားဆုံးကတော့ ကျွန်တော်ဟာ… ကျွန်တော်မှားခဲ့တဲ့အမှားတွေအတွက် 'တောင်းပန်ခွင့်'လေးကိုပင် မရရှိနိုင်တော့ခြင်းဖြစ်၏။

သူမ… ခွင့်လွှတ်သည် ဖြစ်စေ၊ ခွင့်မလွှတ်သည်ဖြစ်စေ…

သူမ… ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ… သူမရှေ့မှာ ခေါင်းငုံ့ကာ၊ ဒူးထောက်ကာ (သို့မဟုတ်) ခယဝပ်စင်းကာ… တောင်းပန်ခွင့်လေးတော့ရချင်သည်။

သို့ဆိုလျှင် ကျွန်တော် သေပျော်ပြီ…။

ကျွန်တော့်ရဲ့… မျက်ရည်တွေအတွက်…

ကျွန်တော့်ရဲ့… မချိမဆံ့ဝေဒနာတွေအတွက်…

ပြီးတော့… သွေးသံရဲရဲနဲ့ ပင်ပန်းဆင်းရဲခြင်းကြီးစွာ ရှင်သန်နေရတဲ့ ကျွန်တော့်နှလုံးသားအတွက်… သူမ ဂုဏ်ယူဝမ်းမြောက်စေချင်သည်။ ဟားတိုက်ရယ်မောစေချင်သည်။ အနိုင်ယူကြုံးဝါးစေချင်သည်။

အခါလွန်နောင်တ တရားတို့အတွက် 'မြင့်မြတ်သော ဦးညွှတ်ခြင်း' တို့ကို သူမအတွက် ပေးဆပ်ချင်ပါသည်။

သို့သော်… သူမကို ထပ်မံတွေ့မြင်ခွင့်ဆိုတာ… ဒီတစ်သက်တာမှာတော့မှ မရနိုင်တော့တာ သေချာ၏။

သူမသည်… ကျွန်တော် မရောက်နိုင်သော၊ ကျွန်တော်မသိသော နေရာတစ်ခုမှာ အမြဲနေ၏။

သူမသည်… ကျွန်တော်၏ဘဝ (ယခုအချိန်မှစ၍ သေဆုံးသည်အထိ) ကို စကြံအဖြစ် ဟန်ပါပါ လျှောက်နင်းပါသည်။

သူမသည်… ကျွန်တော်၏ နံရိုးတို့ဖြင့် ထောက်ကန်အပ်သော ရာဇပလ္လင်ထက်မှာ ဣန္ဒြေကြီးစွာ ထာဝရစံမြန်းပါသည်။

သူမသည်… ကျွန်တော်၏ နှလုံးသားတို့ကို အာဟာရအဖြစ် မှီဝဲပြီး ကျွန်တော်၏ နှလုံးသွေးတို့ကို… ကျွန်တော်၏ ဦးခေါင်းခွံဖြင့်ခံယူကာ 'ဝိုင်' အဖြစ် သောက်သုံးပါသည်။

သူမသည်… မျက်လုံးတို့ကို ကျောက်စိမ်းရတနာတို့ဖြင့် တန်ဆာဆင်ထား… သူ့ညဒီဂရီစင်တီဂရိတ်အောက်မှာရှိတဲ့ အပြုံးသေတစ်ခုကို မလှုပ်မယှက် ဆင်မြန်းကာ… ကျွန်တော့်ရဲ့ သည်းခြေပျက် ကကြိုးတွေကို မျက်တောင်မခတ်တမ်း စောင့်ကြည့်နေပါသလား…?

သို့ဆိုလျှင်… နောင်တလူသားတစ်ဦးရဲ့ တိုးလျှိုးတောင်းပန်သံတွေကို သူမဘာလို့ မကြားရတာလဲ… …

ကြားလိုက်ပါ… ကျေးဇူးပြုပြီး နားနဲ့ ဆတ်ဆတ်ကြားလိုက်စမ်းပါ။

ငါ့ရဲ့ အက်ကွဲပြိုလဲတဲ့အသံတွေကို မင်းကြားစေချင်တယ်…

ငါ့ရဲ့ ဦးညွှတ်ခြင်းတွေကို မင်း သိစေချင်ပါတယ်…

ငါ့ရဲ့ မျက်ရည်တွေကို မင်းမြင်စေချင်တယ်…

တကယ်တော့… တကယ်တော့ မင်းမမှားဘူး။

မင်း မှန်ပါတယ် 'မဏိ' ရယ်… … …

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



(*)

ကားကို ဘရိတ်အုပ်ပြီး ရပ်တန့်စေလိုက်ရ၏။

လမ်းမပေါ်မှာ လဲကျနေတဲ့မိန်းကလေးတစ်ယောက်… …

"ဘာဖြစ်တာပါလိမ့်…"

စိုးရိမ်စိတ်ကြောင့် ကားစက်ကိုပင် ရပ်မနေတော့ပဲ။ လဲကျနေ… မိန်းကလေးဆီသို့ ပြေးသွားလိုက်မိ၏။ လက်ကိုင်အိတ်လေးကိုဆွဲယူ… မမေ့…။

"ဟော့.. ဟော့.. မင်းဘာဖြစ်တာလဲ။ ဒီမှာ.. ဒီမှာ.."

လက်မောင်းလေးကိုကိုင်လှုပ်ရင်း မေးလိုက်တော့ လမ်းမပေါ်… လဲကျနေတဲ့ မိန်းကလေးက ရုတ်ချည်းပင် ထရပ်လိုက်လေသည်။ ထို့နော… လျှင်မြန်စွာပင် ပြေးထွက်သွားတော့သည်။

ဇော်… ။ ဘာမှမဖြစ်ပဲနဲ့ ဘာဖြစ်လို့ လမ်းမပေါ်မှာ အိပ်နေရတာ… လိမ့်… …

ဇဝေဇဝါတွေးရင်း ကားဆီသို့ ပြန်လှည့်လိုက်သည်တွင် လမ်းကြား… မှ ထွက်လာသော လူလေးယောက်ကို မျက်နှာချင်း ဆိုင်တွေ့လိုက်ရလေ…

ဟင်!… ။ ဒါ.. ဒါဟာ ထောင်ချောက်တစ်ခု…

ပြီးတော့.. အန္တရာယ်ဟု ချက်ချင်းနားလည်လိုက်သည်။

"ဟဲ.. ဟဲ.. ဟဲ…"



ကားရှေ့မှာ တန်းစီပြီးရပ်နေတဲ့ ထိုလေးယောက်မှ တစ်ယောက်သော သူက ပြုံတီတီနှင့်ရယ်၏။

"ဟင်!… နင်.. နင်.."

ထိုတစ်ယောက်ကို ကောင်းကောင်းမှတ်မိသည်။

ရင့်သီးတဲ့စကားတွေနှင့် လက်ွဲအချစ်ကိုရဖို့ ကြိုးစားခဲ့ဖူးတဲ့သူ။ … …ခဲ့တဲ့ခြောက်လလောက်တုန်းက လက်ွဲကားကို လမ်းမဖယ်ပေးဘဲ ရစ်နေလို့ သူ့ကားကို တည့်တည့်ကြီး ဝင်ဆောင့်ပစ်ခဲ့ဘူးသည်။ ရစရာမရှိအောင် …လိမ့်သွားတဲ့ ဆလွန်းကား ဖြူဖြူလေးကို ဖျတ်ကနဲ မြင်ယောင်လိုက်မိ၏။

'မင်း.. တစ်နေ့ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်.. 'တဲ့..။

ထိုစဉ်က သူကြိမ်းဝါးခဲ့ဖူးသည့်စကား… …ဂ

အခု.. ပြန်တွေ့ကြပြီ… ။

"နင်.. ဒါဘာလုပ်တာလဲ.."

"အကြွေးလေလက်ွဲ.. အကြွေး… ။ ဟဲ.. ဟဲ…"

"ဘာအကြွေးလဲ။ နင်နဲ့ငါ့ကြားမှာ ဘာအကြွေးမှမရှိဘူး"

"အိုး… ရှိတာပေါ့.. သိပ်ရှိတာပေါ့။ တောင်းတောင်းပန်ပန်နဲ့ ယူလို့ …ရတဲ့ နင့်ရဲ့အချစ်တွေကို ရတဲ့နည်းနဲ့ ယူရတော့မှာပေါ့…။ 'သက်ဦး'ဆိုတဲ့ …ကောင်ကို ဘယ်သူမှ လာကြောလို့မရဘူးလက်ွဲ… မင်းအစွယ်လေးတွေ …သိပ်ထက်နေလို့ ချိုးပစ်ဖို့ ငါလာခဲ့တာ။ ဟင်း.. ဟင်း.. ဟင်း.. ဟင်း"

ရိုညဲသံပြောရင်း တဖြည်းဖြည်းတိုးကပ်လာကြတော့ လက်ကိုင်အိတ်ထဲ …ဓားကို အမြန်ထုတ်လိုက်ရ၏။

"နင်တို့ရှေ့မတိုးနဲ့။ ငါ့ကို ဘာမှတ်လဲ.. အသက်ချင်းလဲပစ်မယ်.. …ကောင်တွေလား…"

"ဟား.. ဟား.. ဟား.. ဓားကြီးနဲ့ပါလားကွ.. ဟော့ကောင်တွေ.."

www.burmeseclassic.com

www.burmeseclassic.com



သက်ဦးဘေးမှာရှိနေတဲ့သုံးယောက်က တစ်ပြိုင်တည်း ပြေးဝင်
သဖြင့် အနီးဆုံးတစ်ယောက်ကို ဓားဖြင့် မိမိရရ ထွက်ထည့်ပစ်လိုက်သည်

ကိုယ်ခံပညာကို မိမိရရ လိုက်စားခဲ့သူမို့ ဓားချက်က တိကျ

ထိုသူ၏လက်မောင်းမှ သွေးတွေ ဖျာကနဲ… … …

သို့သော် ကျန်တဲ့နှစ်ယောက်က လက်ဝှဲကို လျှင်မြန်စွာ ချုပ်ကိုင်
လိုက်ကြလေသည်။

လက်ဝှဲမလှုပ်နိုင်တော့… ။ သက်ဦးက… သူ့မလက်ထဲမှဓားကို
လမ်းဘေးသို့ လွှင့်ပစ်လိုက်လေသည်။

"လွှတ်စမ်း… လွှတ်စမ်း… ခွေးကောင်တွေ၊ မကောင်းဆိုးဝါး
ငါ့ကိုလွှတ်…"

အစွမ်းကုန်ရုန်းကန်နေပေမယ့် လုံးဝမလွှတ်တော့… ။

ချုပ်ကိုင်ထားတဲ့လက်တွေက သန်မာမြဲမြံလွန်းလှ၏။

ဘုရား ဘုရား… ဘယ်လိုလုပ်ရမလဲ… ။

"ဟဲ… ဟဲ… မင်းဘာတတ်နိုင်သေးလဲ လက်ဝှဲ… ။ အခု
မင်း ငါ့အချစ်တွေကို လက်ခံရတော့မယ်… ။ ဟဲ… ဟဲ…"

သက်ဦးမျက်နှာကြီးက အနားသို့ တဖြည်းဖြည်း တိုးကပ်လာ

အခြေအနေက စိုးရိမ်ရေမှတ်ကို ရောက်နေပြီ…

သို့သော်…'ကယ်ကြပါဦးရှင့်'ဟု လက်ဝှဲ မအော်တတ်… ။
လည်းမရ… …

အော်ရင်ကော… ကိုယ့်အသံကို ဘယ်သူကြားနိုင်မှာတဲ့လဲ…

အချိန်က လူခြေပြတ်တဲ့အချိန်… ည ဆယ်နာရီတောင်ကျော်



ပြီ… ။ ဒီနားမှာရှိနေတဲ့ ခြံတွေကလည်း… တစ်ခြံနဲ့တစ်ခြံက အဝေး ကြီး…။
မကြောက်တတ်ဘူးဆိုပေမယ့် ကိုယ်က သူတို့လက်ထဲကိုရောက်နေပြီ… ။

ဘာလုပ်ရမလဲ… ။ ဒီလိုနဲ့ပဲ ဒီခွေးတွေလက်ထဲမှာ ဘဝဆုံးရတော့
မှာလား… …

"အား… အား… မယုတ်မာနဲ့…"

အော်တတ်သလို အော်လိုက်စဉ်မှာပဲ ကားတစ်စင်းက ရုတ်ချည်းပင်
ရောက်ရှိလာ၏။ ဘရိတ်အုပ်သံကျယ်ကျယ်နှင့်အတူ လျှပ်ပြက်လိုက်သလို
လွှားကနဲရောက်လာတဲ့အရိပ်တစ်ခု… ။ ပြီးတော့… ဝမ်းခေါင်းသံကြီးနဲ့
အော်လိုက်တဲ့ အသံကြီးတစ်ခု…

"ဟေ့ကောင်တွေ"

"ဟင်! ဦးရာဇာ…"

"ခွေးကောင်တွေ… ကြည့်စမ်း ငါ့သမီးကို… ကဲကွာ… ကဲကွာ…"

ရုတ်တရက်မို့ ထိတ်လန့်ကြောင်အသွားတဲ့ သက်ဦးတို့ထံသို့ ဦးရာဇာ
ရဲ့လက်သီးတွေ၊ ခြေထောက်တွေ၊ တံတောင်ဆစ်တွေ တရစပ် ကျရောက်
သွားတော့သည်။

အံ့ဩစရာကောင်းလိုက်တာ… …

ဘီလူးစီးနေသလို ခက်ထန်မာကျောတဲ့မျက်နှာကြီးနဲ့ ဦးရာဇာရဲ့
တိုက်ကွက်တွေအောက်မှာ သက်ဦးတို့လေးယောက် ခေါင်းပင်မဖော်နိုင်ကြ
တော့… ။ ကျားကြီးတစ်ကောင် ဒေါသတကြီး ဟိန်းဟောက်နေသလို
အသံကြီးတွေနဲ့ ဟာစ်အော်ရင်း ကန်ကျောက်ထိုးနက်နေပုံက အရှယ်နှင့်
ပင်မလိုက်…

ပထမဆုံးလက်သီးချက်ကို ခံစားလိုက်ရတဲ့ သက်ဦးက ဘေးဘေး

www.burmeseclassic.com

www.burmeseclassic.com



မှာ မှောက်လျက်သား လဲကျသွား၏။ ပြန်ထမလာတော့…။ နောက်တစ်ယောက်ကလည်း ဦးရာဇာရဲ့ကန်ချက်ကြောင့် အဝေးသို့ လွင့်စင်သွားပြန်၏။ ကျန်တဲ့နှစ်ယောက်ကိုလည်း အလွန်လျှင်မြန်တဲ့တိုက်ကွက်တွေနဲ့ အသာစီးက ထိန်းထားဆဲ… …

အသက်နှစ်ဆယ်အစိတ်လောက်ပဲရှိမယ့် လူငယ်သုံးယောက်ဟာ ဦးရာဇာရဲ့ လက်သီးချက်တွေအောက်မှာ ပြားပြားဝပ်လို့…။

ဒါပေမယ့် သုံးယောက်တစ်ယောက်ဆိုတော့ ဝင်ကူမှဖြစ်မှာပေါ့…

သို့သော်… ရှေ့တိုးလိုက်တဲ့ လက်ွဲခြေလှမ်းတွေကိုဆောင့်တွန်းပစ်ခြင်း ခံလိုက်ရ၏။

"သမီး… နောက်ဆုတ်နေစမ်း… ဝင်မလာနဲ့"

ဦးရာဇာရဲ့မျက်နှာကြီးက ကြောက်မက်ဖွယ်ကောင်းသည့်အသွင်ကို ဆောင်နေ၏။ သူတို့သုံးယောက်ကို လူစုကွဲသွားအောင်လုပ်လိုက်ပြီး တစ်ယောက်ကို ပြေးကန်လိုက်၊ ပြန်ထလာတဲ့လူကို ပြေးထိုးလိုက်နှင့် ဦးရာဇာရဲ့ လျှင်မြန် ဖျတ်လတ်မှုက တော်တော်ကြည့်လို့ကောင်းနေသည်။

သက်ဦးနဲ့ပါလာတဲ့သုံးယောက်စလုံး ဦးရာဇာအနားကို မကပ်ရဲ[illegible] တော့…။ လက်ွဲတစ်ယောက် ထိုမြင်ကွင်းကို အံ့သြမင်သက်စွာ ငေးကြည့်နေ၏။ ထိုစဉ်မှာပင်… မှောက်လျက်လဲကျနေတဲ့ သက်ဦးကပြန်ထလာ[illegible] ဦးရာဇာနှင့် သူ့အပေါင်းအဖော်တွေရဲ့အခြေအနေကို အကဲခတ်လိုက်သည်။ ထို့နောက်… လမ်းဘေးမှာကျနေတဲ့ဓားကို ကောက်ယူပြီး ဦးရာဇာထံ [illegible] တဟုန်ထိုး ပြေးဝင်သွားတော့သည်။

"အမလေး……သေပါပြီ…"

"အား!…"

မျက်လုံးတွေစုံမှိတ်ပြီး အသံကုန်ဟစ်အော်လိုက်မိတော့သည်။



တစ်ပြိုင်တည်းမှာပင် ဦးရာဇာ၏အော်သံ ခပ်အုပ်အုပ်ကို ကြားလိုက်ရပြန်၏။ ဘာတွေဖြစ်ကုန်ပြီ မသိတော့… …

မျက်လုံးတွေပြန်ဖွင့်လိုက်တော့… ဒရောသောပါး ထွက်ပြေးသွားကြသော သက်ဦးတို့အုပ်စုနှင့် လမ်းမပေါ်မှာ ကုန်းကုန်းကြီး ကျန်ရစ်ခဲ့သော ဦးရာဇာကို မြင်တွေ့လိုက်ရလေသည်။

"ဦးရာဇာ…"

စိုးရိမ်စိတ်တွေက ဦးရာအပေါ်သို့ ရုတ်ချည်းရောက်ရှိသွားစေ၏။

"မင်း… မင်း… ဘာမှမဖြစ်ပါဘူးနော်…"

"ဟုတ်ကဲ့… ဘာမှမဖြစ်ဘူး။ ရှင်… ရှင်ရော…။ အမလေး… သွေးတွေ…"

ဗိုက်ကို ဖိထားသည့် ဦးရာဇာလက်ကြားမှ သွေးတွေမြင်လို့မကောင်းအောင် စီးကျနေ၏။

ဦးရာဇာကိုတွဲပြီး ကားပေါ်တင်လိုက်ရသည်။

"ဘုရား… ဘုရား… ဘာမှမဖြစ်ပါစေနဲ့…"

ခုအချိန်မှာ အိမ်ကို အမြန်ဆုံးပြန်ရောက်ဖို့ထက် ဘာမှအရေးမကြီး…

ကားကို လမ်းကျဉ်းလေးထဲသို့ အမြန်ဆုံးမောင်းဝင်လိုက်ပြီး အနီးဆုံး [illegible]သော ဦးရာဇာခြံထဲသို့ ချိုးဝင်ခဲ့လိုက်မိတော့သည်။ အိမ်ရှေ့ရောက်တော့ [illegible]မြအကူအညီဖြင့် ဦးရာဇာကို အိမ်ထဲသို့ တွဲခေါ် လိုက်ရသည်။ ဦးရာဇာကို [illegible]ခုံပေါ်မှာ အသာချပေးပြီးသည်နှင့် ဦးမြက…

"ကလေးမ… မောင်ရာဇာဘာဖြစ်တာလဲ… အထိတ်တလန့်ရှိလိုက် [illegible]…"

"ပြီးတော့ပြောပြမယ် ဦးမြ… ဟိုဘက်လမ်းထိပ်ကျော်ကျော်လေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဦးရာဇာကား ရပ်ထားခဲ့တယ်.. အဲဒါ အရင်ဆုံးသွားယူလိုက်ပါ''

''အေးအေး...''

ဦးမြ အပြေးပြန်ထွက်သွား၏။

ဦးရာဇာက ဝေဒနာကို အံကြိတ်ပြီး တင်းခံထားပုံရ၏။ မျက်နှာတစ်လုံးမှာ ချွေးစက်တွေ အသီးလိုက်ထနေလေသည်။

''ဦးရာဇာ.. ဘယ်လိုနေလဲဟင်.. ဆေးရုံသွားကြမလား..''

''အား... ကျွတ်.. ကျွတ်.. ဆေးရုံသွားလို့မဖြစ်ဘူး။ ဇာတ်လမ်းတွေ ရှုပ်ကုန်လိမ့်မယ်။ ဟိုစစ်ဒီစစ်နဲ့ မင်းသိက္ခာကျနိုင်တယ်''

''အို.. အဲဒါအရေးမကြီးဘူး။ အစိက,က...''

''ကျစ်!... စကားမများနဲ့။ ကိုယ့်အခြေအနေကိုယ်သိတယ် ဆေးအိတ်သာယူပေး''

''ဟုတ်ကဲ့.. ဟုတ်ကဲ့..''

စိုးရိမ်စိတ်တွေကြောင့် ဗျာပူထူထူဖြစ်နေတဲ့ သူမက ယောင်တောင်တောင်နှင့် အိမ်ပေါ်ထပ်သို့တက်ရန်ပြင်၏။

''ဘယ်လဲ.. အိတ်ကဟိုမှာ''

''ဟုတ်ကဲ့.. ဟုတ်ကဲ့..''

ဦးရာဇာညွှန်ပြတဲ့ အခန်းထောင့်ရှိ စားပွဲပေါ်မှ ဆေးအိတ်လေးကိုယူပြီး ဦးရာဇာရှေ့မှ စားပွဲပေါ်တွင် အဆင်သင့်ဖွင့်ပေးထားလိုက်ရ၏။

စိတ်လှုပ်ရှားမှုကြောင့် တစ်ကိုယ်လုံးနတ်ပူးထားသလို တုန်ရင်နေ၏ ဦးရာဇာက ဓါးဒဏ်ရာကို အရင်ဆုံး သေသေချာချာစစ်ဆေးလိုက်သည်။ ဒဏ်ရာက တော်တော်ကြီးပေမယ့် အတွင်းပိုင်းအထိ ဖောက်ဝင်နေတဲ့ ဒဏ်ရာမျိုးမဟုတ်ဘဲ၊ အလျားလိုက် ခွဲချထားတဲ့ဒဏ်ရာမျိုးဖြစ်နေခြင်းကြောင့် ကံကောင်းသည်ဟု ဆိုရမည်။

''ဟင်းဟင်း.. အဆီရစ်ပြီး ဗိုက်ခေါက်ထူနေတာကို ကျေးဇူးတင်



...ဖြစ်နေပြီ။ ဓားက အတည့်ဝင်လာတာကွ.. ရှောင်ပြီး လက်နဲ့ဆုပ်ထားလိုက်တာ မြန်သွားလို့... ။ ကဲ.. ချုပ်တော့မယ်..''

ဦးရာဇာက ပြောပြောဆိုဆိုနှင့် Local (ထုံဆေး)ထိုးလိုက်လေသည်။ ...ကြ ဘာမှမလုပ်တတ်။

''ဖြစ်ပါ့မလား ဒဏ်ရာကကြီးတယ်... တော်ကြာ တစ်ခုခု...''

မျက်နှာငယ်လေးဖြင့် မေးလာသောလက်ဗွဲကို ဦးရာဇာက ပြုံး၍ကြည့်...ပြီး...

''မင်း ကိုယ့်ကို စကားလာမပြောနဲ့တော့နော်။ ကိုယ် ဒဏ်ရာကို ...တော့မယ်... သေချာကြည့်.. ဒါ မင်းအတွက်အတွေ့အကြုံပဲ...''

သူမ ဘာမျှဆက်မပြောတော့ဘဲ၊ ဦးရာဇာလုပ်ကိုင်နေသမျှကို မမှိတ်...သော မျက်လုံးများဖြင့် ကြည့်ရှုမှတ်သားနေတော့သည်။ ဓားဒဏ်ရာကို ...ပ်စွာချုပ်နေသော ဦးရာဇာလက်များက ကျွမ်းကျင်မြန်ဆန်လွန်းလှ၏။ ...ကြာသောအချိန်အတွင်းမှာပင် ပြီးစီးသွားလေသည်။ နောက်ဆုံး ATT ...သည့်အခါ ဦးရာဇာက တိုးလျသောလေသံဖြင့် မေးလာ၏။

''ကိုယ် အချိန်မီရောက်ပါတယ်နော်.. လက်ဗွဲ''

''ဟုတ်ကဲ့.. အချိန်မီပါတယ်..''

ဦးရာဇာကို မော့မကြည့်ပဲ ဖြေလိုက်စဉ်မှာ ငိုချင်သလိုလို ခံစားလာရ ...စိတ်တင်းထားလိုက်ရလေသည်။

''ဟူး... တော်ပါသေးရဲ့ကွာ...''

ဦးရာဇာအသံတွေ သိသိသာသာ တုန်ခါနေခြင်းကြောင့် အမှတ်မထင် ...ည့်လိုက်မိရာ... မျက်ရည်တွေ ဝေ့သီနေသော ဦးရာဇာမျက်ဝန်းတွေနှင့် ...ခြင်း ဆုံ၏။ သို့သော်.. ဦးရာဇာက ချက်ချင်းပင် အကြည့်လွှဲသွားပြီး ...တွေကို ပုတ်ခတ်ပြီး ထိန်းထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဦးရာဇာ…

အဲဒီမျက်ရည်တွေက နာကျင်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ မျက်ရည်တွေမဟုတ်လား… ဘာဖြစ်လို့ ဆတ်ကနဲ အကြည့်လွှဲပစ်လိုက်ရတာလဲ…

ရှင့်မျက်ဝန်းတွေထဲမှာ အရိပ်အယောင်တစ်ခုခုကို တွေ့လိုက်ရတယ် အဲဒါ ဘာအဓိပ္ပါယ်လဲ။ ကျွန်မနားမလည်ဘူး။ ရှိစေတော့…

ထိုစဉ်မှာ ဒေါ်တူး အိမ်ပေါ်ထပ်မှ ဆင်းလာ၏။

"ဩော်.. မောင်ရာဇာပြန်ရောက်နေပြီကိုး… ။ ဟင်.. အနီရောင်လည်း ရောက်နေပါလား.. အမေတူး ဘုရားခန်းထဲရောက်နေလို့ ဘာမှ လိုက်မိဘူး။ ဟောတော်… ဘာတွေဖြစ်နေကြတာတုန်း.. အမလေး

ဦးရာဇာဗိုက်မှ ပတ်တီးတွေကိုမြင်ပြီး ဒေါ်တူး အလန့်တ ထ,အော်၏။ သူမ ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ… ဦးရာဇာက

"ဘာမှမဖြစ်ဘူး အမေတူး… မစိုးရိမ်နဲ့။ တိတ်တိတ်နေ… ပြောလိုက်လေသည်။ အမိန့်ပေးသံပါတဲ့ ဦးရာဇာစကားကြောင့် ဒေါ်တူး ဆက်မပြောတော့…

ပတ်တီးစည်းလို့ပြီးသွားတော့… ဦးရာဇာကို အင်္ကျီလဲပေးရင် မည်ဟု တွေးမိ၏။

"အင်္ကျီလဲပစ်လိုက်ရအောင်နော်.. ကျွန်မလဲပေးမယ်",

ဦးရာဇာက ခေါင်းညိတ်၏။

ဒေါ်တူးက အလိုက်သိစွာဖြင့် အင်္ကျီတစ်ထည်ယူလာ ဦးရာဇာဝတ်ထားတဲ့ အင်္ကျီကို အရင်ခုံးကူချွတ်ပေးလိုက်ရလေသည် ခန္ဓာကိုယ်က ဖုန်မှုန့်တွေချွေးတွေဖြင့် စေးစေးထန်းထန်း ဖြစ် ရေပတ်တိုက်ပစ်မှကောင်းမည်။

သင့်တော်ပါ့မလား… …



အို.. ဘာဆိုင်လို့လဲ။ ဒါ.. လူနာလေ…

ပြီးတော့… ငါ့ကို ကယ်တင်ခဲ့တဲ့သူ…

"ရေပတ်တစ်ခါတည်းတိုက်လိုက်ရအောင်နော်။ ဒေါ်တူးရေ.. ကျွန်မကို ရေတစ်ခွက်ပေးပါ။ တဘက်သေးသေးတစ်ထည်လည်း ယူခဲ့ပေးပါ"

ဒေါ်တူးက ရေတစ်ဖလားနှင့် တဘက်လေးတစ်ထည် ယူလာပေး၏။ ဘက်ကို ရေဆွတ်ပြီး ဦးရာဇာခန္ဓာကိုယ်ကို သန့်စင်ပေးလိုက် မိတော့သည်။ တယ်၍… သူမသာ ဦးရာဇာမျက်နှာကို ကြည့်လိုက်မိမည်ဆိုပါ … … သူမလုပ်ကိုင်ပေးနေသမျှတွေကို ကျေကျေနပ်နပ်ကြီး ခံယူနေရှာတဲ့ င်တစ်ယောက်ရဲ့ ပီတိအပြုံးတွေကို မြင်မိမှာ အသေအချာပင်…

ရေပတ်တိုက်လို့ပြီးတော့ အင်္ကျီပြန်ဝတ်ပေးဖို့ ပြင်ရ၏။

ဦးရာဇာမှာ.. ဗိုက်ကဒဏ်ရာကြောင့် လက်ကောင်းကောင်း မမြှောက် သဖြင့် အင်္ကျီကို ခက်ခက်ခဲခဲ ဝတ်ပေးလိုက်ရလေသည်။ အင်္ကျီကူဝတ်ပေး ရင်း… ကုပ်ပိုးပေါ်သို့ အမှတ်မထင် ကြည့်လိုက်မိသည်တွင်…

ဟင်… ဦးရာဇာကုတ်ပိုးမှာ မှဲ့စိမ်းလေးတစ်လုံး ရှိနေပါလား…။ မှာလည်း အဲဒီလိုမှဲ့မျိုးရှိနေတယ်… ။

တိုက်ဆိုင်လိုက်တာ… ။ ဘာလို့ ဒီလိုတိုက်ဆိုင်နေရတာလဲ? …

အင်္ကျီကြယ်သီးလေးတွေကို ပြန်တပ်ပေးရင်း.. ခေါင်းထဲမှာ ပေါင်းများစွာတို့ ရှုပ်ထွေးစွာ ရုတ်ရှည်းဝင်ရောက်လာကြ၏။ သို့သော် အတွေးတွေကို ခဏဖယ်ပြီး ဦးရာဇာသောက်ဖို့ ဖျော်ရည်တစ်ခုခုကို ဆုံး စီစဉ်လိုက်ရလေသည်။ ဦးမြနှင့် ဒေါ်တူးက သူမကို တိတ်ဆိတ်စွာ ညီလုပ်ကိုင်ပေးကြ၏။ ဦးရာဇာကို အပေါ်ထပ်အိပ်ခန်းထဲသို့ ဦးမြနှင့် င်ပေးပြီးတော့… ညဆယ့်နှစ်နာရီခွဲသွားပြီဖြစ်သည်။ သည်လိုတွေဖြစ် န်း ကြီးသိခဲ့ရင် မြို့ဖြူသွယ့်အိမ်မှာ ညဆယ်နာရီကျော်တဲ့အထိ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာမဟုတ်‥ ဟု တွေးလိုက်မိ၏။ ဦးရာဇာကို ဆေးတိုက်ပြီးေ
ဘာစကားမှမပြောပဲ ငြိမ်သက်နေတဲ့ သူမကို‥ ဦးရာဇာက‥

"မင်းပြန်တော့လေ‥ ညဉ့်နက်နေပြီ"

"ကျွန်မ စိတ်မချဘူး။ ဖြစ်ပါ့မလား‥ ကျွန်မကို အားမနာနဲ့"

"ရပါတယ်‥ ဦးမြတို့လည်း ရှိနေတာပဲ။ မင်းလည်း ပင်ပန်းနေပြီ
အိမ်ပြန်ပြီး အေးအေးဆေးဆေး အနားယူလိုက်ပါ‥"

"ဟုတ်ကဲ့‥ ဒါဆိုလည်း ကျွန်မပြန်လိုက်ပါဦးမယ်။ အ
အကြောင်းရှိရင် ဦးမြနဲ့ခေါ်နိုင်းလိုက်ပါ။ ဦးမြကိုလည်း မှာခဲ့ပါဦးမယ်"

"လက်ဖွဲ့‥"

"ရှင်"

"ဒီကိစ္စအတွက် ဘာတွေအပေးအယူလုပ်ဦးမှာလဲဟင်…"

အို… ဦးရာဇာ ကျွန်မစိတ်ကို သိနေပါလား…။ ဟုတ်တယ်
'ဦးရာဇာကို ဘာပြန်ပေးရရင်ကောင်းမလဲ?' လို့‥ ကျွန်မ အသည်းအ
စဉ်းစားနေတာ…။ ကျွန်မရဲ့အရှက်၊ သိက္ခာနဲ့ ကျွန်မဘဝကို ကယ်တင်
အတွက် ထိုက်တန်တဲ့ တုံ့ပြန်မှုအဖြစ်လေ… …

ဦးရာဇာကို ဘာမှပြန်ပြောမနေတော့ပဲ လှည့်ထွက်လာခဲ့မိတော့သည

¤ ¤ ¤ ¤ ¤

( * )



နားမလည်ပါ…

ကျွန်မ ဘယ်လိုမှနားမလည်နိုင်တော့ပါ။

ကျွန်မရဲ့အရှက်သိက္ခာ၊ ကျွန်မရဲ့ဘဝကို ကာကွယ်ပေးခဲ့တဲ့အတွက်…
တန်တဲ့ တုံ့ပြန်မှုအဖြစ် ရွေးချယ်ခဲ့တဲ့ အဖြူရောင်လွလွ VOLVO
အသစ် စက်စက်ကြီးကို လုံးဝ ခါးခါးသီးသီးငြင်းပယ်တယ်
။ ဒီ့ထက်အံ့သြစရာကောင်းတာက… သူ့ရဲ့ပိုင်ဆိုင်မှုတွေအားလုံးကို
မည်နဲ့ လွှဲပြောင်းပေးတာကို လက်ခံဖို့ တောင်းဆိုလာခြင်းပင်…။
… မဖြစ်နိုင်ဆုံးအရာတစ်ခုကို ထပ်မံတောင်းဆိုလိုက်သေးသည်။

ကျွန်မကို… ကျွန်မကို 'သမီး' လို့ ခေါ်ခွင့်ပြုရမယ်တဲ့…။

ဘာတွေလဲ?…

အဲဒါဘာတွေလဲ?…

ဦးရာဇာ ရူးများရူးနေပြီလား?… အခုကိစ္စမှာ‥ ကျွန်မကသာ
ပေးဆပ်သူဖြစ်ရမှာလေ…။ ဘယ်လိုဖြစ်တာလဲ?… …

"မဟုတ်သေးဘူး… တစ်ခုခုတော့ မှားနေပြီ။ တကယ်ဆို ကျွန်မ
ဦးရာဇာကို တစ်ခုခုပေးဆပ်ရမှာလေ‥ ဟုတ်တယ်မို့လား။ ဦးရာဇာရဲ့
တွေ လွှဲပြောင်းပေးတာကို လက်ခံရမယ်ဆိုတဲ့ တောင်းဆိုမှုက သိပ်ပြီး
ကျတော့ဘူး။ အဓိပ္ပာယ်လည်းမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပာယ်ဆိုတာ ရှုမြင်သူရဲ့ရှုထောင့်အပေါ်မှာ မူတည်ပါတယ် လက်ဖွဲ့။ ဦး‥ မင်းကို သမီးလေးတစ်ယောက်လို ချစ်နေမိလို့ပါ။ ဦးလည် မင်းလိုပဲ တစ်ကောင်ကြွက်လေ‥ ။ တွယ်ရာမဲ့နေတဲ့ ဦးဘဝမှာ ထူးခ တဲ့ စရိုက်လေးတွေနဲ့ မင်းကို ဦးရဲ့သမီးအရင်းလေးတစ်ယောက်လို သံယော ဖြစ်နေမိတယ်လို့ မှတ်ယူပေးပါ။ ပြီးတော့… မင်းကို 'သမီးလေး' လို့ ဦးရင် မှာ သိပ်ခေါ်ချင်နေမိတယ်။ ခွင့်ပြုမယ်မဟုတ်လား‥ ကျွတ်‥ ကျွတ် ကျွတ်"

ချုပ်ထားတဲ့ဒဏ်ရာက တစ်ချက်တစ်ချက် နာကျင်ကိုက်ခဲနေပုံရ ပြီးတော့… သူ့ကိုယ်သူ 'ဦး'လို့ နာမ်စားပြောင်းပြီး သုံးစွဲနေတာကို လ သတိထားမိလိုက်၏။ နာကျင်မှုတွေကြားကနေ အားယူပြီး ပြောနေရ တဲ့ တကယ့်ကို သနားစရာပါ…

ဦးရာဇာရဲ့တောင်းခံသလိုလိုကြည့်နေတဲ့ ဂရုဏာမျက်ဝန်းတွေ ပျော်ဝင်သွားချင်သလိုလို ဖြစ်လာရတဲ့အခါ… မျက်နှာလွှဲပစ်လိုက်ရသ ရင်ထဲမှာ တစ်မျိုးကြီးခံစားလာရ၏။

ဟင့်အင်း‥ မသနားနဲ့။ သူ့ဝေဒနာတွေက မကြာခင်ပျောက်သွားမှ အဲ့ဒီအတွက်တော့ ရှင့်ရဲ့တောင်းဆိုချက်တွေကို လက်မခံနိုင်ဘူးဦးရာဇ

"ကျွန်မခွင့်မပြုနိုင်ဘူး။ အဲဒီတောင်းဆိုချက်က ကျွန်မအတွက် တယ်… ကျွန်မကို သမီးလို့ခေါ်စရာမလိုဘူး။ ကျွန်မ လုံးဝခွင့်မပြုနိုင် အဖေအရင်းခေါက်ခေါက်တစ်ယောက်ကတောင် လောကထဲကို ဝင် ခွင့်ပြုခြင်းမခံခဲ့ရတဲ့ ကျွန်မကို သမီးတစ်ယောက်လိုလည်း သဘော ပါနဲ့…

ကျွန်မရင်ထဲက ကျွန်မအဖေကို နာကြည်းမှုတွေအတွက်‥ ဖြေဆေးမရချင်ဘူးဦးရာဇာ။ အဲဒီဒဏ်ရာတွေကို လေ့ ပည်ထ



နက်အောင်၊ နာကျင်သည်ထက် နာကျင်အောင် ကျွန်မတစ်သက်လုံး ထိန်းသိမ်း ထားခဲ့တာ။ အဖေ့ကြောင့် စွေးစွေးနီနေတဲ့ ကျွန်မနှလုံးသားဒဏ်ရာက သွေး တွေကို သုတ်ပေးဖို့ မကြိုးစားပါနဲ့ဦးရာဇာ‥ ပစ်ထားလိုက်ပါ‥ ပစ်ထား လိုက်စမ်းပါ။ ရှင်သိလား‥ ဒီဒဏ်ရာကြောင့် ကျွန်မသေရမယ်ဆိုရင်တောင် ဘယ်တော့မှ ဆေးမကုဘူး…

ကျေးဇူးပြုပြီး ကျွန်မကို နားလည်ပေးပါ။ ကျွန်မရင်ကွဲစေမယ့်စကား တွေကို မပြောပါနဲ့တော့။ ကျွန်မနဲ့ဘာမှ သွေးမတော်သားမစပ်တဲ့ လူတစ်ယောက်ရဲ့ ဖခင်တစ်ယောက်လို မေတ္တာစေတနာတွေဟာ ကျွန်မ ရင်ထဲကဒဏ်ရာတွေကို ပိုပြီး သိမ်ငယ်စေပါတယ်။ ဆိုးရွားစေပါတယ်…

ကျွန်မ ဦးရာဇာကိုခင်ပါတယ်။ နှလုံးသားထဲကနေ လှိုက်လှိုက်လှဲလှဲ ကို ခင်နေမိတာပါ။ ကျွန်မ မှားယွင်းခဲ့တာတွေကိုလည်း ခွင့်လွှတ်ပေးပါ။ ဦးရာဇာကို လေးစားလက်စနဲ့ ဆက်ပြီး လေးစားနေပါရစေ‥"

ခံစားချက်မဲ့တဲ့ မျက်နှာသေမျိုးနဲ့ အေးစက်စွာ ပြောနေရင်းမှ… သမီးလေးမျက်ဝန်းအိမ်တွေမှာ မျက်ရည်တွေ ပြည့်လျှံလာပြီး စီးဆင်းသွားတဲ့ အခါ… ထိုမျက်ရည်တွေကို ကျွန်တော်သုတ်ပေးခွင့်မရှိ… ။ ပြေးထွက်သွား တဲ့သမီးလေးရဲ့ ခြေလှမ်းတွေကို ကျွန်တော် တားဆီးပိုင်ခွင့်မရှိ… ။ သမီးလေးနှလုံးသားကဒဏ်ရာတွေကို ကျွန်တော် ဖြေသိမ့်ပေးခွင့်မရှိ… ။

နှလုံးအထူးကုဆရာဝန်ကြီးတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ‥ ကျွန်တော့်သမီးလေးရဲ့ နုနယ်တဲ့နှလုံးသားမှာ ဖြစ်တည်နေတဲ့ဝေဒနာတွေကို ကုသ ပေးခွင့်မရှိ… ။ အဆိုးရွားဆုံးက‥ အဲဒီဒဏ်ရာတွေကို ရစေခဲ့တဲ့သူဟာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေခဲ့ခြင်းပင်… …

သမီးလေး‥ ဖေဖေ့သမီးလေး… လက်ဖွဲ့လေးရယ်… …

www.burmeseclassic.com

www.burmeseclassic.com



"အား… ရာဇာ… ရာဇာ… ။ မင်းအခုတော့ ဘာတတ်နိုင်သေးလဲ ဟင်!… မင်းက,ခဲ့တဲ့ဇာတ်ကို မင်းမနိုင်တော့ဘူးမဟုတ်လား။ အား… ဟား… ဟား… သမီးလေး ဒီလိုတွေဖြစ်နေရတာဟာ မင်းကြောင့်ပဲ။ အားလုံးဟာ မင်းကြောင့်ဖြစ်လာခဲ့ရတာတွေချည်းပဲကွ… မင်းဆိုတဲ့ကောင်ကြီးကြောင့်ကွ… ကဲကွာ… ကဲကွာ… …"

နောင်တတရားတို့ကို အခြေခံသော ဒေါသတွေက မှန်စားပွဲပြင်သို့ စုပြုံကျရောက်သွားလေတော့သည်။ မှန်စတွေမှာကနဲ ကွဲအက်သွားခြင်းနှင့်အတူ ဦးရာဇာလက်တစ်ခုလုံး သွေးတို့ဖြင့် ချင်းချင်းနီသွား၏။ အထိတ်တလန့် ပြေးဝင်လာသူကဦးမြ…

"ဟာ… မောင်ရာဇာ။ ဘယ်လိုဖြစ်တာလဲ…"

ဦးရာဇာမဖြေ… မျက်ရည်တွေပြည့်လျှံနေသော မျက်လုံးတွေဖြင့်သာ ဦးမြကို စိုက်ကြည့်နေ၏။

"ဘယ်လိုဖြစ်ရတာလဲ မောင်ရာဇာရယ်။ မတူးရေလာပါဦးဟ…"

"နေပါစေဦးမြ… ကျုပ်တော် ဘာမှမဖြစ်ဘူး။ အိမ်ရှေ့မှာရပ်ထားတဲ့ ကားကို လက်ခံဆီ ပြန်ပို့လိုက်ပါဗျာ။ ဘာစကားမှမပြောနဲ့ဦးမြ… ပို့ပြီးပြီး ချင်း ပြန်လာခဲ့။ သွားတော့…"

ဦးမြတစ်ယောက်… အပေါ်ထပ်သို့ လေးကန်စွာ တက်သွားသော ဦးရာဇာကိုတစ်လှည့်… အက်ကွဲနေသော မှန်စားပွဲကြီးကိုတစ်လှည့် ကြည့်ရင်း နားမလည်နိုင်စွာ ကျန်ရစ်ခဲ့လေသည်။

¤ ¤ ¤ ¤ ¤



( * )

ဒီပန်းချီကားကြီးကိုကြည့်တိုင်း… အဲဒီလက်ကွဲပင်ကြီးအောက်ကို ရောက်ရှိသွားသလို အမြဲခံစားရလေသည်။

ဒီပန်းချီကားကြီးထဲမှာ မေမေရှိသည်။ လက်ကွဲတို့ဘဝတွေရှိသည်။ ပြီးတော့… ဒဏ်ရာတွေရှိသည်။ ဝေဒနာတွေရှိသည်။ နာကြည်းမှုတွေရှိသည်။ မျက်ရည်တွေရှိသည်။

တစ်သက်လုံးရင်းနှီးနေခဲ့တဲ့ အဲဒီလက်ကွဲပင်ကြီးဟာ… ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်နေရာမှာရှိနေတယ်ဆိုတာ လက်ကွဲမသိ… ။ မေမေကလည်း ဘယ်တုန်းကမှ ပြောမပြခဲ့… ။

"မေမေ သမီးကို အတိတ်တွေနဲ့ ဘယ်တော့မှ ဆက်သွယ်ပေးမှာ မဟုတ်ဘူးသမီး။ သမီးကိုယ်တိုင်လည်း ဆက်သွယ်မိဖို့ ဘယ်တော့မှ ကြိုးစားနဲ့။ တစ်ချိန်မှာ ကံပါရင် အလိုလို ဆက်သွယ်မိလိမ့်မယ်။ အဲဒါကို ကံကြမ္မာက စီရင်လိမ့်မယ်။ ကံကြမ္မာဟာ မေမေတို့ကို ဘယ်လိုတွေအထိ နိုင်မလဲဆိုတာ မေမေတို့ စောင့်ကြည့်ကြစို့… ။

မေမေတတ်နိုင်တာ တစ်ခုပဲရှိတယ်… ကံကြမ္မာဟာ သမီးလေးကို မနေ့လိုပဲ ရက်ရက်စက်စက် စီရင်နေခဲ့ဦးမယ်ဆိုရင်… သမီး ခံနိုင်ရည်ရှိ အောင် လေ့ကျင့်ပေးထားဖို့ပဲ… ။

www.burmeseclassic.com

www.burmeseclassic.com



ဘဝခရီးကိုသာ အကောင်းဆုံးလျှောက်လှမ်းပါသမီးရှယ်·· မေမေ့ကို ကံကြမ္မာရဲ့စေတနာကို စောင့်ကြည့်ကြစို့နော်···။ အရေးကြီးဆုံးက ချစ်ခြင်း မုန်းခြင်းတွေမှာ တုန့်လှုပ်ခြင်းကင်းစွာ ရပ်တည်နိုင်ဖို့ပဲ။ မေမေ့လို အချစ်နဲ့ ကျေးကျွန်ဘယ်တော့မှ မဖြစ်စေနဲ့··''တဲ့···။

လက်ဖွဲ့ရင်ထဲအသည်းထဲမှာ သံမှိုတွေနဲ့ စွဲနက်ထားသလို စွဲမြဲနိုင်မှာ ခဲ့တဲ့ မေမေ့စကားတွေ···။ သိပ်ပြီးချစ်တတ်ခဲ့တဲ့·· အချစ်သူရဲကောင်းကြီး မေမေ့ရဲ့စကားတွေ···။ မေမေရယ်··· ဘဝအဆက်ဆက် ချစ်ခြင်းမှာ ကံကောင်းပါစေလို့·· သမီးဆုတောင်းပါတယ်···။ မေမေ့စကားတွေကို တစ်သက်လုံး မြေဝယ်မကျ နားထောင်လိုက်နာ နေမှာပါမေမေ··· အဲဒီအတွက် သမီးကိုစိတ်ချပါ။

ဒါပေမယ့်··· မေမေ့ကို ရက်စက်ခဲ့တဲ့ 'အဖေ' ဆိုတဲ့လူကိုတော့ သမီး ဘယ်တော့မှ ခွင့်မလွှတ်ဘူးမေမေ။ မေမေ့ရင်ထဲမှာ အဲဒီလူအတွက်ရှိနေ တဲ့ အချစ်တွေထက်ပိုတဲ့··· နာကြည်းမှု၊ မုန်းတီးမှုတွေဟာ သမီးရင်ထဲမှာ အပြည့်ရှိနေတယ်ဆိုတာ··· မေမေ သိမသွားခဲ့ဘူးနော်···

ကံကြမ္မာဟာ သူ့ကို မျက်နှာသာပေးပြီး သမီးနဲ့ မဆုံတွေ့စေခဲ့ရင် တော့··· သူဟာ ကံအကောင်းဆုံးလူသား ဖြစ်နေဦးမှာပါ။ **သမီးသူ့ကို သိပ်မုန်းတယ်မေမေ···** ။ မေမေ့ကိုသနားလေလေ·· အဲဒီလူကို နာကြည်း လေလေပဲ··· ···။

''သမီးသိပ်ချစ်တဲ့မေမေ ကောင်းရာမွန်ရာ ရောက်ပါစေလို့ သမီး အမြဲဆုတောင်းနေပါတယ်မေမေ··''

မေမေ့ကို တောင်းပန်ရဦးမယ်···

ညနေတုန်းက·· သမီး မျက်ရည်ကျခဲ့မိတယ်···



''**ဘယ်တော့မှ မငိုရဘူးနော်သမီး။ ဘယ်တော့မှ မျက်ရည်မကျမိ စေနဲ့**''···ဆိုတဲ့ မေမေ့စကားကို သတိရလိုက်တဲ့အချိန်မှာ··· မျက်ရည်တွေ သမီးပါးမှာ စွန်းထင်းနေခဲ့ပြီမေမေ။

မေမေသိလား··· သမီးမျက်ရည်ကျရတာ ယောကျ်ားတစ်ယောက် ကြောင့်ပဲ။ မေမေ မစိုးရိမ်နဲ့နော်··· အဲဒီယောကျ်ားက သမီးနဲ့ ဘာမှမပတ် သက်ဘူး။

သူ့နာမည်က 'ဦးရာဇာကျော်' တဲ့···။

ထူးဆန်းတယ်မေမေ··· သူကသမီးကို 'သမီး' လို့ခေါ်ပါရစေတဲ့···။ သူ့ရဲ့ပိုင်ဆိုင်မှုတွေကိုလည်း သမီးကို လွှဲပြောင်းပေးပါရစေတဲ့···။ အဲဒါ ဘာသဘောလဲမေမေ?···

သူ့ရဲ့တောင်းဆိုမှုတွေအတွက် သမီးအံ့သြနေမိတယ်။ မယုံနိုင်လောက် အောင်လည်း ဖြစ်ရတယ်။ 'သေဆုံးခြင်း' ကိုသာ အလိုရှိခဲ့တဲ့ အဖေတစ်ယောက် ရဲ့ သမီးကို တခြားသူစိမ်းတစ်ယောက်က အဲဒီလောက်အထိ စေတနာတွေရှိနေတယ်ဆိုတာ ဖြစ်နိုင်သလားမေမေ··· သူတကယ်ပြောနေတာ။

နောက်ပြီး··· သူက သမီးအသက်ကို ကယ်တင်ခဲ့ဖူးတယ်။ သမီး ဘဝကိုလည်း ကယ်တင်ခဲ့ဖူးတယ်။ သူ့မျက်ဝန်းတွေမှာ အကြင်နာတွေ ဂရုဏာတွေကို သမီးမြင်နေရသလိုပဲမေမေ···။ အဲဒါ ဖြစ်နိုင်သလားဟင်?···

ပြီးတော့··· သမီးစိတ်ထဲမှာ အဲဒီလူကြီးကို တွယ်တာနေမိသလိုပဲ··။ ယုံလည်းယုံနေမိတယ်။ ဒါဟာ မှားယွင်းမှုတွေရဲ့အစပေါ့··· ဟုတ်လား မေမေ?···

''**မှတ်ထားသမီး·· ယောကျ်ားတွေကို ကြီးသည်ငယ်သည်မရွေး ဘယ်တော့မှ မယုံလိုက်မိစေနဲ့ အဲဒီယုံကြည်ခြင်းဟာ နောင်တတွေရဲ့အစပဲ··။**''

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတွေရဲ့အစပဲ… ။ ဒဏ်ရာတွေရဲ့အစပဲ‥ ။ မှားပြီ‥လို့ သိလိုက်တဲ့ အချိန်မှာ ဘာမှ ပြန်ပြင်လို့မရတော့ဘူး။ သတိထားနော်သမီး‥ သတိ‥ သတိ‥ ”တဲ့… ။

မေမေပြောခဲ့ဖူးတဲ့စကား…

ဟုတ်ကဲ့ပါမေမေ… မေမေ့စကားကို သမီးနားထောင်ပါ့မယ်။

စိတ်ချပါမေမေ… သမီးသတိရှိပါတယ်။

တစ်ယောက်တည်း စဉ်းစားနေရင်း… ရင်ထဲမှာ ရှုပ်ယှက်ခတ်နေတဲ့အရာတွေအားလုံးခုမှ ရှင်းရှင်းလင်းလင်း ဖြစ်သွားရလေတော့သည်။ ပေါ့ပါးလန်းဆန်းသွားရခြင်းတွေအတွက် မေမေ့ကို ကျေးဇူးတင်လိုက် မိ၏။ ဦးရာဇာရေ… ကျွန်မအပေါ်မှာ ရှင့်ကျေးဇူးတွေရှိနေပါတယ်။ ဒါပေမယ့်… အဲဒီအတွက်တော့ ကျွန်မလက်ခံနိုင်တဲ့နည်းလမ်းနဲ့ပဲ ကျေးဇူးဆပ်နိုင်မှာ သေချာတယ်…

ဘာဖြစ်လို့လဲဆိုတော့… ရှင်ဟာလည်း ကျွန်မနဲ့ သွေးမတော် သားမစပ်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေလို့ပါပဲ။ ရှင့်ရင်ထဲက စိတ်ရင်းအမှန်ကို ကျွန်မမသိနိုင်ဘူးလေ… ကျွန်မ သတိရှိရမယ်။ တစ်ဆိတ်… ရှင့်ရဲ့စေတနာတွေ၊ မေတ္တာတွေ၊ ပေးဆပ်မှုတွေက လိုအပ်တာထက် အများကြီးပိုနေတယ်လို့ ရှင်မထင်ဘူးလား? ‥ ။ ရှင့်ကို သတိထားရတော့မယ်…

ကျွန်မစေတနာသန့်သန့်နဲ့ ကျေးဇူးဆပ်တဲ့ အဖိုးတန်ကားတစ်စင်းကို ရှင်ဘာဖြစ်လို့ လက်မခံရတာလဲ? … …။ ကျွန်မ ဝယ်ပေးတဲ့ကားက… အခု ရှင်စီးနေတဲ့ကားထက်တော့ အများကြီးသာပါတယ်နော်… ။

ပြီးတော့… ကျွန်မကို ဘာဖြစ်လို့ ရှင့်ရဲ့ပိုင်ဆိုင်မှုတွေ ပေးချင်ရတာလဲ? … ။ကျွန်မမှာ ဆယ်သက်မက စားလို့မကုန်နိုင်တဲ့ စည်းစိမ်ချမ်းသာတွေရှိနေတယ်ဆိုတာ ရှင်မသိဘူးလား? … ။ ကျွန်မ ရှင့်ကို ပြောပြခဲ့ဖူးတယ်လေ… ကျွန်မရဲ့ပိုင်ဆိုင်မှုတွေနဲ့ နှိုင်းယှဉ်ရင်… ရှင့်ရဲ့ပိုင်ဆိုင်မှုတွေက မြူမှုန့်လို



သေးသေးလေးပဲရှိတာနော်… ။

ကျွန်မဟာ… ငါးစာကိုမမက်တဲ့၊ လိမ္မာပါးနပ်တဲ့ငါးလေးတစ်ကောင်ပါ ဦးရာဇာ… ။ ငါးမျှားချိတ်ရဲ့အမျိုးအစားတွေကို ဝေခွဲနေဖို့ မလိုတော့ပါဘူး။ ပြီးတော့… ဦးမြပြောသွားတဲ့ ရှင့်ရဲ့မျက်ရည်တွေဆိုတာကိုလည်း အံ့သြစိတ်နဲ့ပဲ မေ့လိုက်ပါရစေတော့… ။

တစ်သက်လုံး အခါးတွေနဲ့ချည်း တည်ဆောက်လာခဲ့တဲ့ ကျွန်မဘဝအတွက် ရှင့်ရဲ့စေတနာ မေတ္တာတွေဟာ သကြားတစ်ပွင့်လောက်ပဲ ချိုနိုင်မှာပါ ဦးရာဇာ… ။

စေတနာထားတတ်တယ်ဆိုတဲ့ လူတွေကို ကျွန်မပိုပြီးကြောက်တယ်။ ကျွန်မကြောက်လောက်အောင်လည်း ရှင့်စေတနာတွေ ကာရန်လွဲနေကြတယ်… … …

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ခုရက်ပိုင်းအတွင်း… လက်ဖွဲ့, ဦးရာဇာထံသို့ မနက်တစ်ခေါက် ညတစ်ခေါက် အမြဲရောက်သည်။ ရောက်တိုင်းလည်း ဦးရာဇာအတွက် သင့်လျော်မည့် အစားအစာများကို ဒေါ်တူးနှင့်အတူ စိတ်ရှည်လက်ရှည် စီ… ပေးသည်။ ဦးရာဇာ၏ ဝေယျာဝစ္စတွေကိုလည်း စိတ်ပါလက်ပါ လုပ်ပေး… သည်။ တာဝန်နှင့်ဝတ္တရားအရ ပြုလုပ်ပေးနေခြင်းမဟုတ်ပဲ တကယ့်… စေတနာအပြည့်နှင့် စိတ်ပါလက်ပါ ပြုစုလုပ်ကိုင်ပေးနေခြင်းမျိုးဖြစ်၏။ ထို… အနီးကပ်ပြုစုလုပ်ကိုင်ပေးခြင်းများကို… မှန်ကန်သည့် ထိုက်တန်သည့် … တုံ့ပြန်မှုဟု သူမက ခံယူထားလေသည်။

ဦးရာဇာတစ်ယောက်ကတော့ သူမ၏ ပြုစုလုပ်ကိုင်ပေးခြင်းတွေ… အကျေနပ်ကြီး ကျေနပ်လို့ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရ၏။ သူမရင်ထဲမှာ… ဦးရာဇာကို အနီးကပ်ပြုစုပေးနေခြင်းအတွက် ကျေနပ်သလိုလို ဝမ်းမြော… သလိုလို ခံစားနေရပါသည်။

သို့သော်… ရင်ထဲကခံစားချက်တွေကို သူတစ်ပါးမရိပ်မိအောင်… ချုပ်ထားဖို့ကို လက်ဖွဲ့ဘယ်တော့မှမမေ့…။

သူမအသွင်က အေးစက်စိမ်းကားသည့်အသွင်ကို ဆောင်… ဖြစ်သည်။ ဦးရာဇာအတွက် လုပ်ပေးစရာရှိတာတွေကို တစ်ခုပြီးတစ်… တမ်း ဆောင်ရွက်ပေးနေသော်ငြား သူမအသွင်က သံပတ်ပေးထား…

ရုပ်ကဲ့သို့ အမြဲရှိ၏။ တစ်နေ့နှစ်ခေါက် ပုံမှန်ရောက်လာတတ်ပေမယ့် သူမဆက်ဆံရေးက ရင်းနှီးကျွမ်းဝင်ခြင်းနှင့် နွေးထွေးပျော့ပျောင်းခြင်းဘက်သို့ အနည်းငယ်မျှပင် ကူးပြောင်းမလာခဲ့…။ သို့သော်… လိုအပ်သမျှကို ဆုံစပ်သေချာစွာ စိတ်ရှည်လက်ရှည်ပြုစုလုပ်ကိုင်ပေးနေခြင်းကပင် သူမရင်ထဲမှ ဦးရာဇာအပေါ်မှာ ထားရှိသည့် စေတနာသဒ္ဓါတရားတို့ကို ထင်ရှားစွာပြသနေပါတော့သည်။ ဦးရာဇာပြောပြထားသဖြင့် အဖြစ်သနစ်အလုံးစုံကို သိထားကြသော ဦးမြနှင့် ဒေါ်တူးတို့မှာတော့ သူမတို့သားအဖနှစ်ယောက်ကို မြင်လိုက်တိုင်း မချိတင်ကဲ ခံစားကြေကွဲနေကြရတော့သည်။

ဦးရာဇာရင်ထဲမှာ တနုံ့နုံ့ ခံစားနေရသည့်ဝေဒနာတွေကို သိနေမြင်နေကြရပေမယ့်လည်း ဒီသားအဖနှစ်ယောက်ရဲ့ပြဿနာတွေက ဘယ်လိုမှ ကြား…င်ဖြေရှင်းပေးလို့မရနိုင်တာကတစ်ကြောင်း… ဦးရာဇာကိုယ်တိုင်က… …ာမှမသိသလို ရေငုံနှုတ်ပိတ်နေပေးကြရန် ကတိတောင်းထားခဲ့တာက …စ်ကြောင်းမို့… ရင်နာနာနှင့် လက်ပိုက်ကြည့်နေရုံမှလွဲပြီး ဘာမျှမတတ်နိုင် ကြတော့…။

လက်ဖွဲ့၏ တိုးတက်ပြောင်းလဲလာသည့် အခြေအနေတစ်ခုကတော့… …မ ဦးရာဇာထံသို့ ရောက်ရှိလာသည့် အချိန်မှာဖြစ်စေ… သူမပြန်သွားသည့် …ချိန်မှာဖြစ်စေ… ဦးရာဇာကို နှုတ်ဆက်စကား ဆိုတတ်လာခြင်းဖြစ်၏။

¤ ¤ ¤ ¤ ¤

www.burmeseclassic.com



( * )

ဖြစ်နိုင်လျှင်… …

လက်ရှိခံစားနေရသော ဒဏ်ရာဝေဒနာတွေကို သက်သာပျောက်

မသွားစေချင်ပါ။ တစ်သက်လုံး ထာဝရ ပိုင်ဆိုင်ထားလိုက်ချင်သည်

သမီးလေးရဲ့ ပြုစုယုယမှုတွေ… ဂရုစိုက်ခြင်းတွေကို ဖန်တီးပေးခဲ့တဲ့

ဒဏ်ရာဝေဒနာတွေကို ကျေးဇူးတွေပင် အထပ်ထပ်အခါခါ တင်နေမိ

သည်။

တစ်ခါတစ်ခါ သမီးရဲလက်ကလေးနဲ့ ထိတွေ့ပြုစုပေးတာကို ခံ

ရတိုင်း… ရင်ထဲမှာ အသွယ်သွယ်သော စိမ့်စမ်းရေတွေ စီးဆင်းသွား

သို့သော ပီတိတွေကိုငြိမ်းချမ်းစွာ ခံစားရလေသည်။ အဲဒီလို ပီတိချမ်းသာ

တွေကို တစ်သက်လုံး ပိုင်ဆိုင်ခွင့်ရရှိသွားချင်ပါသည်။

သမီးရဲ့မျက်နှာလေးကို မြင်လိုက်ရတဲ့အခိုက်အတန့်လေးမှာ ပြ

တတ်သော ငြိမ်းချမ်းပြည့်စုံမှုတွေက, ကမ္ဘာလောကကြီးတစ်ခုလုံး

မေ့လျော့သွားစေသည်အထိ အစွမ်းထက်၏။

သို့သော်… သမီးလေးရဲ့ကြင်နာမှုတွေကို သူစိမ်းတစ်ယောက်အ

သွယ်ဝိုက်စွာခံယူနေရသည့်အဖြစ်ကို တွေးမိတိုင်း… ရင်ထဲမှာ အတိုင်းအ

ကြေကွဲဝမ်းနည်းရလေသည်။

တစ်ချက်တစ်ချက် 'သမီး' လို့ သတိလက်လွတ်ခေါ်လိုက်မိမလိုဖြစ်

သွားပြီးမှ… ကိုယ့်ကိုယ်ကိုယ် သတိနှင့် ထိန်းချုပ်မျိုသိပ်နေရခြင်းကား

င်ပန်းလွန်းလှ၏။ သမီးမျက်နှာလေးကိုကြည့်ပြီး… 'သမီးလေး… ဖေဖေ့

သမီးလေး…' လို့… ရင်ထဲမှာသာအကြိမ်ကြိမ်ရွတ်ဆိုနေမိတော့သည်။

ဖေဖေသေပျော်ပါပြီသမီးရယ်…

ဒီလိုဘဝမျိုးလေးနဲ့ပဲဖေဖေ ကျေနပ်သွားပါတော့မယ်ကွယ်… ။

ဖွင့်မပြောတော့ဘူးသမီးရေ… ဒါဟာ ကျိန်စာ တစ်ခုဆိုရင်လည်း

အဖေကျေနပ်စွာ ကျွမ်းမြိုက်ခံပါမယ်ကွယ်… ။, ဘာမှ သွေးမတော် သားမစပ်

တဲ့ လူတစ်ယောက်အဖြစ်နဲ့ပဲ သမီးလေးကိုခပ်လှမ်းလှမ်းကနေငေးကြည့်ရင်း

ဘဝရစောင့်လျှောက်သွားပါရစေတော့ သမီးလေးရယ်… ။

ခွင့်ပြုပါမဏီ… ခွင့်ပြုလိုက်စမ်းပါ။

ဒါ… မောင့်သမီးလေးလေ…

သမီးဟာမောင့်ရဲ့အသက်… မောင့်ရဲ့ဘဝ… မောင့်ရဲ့ရှင်သန်ခြင်းပါ

ည်… …

တစ်ယောက်တည်းစဉ်းစားနေရင်း…

အဝေးကနေပျံလွင့်လာသော ရယ်သံပါးပါးလေးကို ကြားလိုက်ရသလို

မင်း… မောင့်ကို လှောင်ပြောင်ရယ်မောနေသလားမဏီ…

ရယ်ပါ… ။ အားရအောင် ပြက်ရယ်ပြုလိုက်စမ်းပါ…။

ရယ်မောလို့ အားရရင်တော့… မောင့်မျက်ရည်တွေကို မြင်အောင်ကြည့်

ပါ မဏီရယ်… မောင့်နှလုံးသားတွေကို မင်းမြင်အောင်ကြည့်လိုက်ပါ

… ။

www.burmeseclassic.com



အဲဒီအခါ… မင်းအတွက် အခါလွန်တဲ့ချစ်ခြင်းတွေ…

ယူကျုံးမရနိုင်တဲ့ နောင်တတရားတွေ…

ဖခင်တစ်ယောက်ရဲ့ အဆုံးအစမဲ့ ချစ်ခြင်းတွေနဲ့သာ တည်ဆော ထားတဲ့ နှလုံးသားတစ်စုံကို ဒဏ်ရာတွေ ဗရပွနဲ့မင်းတွေ့ရမှာပါ…။

မျက်နှာမလွှဲလိုက်ပါနဲ့မဏိ… ကျေးဇူးပြုပြီး မမြင်ချင်ယောင်လည်း ဆောင်မနေလိုက်ပါနဲ့။

ဒါတွေဟာ… ကမ္ဘာတည်သရွေ့ မောင့်နှလုံးသွေးတွေနဲ့ ရေးနေမိတော မယ့်… ဘယ်တော့မှ မပျက်ပြယ်တော့မယ့် သစ္စာတရားတွေပါ… …

မောင်.. မင်းကို ကျေးဇူးတွေ အထပ်ထပ်တင်နေမိပါတယ် ဓ ရယ်…

မင်းဟာ.. မောင့်ဘဝရဲ့ရှင်သန်ခြင်းတွေကို အဓိပ္ပါယ် ပိုမိုပြည့်ဝစေ အချစ်သူရဲကောင်းတစ်ဦးပါ။ ဘာကြောင့်လဲဆိုတော့… မင်းက မော အတွက်… လောကကြီးအတွက်… တန်ဖိုးမဖြတ်နိုင်တဲ့ သမီးလေ တစ်ယောက်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့လို့ပါပဲ။

မင်းသိပ်တော်တယ် မဏိရယ်… မင်းကို မောင်ချစ်လိုက်တာ … ဒီကမ္ဘာလောကကြီးထဲမှာ မင်းမရှိတော့ဘူးဆိုပေမယ့် မင်းရဲ့ချစ်ခြင်း ဟာ မောင့်နားမှာ အမြဲတမ်း ရစ်ဝဲနေတယ်ဆိုတာ မောင်ခံစားလို့ရနေတ မဏိ… ။ မောင့်နားမှာ မင်း အမြဲရှိနေတယ်လို့ ကြေကွဲစွာ ကြည်နူး ရပါတယ် မဏိရယ်… …

ထိုစဉ်တွင်… အနောက်တောင်လေပြည်တို့က တိမ်မျှင်ပုဝါပါး တို့ကို တရွေ့ရွေ့သယ်ဆောင်လာကြပြီး၊ မှုန်းတိမ်းနေပြီဖြစ်သော လမင်း ကို လာရောက်ခံစားကြလေသည်။



လရောင်ကို ကွယ်ကာတဲ့တိမ်မျှင်တွေကို ကမ္ဘာမြေက မြူစွတဲ့အခါ… တောင်းပန်သည့်အနေနှင့် အချိန်အခါမဲ့ မိုးဖွဲဖွဲတို့၏ အေးမြခြင်းတို့ဖြင့် ကမ္ဘာမြေကို နှုတ်ခွန်းဆက်ကြလေသည်။

ထိုအခါ… ကမ္ဘာမြေကြီးသည် အိပ်စက်ခြင်းမဲ့ ဝေဒနာလူသားတစ်ဦး ကို မြေသင်းနံ့တို့ဖြင့် နှစ်သိမ့်၏။

အိပ်စက်ခြင်းမဲ့ဝေဒနာလူသားကား… အေးမြသည့် မိုးဖွဲလေးတွေကို မိုးသည်၏ အပွေ့အဖက်လေးတွေအဖြစ်…

သင်းပျံ့သည့် မြေသင်းနံ့လေးတွေကို သမီးငယ်၏ အငွေ့အသက်လေး တွေအဖြစ်… မြတ်နိုးစွာ ခံယူလို့ နေပါတော့သည်။

တိမ်မျှင်တွေကြားမှ လမင်းကား… အနောက်အရပ်သို့ တရွေ့ရွေ့ ရိုးနှင်ဆဲတည့်… …

¤ ¤ ¤ ¤ ¤

www.burmeseclassic.com



( * )

သည်နေ့… လက်ဘွဲ့ အိမ်ပြန်နောက်ကျသည်။

အချိန်က… ညခုနစ်နာရီခန့် ရှိပြီ… ။

မနက်ကလည်း အရေးတကြီးထွက်သွားရတာမို့ ဦးရာဇာကို ဝင်မ ကြည့်ခဲ့ရ…။

"အပြန်ကျရင်တော့ ဦးရာဇာကို အရင်ဝင်ကြည့်လိုက်မယ်"… လို့ ကြိုတင်စိတ်ကူးထားခဲ့တဲ့အတိုင်း… ကားကို (အသင့်ဖွင့်ထားတဲ့) ဦးရာဇာတို့ ခြံထဲသို့ တောက်လျှောက်မောင်းဝင်ခဲ့လိုက်လေသည်။

အိမ်ရှေ့မှာကားရပ်ပြီး၊ ကားပေါ်မှဆင်းလိုက်တယ်ဆိုရင်ပဲ… အိမ်ထဲမှ ပြေးထွက်လာတဲ့ အမေတူးနှင့် ဆုံတွေ့လိုက်ရလေသည်။

အမေတူးမျက်နှာက တစ်ခုခုကို စိုးရိမ်နေသည့်အသွင်မျိုး ဖြစ်နေ၏။

အမေတူးမျက်နှာကို မြင်လိုက်ရတဲ့ခဏမှာပင် ဦးရာဇာအတွက် စိုးရိမ်စိတ်တို့က ရုတ်ချည်းဆိုသလို ရင်ထဲသို့ ရောက်ရှိလာ၏။

"အမေတူး ဘာဖြစ်နေတာလဲ။ ဦးရာဇာဘာဖြစ်လို့လဲ? …"

မောင်ရာဇာကိုယ်တွေ မတရားပူနေလို့ကလေးမ… ။ စကားမေးလည်း မရဘူး။ ကိုမြကလည်းမောင်ရာဇာနိုင်းထားလို့ ညနေခင်းကတည်းက ကားဝပ်ရှော့ ကိုသွားနေတာခုထိပြန်မရောက်သေးဘူး။ အမေတူးကလည်းဘာမှ လုပ်မပေးတတ်ဘူး… လုပ်ပါဦးကလေးမရယ်… "

အမေတူးစကားကိုပင် ဆုံးအောင်နားမထောင်နိုင်တော့…

အိမ်ထဲသို့လှမ်းကာနဲ ပြေးဝင်လာခဲ့မိတော့သည်။

လှေကားထစ်တွေကိုဘယ်လို ကျော်ဖြတ်ခဲ့မိသလဲဆိုတာမသိတော့…။

အခန်းထဲကိုခပ်ဖော့ဖော့ လျှောက်ပြီးဝင်လိုက်တယ်ဆိုရင်ပဲ… ခပ်သုံ့သုံ့ ညည်းညူနေသည့် ဦးရာဇာကိုကုတင်ပေါ်မှာတွေ့မြင်လိုက်ရလေသည်။

"ဦးရာဇာ… ဦးရာဇာ… "

လက်မောင်းကိုလှုပ်ပြီးခေါ်လိုက်တော့ ဦးရာဇာတုတ်တုတ်မျှမလှုပ်…။

မျက်နှာတစ်ခုလုံးကနီရဲလို့နေ၏။ နဖူးကိုစမ်းကြည့်လိုက်တော့ကိုယ် တွေချစ်ချစ်တောက်ပူနေတာကိုတွေ့ရလေသည်။

"ကိုယ်တွေအရမ်းကိုပူနေတာပါလား… ဘယ်လိုဖြစ်တာလဲ အမေတူး"

"မနေ့ညကတစ်ညလုံးမအိပ်ပဲ ဝရန်တာမှာထွက်ထိုင်နေတယ်လေ… မနေ့ခင်းတုန်းကအထိ တော့အကောင်းကြီးပဲ…။ ကလေးမ လာလို့ မောင်မေးနေသေးတယ်။ အဲဒီနောက်ပိုင်းတော့ခေါ်တူးလည်း ကိုယ့်အလုပ် ကိုယ်မအားတာနဲ့ သတိမထားမိလိုက်တော့ဘူး။ စောစောကမှညစာ ခေါ်သွားခေါ်ရင်းအဲဒီလိုကြီး ဖြစ်နေတာကိုတွေ့လိုက်ရတာ…။ မိုးမိပြီး ဖျားနေတာနေမှာပေါ့။ ခေါ်တူးက၊ ကလေးမကိုလာခေါ်တော့မလို့ လုပ်နေ တာ… တော်ပါသေးရဲ့ ကလေးမရောက်လာပေလို့… "

အမေတူးပြောနေတာကိုနားထောင်ရင်းကိုယ်ပူချိန်တိုင်းယူလိုက်၏

F…။ ဘုရား… ဘုရား…။ ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး…။ ကိုယ်ပူချိန်ကျသွားမှကိုဖြစ်တော့မှာ…။

"ကျွန်မရေခဲလိုချင်တယ်အမေတူး။ ဇလုံတစ်လုံးထဲမှာ ရေခဲထည့်ပြီး ပေးပါ။ တဘက်ခပ်သေးသေးနှစ်ထည်လောက်လည်းယူခဲ့… ဇလုံထဲမှာရေ

www.burmeseclassic.com



ခဲထည့်ပြီးရင် ရေလေးနည်းနည်းလောက်ထည့်ခဲ့ပါ။ ရေခဲရော အဆင်သင့်ရှိရဲ့လား အမေတူး… မရှိရင် ကျွန်မအိမ်မှာသွားယူလိုက်မယ်…"

"ရှိတယ်… ရှိတယ်…။ ခဏလေးစောင့်နော်…"

ဒေါ်တူးက သူမမှာတာတွေယူပြီး ချက်ချင်းပြန်ရောက်လာ၏။

သူမက တဘက်တစ်ထည်ကို ရေခဲရေထဲမှာ စိမ်လိုက်သည်။ ထို့နောက်… ရေစင်အောင်ညှစ်ပြီး ဦးရာဇာနဖူးပေါ်မှာ အုပ်ပေးထားလိုက်၏။ ထို့နောက်… ကျန်တဲ့တစ်ထည်ကို ရေခဲရေမှာ စိမ်ထားလိုက်ပြီး…

"အမေတူး"

"ပြောကလေးမ… အမေတူး ဘာလုပ်ပေးရမလဲ"

"ဦးရာဇာ အင်္ကျီကြယ်သီးတွေ ဖြုတ်ပေးပါလား… ချိုင်းကြားတွေကိုပါ ရေခဲဝတ်အုပ်ချင်တယ်။ ကိုယ်ပူမြန်မြန်ကျသွားမှဖြစ်မှာ"

"အေးအေး… ရတယ် ရတယ်"

ဒေါ်တူးက အင်္ကျီကြယ်သီးတွေဖြုတ်ပေးတော့… ဦးရာဇာ၏ချိုင်းကြားတွေကိုပါရေခဲဝတ်အုပ်ပေးလိုက်ရ၏။ နဖူးပေါ်မှာ ရေခဲဝတ်အုပ်ပေးလိုက်… ချိုင်းကြားမှာ ရေခဲဝတ်အုပ်ပေးလိုက်နှင့် အလုပ်ရှုပ်နေသော သူမကိုကြည့်ရင်း ဒေါ်တူးလက်ကလေးတွေ တဆတ်ဆတ်တုန်နေလေသည်ကို သူမကမြင်၏။

"သိပ်လည်းမစိုးရိမ်ပါနဲ့အမေတူး။ ဒီလိုလုပ်လေ… ဦးရာဇာမိတ်ဆွေဆရာဝန်တစ်ယောက်ကို ဖုန်းဆက်ပြီးခေါ်လိုက်ပါလား"

"ဖုန်းနံပါတ်တွေ ဒေါ်တူးမသိဘူး"

"ဒါဆိုရင်… ဦးမြကို ဖုန်းဆက်ပြီးခေါ်လိုက်ပါလား…။ ဝပ်ရှော့က ဖုန်းနံပါတ်ကိုတော့ သိတယ်မဟုတ်လား"



"အဲဒါလည်း မောင်ရာဇာပဲသိတာ…"

အူလည်လည်ဖြစ်နေတဲ့ဒေါ်တူးကို ဆက်မေးနေလို့ ဘာမှထူးလာမှာမဟုတ်တာကို သဘောပေါက်လိုက်သဖြင့် ရေခဲဝတ်ကိုသာ ကြိုးစားပြီး ဆက်အုပ်နေလိုက်ရတော့သည်။

"စိတ်မပူပါနဲ့ အမေတူး… ကျွန်မလည်းရှိနေတာပဲ။ ကိုယ်ပူနည်းနည်းကျသွားရင်ကျွန်မဆရာဝန်သွားခေါ်မှာပါ။ ဦးရာဇာ စားဖို့တစ်ခုခုစီစဉ်ပေးထားပါ။ အစာရှိမှဆေးဒဏ်ခံနိုင်မှာ"

"အမေတူး ဘဲသားဆန်ပြုတ်လေးလုပ်ထားတယ်"

"အဖတ်တွေ ကျွေးလို့မရဘူး အမေတူး။ အရည်ပဲတိုက်ရမယ်… အရည်ကျဲကျဲ အားရှိမယ့်ဟာမျိုး…"

"ဒါဆိုကြက်သားစွပ်ပြုတ်လေးလုပ်လိုက်မယ်လေ…။ မြန်ပါတယ်"

"ကောင်းတယ်… အရည်ကျဲကျဲလေးပြုတ်ပေးထား။ ပြီးရင်အရည်သေးပဲစစ်ပြီးတိုက်ရမယ်…။ သွားလုပ်လိုက်တော့…"

"အင်း… အင်း… လိုရင်အမေတူးကိုလှမ်းခေါ်လိုက်။ ကျယ်ကျယ်ခေါ်မီးဖိုထဲရောက်နေရင် တော်ရုံတန်ရုံ ဘာမှမကြားရတော့ဘူး… အမေတူးက နားသိပ်မကောင်းဘူး"

"ဟုတ်ကဲ့… ဟုတ်ကဲ့…"

ဒေါ်တူးထွက်သွားတော့… ဦးရာဇာနားမှာလက်ကွဲတစ်ယောက်ပဲ ကျန်ခဲ့သည်။ နဖူးနှင့်ချိုင်းကြားတွေကိုအကြိမ်ပေါင်းများစွာရေခဲဝတ် အုပ်လိုက်မှ ဦးရာဇာ၏ ကိုယ်ပူချိန် တဖြည်းဖြည်းကျဆင်းသွား၏။

သို့သော် ဦးရာဇာမျက်လုံးတွေ ပွင့်မလာသေး…

ခြေတွေလက်တွေ အေးစက်ထုံကျဉ်ပြီး ခေါင်းထဲမှာနောက်ကျိကျို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခြင်းကြောင့်ရှုံ့ချေးဘူးထုတ်ရန် အသင့်ပါလာသည့်လက်ကိုင်အိတ်ကို ဖွင့်လိုက်စဉ်မှာပဲ… …

"သမီး !.."

ဦးရာဇာ ကယောင်ကတမ်းအော်လိုက်သည့်အသံဖြစ်သည်။ လက်ဂွဲ တွန့်ကနဲဖြစ်သွား၏။ သမီးဆိုပါလား? …။ ဦးရာဇာမှာ သမီးရှိလို့လား? …

"သမီးလေး… လက်ဂွဲ…"

အလို! …။ ဒါ… ငါ့ကိုခေါ်နေတာပါလား… …

ရင်ထဲမှာ ကြည်နူးခြင်းတွေကိုခံစားလိုက်ရလေသည်။

"ကျွန်မက… ရှင့်ရင်ထဲမှာ ဒီလောင်တောင်နေရာယူနေပြီလား ဦးရာဇာရယ်…" ဟုတွေးရင်း… ကျေနပ်စွာပြုံးလိုက်မိ၏။

ကျေကျေနပ်နပ်လေးပြုံးနေတဲ့ ထိုအပြုံးလေးသူမမျက်နှာပေါ်မှပျောက် ကွယ်မသွားခင်မှာပဲ… သူမနှလုံးသားကိုထုတ်ချင်း ပေါက်ဖြတ်သန်းသွားမည့် အသံတစ်ခုက ဦးရာဇာနှုတ်ခမ်းမှထပ်မံပေါ်ထွက်လာခဲ့တော့သည်။ ထိုအသံသည် လက်ဂွဲရင်ထဲမှာမိုးကြိုးပစ်သံလိုကျယ်လောင်စွာထစ်ချုန်း မြည်ဟီးကာ… မိုးကြိုးသွားတွေလိုပြင်းထန်စူးရှစွာ နှလုံးသားကိုထုတ်ချင်းခပ် ပေါက်ထွက် ဖြတ်သန်းသွားတော့သည်။

"မဏိရေ…"

ဝိဝိပြင်ပြင် ပြတ်ပြတ်သားသားကြားကြားလိုက်ရတဲ့နာမည်က သူမကို ရုတ်ချည်းပင်အေးစက်တောင့်တင်းသွားစေ၏။

"မဏိရေ… မောင်မှားပါပြီ။ မောင်တောင်းပန်ပါတယ်မဏိရယ်… မောင့်ကိုခွင့်လွှတ်ပါ"

သူမ… မျက်လုံးပြူးသွား၏။

ဘာစကားတွေလဲ? …



ဘာကြောင့်ဒီလိုပြောလိုက်ရတာလဲ? …

ဦးရာဇာ,ကယောင်ကတမ်းရေရွတ်လိုက်တာ… …

ဒါပေမယ့်… ဒါ… ရင်ထဲကလာတဲ့အသံ…။ ရင်ထဲကလာတဲ့စကား တွေ…။ လောကကြီးမှာလက်ဂွဲအမေရဲ့နာမည်ရင်းကိုသိတဲ့သူဟာလက်ဂွဲအပြင် ဘယ်သူမှမရှိနိုင်ဘူးလေ…

အတိတ်ကိုပြည်ဖုံးကားချပစ်ခဲ့တဲ့မေမေဟာ 'ဒေါ်နိုင်မာ' ဆိုတဲ့နာမည် ကိုပဲ တစ်သက်လုံး အသုံးပြုသွားခဲ့တာ… …။ ဦးရာဇာကိုမေမေ့ အကြောင်းတွေပြောပြခဲ့တုန်းကလည်း… မေမေ့နာမည်ကို ထည့်မပြောခဲ့မိ…။ ပြောစရာမလိုလို့ကိုထည့်မပြောခဲ့တာ…။

ဒါဆိုရင်? …

ဒါဆိုရင်… ဦး… ရာ… ဇာ… ဟာ… …

ရင်တစ်ခုလုံးဂုန်းကနဲ ပွင့်ထွက်သွားသလိုခံစားလိုက်ရ၏။

တိမ်ခိုင်မည်းမည်းတွေ…

တဖျတ်ဖျတ်လက်နေတဲ့ လျှပ်စီးကြောင်းတွေအောက်ကလက်ဂွဲပင်ကြီး ကြီးအောက်လယ်မြေ ပေါ်ကငွေစက္ကူထုပ်တွေနဲ့ခဲပတ်ဆေးပြားတွေ…

အရုက်နဲ့အသက်ကိုလဲသွားခဲ့တဲ့ဖိုးဖိုး… တွယ်ရာမဲ့ဘဝနှစ်ခုကို ရှုမသိ သသိအဆုံးသတ်ပစ်ဖို့ ကြိုးစားခဲ့တဲ့မေမေ

ကြွက်ကြွက်ဆူ မွှေနှေမှုကြီးထဲက ပေါက်တူးတစ်လက်နဲ့မေမေ…

ဒဏ်ရာတွေပြည့်နှက်နေတဲ့ နှလုံးသားတစ်ခုနဲ့… မေမေ။ ပြီးတော့… ခါးခါးတွေ… …

အဲဒါတွေအကုန်လုံးရင်ထဲသို့အရှိန်ပြင်းထန်စွာ တိုးဝှေ့ဝင်ရောက်လာကြ သည်။

ဘာတွေဖြစ်ကုန်သည်မသိတော့…

www.burmeseclassic.com

www.burmeseclassic.com



သေချာတာက… လက်ထဲမှာ ဓါးတစ်ချောင်းရောက်ရှိနေခဲ့ပြီ…။

ဦးရာဇာမျက်လုံးတွေက ပွင့်မလာသေး… …

"ရှင်ဟာ… ကျွန်မအမေဆိုတဲ့လူဆိုရင်တော့… ရှင်သိပ်ကံဆိုးသွားပြီ ဦးရာဇာ…"

သူမ… နာကြည်းစွာရေရွတ်လိုက်သည့်အချိန်မှာပဲ… ဦးရာဇာက နာမည်တစ်ခုကိုထပ်မံရေရွတ်ရင်း ငေါက်ကနဲထထိုင်၏။

"မဏီ! …"

တုန်ရင်မောဟိုက်ခြင်းများနှင့် အတူအိပ်မက်ဆိုးမှလန့်နိုးလာခြင်းမျိုးဖြ သည်။ ကြောင်တောင်တောင်ဖြစ်နေတဲ့ ဦးရာဇာမျက်လုံးတွေက အိပ်မက်ကမ္ဘာ နှင့် လက်ရှိဘဝကိုဝေခွဲသုံးသပ်နေပုံရ၏။

"ငါ… ငါ… အိပ်မက်မက်နေတာပါလား…။ ဟူး… ရင်ထွေ တုန်လိုက်တာ…"

ကြောင်တောင်တောင်မျက်လုံးတွေက အခန်းထဲကိုဝေ့ဝဲကြည့်လိုက်ရင်း လက်ကွဲဆီမှာရပ်တန့်သွား၏။

သူမကိုမြင်တော့ ဦးရာဇာ ရင်ထဲမှာပူလောင်နေသမျှတွေ အားလုံ ချက်ချင်းပင် ငြိမ်းအေးသွားရလေသည်။ သို့သော်… အသိစိတ်တို့ ကင်းလွတ် နေတဲ့ခဏလေးမှာပင်… ဦးရာဇာနှလုံးသားထဲမှအခေါ်အဝေါ်တစ်ခုက အ အကွယ်မဲ့စွာထွက် ပေါ်လာခဲ့ပြန်သည်။

"သမီးလေး…။ အဲ… လက်ကွဲ…"

ချက်ချင်းပင်ထွက်ပေါ်လာတဲ့အသံတရားတွေဖြင့် အမြန်ခုံးထိန်း လိုက်ချိန်မှာ 'သမီးလေး…' လို့ခေါ်ပြီးသွားလေပြီ…။

မီးတောက်တွေကို လက်ကွဲရဲ့မျက်ဝန်းတွေထဲမှာတွေ့မြင်လိုက်ရ ဦးရာဇာရင်ထဲမှာဒိတ်ကနဲ ရူးရှူးပူလောင်သွား၏။ ပြီးတော့… လက်ထဲကဓါးကိုလည်းမြင်တွေ့လိုက်ရ၏။



"လက်ကွဲ…"

"… … …"

"လက်ကွဲ… မင်းဘာဖြစ်နေတာလဲ…"

"ရှင်… ကျွန်မအမေ မဟုတ်လားဦးရာဇာ"

ကြောက်စရာအကောင်းဆုံးမေးခွန်း… သမီးလေးကမေးလိုက်တာ…။

"မင်းဘာဖြစ်နေတာလဲလက်ကွဲ။ လက်ထဲမှာလည်းဓါးကြီးနဲ့…"

"ကျွန်မမေးတာကိုပဲဖြေပါ။ ရှင်ကျွန်မအမေမဟုတ်လား…"

သတိထား… အဲဒီ မေးခွန်းနောက်ကွယ်မှာ အန္တရာယ်တွေရှိတယ်… ဟု ကိုယ့်ကိုယ်ကိုယ်သတိပေးရင်း ခပ်တည်တည်နှင့်ပြန်ဖြေလိုက်ရ၏။

"မင်းဘာဖြစ်နေတာလဲ လက်ကွဲ…။ မင်းမေးတဲ့မေးခွန်းကအဆက်အစပ် မရှိဘူး…"

"မညာနဲ့ ဦးရာဇာ။ ရှင်… ကယောင်ကတမ်းနဲ့ ကျွန်မအမေရဲ့ နာမည်ကို ရေရွတ်လိုက်တယ်"

ဟုတ်လား…၊ ငါ… ငါ… မဏီနာမည်ကို ရေရွတ်လိုက်မိသလား။ ဘုရားကယ်ပါ…။

" မင်း… မင်း နားကြားလွဲ…"

"ကျွန်မ သုံးကြိမ်တိတိ နားကြားမလွဲနိုင်ဘူးဦးရာဇာ။ ရှင့်ပါးစပ်က၊ ကယောင်ကတမ်းပြောနေတဲ့ စကားတွေရဲ့ အသွားအလာ…။ ပြီးတော့… ဆင်တူဖြစ်ဖို့မလွယ်တဲ့ ကျွန်မအမေရဲ့နာမည်…။ ဒီလောကမှာ ဒီနာမည်ကို မှတ်မှတ်သားသား ရှိနေနိုင်တဲ့သူဟာ… ကျွန်မကလွဲရင် ဘယ်သူဖြစ်နိုင်ဦးမှာလဲ? …။ အမှန်အတိုင်း ဝန်ခံလိုက်စမ်းပါ။ ရှင်သတ္တိမရှိဘူးလား ဦးရာဇာ…"

www.burmeseclassic.com

www.burmeseclassic.com



"မင်း… မင်း… မှားနေပြီ လက်ဖွဲ့…"

"မမှားဘူး…"

အေးစက်ပြတ်သားတဲ့အသံကြောင့် ဦးရာဇာ နောက်သို့ အနည်းငယ် ဆုတ်သွား၏။

"လုံးဝမမှားဘူး။ ရှင်ဟာ… ကျွန်မကို ရှင့်သမီးဆိုတာ…သိကိုသိနေတယ်။ ဒါကြောင့် ရှင့်ရဲ့စည်းစိမ်တွေကို ပုံအပ်ချင်ခဲ့တာကိုး…။ ဟား… ဟား…ဟား… ရှင့်အပြစ်တွေကို ရှင် မလုံမလဲဖြစ်နေလို့ ကာကွယ်လိုက်ချင်တာ…။ ဟုတ်တယ်… ကျွန်မ အခုမှ သဘောပေါက်တယ်။ ရှင်နဲ့ကျွန်မ… အဆက်အစပ်မဲ့စွာ ဘာလို့သွေးချင်းတူနေရတာလဲ?…။ ကုပ်ပေါ်မှာရှိနေတဲ့ မှဲ့ကလည်း တစ်ထေရာတည်း… တစ်ရောင်တည်း။ ကြည့်စမ်း… အခုမှ သေသေချာချာကြည့်မိတယ်… လက်စသတ်တော့ ကျွန်မရဲ့နှုတ်ခမ်းတွေ မျက်လုံးတွေက ရှင်နဲ့ တူနေပါလား…"

"ဒါ…ဒါ…တိုက်ဆိုင်မှု…"

"ဟား…ဟား…ဟား… တိုက်ဆိုင်မှု…ဟုတ်လား ဦးရာဇာ… ထားပါတော့။ ဒါဆို… ရှင် ကယောင်ကတမ်းရေရွတ်လိုက်တဲ့ စကားတွေထဲမှာ ကျွန်မအမေနာမည်က ဘာလို့အတိအကျပါနေရတာလဲ?…။ ကျွန်မကိုလည်း 'သမီး' တဲ့…။ မေမေ ကျွန်မကို ဘာကြောင့် ဆရာဝန်တစ်ယောက် သိပ်ဖြစ်စေချင်ခဲ့ရတာလဲဆိုတာ အခုမှ သဘောပေါက်တော့တယ်။ လက်စသတ်တော့ ကျွန်မအဖေက ဆရာဝန်ကြီးကိုး…

**စိမ်းအတွက် တစ်သက်လုံး ခါးသီးစွာခံစားနေရတဲ့ သူမခံစားချက်တွေတို့က အထွတ်အထိပ်သို့ ရောက်ရှိခဲ့လေပြီ။ သူမ… ဘာကိုမျှမမြင်တော့…။ သူမ… ဘာကိုမျှမသိတော့… အပြင်းထန်ဆုံးသောစိတ်ခံစားမှုတွေကြောင့်… သူမ ရူးသွပ်သွားခဲ့ပြီထင့်…**



သူမက… ရှေ့သို့ တဖြည်းဖြည်းတိုးလာနေ၏။

"မဟုတ်ဘူး… မင်းမှားမယ် လက်ဖွဲ့။ ငါ…ငါ… မင်းအဖေမဟုတ်ဘူး…"

သူမက ဦးရာဇာ အေးစက်စွာကြည့်ရင်း…ပြုံး၏။ တစ်ခြမ်းတည်းသော နှုတ်ခမ်းကို ကွေးညွတ်ပြီးပြုံးလိုက်ပုံက… စိတ္တဇလူသတ်သမား တစ်ယောက်၏ အပြုံးမျိုး… …

"ဟင်း…ဟင်း… ကြည့်စမ်း… ရှင် သိပ်ကြောက်နေတယ်… ခြေတွေလက်တွေကိုတုန်လို့…။ ရှင် ဘယ်လောက်ပဲငြင်းငြင်း ရှင် အခုဖြစ်နေတဲ့ ပုံစံတွေက 'ကျွန်မအဖေပါ' လို့ဝန်ခံနေတယ်။ ရှင့်မျက်လုံးတွေ… ရှင့်နဖူးပေါ်က ချွေးစက်တွေက ကျွန်မကို 'သမီး' လို့ခေါ်နေကြတယ်…အဲဒီအသံတွေကို ကျွန်မ ကြားနေရတယ်။ ရှင် ဘာငြင်းဦးမလဲ ဦးရာဇာ။ တစ်ကိုယ်ကောင်းသမားကြီး၊ အတ္တသမားကြီး၊ လူသတ်သမားကြီး…"

ကျွန်တော် ဘာမှ မပြောတတ်တော့…

ကျွန်တော့်မှာ ထွက်ပေါက်မရှိတော့…

သူရူးတစ်ယောက်လို တတွတ်တွတ်ရေရွတ်ရင်း… တဖြည်းဖြည်း တိုးလာနေတဲ့သမီးလေးကိုကြည့်ပြီး ရင်ထဲမှာ ဆို့နင့်နေ၏။

ဆွံ့အနေတဲ့ပါးစပ်တွေက ဘာသံမှ ထွက်လို့မရတော့…

ထိုင်လျက်မှ နောက်သို့ ဆုတ်လိုက်သည်တွင်…ဝမ်းဗိုက်က မျက်ခနဲ နာ၏။

သမီးလေးက တရွေ့ရွေ့ တိုးလာနေဆဲ…

ခြေထောက်တွေကို ကြွလို့မရတော့… …

ခြေလက်တွေ စေးကပ်သွားစေတဲ့အထိ ပြင်းထန်သော ကြောက်စိတ်တို့က တစ်ကိုယ်လုံးသို့ ဖြန့်ကြက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်… သေရမှာကို ကြောက်တဲ့စိတ်မျိုးမဟုတ်…။

သမီးလေး ငါ့ကိုသတ်ရင် လူသတ်မှုနဲ့ ထောင်ကျသွားမှာပေါ့…

ဘဝအဆက်ဆက် မကျွတ်တမ်း ငရဲခံရတော့မှာပေါ့…

အမလေး… ငါ့သမီးလေး အဲဒီလို မဖြစ်စေရဘူး… …

အားတင်းပြီး ဘေးကိုဆုတ်လိုက်တဲ့အခါ… ခုတင်ပေါ်မှ ပြုတ် လေသည်။

"အား…"

အသည်းနိုက်အောင် နာကျင်တဲ့ဝေဒနာကို ဂရုမစိုက်အား…။ ခ ချင်း ထ,ထိုင်လိုက်ရ၏။

"ဟား…ဟား…ဟား… သိပ်ကြောက်နေသလား ဦးရာဇာ။ ကြည့် ဦး… ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေကျလို့။ စိတ်ချ… ဒီနေ့ဟာ ရှ နောက်ဆုံးနေ့ပဲ…"

"မဟုတ်ဘူးသမီး… ဖေဖေ သေရမှာကိုမကြောက်ဘူး။ ဖေ သေရဲတယ်။ ဖေဖေကြောက်တာက… သမီးလေး… ငါ့သမီးလေးဘဝ မှာကိုကြောက်တာ… သမီးလေး ငရဲရမှာကိုကြောက်တာပါ သမီးရယ် ဖေဖေ့သမီးလေး ငရဲမကျစေချင်လို့ပါ။ မှန်သောသစ္စာစကားပါ သ ရယ်… ဟီး…ဟီး…ဟီး… …

သမီး မယုံရင်…လက်ထဲကဓားကြီး ဖေဖေ့ကိုပေးလိုက်… ဖေ ဘာသာ အဆုံးစီရင်ပစ်လိုက်မယ်။ သမီး…သမီးလေး…အဲဒီဓားကြီး ဖေ ကိုပေးလိုက်စမ်းပါ သမီးရယ်။ ဖေဖေရဲ့သေခြင်းတရားကို သမီးလေး ပါစေမယ်…။ ဖေဖေ ကိုယ့်ကိုယ်ကို သတ်သေလိုက်ပါရစေ… သ သမီး… ငါ့သမီး မှားမယ်… …"

လက်ကွဲ ဘာစကားမှ မပြောတော့…။



ကြောက်မက်ဖွယ်ရာအပြုံးကို အေးစက်စွာပြုံးရင်း…စက်ရုပ်တစ်ရုပ်လို တစ်လှမ်းချင်း တိုးကပ်လာနေ၏။ ထိုင်လျက်မှ လက်ကိုအားပြုပြီး နောက်သို့ဆုတ်နေရတဲ့ ဦးရာဇာ နောက်ကျောကနံရံနှင့် အလွန်နီးကပ်လာပြီ ဖြစ်သည်။

ဦးရာဇာ အတွက် ပြေးစရာမရှိတော့…

မကြာခင်မှာပဲ နောက်ကျောနှင့် နံရံတို့ ထိကပ်သွား၏။

"သမီး… ငါ့သမီး မှားမယ်…။ ဖေဖေ့ကြောင့် သမီးလေး ငရဲကျ မခံချင်ပါနဲ့နော်…အဲဒီဓားကြီး ဖေဖေ့ကိုပေးလိုက်စမ်း။ ဖေဖေ ကိုယ့်ဘာသာ သတ်သေလိုက်မယ်လို့ သမီးကို ကတိပေးတယ်။ မလုပ်ပါနဲ့သမီးရယ်… အီး ဟီး…ဟီး… ဖေဖေ ကတိပေးပါတယ်။ ဖေဖေ့ကိုယ်ဖေဖေ သတ်သေ လိုက်ပါရစေ သမီးရယ်…"

သွေးပျက်မတတ် ငိုယိုတောင်းဆိုနေခြင်းတွေကို သူမ, မကြားတော့… သူမျက်ဝန်းထဲမှာ မီးတောက်တွေကြားမှ မိခင်ဖြစ်သူ၏ ပုံရိပ်တွေကိုသာ မြင်နေရလေသည်။

တဖြည်းဖြည်းချဉ်းကပ်လာတဲ့ သူမခြေလှမ်းတွေက ဦးရာဇာ ရှေ့တည့်တည့်မှာ ရပ်တန့်သွားပြီး ဦးရာဇာကို အေးစက်ပြုံးကြောင်စွာ ကြည့်နေ၏။

'ဘုရား…ဘုရား…။ သမီးလေး ငါ့ကို တကယ်သတ်တော့မှာပါလား… ဘယ်လိုမှ တားလို့မရတော့ဘူး။ ဒါ…ဒါဟာ ငါ့ရဲ့နောက်ဆုံး အချိန်ပဲ… ဘုရားကယ်ပါ… သမီးလေးကို ဘုရား ကယ်ပါ။ ငါ့ကိုသတ်လို့ သမီးလေး ဘယ်တော့မှ ငရဲမရောက်ပါစေနဲ့… ငါ့ကို သမီးလေးသတ်တာ မဟုတ်ဘူး… ငါ့အပြစ်တွေက ငါ့ကို ပြန်သတ်တာ… ဒါတွေကို ဘုရားတွေ နတ်တွေ အားလုံး သိကြပါစေ…။ သမီးမှာ အပြစ်မရှိဘူး…။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သမီးလေးကို ထာဝရ ခွင့်လွှတ်တယ်…’ဟု စိတ်ထဲမှရေရွတ်ရင်း သမီးမျက်နှာလေးကို နောက်ဆုံးအကြိမ်အဖြစ် အားရပါးရ ကြည့်လိုက်မိ၏။

မျက်လုံးတွေကို စုံမှိတ်ထားလိုက်မိတော့သည်။

သမီးလေး‥ ဘဝအပြစ်မှမရှိတဲ့ သမီးလေး…

“ဖေဖေ သမီးလေး ဘဝအဆက်ဆက် ကျန်းမာချမ်းသာပါစေကွယ်… … …”

နောက်ဆုံးအကြိမ်အဖြစ် သမီးလေးအတွက် တောင်းလိုက်မိတဲ့ ဆုတောင်းပါ… …။

**မိဘတို့၏ အနှိုင်းမဲ့သော ချစ်ခြင်းမေတ္တာကား… ဤနေရာတွင် အဆုံးသတ်ရပြီ…** …

ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး မြှောက်လိုက်တဲ့ သူ့မလက်တွေက… လေထဲမှာပင် ရပ်တန့်သွား၏။

*“သ‥ မီး…။ မှား‥မယ်…”*

ဟင်!‥ မေမေ…

ဒါ‥ မေမေ့အသံ…

ဟုတ်တယ်… မေမေ့အသံလေး…

လေဖွေ့လိုက်သလို လွင့်လာတဲ့ အသံပါးပါးလေး… …

သတိထားမိလိုက်တာက‥ ဦးရာဇာ ဝမ်းဗိုက်မှာ စို့ခနဲ စွန်းထင်လာတဲ့သွေးစက်တွေ…(ချုပ်ရိုးမကျက်သေးတဲ့ဒဏ်ရာမှ စီးထွက်လာသော သွေးစက်များဖြစ်၏။)

အနီရောင်သွေးစက်တွေ…

လက်ကွဲရဲ့ခန္ဓာကိုယ်အနှံ့မှာ လည်ပတ်စီးဆင်းနေတဲ့ အနီရောင်ရင့်ရင့်



သွေးတွေ။ သူ…သူ… ရက်ရက်ရောရော ပေးလှူခဲ့တဲ့ သွေးတွေ…

“သမီး…”တဲ့…။

သက်ဦးတို့အုပ်စုနဲ့ ရန်ရင်းဆန်ခတ်တွေဖြစ်နေတဲ့အချိန်မှာ သူ့အော်တဲ့အသံ…။

စိုးရိမ်မှုတွေအပြည့်နဲ့ ဝမ်းခေါင်သံကြီးနဲ့ ခေါ်လိုက်တဲ့အသံ…

“မင်း‥မင်း‥ ဘာမှမဖြစ်ပါဘူးနော်‥”တဲ့…။

ဓားဒဏ်ရာမှ သွေးစိမ်းရှင်ရှင်တွေ စီးထွက်နေသည့်ကြားမှ သူ့ရဲ့ စိုးရိမ်မှုတွေ… …

*‘ထိုးချလိုက် လက်ကွဲ‥ ထိုးချလိုက်တော့‥’*

ဟင့်အင်း…။ ဒါ‥ဒါ‥ အဖေ…။ ငါ့အဖေ… …

ဆန့်ကျင်ဘက်အရုပ်နှစ်ခုတို့ အားပြိုင်လွန်ဆွဲနေသည့် တိုက်ပွဲတစ်ခုက သူမရင်ထဲမှာ ပြင်းထန်စွာပေါက်ကွဲနေ၏။

သို့သော်…သူမနှလုံးသား၏ အနက်ရှိုင်းဆုံးနေရာတစ်ခုတွင် လှို့ဝှက်ကွက်နိုးအောင်နေခဲ့သော အရာတစ်ခုက ထင်ရှားပြတ်သားစွာ ထွက်ပေါ်လာခဲ့ပါတော့သည်။

ထိုအရာသည်…အလွန်အင်မတန် အင်အားကြီးမားသော…

အလွန်အင်မတန်ခန့်ကြယ်သော…

အလွန်အင်မတ်လှပသိမ်မွေ့သော… မေတ္တာတရား…

ပြီးတော့‥အချစ်…။

**ဒါ…ငါ့အဖေတဲ့…**

ဟင့်အင်း…မချစ်နဲ့‥မချစ်နဲ့‥

*‘စဉ်းစား လက်ကွဲ‥ သေသေချာချာစဉ်းစား။ နင် အလိုရှိခဲ့သော သူ့ရဲ့သေခြင်းတရားလေ… သူ့ကို သတ်လိုက်တော့‥’*

www.burmeseclassic.com

www.burmeseclassic.com



မလုပ်နဲ့…။ ဒါ…ငါ့အမေ။ ငါ သူ့ကိုချစ်တယ်…

ဆန့်ကျင်ဘက်အရပ်နှစ်ခုကို လွန်ဆွဲနေတဲ့စိတ်တွေမှ အဖြေတစ်ခုး ထွက်မလာခင်မှာပဲ သူမလက်ထဲမှဓားက ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား လေတော့သည်။

ဖြောခနဲစီးကျလာတဲ့ သူမမျက်ရည်တွေက ကြမ်းပြင်ပေါ်မှ ဓားပေါ် သို့ သက်ဆင်းသွားကြ၏။ တုန်ယင်နေတဲ့ သူမ့ခြေထောက်တို့က…နောက်သို့ တစ်လှမ်းချင်းဆုတ်၏။

"ရှင်…ရှင်… တကယ်ကိုကံကောင်းတယ်။ ကျွန်မ… ကျွန်မ ရင်ထဲမှာ အမေ ဆိုတဲ့ လူတစ်ယောက်အတွက် အချစ်တွေရှိနေတယ်တဲ့ အံ့ဩလိုက်တာ…အံ့ဩလိုက်တာ… … အား!…"

နောက်ကိုမကြည့်ဘဲ…နောက်ပြန်လျှောက်လာတဲ့သူမ… ခုတ ခြေရင်းမှာချထားသည့်ခုံပုလေးကိုတိုက်မိပြီး နောက်ပြန်လဲကျသွားလေ သည်။

"သမီး…"

ဦးရာဇာ ငေါက်ခနဲထ,ရပ်ပြီး သူမဆီသို့ ခြေလှမ်းလိုက်၏။

"သမီးလေး…"

"မလာနဲ့…။ ရှင် မလာနဲ့… ရှင် ကျွန်မနားကို မလာပါနဲ့။ ဟီး…ဟီး… ရှင် သိပ်ကံကောင်းလွန်းတယ်။ ကျွန်မတို့သားအမိရဲ့ ချစ် တွေကို အကုန်လုံးရလိုက်တယ်။ မေမေက သေတဲ့အထိ ရှင့်ကိုချစ် တယ်…။ အခု…ကျွန်မရင်ထဲမှာလည်း ရှင့်ကိုချစ်တဲ့အချစ်တွေရှိနေ ရှင် မတရားဘူး…အီး ဟီး…ဟီး…။ ရှင် လုံးဝမတရားဘူး… ကျွန်မ မုန်းတယ်…သိပ်မုန်းတယ်…"

သူမ… ရိုက်ကြီးတငင်ငိုကြွေးရင်း ပြေးထွက်သွားလေတော့သည်။



သူမ ခြေလှမ်းတွေက…ဝေဒနာတို့၏ စုဝေးရာဖြစ်သော ပန်းချီကားကြီးဆီ သို့ ဦးတည်နေ၏။

သူမ ခြေဖဝါးနုနုတို့မှာ ဖိနပ်ပင် ပါမလာခဲ့တော့…

သူမ၏ ကားနီနီလေးက ဦးရာဇာအိမ်ရှေ့တွင် တိတ်ဆိတ်စွာကျန်ရစ် ခဲ့၏။

"မေမေရေ… …"

✧ ✧ ✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com



(*)

မျက်ရည်တို့ တသွင်သွင်စီးကျနေသည့် မျက်လုံးတစ်စုံ၏ မမှိတ်မသုန်သောအကြည့်တွေက… ပန်းချီကားကြီးပေါ်မှာပင်ရှိနေ၏။

လက်ကွဲတစ်ယောက် ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ပန်းချီကားကြီးကို မော့ကြည့်နေခဲ့တာ နာရီတွေ တော်တော်ကြာသွားခဲ့ပြီကော… …

စက္ကန့်၊ မိနစ်တွေ မရပ်မနား လည်ပတ်နေသည့်တိုင် သူမ တစ်ချက်လေးမျှမလှုပ်…။

✧ ✧ ✧ ✧ ✧



( * )

မျက်ရည်တို့ တသွင်သွင် စီးကျနေသည့် မျက်လုံးတစ်စုံ၏ မမှိတ်မသုန်သောအကြည့်တွေက… ပန်းချီကားကြီးပေါ်မှာပင် ရှိနေဆဲ… ။

ထို့သော်… သူမ၏ အသံတိတ်ရင်တွင်းစကားတို့ စတင်လေပြီ… ။

မေမေ… သမီးသူ့ကိုတွေ့ပြီ… ။

သူ… သမီးအဖေတဲ့…

အဲဒီလူဟာ သမီးအဖေတဲ့… ။

ဦးရာဇာက သမီးအဖေတဲ့ မေမေ…

သမီးကို လောကကြီးထဲ ဝင်လာဖို့သဘောမတူတဲ့သူ… ။ မေမေ့ဘဝတစ်ခုလုံးကို ရှင်လျက်နဲ့ အသက်မဲ့သွားအောင် ပြုစားထားခဲ့တဲ့လူလေ…။ ရက်စက်တဲ့လူသားကြီးလေ မေမေရဲ့… ။

မေမေ့ဘဝကြီးတစ်ခုလုံးနဲ့ရင်းပြီး အရှုံးကြီး ရှုံးနိမ့်ခဲ့ရတဲ့… မေမေ နာကျည်းခဲ့ရတဲ့… မေမေ သိပ်နာကြည်းခဲ့တဲ့သူလေ မေမေ…

ဟောဒီ လက်ပွဲပင်ကြီးအောက်မှာ သမီးကို သေဒဏ်ပေးသွားခဲ့တဲ့… မေမေ့ကို ရက်ရက်စက်စက် စွန့်ပစ်သွားခဲ့တဲ့လူကြီးလေ မေမေရဲ့… …

အခု… အခုလည်း သမီးရှုံးပြန်ပြီမေမေရယ်… သမီး သူ့ကို မရက်စက်နိုင်ခဲ့ဘူး။ သမီး ပျော့ညံ့တာကို မေမေခွင့်မလွှတ်နဲ့။ သမီးကို ခွင့်မလွှတ်လိုက်နဲ့ မေမေ။ မေမေ့အတွက်… ကလဲ့စားချေဖို့ ထားခဲ့တဲ့ သမီးရည်ရွယ်ချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသွားခဲ့ပြီ… ။ သမီး မေမေ့အတွက် ကလဲ့စားချေနိုင်လျှက်နဲ့ မချေ ဖြစ်ခဲ့ဘူး… ။

အံ့ဩစရာကောင်းလိုက်တာမေမေ… သမီးရင်ထဲမှာ 'အဖေ'ဆိုတဲ့ လူအတွက် 'အချစ်တွေ'ရှိနေတယ်တဲ့…။ အမှတ်မရှိတဲ့ နှလုံးသားက အဖေ ဆိုတဲ့လူကို ချစ်နေတယ်တဲ့မေမေရဲ့… ။ သမီးအသည်းတွေ မမာပါလား မေမေရယ်… မေမေ လေ့ကျင့်ပေးထားခဲ့တာတွေ အလကားဖြစ်ကုန်ပြီ မေမေရဲ့… …

အဲဒီလူကြီးမတရားဘူး။ မေမေ့အချစ်တွေကိုရော သမီးအချစ်တွေကိုပါ မတန်မရာယူသွားတယ်။ သမီး မကျေနပ်ဘူးမေမေ… သမီး ဘာမှအသုံးမကျ ဘူး။ သမီးကို ခွင့်မလွှတ်ပါနဲ့တော့ မေမေရယ်… …

သူမ…. ပန်းချီကားကြီးရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ရင်း သည်းထန်စွာ ငိုကြွေးနေပါတော့သည်။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးကျော်လွန်သွားတာကို သူမ မသိ—

ထိုနေရာလေးမှာပင် ကျောက်ရုပ်တစ်ရုပ်လို တိတ်ဆိတ်စွာ ကြေ နေဆဲရှိ၏။

ငါ… ဘာလို့ မလုပ်နိုင်ခဲ့ရတာလဲ? … ။ ညည်းလိုက်တာ…

တစ်သက်လုံး အားခဲလာခဲ့သည့်အလုပ်တစ်ခုကို အခွင့်သာလျှက် အောင်မြင်စွာ မလုပ်နိုင်ခဲ့သော ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရဖြစ်နေမိသော သည်။ ထိုစဉ်မှာ… တစ်ချိန်က မေမေပေးခဲ့ဖူးသော စာလေးတစ်စောင် ဖျတ်ကနဲ သတိရလိုက်မိ၏။

"ရွှေသမီး… ဒီစာကို တစ်သက်လုံး မပျောက်ပျက်အောင် သိမ်း ထား။ ဘယ်တော့မှ ဖွင့်မဖတ်နဲ့။ အေး… ဖွင့်ဖတ်ရမယ့် အချိန်တစ်ခု ရှိတယ်။ အဲဒီအချိန်ဟာ သမီးအဖေဆိုတဲ့လူနဲ့ ကံကြမ္မာရဲ့အလိုအရ ဆုံ တဲ့အချိန်ပဲ… ။



ဒီစာကို ဖွင့်ဖတ်တဲ့အချိန်မှာ… သမီး အဖေ ဘယ်သူဘယ်ဝါဆိုတာ ကို တိတိကျကျသိပြီးတဲ့အခြေအနေမျိုးပဲ ဖြစ်ပါစေသမီး…"တဲ့…။

မေမေမှာခဲ့တဲ့စကား…

ဟုတ်တယ်… ။ မေမေမှာခဲ့တဲ့အတိုင်း ဒီနေ့အထိ ဖွင့်မဖတ်ဘဲ သိမ်းထားခဲ့တဲ့ စာလေးတစ်စောင် လက်ဖွဲ့မှာရှိတယ်… ။

အခု… အဲဒီစာကို ဖွင့်ဖတ်လို့ရပြီ။

ဒီအချိန်ဟာ… မေမေ့စာလေးကို ဖွင့်ဖတ်ရမယ့်အချိန်ပဲ… …

မေမေ့စာလေးကို လက်ဖွဲ့ သေသေချာချာသိမ်းထားခဲ့တာ…

ငွေဘူးလေးထဲမှာထည့်ပြီး သေသေချာချာသိမ်းထားခဲ့တာ။

ထိုငွေဘူးလေးက မီးခံသေတ္တာထဲတွင် ရှိနေသည်။

ဆတ်ကနဲထရပ်ပြီး အပေါ်ထပ်သို့ ပြေးတက်လာမိတော့သည်။

မီးခံသေတ္တာကို ဖွင့်လိုက်တော့… ရတနာမျိုးစုံတို့ရဲ့အလယ်မှာ ထိုဘူး လေးက တင့်စွာရှိနေလေသည်။

တုန်ရင်သောလက်အစုံဖြင့် ငွေဘူးလေးကို ယုယစွာ လှမ်းယူလိုက်၏။

ငွေဘူးလေးကို မြတ်နိုးစွာ နမ်းရှိုက်လိုက်ပြီး… ထိုဘူးမှာပင် ငွေကြိုး လေးဖြင့် တွဲသီထားသော ငွေသော့တံလေးဖြင့် လှည့်ဖွင့်ပစ်လိုက်သည်။

ငွေဘူးလေးထဲတွင် အဖြူရောင်စာအိတ်လေးတစ်အိတ်သာရှိနေ၏။

စာအိတ်လေးကို ရင်မှာအပ်လိုက်မိသောအခါ… မေမေ့ရဲ့မေတ္တာတွေ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသလို ခံစားလိုက်ရလေသည်။

လက်ဖွဲ့ဘဝကို အရာရာမှာ စနစ်တကျ ဖြစ်စေခဲ့တဲ့မေမေဟာ… ဒီစာလေးထဲမှာ ဘာတွေဆက်ပြီး ညွှန်ကြားလမ်းပြဦးမှာပါလိမ့်? …

ကြည်နူးစွာတွေးရင်း… စာအိတ်လေးကို ဖွင့်ဖတ်လိုက်မိပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီညာဝိုင်းစက်တဲ့ မေမေ့လက်ရေးလေးတွေကို မြင်ရတော့... ရင်ထဲမှာ ကျဉ်ကနဲနာ၏။ မျက်ရည်တို့က အတားအဆီးမဲ့စွာ ကျဆင်းကြပြန်သည်။

မေမေ့သမီးလက်ဝဲလေး...

သမီးအဖေရဲ့ရင်ထဲမှာ... သမီးအတွက် ဖခင်တစ်ယောက်ရဲ့ နှလုံးသား တစ်ခုရှိနေရဲ့လားဆိုတာကို အရင်ဆုံးလေ့လာပါ။

သမီးတစ်ယောက်အတွက်... ဖခင်တစ်ယောက်ရဲ့ နှလုံးသားဆိုတာ... အနှိုင်းမဲ့သော အကြင်နာမေတ္တာတရားတွေ၊ လုံခြုံမှုပေးစွမ်းနိုင်ခြင်းတွေ၊ အဆုံးအစမဲ့သော စေတနာသဒ္ဓါတရားတွေနဲ့ တည်ဆောက်အပ်သော အရာဖြစ်တယ်။ အဲဒီနှလုံးသားတစ်ခု ရှိနေမှလည်း ဖခင်ဖြစ်ထိုက်သူလို့ ခေါ်တယ်။

တကယ်လို့ သမီးအဖေဟာ... သမီးအတွက် ဖခင် မဖြစ်ထိုက်တဲ့ ပုံစံမျိုးနဲ့ ရှိနေခဲ့မယ်ဆိုရင်... **သူ့နဲ့ အဝေးဆုံးနေရာကို သမီးထွက်သွားရမယ်။**

တကယ်လို့ **သမီးအဖေဟာ**... သမီးအတွက် ဖခင်ဖြစ်ထိုက်တဲ့ လူမျိုးဖြစ်နေခဲ့မယ်ဆိုရင်**တော့... သမီးအဖေအဖြစ်** လက်ခံလိုက်ပါ။

သမီးအဖေရဲ့ **အကြင်နာမေတ္တာရိပ်မှာ**၊ သမီးအဖေရဲ့ရင်ခွင်မှာ... မေမေ့ကိုယ်စား ခိုလှုံပေးပါသမီး။ ဒါဆိုရင် မေမေဟာ သူ့ရဲ့ ချစ်ခြင်းမေတ္တာတွေကို ရနိုင်ခဲ့တယ်လို့ ယူဆလိုက်မယ်။

ဘာဖြစ်လို့လဲဆိုတော့... သမီးလေးဟာ မေမေ့ရဲ့ ကိုယ်ပွားလေး မဟုတ်လား....

**တကယ်တော့ မေမေဟာ သမီးအဖေရဲ့ရင်ခွင်မှာသာ အမြဲခိုလှုံချင်သူပါ သမီးရယ်...**



သမီးအဖေရဲ့ မေတ္တာတွေကို အပြည့်အဝရရှိတယ်လို့ သမီးယူဆလိုက်တဲ့နေ့ဟာ.. အနီရောင်တွေကို သမီးထားခဲ့ရ စွန့်လွှတ်ရတော့မယ့်နေ့ပဲ။ သမီးနားလည်ပါတယ်နော်...။

သမီးအဖေဟာ... မေမေ့သမီးလေးအပေါ်မှာ မေတ္တာနိုင်တွေ မစဲတမ်းရွာချပေးနိုင်သူဖြစ်ပါစေလို့ မေမေဆုတောင်းပေးခဲ့ပါတယ်။

**မေမေ**

**ခင်မထိ**

"မေမေရယ်... ..."

မေမေ့စာလေးကို ဖတ်ပြီးကြေကွဲစွာ ရှေ့ဆက်လိုက်မိပါတော့သည်။

မေမေဟာ ဘယ်လောက်များ ဖိုးကျူးစရာ ကောင်းလိုက်ပါသလဲ...

'အဖေ' ဆိုတဲ့ လူတစ်ယောက်နဲ့ တစ်ချိန်ချိန်မှာ ဆုံတွေ့ခဲ့ရလျှင်... ကျွန်မအဖေဟာ ကျွန်မအတွက် ဖခင်မပီသတဲ့ လူတစ်ယောက် ဖြစ်နေခဲ့ပါက.. ကျွန်မနှလုံးသားမှာ အဖေ့ကြောင့် ဝမ်းနည်းကြေကွဲခြင်းတွေ၊ စိုးရွံ့အားငယ်ခြင်းတွေ၊ ပူဆွေးသောကတွေ မခံစားရလေအောင်၊ ထိုစိတ်တွေကြောင့် ကျွန်မဘဝ တိမ်းစောင်းမသွားအောင်... ကျွန်မကို ပုံစံအမျိုးမျိုးတွေချပြီး ခံနိုင်ရည်ရှိအောင် ငယ်ငယ်လေးကတည်းက လေ့ကျင့်ပျိုးထောင်ပေးခဲ့သလို...

ကျွန်မအဖေဟာ... ကျွန်မအတွက် ဖခင်ပီသတဲ့ သူတစ်ယောက်ဖြစ်နေခဲ့လျှင်လည်း.. ကျွန်မ ဆက်လက်ရှင်သန်နေထိုင်ရမယ့် ဘဝပုံစံတစ်ခုကို ညွှန်ပြပေးခဲ့ပြန်ပါသည်။

မေမေဟာ ဖေဖေ့ကို အချစ်ကြီးချစ်ပြီး နာကြည်းနေခဲ့တယ်ဆိုပေမယ့်... မေမေ့နာကြည်းမှုတွင် သမီးနဲ့အဖေကို ချစ်လျှက်နှင့် ကွေကွင်းသွားစေလိုတဲ့ စေတနာတွေမရှိ။ ဒါဟာ... ဘယ်လောက်ဖြူစင်တဲ့ နာကြည်းမှုပါလဲ? ....

www.burmeseclassic.com

www.burmeseclassic.com



အတိတ်တွေကိုပြည့်ဖုံးကားချပြီး၊ ကံကြမ္မာရဲ့အလိုအတိုင်းသာ သမီးနဲ့ အမေကို ဆုံတွေ့စေလိုခဲ့ခြင်းဟာလည်း… ကျွန်မအတွက်ရောမေမေ့အတွက်ပါ ထွက်ပေါက်တစ်ခုပေးထားခဲ့ခြင်းပဲ ဖြစ်မှာပါ…။

ဘာဖြစ်လို့လဲဆိုတော့… မေမေ့ရဲ့ အကွက်ကျကျ စီမံထားရှိခဲ့ခြင်းတွေကြောင့်… ကျွန်မတို့ သားအမဆုံတွေ့ခဲ့ကြလျှင် ကျွန်မတို့ရဲ့ ဆက်နွယ်ပတ်သက်မှုကို အရင်ဆုံး သိနိုင်မည့်သူက ဖေဖေပဲဖြစ်သည်။ ကျွန်မက မေမေ့ထက် အရင်သိနိုင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်…

ထိုအချိန်မှာ ကျွန်မကို ဖေဖေလက်မခံနိုင်လျှင်၊ တိတ်တိတ်လေးရှောင်ထွက်သွားလို့ ရနိုင်သည်မဟုတ်လား… …

ဒါဟာ… မေမေ့အတွက်တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အရေးတစ်ခုဖြစ်သလို၊ ကျွန်မနှလုံးသားမှာ ဒဏ်ရာတွေထပ်မရအောင် ကာကွယ်ခဲ့ခြင်းလည်း ဖြစ်မည်။

တကယ်လို့… ကျွန်မအမေဟာ ဖခင်မပီသတဲ့ လူတစ်ယောက်ဖြစ်နေခဲ့ရင်တော့၊ ကျွန်မကပဲ အဝေးဆုံးကို ထွက်ခွာသွားရမယ်တဲ့…။

ဒါဟာ… ကျွန်မကြောင့် ဖေဖေစိတ်အနှောင့်အယှက် မဖြစ်စေလိုတဲ့သဘော… နားကြည်းမှုတွေကြောင့် ကျွန်မဖေဖေ့ကို လက်စားချေမိမှာတွေ ဖေဖေထိခိုက် နစ်နာအောင် ကျွန်မလုပ်မိမှာတွေကို တားမြစ်ခဲ့တဲ့ သဘောပဲပေါ့…။

မေမေ ဘယ်လောက်များ အမြော်အမြင်ကြီး လိုက်ပါသလဲ… မည်းညစ်နေတဲ့ မိုးသားတွေ အုံ့ဆိုင်းနေတဲ့ ကောင်းကင်ကြီးတစ်ခုလို ပိန်းပိတ် မည်းမှောင်နေခဲ့တဲ့ ရင်တစ်ခုလုံး အခုမှ ထင်ထင်လင်းလင်း ရှိသွားရပါတော့သည်။

လက်ခွဲရင်ထဲမှာ နေမင်းကြီးကသာလို့…



မျက်ရည်တွေကို သုတ်ရင်းအသံထွက်ပြီး ရယ်လိုက်မိတော့သည်။ ကြည်ကြည်နူးနူး ကိုရယ်လိုက်မိခြင်းပါ…

မေမေ…။ မေမေဟာ… လက်ခွဲကို ဖေဖေနဲ့ အတူတူရှိနေဖို့ အလိုရှိခဲ့တယ် တဲ့လား… …။ လက်ခွဲက… မေမေ့ကိုယ်စား ဖေဖေ့ရင်ခွင်မှာ ခိုလှုံပေးရမယ်တဲ့ လား… …

မေမေ့ ဆန္ဒပြည့်မှာပါ မေမေ…

သူ… သူ… သမီးကို သိပ်ချစ်တယ်မေမေ…

သမီးအတွက် လိုအပ်နေတဲ့ သွေးတွေကို ရက်ရက်ရောရောပေးခဲ့တာ မေမေ…

သမီးရဲ့ အရှက်နဲ့ဘဝကိုလည်း သူ့အသက်နဲ့ရင်းပြီး ကာကွယ်ပေးခဲ့တယ် မေမေ…

ဟင်း… ဟင်း… သူ့ရဲ့ ရှိစုမဲ့စု ပိုင်ဆိုင်မှုလေးတွေကိုလည်း သမီးကို လွှဲပေးချင်တဲ့သူ ဖြစ်နေခဲ့တယ်မေမေ…။

သူ… သမီးဆီက မျှော်လင့်တာ… "သမီး…"လို့ ခေါ်ခွင့်လေးတစ်ခုတည်းပါတဲ့မေမေ…။ နောက်ဆုံး… သူ့ကို အဆုံးစီရင်ပစ်လိုက်မိတော့မယ့် အချိန်မှာတောင်၊ သူသေရမှာထက်ပဲ သမီးငရဲကျမှာကို စိုးရိမ်တာတဲ့ မေမေရဲ့…။

ဒါဆို… ဒါဆို… သမီးသူ့ကို 'ဖေဖေ'လို့ လက်ခံလိုက်တော့မယ်နော်…။

ကြည့်စမ်း… လက်ခွဲက၊ လောကကြီးထဲမှာ တစ်ကောင်ကြွက် တစ်ယောက် မဟုတ်တော့ဘူးပေါ့… … …

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ စာလေးကို ရင်မှာအပ်ပြီး မေမေ့ဆီ ပြေးလာခဲ့မိတော့သည်။

"မေမေရေ..."

( * )

"မေမေရေ... မေမေ..."

သူမခြံထဲသို့ ပြေးဝင်လာသည့် အချိန်တွင် ဦးမြနှင့်ဒေါ်တူးတို့က အိမ်အဝင်တံခါးပေါက်မှာ ငုတ်တုတ်လေးတွေထိုင်နေကြ၏။

ဦးမြနှင့် ဒေါ်တူးပုံစံက တစ်စုံတစ်ခုကို ကြေကွဲနေကြသလို ရှိနေ၏။ သူမကို မြင်တွေ့လိုက်ရတဲ့အခါ... သူတို့မျက်နှာပေါ်မှ အရိပ်အယောင်တွေက ပိုမိုဆိုးရွားစွာ ယိုယွင်းပျက်စီးလို့လာ၏။

သူမ၏ ကားနီနီလေးက ဆင်ဝင်အောက်မှာရှိနေဆဲ... ။

အပြေးအလွှားဝင်ရောက်လာတဲ့သူမက ဦးမြနှင့်ဒေါ်တူးကိုမြင်တော့—

"ဟင်... ဦးမြနဲ့အမေတူး။ အိမ်ကြီးမှာ ဘာထိုင်လုပ်နေကြတာလဲ။ မေမေရောဟင်.. မေမေရော.."

ဦးမြနဲ့ဒေါ်တူးတို့ မျက်လုံးပြူးသွား၏။

"ကလေးမ.. မင်းဘယ်သူ့ကို မေးတာလဲ.."

"မေမေလေ.. လက်ွှအမေ ဦးရာဇာကို မေးတာပေါ့.. ဦးမြ လည်း.."

"ဟော်! ကလေးမ..."



ဦးမြက အံ့သြစွာ ရေရွတ်၏။

"အမလေး မောင်ရာဇာရေ... ။ အနိုရောင်လေးက မင်းကို 'အမေ'တဲ့ တော်ရေ..။ အမေ.. တဲ့မောင်ရာဇာရဲ့။ မင်းပဲကြားချင်လှချည်ရဲ့ဆို... အခု ခေါ်နေပြီလေ... ။ အမလေးကိုယ်ကျိုးတွေနည်းကုန်ပါပေါ့လား ကိုမြရေ— ဘယ်လိုလုပ်ကြမတုန်း.. အီး.. ဟီး.. ဟီ..."

ဒေါ်တူးက ပြောပြောဆိုဆိုနှင့် ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

"အို.. ဘာဖြစ်လို့ အဲဒီလိုကြီး ငိုရတာလဲ။ မေမေရော.. မေမေ ဘယ်မှာလဲ ဦးမြ..."

"မောင်ရာဇာမရှိတော့ဘူး"

"ရှင်... မဖြစ်နိုင်တာ..."

"ဟုတ်တယ်... မောင်ရာဇာမရှိတော့ဘူး ကလေးမ..။ စောစောကပဲ ဦးမြတို့ကို နှုတ်ဆက်ပြီးထွက်သွားတော့တာပါပဲကွယ်... ဘယ်လိုမှ တားလို့မရဘူး။ ဘာဖြစ်မှန်းလည်းမသိဘူး။ ညက ဦးမြပြန်ရောက်တော့ ကလေးမ မရှိတော့ဘူးလေ..."

"မေမေထွက်သွားတာ ဘယ်လောက်ကြာသွားပြီလဲ?"

"နစ်နာရီလောက်တော့ရှိသွားပြီ.."

"မေမေက ဘယ်ကိုသွားတာလဲ"

"ဘယ်သွားမယ်ဆိုတာ ပြောမသွားပါဘူးကွယ်... သူ့ရဲ့ပိုင်ဆိုင်မှုတွေကို ကလေးမနာမည်နဲ့ လွှဲပြောင်းပေးခဲ့တဲ့စာချုပ်တွေပေးပြီး ထွက်သွားတော့တာပါပဲ။ ရော့.. ဒါသူပေးခဲ့တဲ့ စာချုပ်တွေ .."

ဦးမြက တိုက်ပုံအင်္ကျီအိတ်ကပ်ထဲမှ စာချုပ်စာတမ်းတွေကိုထုတ်ပြီး သူမကို ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အို… ကျွန်မလိုချင်တာ ဒါတွေမဟုတ်ဘူး။ ကျွန်မလိုချင်တာ
မေမေ…။ မေမေ! "

ဦးမြပေးတဲ့ စာချုပ်တွေကို လွှင့်ပစ်ပြီး အိမ်ထဲသို့ ပြေးဝင်လာခဲ့မိတေ
သည်။

"မေမေ… မေမေဘယ်မှာလဲ"

မေမေ‥ လက်ကွဲကို ပုန်းနေတာများလား? … …

"မေမေ"

တစ်ခန်းဝင် တစ်ခန်းထွက်နှင့် တစ်အိမ်လုံး ဖြောင်းဆန်နေအော
လိုက်ရှာပေမယ့် မေမေ့ကိုမတွေ့ရ… ။ မေမေ့အခန်းလေးကတော့ မေမ
လွဲ၍ညကအတိုင်းပုံစံမပျက်တည်ရှိနေဆဲ…။

မေမေတကယ်ထွက်သွားတာ… ဟုနားလည်လိုက်သည်။

ဟင့်အင်း… လက်ကွဲမေမေ့ကိုအဆုံးရှုံးမခံနိုင်ဘူး… …။

ဒါဆို… မေမေနဲ့ ပတ်သက်တဲ့သဲလွန်စတစ်ခုခုရှာမှဖြစ်တော့မှာ
ရှာစမ်း… သဲလွန်စတစ်ခုခုရှိကိုရှိရမယ်…။

မေမေ့အခန်းထဲမှာရှိနေတဲ့ ဗီရိုတွေကိုဖွင့်ပြီးမွှေနှောက် ပစ်လို
သို့သော်ဘာသဲလွန်စကိုမျှမတွေ့ရ…။ ခုတင်ဘေးမှ ကျွန်စားပွဲကြီး
အကြည့်ရောက်တဲ့အခါ… ထိုစားပွဲဆီသို့ပြေးသွားလိုက်မိပြန်သည်။
ပေါ်တွင် ဆေးစာအုပ်တစ်ချို့ ရှိနေ၏။ ညက မေမေ့ကိုအပ္ပရိုန်တိုင်း
သော ပြဒါးတိုင်လေးလည်းရှိနေ၏။ ထို့အပြင် ဖေါင်တိန်လေးတစ်
လည်းရှိနေ၏။

ဖေါင်တိန်လေးကို ယူကြည့်လိုက်တော့… အဖုံးပြန်စွပ်မထား
တာကို သတိထားမိလိုက်၏။ အဖုံးလေးက ဖေါင်တိန်အမျှားပိုင်းမှာပင်
သားရှိနေသေးသည်။

မေမေ… ဒီကနေထွက်မသွားခင်ဒီ ဖေါင်တိန်လေးနဲ့ တစ်ခုခုရေး
ခြစ်ခဲ့သေးလား? … ဖြစ်နိုင်တယ်။

ဒါဆိုရင် မေမေဘာတွေရေးခဲ့တာလဲ?။ မှန်းစမ်း…

အံဆွဲကို အလောတကြီးဆွဲ ထုတ်လိုက်မိ၏။ မရ…

အားကုန်ဆွဲပြီး ဖွင့်ပေမယ့် အံဆွဲကပွင့်မလာခဲ့…

အံဆွဲကိုသော့ခတ်ထား၏။

"ဦးမြရေ… ဦးမြ…"

ဦးမြ အခန်းဝမှာရပ်နေတာကြာပြီ။ သူမလိုအပ်လျှင် ကူညီရန်အသင့်
ာင့်နေရင်း သူမလုပ်နေသမျှတွေကို ငေးကြည့်နေခြင်း ဖြစ်သည်။

"ဘာလဲ ကလေးမ"

"ဒီအံဆွဲသော့ဘယ်မှာလဲ"

"ဦးမြမသိဘူး… တစ်ခါမှလည်းမကိုင်ဖူးဘူး ကလေးမ…"

"အံဆွဲသော့ကို မေမေဘယ်မှာထားတတ်လဲ ဦးမြ"

"ဟင့်အင်း… မသိဘူး"

"ကျစ်!…"

စိတ်မြန်လက်မြန်နှင့် စားပွဲပေါ်မှာရော… မေမေ့အိပ်ယာအောက်တွေ
ဝါလိုက်ရှာကြည့်ပေမယ့် ဘာသော့ကိုမှမတွေ့…။

"ကျွန်မ ဒီအံဆွဲကိုဖွင့်ကြည့်ချင်တယ်ဦးမြ"

"သော့မှမရှိတာ"

"သော့ရှိမှဖွင့်လိုရတာမဟုတ်ဘူးဦးမြ…။ ဦးမြဆီမှာပုဆိန်တို့
င်းတို့ရှိလား…"

"ရှိတယ်… ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှိရင်ယူလာခဲ့"

"ဘာယူလာခဲ့ရမလဲ ကလေးမ၊ ပုဆိုးလား ရဲတင်းလား? ..."

"အို... အကုန်သာယူခဲ့လိုက်"

ဦးမြက ပုဆိုးတွေရဲတင်းတွေယူပြီး ချက်ချင်းပြန်ရောက်လာ၏။ သူမက ဦးမြလက်ထဲမှ ရဲတင်းကြီးကိုဆွဲယူပြီးကျွန်းစားပွဲကြီးကို အားကုန်ဆွဲ ခုတ်ပစ်လိုက်ပါတော့သည်။

ဦးမြနှင့် ဒေါ်တူးကသူမကိုကြည့်ပြီး ထိတ်လန့်နေ၏။

ဘာမှလည်းဝင်မပြောရဲကြ...။

သူမက.. သော့အိမ်ရှိနေသည်နေရာကို သဲကြီးမဲကြီး ခုတ်ထစ်နေ သည်။ အချက်ပေါင်းများစွာ ခုတ်ပစ်လိုက်သောအခါ သော့အိမ်တစ်ခုလုံး ကျွတ်ထွက်သွားလေသည်။

ရဲတင်းကိုပစ်ချပြီး အံဆွဲကို ဆွဲဖွင့်လိုက်တော့... အံဆွဲထဲမှာ အညိုရောင်ရင့်ရင့်စာအုပ်လေးတစ်အုပ်ရှိနေ၏။

"ဒါမေမေ့ ဒိုင်ယာရီစာအုပ်လား ဦးမြ"

"ဟုတ်တယ်... ဟုတ်တယ်။ မောင်ရာဇာရေးရေးနေတာဦးမြတွေ့ ဖူးတယ်"

"မေမေမသွားခင် ဒီစာအုပ်ထဲမှာ တစ်ခုခုရေးတာမြင်မိသေးလား?"

"မြင်တယ်ကလေးမ... အဲဒီစာအုပ်ထဲမှာရေးနေတာ။ ဟုတ်တယ် ရေးပြီးတော့ အဲဒီအံဆွဲထဲထည့်ပြီး သော့ခတ်လိုက်တယ်။ သော့ကိုသူ့အိတ် ကပ်ထဲထည့်ယူသွားတာ..."

ဒီလောက်ဆိုရပြီ...။

မေမေနောက်ဆုံးရေးခဲ့တဲ့ စာမျက်နှာကို အမြန်ဆုံးရှာကြည့်လို ရ၏။ တွေ့ပြီ...။

ကိုနှစ်ဘာသင့်လကျော်

ရက်စွဲက မနေ့ကရက်စွဲ...

မေမေတွက် မသွားခင်ရေးခဲ့တာဖြစ်မည်။ မေမေဘာတွေရေးလဲ... မေမေရေးထားတဲ့ စာလေးတွေကို အမြန်ဆုံးဖတ်လိုက်ရ၏။

ကျေးဇူးတင်လိုက်တာ သမီးလေးရယ်...

မေမေ့ကိုမသတ်ခဲ့တဲ့ ငါ့သမီးလေးကို ကျေးဇူးတင်လိုက်တာ...။

ငါ့သမီးလေး ဘဝအဆက်ဆက်ကျခံရမယ့် ငရဲကနေလွတ်မြောက်သွား ဆိုတဲ့ အချိန်မှာ ခံစားလိုက်ရတဲ့ ဝမ်းသာမှုတွေကို မေမေပြောမပြတတ်တော့ပါ ဘူးကွယ်...။

တကယ်ဆိုရင် မေမေဆိုတဲ့ အတ္တသမားကြီး သေသင့်ပါတယ်... မေမေ့ရဲ့ ရက်စက်မှုတွေ၊ ဘာဝန်မကျေခဲ့မှုတွေအတွက် ထိုက်တန်တဲ့အပြစ် ဒဏ်ကို မေမေ့ဘာသာပဲ စီရင်လိုက်ပါမယ် သမီးရယ်...

မေမေသေပျော်ပြီ သမီးရေ...။ သမီးရင်ထဲမှာ မေမေ့အတွက် ချစ်တွေ ရှိနေတဲ့အတွက် မေမေသေပျော်ပါပြီကွယ်။ မေမေသမီးလေးကို ဆက်နေတော့ဘူး သမီး...

မေမေ့ရဲ့ သေခြင်းတရားအတွက် ငါ့သမီးလေး ဝမ်းသာနေမှာကိုလည်း မေမေ မလိုလားဘူး... ဝမ်းနည်းကြေကွဲနေမှာကိုလည်း မေမေမလိုလားပါဘူး။ မေမေဆိုတဲ့ လူမိုက်ကြီးတစ်ယောက်... ယောဒီ လောကကြီးထဲကနေ ထာဝရက် ပျောက်ကွယ်သွားတယ်လို့ပဲ သမီးလေးမှတ်ယူလိုက်ပါတော့...။

သမီးလေးနဲ့ မဏိတို့ရဲ့ ဘဝခါးခါးတွေ စတင်ခဲ့တဲ့ နေရာလေးမှာပဲ၊ မေမေတစ်ချိန်တုန်းက ခံစားခဲ့ရသမျှတွေကို ထပ်တူညီမျှစွာ ခံစားပြီးဆုံးပါရစေတော့ သမီးရယ်...

ငါ့သမီးလေး အမြဲတမ်းကြည့်နေခဲ့တဲ့ ပန်းချီကားထဲကနေ ရေလေး

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ မေမေ့အပြစ်တွေကို ပြန်လည်ပေးဆပ်ရင်း… မေမေ့ဘဝကို အဆုံးသတ်လိုက်ပါရစေတော့ကွယ်…

သမီးလေး မေမေ့ကိုမြင်တိုင်း… အတိတ်ဆိုးတွေနဲ့ ယှဉ်ပြီး တွေးခံစားနေရမှာကို မေမေမမြင်ရက်တော့ပါဘူးကွယ်…။

မေမေ့သမီးလေး ကိုမြင်နေတွေ့နေလျက်နဲ့ 'သမီး‥'လို့ တောင် ခွင့်မရှိတဲ့ ဘဝဆိုးကြီးကိုလည်း မေမေရင်မဆိုင်ရဲတော့ဘူး သမီးရယ်…

မေမေ့ဘဝကို မေမေကိုယ်တိုင် အဆုံးသတ်လိုက်ပါပြီကွယ်…

မေမေ့သမီးလေး‥။ မေမေ့ သမီး'လက်ဖွဲ့လေး'ကို မေမေသိမ်းချစ်တ… ဒါပေမယ့်… မေမေ့ရင်ခွင်ထဲမှာ သမီးလေးကိုထားပြီး တစ်သက်… စောင့်ရှောက်သွားခွင့်ဆိုတာ ဒီဘဝမှာ ဘယ်လိုမှ မရနိုင်တော့ဘူးလို့ … နားလည်လိုက်ပါပြီ… ။

ဒါဟာ‥ မေမေနဲ့ ဘယ်လိုမှ မထိုက်တန်တဲ့အခွင့်အရေးတစ်ခု… လည်း မေမေ ကောင်းကောင်းကြီး သဘောပေါက်လိုက်ပါပြီ…။

လူ့မိုက်တစ်ယောက်ဟာ‥ လူမိုက်လိုပဲ ဇာတ်သိမ်းရတာ သိ… မဆန်းပါဘူးသမီးရယ်…

မေမေ့သမီးလေး ဘဝတစ်လျှောက်လုံးမှာ သောကအပေါင်း … ကင်းဝေးပါစေ… … …

မေမေ့စာက ဒီနေရာမှာတင် အဆုံးသတ်သွား၏။

"ဘုရား‥ ဘုရား…"

ရင်ဘတ်ကိုဖိပြီး ဘုရားတ,လိုက်မိတော့သည်။

မေမေ‥ မေမေဟာ‥။ အို‥ ဘုရား‥ ဘုရား… …

ပန်းချီကားထဲက နေရာမှာတဲ့…

ပန်းချီကားထဲက နေရာလေးမှာတဲ့… …။

အဲဒီနေရာ ဘယ်မှာရှိလဲ? … ။ ကျွန်မ,မသိဘူး…

ဦးမြရောသိသလား? …

"ဦးမြ‥ မေမေ့စာတိကို သိလားဟင်‥ ။ မေမေ‥ ရန်ကုန်ကို ရောက်ခင် ဘယ်မှာနေခဲ့ဖူးတယ်ဆိုတာရောသိလား…"

"မောင်ရာဇာ ငယ်ငယ်တုန်းကတော့ မိုးကုတ်မှာ နေခဲ့ဖူးတယ်ဆိုလား ကွယ့်။ ကျန်တဲ့နေရာတွေတော့ ဦးမြလည်း မသိဘူး။ စကားလည်း မစပ် ဖြစ်ခဲ့ပါဘူးကွယ်"

"အမေတူး… ။ အမေတူးရောသိလားဟင်…"

"အမေတူးက ပိုဆိုးတာပေါ့ကလေးရဲ့… မောင်ရာဇာ့ နီးဆုံးမှ အိမ်ကို ရောက်တာဆိုတော့…"

အို‥ ဒုက္ခပဲ။ အမေတူးရော ဦးမြရော ဘာမှမသိကြဘူးတဲ့…

ဘုရား‥ ဘုရား‥။ မေမေဘာမှမဖြစ်ပါစေနဲ့… …

သဲလွန်စတစ်ခုခုတွေ့လိုတွေ့ငြား… ဒိုင်ယာရီစာအုပ်ရဲ့ရှေ့ပိုင်း စာမျက်နှာတွေကို အမြန်ဆုံးလှန်ဖတ်လိုက်ရတော့သည်။ မေမေ့အတွက် စိုးရိမ်ခြင်းတွေက လူတစ်ကိုယ်လုံးကို မီးတောက်တွေလို ဝါးမြိုနေကြလေသည်။

ဘယ်မှာလဲ? …

ပန်းချီကားထဲက လက်ဖွဲ့ပင်ကြီးရှိနေတဲ့နေရာဟာ‥ ဘယ်မှာလဲ? …

…မေနေခဲ့တယ်ဆိုတဲ့ မေမေ့ဇာတိရွာလေးက ဘယ်မှာလဲ? … …

ဘုရားကယ်ပါ!…

¤ ¤ ¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com



( * )

ရိုးပြတ်တောများကို ဖြတ်သန်းတိုက်ခတ်လာသော နွေလေပူပူက… တစ်ချက်တစ်ချက် ပြင်းထန်စွာ တိုက်ခတ်နေ၏။

ခြောက်များစွာသော ဖုန်မှုန့်၊ သဲမှုန့်တွေက·· လေနှင့်အတူ လိုက်ပါလာကြလေသည်။

မွန်းတည့်နေ၏။ ပူပြင်းမှုက··· ခပ်ဝေးဝေးမှာ တံလျှပ်တွေထ၊ ... သည်အထိ စူးရှလွန်းလှ၏။

ရဲရဲနီသော လက်ပွင့်တွေဖြင့် တန်ဆာဆင်သော လက်ပံပင်အိုကြီးပေါ်တွင်·· ဥသြငှက်တစ်ကောင်က အလွမ်းတေးကိုသီ၏။

နွေနေပူပူကို ဂရုမစိုက်အား··· ဥသြငှက်၏ အလွမ်းတေးကို ဂရုမ... သော သူတစ်ယောက်ရှိနေပါသည်။

နဖူးမှ ချွေးများတပြိုက်ပြိုက်ကျဆင်းနေသည့်တိုင်···

ဝမ်းဗိုက်မှ မခံမရပ်နိုင်အောင် တဆစ်ဆစ်နာကျင်ကိုက်ခဲနေသည့်တိုင်··· ပေါက်ပြားနှင့်လက်ကို မခွာစတမ်း၊ တွင်းတစ်တွင်းကို ကြိုးစားပမ်း... တူးခွနေသူက ဦးရာဇာ··· ။

သူနှင့်မလှမ်းမကမ်း လယ်မြေပေါ်မှာတော့··· ခပ်သေးသေး ပု... လေးတစ်လုံးရှိ၏။

ထိုပုလင်းထဲတွင် အရည်တချို့ရှိနေသည်။



ထိုအရည်သည်··· လူတစ်ယောက်ကို စက္ကန့်အနည်းငယ်အတွင်းမှာပင် ဇိမိန်ရှုပ်ငြိမ်းသွားစေနိုင်သော ပြင်းအားရှိ၏။

အခုအချိန်မှာ လက်ပံပင်ကြီးသာ စကားပြောတတ်မည်ဆိုလျှင်···

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကျော်လောက်တုန်းကလည်း ငါ့ခြေရင်းမှာ ကောင်မလေးတစ်ယောက် ဒီလိုအလုပ်မျိုး လုပ်ခဲ့ဖူးတယ်···" ဟု ပြောမှာ သေချာသည်။ လက်ပံပင်ကြီးသာ မှတ်ဉာဏ်ကောင်းမည်ဆိုလျှင်···

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကျော်က 'ရာဇာကျော်' ဆိုတဲ့ တစ်ကိုယ်ကောင်းသမားလေးတစ်ယောက်ကိုလည်း မှတ်မိနေမှာပါ···။

အခုတော့·· ဦးရာဇာကျော်ပေါ့···

လူမဆန်တဲ့ရက်စက်ခြင်းတွေကို·· ဒီလက်ပံပင်ကြီးအောက်မှာ စာနာ... ... ... ဖြန့်ကြဲခဲ့မိတဲ့ အပြစ်ဒဏ်အဖြစ်··· ဒီနေရာလေးမှာပဲ အခါးသက်ဆုံးသော ဘဝတစ်ခုကို အလျော်အစားအဖြစ် ပြန်လည်ပေးဆပ်ဖို့ ကြိုးစားနေတဲ့ ဦးရာဇာကျော်လေ···

( * )

မကြာခင်တွေ့ကြုံရတော့မယ့် သေခြင်းတရားကို··· ထိုက်တန်သော ...ဆပ်မှုဟု ယုံကြည်ထားလိုက်မိပါတော့သည်။

မဏိအတွက်··

သမီးလေးအတွက်···

မဏိနဲ့ သမီးလေးတို့ရင်ထဲမှာ အမြဲရှိနေခဲ့တဲ့ ယောဒီနေရာလေးမှာ ဦးတိုက်ဆိုပ်ကန်စွာ သေဆုံးလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်က… ကိုယ်ဝန်ဆောင်သည် မိန်းမငယ်လေးတစ်ယောက်ရဲ့ ကိုယ့်သေတွင်းကို ကိုယ်တိုင်တူးခွနေပုံမြင်ကွင်းတစ်ခုက နှလုံးသားထဲမှာ ထင်ဟပ်မြင်ယောင်လာ၏။

ထိုစဉ်က… မဏိရင်ထဲမှာ နိုကိုးရာမှဲနေတဲ့ တစ်ကောင်ကြွက်တစ်ယောက်ရဲ့ ခံစားချက်မျိုးတွေ… ချစ်သူရဲ့ ရက်စက်ခြင်းတွေကို ခါးသီးစွာခံစားနေရတဲ့ ခံစားချက်တွေရှိနေခဲ့သည်။

အခုတော့… ကျွန်တော့်ရင်ထဲမှာ အနာဂတ်မရှိတော့တဲ့ ကြေကွဲခြင်းခံစားချက်တွေ… သမီးလေးအတွက် မဏိအတွက် ခါးသီးစွာ ခံစားနေရတဲ့ ခံစားချက်တွေ ရှိနေသည်။

ထိုစဉ်က… ကိုယ်ဝန်ဆောင်သည်ဖြစ်နေခဲ့တဲ့ မဏိခန္ဓာကိုယ့်မှာ ပြင်းပြစွာ ခံစားနေရတဲ့ ဝေဒနာတွေရှိနေသည်။

အခုတော့… ကျွန်တော့်ဝမ်းဗိုက်မှာ အသည်းခိုက်အောင် နာကျင်ပြင်းပြစွာ ခံစားနေရတဲ့ ဝေဒနာတွေရှိနေ၏။

ထိုစဉ်က… မဏိရင်ထဲမှာ ကျွန်တော့်အတွက် နာကြည်းကြေကွဲခြင်းများရှိနေပါလိမ့်မည်။

အခုတော့… ကျွန်တော့်ရင်ထဲမှာ မဏိနှင့် သမီးလေးကို တမ်းတသေ…အခါလွမ်းနောင်တ,တရားများ ရှိနေသည်။

ထိုစဉ်က… မဏိတူးနေခဲ့တဲ့တွင်းထဲမှ မြောက်များစွာသောရေ…တွေထွက်ပေါ်လာခဲ့ပေမယ့်…

အခု… ကျွန်တော်တူးနေတဲ့တွင်းကတော့ တစ်ကိုယ်တော်…ခြင်းတွေ အထွာကြီးခြင်းတွေနဲ့ တည်ဆောက်ခဲ့မိတဲ့ ယောဒီခန္ဓာကိုယ်ကြီး…အပြီးတိုင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ဖို့ပါ… … …။



ကျေးနပ်ပါတော့ မဏိရေ…

မောင်… မင်းကို တူညီသော ဟုံပြန်ခြင်းတွေနဲ့ ကျေးနပ်စွာ ပြန်လည်ပေးဆပ်နေတယ်လေ…

မှားယွင်းခဲ့ခြင်းတွေအတွက် မင်းထံပါးမှာ ငုံ့လျှိုးတောင်းပန်ခွင့်ဆိုတာ မရနိုင်တော့တဲ့…

သမီးလေးကို ဖခင်တစ်ယောက်အနေနဲ့ ယုယပိုက်ထွေးခွင့်ဆိုတာ မရနိုင်တော့တဲ့… အတ္တသမားကြီးရဲ့ ပေးဆပ်ခြင်းတွေကို မင်းရောက်လေရာဘဝကနေ မြင်တွေ့ကျေးနပ်နှစ်သိမ့်နိုင်ပါစေ မဏိရယ်… … …

¤ ¤ ¤ ¤ ¤

BURMESE CLASSIC

www.burmeseclassic.com



( * )

မြေကြီးခဲတွေက ဖွာကနဲ… ဖွာကနဲ… …

နဖူးမှာ မိုသီးလာသော ချွေးစက်တို့က မြေမှုန်မြေခဲတွေပေါ်သို့ အဆက်မပြတ်တမ်းကျ ရောက်နေကြ၏။

နေ့နေပြင်းပြင်းက စူးစူးရှရှမို့၏။ ရဲရဲနီသော လက်ဖွဲ့မှင့်တို့က တဖြုတ်ဖြုတ်ကြွေ၏။

ပေါက်ပြားကိုကိုင်ထားသောလက်တွေက ဖူးရောင်ပေါက်မြဲကျန်၏။ အံတင်းတင်းကြိတ်ထားသည့် ပါးပြင်ပေါ်သို့ မရပ်မနားတမ်း စီးဆင်းနေကြတာက… မျက်ရည်တွေ… ချွေးစက်တွေ… …

လောကကြီးအလယ်မှာ သမီးလေးကို တစ်ယောက်တည်း ထားခဲ့တော့မယ်ဆိုတဲ့အသိက… တိုင်းတာမပြနိုင်သော နိုးရိမ်ပူပန်မှုတွေနှင့် အဆုံးရှုံးသော ကြေကွဲခြင်းတို့ကို ရင်၌ ဖြစ်တည်စေ၏။

ခွင့်လွှတ်ပါတော့သမီးလေးရယ်… ဒီဘဝမှာ ဖေဖေသေမှ အားလုံးဟာ ငြိမ်းချမ်းစွာ ချုပ်ငြိမ်းနိုင်တော့မှာမဟုတ်လား… ဖေဖေ့ဘဝကို ယောင်ကျင်းထဲမှာပဲ ထာဝရမြှုပ်နှံလိုက်ပါရစေတော့ သမီးလေးရယ်… ။

ပြီးတော့မှာပါ…

အားလုံးဟာ… မကြာခင်အဆုံးသတ်သွားတော့မှာပါ…



လက်မောင်းတစ်ချောင်းမှာ နာကျင်ကိုက်ခဲသော ဝေဒနာကို ပြင်းပြစွာ ခံစားနေရလေသည်။

ခါးဆီမှ ညောင်းညာမှုနှင့် ဝမ်းဗိုက်မှ နာကျင်မှုက တဖြည်းဖြည်း ဆိုးရွားလာ၏။

နေရဲ့အပူရှိန်က မောဟိုက်ပင်ပန်းခြင်းတို့ကို တိုးပွားနေစေ၏။

အာခေါင်တွေခြောက်ကပ်ပြီး ရေငတ်တဲ့ဝေဒနာကို အလူးအလဲ ခံစားနေရလေသည်။

ရှိစေတော့… ။

ဒါတွေက… ကျွန်တော်ကျူးလွန်ခဲ့တဲ့အပြစ်တွေအတွက် ထိုက်တန်စွာ ပေးဆပ်ရမယ့် အရင်းအနှီးတွေ…

မကြာခင်မှာ ဝေဒနာတွေအားလုံး အပြီးတိုင်ချုပ်ငြိမ်းသွားတော့မှာပါ…

လောကကြီးဟာ မကြာခင်မှာပဲ လူမိုက်တစ်ယောက်ရဲ့ ရက်စက်ညစ်ထေးခြင်းတွေကနေ အပြီးတိုင်လွတ်မြောက် သန့်စင်သွားတော့မှာပါ…

ဝေဒနာတွေအားလုံးကို ဥပေက္ခာပြုပြီး ကြိုးစားပမ်းစားဆက်တူးနေလိုက်သည်။

အားတင်းထားလိုက်စမ်း… …

ဘဝရဲ့ နောက်ဆုံးအချိန်တွေကို သမီးလေးရဲ့ချစ်ခြင်းတွေနဲ့ အဆုံးသတ်ရမှာမို့ ကျွန်တော်ပျော်ပါသည်။

သမီးလေးရဲ့ အသံလေးတွေ… သမီးလေးရဲ့ ဟန်လေးတွေကို ကြားယောင်မြင်ယောင်လာမိတော့ ကြည်နူးစွာ ပြုံးလိုက်မိပြန်၏။

သိပ်ချစ်စရာကောင်းတဲ့ သမီးလေး…

သိပ်ပြီးထက်မြက်တဲ့ သမီးလေး…

ဖေဖေ့သမီး လက်စွဲလေး… …

www.burmeseclassic.com

www.burmeseclassic.com



အမေကို စကားပြောတာများ 'ရှင်'တွေ 'ကျွန်မ'တွေသုံးလို့...

ကြားရတာ နားမခါးတဲ့အပြင် နားထောင်လို့တောင် ကောင်းနေသေးတော့သည်။

သမီးအကြောင်းလေးတွေကို တွေးလိုက်မိတော့... လောလောဆယ် ခံစားနေရတဲ့ ဝေဒနာတွေ ရုတ်ချည်းပျောက်ကွယ်သွားကြပြန်၏။

သမီးရယ်... မေမေ့ကို 'မေမေ...'လို့များ တစ်ခွန်းလောက်ခေါ်လိုက်စမ်းပါတော့ သမီးလေးရယ်...။ မေမေ မသေခင်ကြားသွားချင်လိုက်တာကွယ်... ...

"မေမေ... ..."

နားထဲမှာ ကြားယောင်လာမိတဲ့ သမီးလေးရဲ့ခေါ်သံလေးကို အရသာခံပြီး နားထောင်နေလိုက်မိတော့သည်။

နားဝင်ချိုလိုက်တာ သမီးရယ်...။ မေမေ့ ကြည်နူးလိုက်တာ...

"မေမေ..."

အို... သမီးခေါ်တဲ့ အသံလေးကို အထပ်ထပ်ကို ကြားယောင်နေတော့တာပါလား...

"မေမေ..."

"ဗုဒ္ဓေါ!..."

ပေါက်ပြားကို အလန့်တကြား လွှတ်ချပစ်လိုက်မိ၏။

အလို...။ ဒါ... ဒါ... ငါ့စိတ်ကူးနဲ့ကြားနေရတဲ့အသံမှ မဟုတ်ပဲ ဘုရား... ဘုရား...။ ဘယ်ကလာတဲ့ အသံလဲ?...

သမီးလေးအသံနဲ့ တစ်ထပ်တည်းပါလား...။ ထူးဆန်းလိုက်တာ အသံလာရာဘက်ကို လှည့်ကြည့်လိုက်တဲ့အခါ.... ခပ်ဝေးဝေး



တာဘောင်မြေလမ်းပေါ်မှ ပြေးလာနေသော အဖြူရောင်သဏ္ဍာန်လေးတစ်ခုကို မျက်ရည်တွေကြားမှ ဝေဝါးစွာတွေ့မြင်လိုက်ရလေသည်။

ဘယ်သူလဲ?... ...

"မေမေ... ..."

ဟင်!... ဒါ... သမီးလေးအသံ။ ဟုတ်တယ်...ဒါ ငါ့သမီးလေးအသံ...

မျက်ရည်တွေကို ကမန်းကတန်း သုတ်ပစ်လိုက်မိ၏။

ဟုတ်မှဟုတ်ရဲ့လား?...။ မဖြစ်နိုင်ပါဘူး... ...

မျက်ရည်တွေကိုသုတ်ပြီး သေသေချာချာကြည့်လိုက်မိတော့ အံ့သြခြင်းတွေ ရင်ဝသို့လာဆောင့်ကြ၏။

"ဟင်! သမီး..."

ဟုတ်တယ်... သမီးလေးပဲ...

အဖြူရောင်ဝတ်စုံလေးနဲ့ ကျွန်တော့်ဆီကို ပြေးလာနေတာဟာ ကျွန်တော့်သမီး လက်ဖွဲ့လေးပါ...

သမီးလေးက ဘယ်လိုကနေ ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ?...။ သမီးလေးဆီပြေးသွားလိုက်ရမလား?...

ဟင့်အင်း... ကျွန်တော်မသွားရဲဘူး...

ဦးရာဇာ... လက်ဖွဲ့ဆီကို သွားလည်းမသွားရဲ... လက်လည်းမကမ်းရဲပဲ တောင့်တောင့်ကြီးရပ်နေ၏။ ဝမ်းသာအားရပြေးလာတဲ့ လက်ဖွဲ့က... ဦးရာဇာနှင့် မလှမ်းမကမ်းမှာ တုံ့ကနဲ ရပ်ပစ်လိုက်လေသည်။

ထိုအခါ... သူမက ဦးရာဇာကို၊ ဦးရာဇာက သူမကို... မျက်ရည်တွေကြားမှ ဝေဝါးစွာ တွေ့မြင်နေကြရလေသည်။ ဦးရာဇာ ဘာလုပ်နေတယ်

www.burmeseclassic.com



ဆိုတာ လက်ဖွဲ့ နားလည်လိုက်ပြီ။ 'အို!!! ဖေဖေရယ်.. တစ်ချိန်ကမေမေ့လိုပဲ ကိုယ့်သေတွင်းကို ကိုယ်တိုင်တူးနေတာပါလား… …'

သားအဖနှစ်ယောက် တစ်ဦးကိုတစ်ဦး အသံမဲ့စွာ စိုက်ကြည့်နေကြပြန်၏။ ဘာစကားမှ မပြောနိုင်အောင် ဆို့နင့်နေကြသော်ငြား… အရာအားလုံးကို မျက်လုံးတွေဖြင့် နှလုံးသားတွေဖြင့် နားလည်ကြပြီကော…

သူတို့နှစ်ဦး မျက်ရည်တွေကြားမှ ပြုံး၏။

ထို့နောက်… ပြုံးရာမှ ရယ်မိကြပြန်သည်။

ထိုစဉ်မှာပဲ…။ လက်ကမ်းရမလို.. မကမ်းရမလိုနှင့် မဝံ့မရဲဖြစ်နေသော ဦးရာဇာရင်ခွင်ထဲသို့ သူမက ပြေးဝင်ခိုတွယ်လိုက်ပါတော့သည်။

အဆုံးအစမဲ့သော ပျော်ရွှင်ဝမ်းမြောက်ခြင်း၊ ကြည်နူးချမ်းမြေ့ခြင်း အရှုရတို့ကို ဦးရာဇာအံကြိတ်ပြီး ထိန်းထားရလေသည်။

သို့သော်… သူမ၏ မျက်ရည်တွေက ဦးရာဇာရင်ဘတ် တစ်ခုလုံးကို ရွှဲစိုသွားစေသလို… ဦးရာဇာမျက်ရည်တွေကလည်း သူမ၏ကျောပြင်ထက်သို့ မပြတ်တမ်းစီးကျနေပါတော့သည်။

ထိုအခါ… အတိတ်မှအဖြစ်ဆိုးတွေ အားလုံးတို့သည်… ဦးရာဇာ တူးထားသောတွင်းထဲသို့ ထာဝရခုန်ဆင်းသွားကြ၏။

ဦးရာဇာက… သမီးလေးကို တင်းကျပ်စွာပွေ့ဖက်ထားဆဲ… …

နှစ်ယောက်သား လက်ဖွဲ့ပင်ကြီးကို ပြိုင်တူလှည့်ကြည့်လိုက်မိသော အခါ… လက်ဖွဲ့ပင်ခြေရင်းမှ သူတို့ကို ပြုံးပြုံးကြည့်နေသော ဝိုးတဝါးသဏ္ဌာန် တစ်ခုကို ရိပ်ကနဲ မြင်တွေ့လိုက်ကြရလေသည်။



ခေါ်သံနှစ်ခု တစ်ပြိုင်တည်းထွက်ပေါ်လာ၏။

"မေမေ!…"

"မဏီ!…"

လက်ဖွဲ့ပွင့်နီနီတွေက… နွေလေအသုတ်မှာ တဖြုတ်ဖြုတ်ကြွေ၏။

**မြားစစ်သည်**

BURMESE CLASSIC

www.burmeseclassic.com